www.burmeseclassic.com




www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

# လာဘ်မိုးစွေစာပေ - စာစဉ် (၃၂)

လာဘ်မိုးစွေစာပေ

လာဘ်မိုးစွေစာပေ
အမှတ် (၁၁၁)၊ ၃၃ လမ်း(လယ်)။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၂၅၃၅၁၉

www.burmeseclassic.com

www.burmeseclassic.com

# မင်းသိခ်

# ဆားပုလင်းနှင်းမောင်

## နှင့်

# ဘမျိုးဘိုးတူ ဘယ်ဿန်ဘမှန်

## (ပထမပိုင်း)

### (ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | **ဒို့အရေး** |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | **ဒို့အရေး** |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | **ဒို့အရေး** |

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၇၄/၂၀၀၃ (၃) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၈၁၄/၂၀၀၃ (၇) |
| | | တတိယအကြိမ် |
| | | ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | - | ၅၀၀၀ |
| တန်ဖိုး | - | ၉၉၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | - | မောင်မောင်သိုက် |
| အတွင်းပန်းချီ | - | လှဖုန်း၊ မိုးကျော်၊ ညီညီလွင် |
| မျက်နှာဖုံးစရပ်ဖစ်ဒီဇိုင်း | - | ရဲထွဋ် |
| ကွန်ပျူတာစာစီ | - | Deep Blue (၃၃) လမ်း၊ |
| အတွင်းဖလင် | - | မျိုးဝင်းကျော်၊ လမ်း (၄၀) |
| စာအုပ်ချုပ် | - | ရှကီး၊ ၁၁၄ လမ်း |
| ထုတ်ဝေသူ | - | မနုစာရီစာစဉ် |
| | | ဦးအောင်ထွန်း (မြဲ-၀၁၉၅၂) |
| | | မြို့မ (၁)၊ ပေါ်တော်မူလမ်း၊ |
| | | မှော်ဘီမြို့နယ်။ |
| မျက်နှာဖုံး | - | ဦးအောင်မြင့်ဦး (မြဲ-၀၁၅၀၃) |
| နှင့် | | သိန်းသန်းဦးပုံနှိပ်တိုက် |
| အတွင်းပုံနှိပ် | | ၃၄ လမ်း၊ ရန်ကုန်မြို့။ |

www.burmeseclassic.com

www.burmeseclassic.com

# ပျော်ရွှင်တတ်သော ငရမန်ကန်းများ

တစ်နေ့သ၌ မန္တလေးမြို့ တရုတ်တန်းဘက်ရှိ လွန်စွာ လူစည်ကားလှသော ‘ရောင်တပူ’ ဟု အမည်တပ်ထားသည့် လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်သို့ ထူးဆန်းသော လူနှစ်ယောက်ရောက်ရှိလာလေ၏။

တစ်ယောက်သောသူမှာ မြောက်ဘက်မှရောက်ရှိလာ၍ ဆိုင်အတွင်းသို့ဝင်ကာ ချောင်ကျကျ၌ ထိုင်လေ၏။ ထိုသူသည် လက်ယာဘက်မျက်စိအား သားရေပြားအုပ်၍ ကြိုးဖြင့်သိုင်းချည်ထားသော မျက်စိတစ်ဖက်လပ်ဖြစ်ကြောင်း သိသာလှပေ၏။

ထိုမျက်စိတစ်ဖက်လပ်သည် ဆိုင်တွင်းရှိ အခြားလူများအား ဂရုစိုက်ခြင်းလုံးဝမပြုဘဲ လက်ဖက်ရည်ဖျော်သူဘက်သို့လှည့်ကာ. .

**လာဘ်မိုးရွှေစာပေ**

www.burmeseclassic.com

BURMESE CLASSIC .com
www.burmeseclassic.com


"နို့ဆီနည်းနည်း၊ သကြားနှစ်ဇွန်း၊ နို့စိမ်း လုံးဝမထည့်ဘဲ ဖျော်ပါ"

ဟု အော်၍ပြောပြီးနောက် စားပွဲပေါ်ရှိ သတင်းစာတစ်စောင်ကိုကောက်ယူ၍ ၎င်း၏မျက်နှာကို သတင်းစာဖြင့်ကွယ်ကာ ဖတ်၍နေလေ၏။

ထိုအချိန်၌ပင် တောင်ဘက်မှ လျှောက်လာသော လူတစ်ယောက်သည် ဆိုင်အတွင်းသို့ဝင်လာပြီးလျှင် စောစောကလူ၏ မျက်နှာချင်းဆိုင်ထိုင်ခုံ၌ ဝင်၍ထိုင်ကာ လက်ဖက်ရည်ဖျော်သူအား အောက်ပါအတိုင်း အော်၍ပြောလိုက်လေတော့၏။

"နို့ဆီများများ၊ နို့စိမ်းနှစ်ဇွန်း၊ သကြားလုံးဝမထည့်ဘဲ ဖျော်ပါ"

ထိုသို့ အော်လိုက်ခြင်းကြောင့် ဆိုင်တွင်းမှလူများသည် ဒုတိယဝင်လာသူကိုပါ ဂရုစိုက်၍ ကြည့်ရှုမိကြလေ၏။ ထိုသို့ ကြည့်ရှုမိသောအခါ အံ့သြခြင်းဖြစ်ကြကုန်၏။ အဘယ်ကြောင့်ဆိုမူ ဒုတိယဝင်လာသူသည်လည်း မျက်စိတစ်ဖက်အား သားရေပြားအုပ်ကာ ကြိုးဖြင့်သိုင်းချည်ထားသော မျက်စိတစ်ဖက်လပ်ဖြစ်နေသောကြောင့် ဖြစ်၏။

ဆိုင်အတွင်းမှလူများသည် ထိုသူနှစ်ဦးအားကြည့်ကာ အံ့လည်းအလွန်အံ့သြကြ၍ ရယ်ချင်စိတ်များလည်း ဖြစ်ပေါ်နေလေ၏။


www.burmeseclassic.com

BURMESE CLASSIC .com
www.burmeseclassic.com


လက်ဖက်ရည်ဖျော်သမားသည် လက်ဖက်ရည်ကို ထို ငရမန်ကန်းနှစ်ဦးဆီသို့ သွားချပေးလေ၏။

ငရမန်ကန်းနှစ်ဦးလည်း လာချပေးသောလက်ဖက်ရည်ကို အရသာခံ၍သောက်ရင်း တစ်ဦးသောငရမန်ကန်းက. .

"ကောင်းလိုက်တဲ့ လက်ဖက်ရည်ဗျာ"

ဟု ပြောလိုက်လေ၏။

"ခင်ဗျားက ကောင်းတယ်ဆိုလို့ ပြောရဦးမယ်ဗျို့၊ ကျုပ်တော့ အင်တုံကြီးတစ်လုံးဝယ်ချင်တယ်ဗျာ"

ဟု ကျန်သော ငရမန်ကန်းက ပြောလေ၏။

ထိုအခါ ပထမ ငရမန်ကန်းက. . .

"ဘုမသိဘမသိနဲ့ ဒီမြို့မှာ အင်တုံမဝယ်နဲ့ဗျို့၊ ဝယ်ချင်းဝယ်ရင် ကရားဝယ်မှပေါ့ဗျာ"

ဟု ပြောလိုက်လေ၏။

"ကရားဝယ်ဆိုလို့ သတိရပြီဗျို့၊ မနှစ်က ကျုပ်မိန်းမ ဝယ်လာတဲ့ကရားဟာ ကမ္ဘာပေါ်မှာ ဈေးအကြီးဆုံးပဲဗျ"

ဟု ဒုတိယငရမန်ကန်းက ပြောလေ၏။ ထို့နောက် ၎င်းတို့သည် တစ်ယောက်တစ်လှည့်ဆိုသလို တောင်စဉ်ရေမရစကားများကို အောက်ပါအတိုင်း ဆက်လက်ပြောဆိုခဲ့ကြလေ၏။


www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာပေါ်မှာဈေးအကြီးဆုံး ဆိုပေမယ့် ဒီမြို့မှာတော့ ညစောင့်ဒရဝမ်တွေမအိပ်ရဲတဲ့အိမ်ကြီးက နေသိပ်ပူတယ်ဗျ"

"ညစောင့်ဒရဝမ်မအိပ်ရဲတဲ့ အိမ်ကြီးမှာတော့ နေပူချင် ပူလိမ့်မယ်ပေါ့ဗျာ၊ ကျုပ်ကတော့ ဒီကိစ္စအတွက် ရှေ့နေ ငှားချင်တယ်"

"နေပူလို့ ရှေ့နေငှားလည်း ငှားပေါ့ဗျာ၊ ဒါမှ ယောက်ျား ပီသမှာဗျ"

"ယောက်ျားမပီသချင်ပါဘူးဗျာ၊ စကားပီရင်တော်ပါပြီ၊ ဒါကြောင့် ကျုပ်ကတော့ အသွားမတော်ရင် တစ်လှမ်း ဆိုတဲ့စကားပုံကို သဘောကျတယ်ဗျ"

"အသွားမတော်တစ်လှမ်းက အရေးမကြီးပါဘူး၊ ကျုပ် မှာက အခု သွားကိုက်နေတယ်"

"သွားကိုက်တာ ဘာအရေးကြီးသလဲဗျာ၊ မယ်တော်ပျံက အလွန်စည်ဆိုပဲ"

"မယ်တော်ပျံက ဘယ်လောက်ပဲစည်စည်ပေါ့ဗျာ၊ မယ်ဇလီ ဖူးသုပ်က အရေးကြီးဆုံးပဲ"

ငရမန်ကန်းနှစ်ဦးသည် ဤသို့လျှင် အဓိပ္ပာယ်ကောက်ရန်



www.burmeseclassic.com

www.burmeseclassic.com




ခက်ခဲသော ပေါက်ကရလေးဆယ်စကားများကိုပြောဆိုကာ နှစ်ယောက်သား လက်ခုပ်လက်ဝါးတီး၍ အော်ဟစ်ရယ်မောကြပြီးလျှင် ပျော်ရွှင်စွာ ထွက်သွားကြလေတော့သတည်း။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မိုးရာသီ၏ ညတစ်ည

မောင်သီဟသည် မော်တော်ကားကို သတိကြီးစွာဖြင့်မောင်း၍ နေရလေ၏။ ညဖြစ်သည်ကလည်း တစ်ကြောင်း၊ မိုးသည်းထန်စွာရွာ၍ နေသည်ကလည်း တစ်ကြောင်းကြောင့် ကားမောင်းရသည်မှာ မလွယ်ကူ လှပေ။ ကတ္တရာလမ်းမှာ မိုးရေများစိုရွှဲ၍နေသောကြောင့် အရမ်းမောင်း လျှင် 'စလစ်' ဖြစ်နိုင်၏။ ကားဘရိတ်မှာလည်း မမိတစ်ချက်၊ မိတစ်ချက် ဖြစ်၍နေသောကြောင့် ဘရိတ်ဖမ်းလျှင် တစ်ချက်တည်းနှင့် ဖမ်း၍မရ ဘဲ 'တော့၍' ဖမ်းရလေ၏။

ထို့ပြင် ကားမှန်၌ 'ဝိုက်ပါ' ခေါ် ရေသုတ်တံမပါသောကြောင့် ကားမှန်ပေါ်သို့ အဆက်မပြတ်ကျလျက်ရှိသော မိုးရေစက်တို့ကြောင့် ရှေ့တစ်လံလောက်အကွာအဝေးကိုပင် ကောင်းစွာ ကြည့်၍မရအောင် မှုန်ဝါး၍နေလေ၏။

www.burmeseclassic.com



BURMESE CLASSIC .com

ထို့ကြောင့် မောင်သီဟသည် လက်တစ်ဖက်ကို အပြင်သို့ ထုတ်ကာ အဝတ်စုတ်တစ်ခုဖြင့် ကားမှန်ကို မကြာခဏ သုတ်၍ပေးနေရလေ၏။

ဤသို့နှင့်ပင် မောင်သီဟ ပဲခူးမြို့မှ ရန်ကုန်ဘက်ဆီသို့ ၎င်း၏ အော်စတင်ကားစုတ်ကလေးဖြင့် ဆင်းဆင်းရဲရဲ မောင်းနှင်လာခဲ့ရာ လှည်းကူးမြို့အလွန်ရှိ သချိုင်းအနီးသို့ ရောက်ရှိလေတော့၏။ ထိုသချိုင်းမှာ ကားလမ်းနံဘေးတွင်ပင်ရှိ ၏။ အုတ်ဂူများ၊ မှတ်တိုင်များ၊ မြေပုံများနှင့် သချိုင်းအစပ်တွင်တည်ထားသည့် လွမ်းစေတီကလေးကိုပါ တွေ့မြင်နိုင်ပေသည်။

မောင်သီဟ၏ မော်တော်ကားသည် စက်လည်းညံ့၏။ ဘော်ဒီလည်း စုတ်၏။ တံခါးများလည်း ချောင်၍နေ၏။ ထိုင်ခုံများမှာလည်း ပေါက်ပြဲ၍ အတွင်းမှ စပလိမ်များပင် ထိုးထိုးထောင်ထောင် ထွက်၍နေ၏။ ဟွန်းမှာလည်း အသံဝင်နေသော ဘဲသတ္တဝါကဲ့သို့ရှိ၏။ ဟွန်းသံနှင့်ပင် မတူပေ။ ကွဲတဲတဲ ရှတတ အသံမျိုး ဖြစ်၍နေ၏။ သို့ရာတွင် မောင်သီဟ၏ကား၌ ကောင်းသည့်အရာတစ်ခု တော့ရှိ၏။ ထိုအရာကား မီးပင်ဖြစ်ပေသည်။

မောင်သီဟ၏ကားမီးသည် ကားလမ်းနံဘေးရှိ သချိုင်းဆီသို့ ထိန်လင်းစွာ ထိုးမိလေ၏။ မောင်သီဟသည် အုတ်ဂူဖြူဖြူဖွေးဖွေးများ



www.burmeseclassic.com

www.burmeseclassic.com



မြေပုံများ၊ မှတ်တိုင်များနှင့် လွမ်းစေတီကလေးကို တွေ့မြင်လိုက်ရလေ၏။

မောင်သီဟ၏စိတ်၌ 'ခုနေများ မော်တော်ကားပျက်သွားရင်တော့ ဒုက္ခပါပဲ' ဟု တွေးမိလေ၏။ ထိုသို့တွေးမိပြီး စက္ကန့်ပိုင်းလောက်အတွင်းမှာပင် ၎င်း၏မော်တော်ကားသည် 'ဖွတ်ချက်၊ ဖွတ်ချက်' ဟူသော အသံများဖြစ်ပေါ်လာကာ ထိုး၍ရပ်သွားလေ၏။

မောင်သီဟသည် လွန်စွာ စိတ်ညစ်၍သွားလေ၏။ ကားစက်ရပ်သွားသည့်အခါကျမှပင် မိုးသံလေသံတို့သည် ပို၍ ကျယ်လောင်စွာကြားရလေတော့၏။ မိုးသံသည် တအုန်းအုန်း တဖြောင်းဖြောင်း မြည်၍ ရွာသွန်းနေသကဲ့သို့ လယ်ကွင်းမှဖြတ်၍တိုက်လာသော လေသည် သချိုင်းကုန်းမှ အုတ်ဂူများနှင့် စေတီတော်တို့ကို တိုးဝှေ့၍ ကြောက်မက်ဖွယ်အသံကြီးများကို ဖြစ်ပေါ်စေလေ၏။

မောင်သီဟသည် အပေါ်အင်္ကျီအိတ်အတွင်းမှ မီးခြစ်ကို ရှာဖွေလေ၏။ နေ့ခင်းကထည့်ထားသော ယမ်းမီးခြစ်လေးကို လွယ်ကူစွာပင် လက်နှင့်စမ်းမိလေ၏။ ထို့နောက် ကားဒက်ရ်ဘုတ်မှ အံဆွဲကလေးကို ဆွဲ၍ ဖယောင်းတိုင်ကိုရှာပြန်၏။ ဖယောင်းတိုင်တိုကလေးကို အသင့်ပင် စမ်းမိပြန်၏။ ထိုအခါ မောင်သီဟသည် ကားပေါ်မှဆင်း၍ စက်ဖုံးကို ဖွင့်ရန် ကားပေါ်မှ ကားတံခါးလက်တံကို ကိုင်ပြီးနောက် 'မှောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မည်းကြီးလည်းဖြစ်၍ မိုးသံလေသံများဖြင့် ကြောက်မက်ဖွယ် ကောင်းရသည့်အထဲတွင် သချိုင်းကုန်းနှင့်လည်း နီးနေပြန်’ ဟူသောအသိကြောင့် ကျောထဲတွင် စိမ့်ခနဲ ဖြစ်၍သွားလေ၏။

ထို့ကြောင့် တံခါး၏လက်တံကိုကိုင်ပြီး ငြိမ်၍နေလေ၏။ ထိုသို့ ငြိမ်နေပြီးကာမှ. .

“အို. . . မဖြစ်ပါဘူး၊ ဆင်းပြီး မြန်မြန်ပြင်လို့ မြန်မြန်ကောင်းသွားရင် ဒီအနားက မြန်မြန်သွားရတာပေါ့”

ဟူသောအတွေးသည် ၎င်း၏ဦးနှောက်၌ ဖြစ်ပေါ်လာပြန်သဖြင့် ဆင်းမည်ဟု ဆုံးဖြတ်ကာ တံခါးလက်ကိုင်ကို လှည့်လိုက်မိလေ၏။

တံခါးလက်ကိုင်ကိုလှည့်၍ တံခါးကိုတွန်းဖွင့်ရန်ဖြစ်သော်လည်း မဖွင့်ရဲသေးဘဲဖြစ်နေပြန်၏။

“ကားထဲမှာ မှန်တံခါးတွေပိတ်ပြီး ထိုင်နေတာက အန္တရာယ်ကင်းပါတယ်”

ဟူသော အတွေးဝင်လာသောကြောင့် ဖြစ်၏။

ထို့ကြောင့် မောင်သီဟာသည် ငြိမ်၍နေပြန်လေ၏။ ထိုသို့ ငြိမ်၍နေပြီးကာမှ တစ်ဖန်. .

“ဒီလိုချည်း တစ်ညလုံး တစိမ့်စိမ့် ကြောက်နေရမှာထက်



www.burmeseclassic.com

www.burmeseclassic.com



စာလျှင် မြန်မြန်မောင်းထွက်သွားရတာက ကောင်းဦးမယ်”

ဟု တွေးမိပြန်သဖြင့် အောက်သို့ အရဲစွန့်ကာ ဆင်းပြီးလျှင် မော်တော်ကားစက်ခေါင်းကို ဖွင့်လေ၏။ ထို့နောက် ယမ်းမီးခြစ်ကို ခြစ်၍ ဖယောင်းတိုင်တိုကလေးကို မီးတို့ရန် ကြိုးစားလေ၏။ သို့ရာတွင် မိုးကလည်းရွာ၊ လေကလည်း အရမ်းတိုက်၍နေသဖြင့် မီးခြစ်မီးတောက်ရန်ပင် မနည်းကြိုးစား၍ ခြစ်ရလေ၏။ စက်ခေါင်းအတွင်းသို့ လက်ကိုသွင်း၍ စက်ခေါင်းအဖုံးကို မိမိ၏ဦးခေါင်းဖြင့် ထိန်းကာ မိုးနှင့်လေကို ကာကွယ်ပြီးနောက် မီးခြစ်ကို ခြစ်လေ၏။ မီးခြစ်၍ရသောအခါ၌ ဖယောင်းတိုင်ကို တို့ရလေ၏။

ထို့နောက်မှ ကားကာပရိုက်တာမှ ဂျက်ပင်ကိုဖြုတ်ကာ ပါးစပ်ဖြင့် တအားမှုတ်၍ ပြန်တပ်ကာ စက်နှိုးကြည့်ရလေ၏။

၎င်းထင်သည့်အတိုင်းပင် ကြေး(ဂျီး)ပိတ်ခြင်းဖြစ်သောကြောင့် ကားစက်ရပ်ခြင်းဖြစ်လေ၏။ မောင်သီဟသည် ကားစက်ဖုံးကို အံကျစေရန် အသေအချာပိတ်ပြီးနောက် ကားပေါ်သို့ ပြန်၍ထိုင်လေ၏။ ထိုသို့ထိုင်လိုက်သည့်အချိန်၌ ၎င်း၏နောခေါင်းတွင် သနပ်ခါးနံ့ကို ရလေတော့၏။

မောင်သီဟသည် မျက်လုံးပြူး၍သွားလေ၏။ ဤနေရာမျိုး၌



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးနံ့ရဖွယ်ရာအကြောင်း မရှိပေ။ အမျိုးသမီးတစ်ဦးဦး လိမ်းထားသည့် သနပ်ခါးနှင့်ကိုယ်နံ့ ရောစပ်၍ထွက်လာသော အနံ့မျိုး ဖြစ်ပေသည်။

မောင်သီဟ၏စိတ်၌ မဟုတ်မှလွဲရော သရဲခြောက်ခံရပြီဟု တထစ်ချမှတ်ယူလေတော့၏။

"အို. . ဘာပဲဖြစ်ဖြစ် မော်တော်ကားက ကောင်းသွားမှ ပဲ၊ ဒီသချိုင်းကုန်းနားက မြန်မြန်မောင်းထွက်သွားရင် ပြီးတာပဲ"

ဟုတွေးကာ ကားကို စက်နှိုးလိုက်သည်။ စက်နှိုးသည်နှင့် တစ်ပြိုင်နက် မောင်သီဟသည် အတွေးပေါ်၍လာပြန်လေ၏။ 'လူတို့သည် မှောင်မိုက်သောအခါ၌ ကြောက်စရာရှိလျှင်ပို၍ကြောက်တတ်၏။ အလင်းရောင်ရှိလျှင် ကြောက်စိတ်များလျော့ပါး၏' ဟူ၍ ဖြစ်ပေသည်။ ထို့ကြောင့် ကား၏အတွင်းမီးခလုတ်ကို 'ထောက်' ခနဲ ဖွင့်လိုက်လေ၏။ ထို့ကြောင့် ကားအတွင်း၌ လင်း၍သွားလေ၏။ ထိုသို့လင်း၍သွားသည်နှင့်တစ်ပြိုင်နက် မောင်သီဟသည်. .

"အောင်မလေး"

ဟု ငယ်သံပါအောင် အော်လိုက်လေတော့၏။ မောင်သီဟသည် ကြောက်လွန်း၍ အသက်ရှူပင် မမှန်တော့ပေ။ မျက်လုံးများ

www.burmeseclassic.com

www.burmeseclassic.com



လည်း ပြာဝေ၍သွားလေတော့၏။ ချွေးစေးများလည်း ယိုစိမ့်၍ ထွက်လာလေ၏။ ရင်လည်း တဒိတ်ဒိတ်ခုန်၍နေ၏။

၎င်း၏ဘေးတွင်ရှိသော ထိုင်ခုံတွင် အသက်အစိတ်ခန့် မိန်းကလေးတစ်ဦး ထိုင်၍နေလေ၏။ ၎င်းမျက်နှာ၌လည်း သနပ်ခါး ကွက်တိကွက်ကျားနှင့်ဖြစ်၏။ ၎င်း၏ ဆံပင်များမှာလည်း ဖရိုဖရဲနိုင်၏။

"မကြောက်ပါနဲ့ ရှင်ရယ်"

ဟု သနပ်ခါးကွက်ကိကွက်ကျားနှင့်မိန်းမက ပြောလေ၏။ မောင်သီဟကမူ. .

"ဣတိပိသော. . ဣတိပိသော. . ဣတိပိသော"

"သံဗုဒ္ဓေ. . . သံဗုဒ္ဓေ"

ဟု အဆက်မပြတ်ရွတ်ဆိုနေလေ၏။

"မကြောက်ပါနဲ့ရှင်၊ ကျွန်မနာမည် စိန်စိန်လို့ ခေါ်ပါတယ်၊ ရှင်က ကျွန်မကို သရဲအောက်မေ့နေလို့လား၊ လူပါရှင်၊ ကျွန်မ လူအစစ်ပါ"

ဟု ထိုမိန်းကလေးက ပြောလေ၏။

ထိုအခါကျမှပင် မောင်သီဟသည် ကြောက်စိတ်များ ပြေပျောက်ပြီးလျှင် ထိုမိန်းမအား ခြေထောက်မှစ၍ ကြည့်၏။ ရေစိုလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသော ထဘီအောက်ပိုင်းနှင့် ခြေချောင်းသွယ်သွယ်ရှည်ရှည်ကလေး များကို တွေ့ရလေ၏။ ထို့နောက် တစ်ဆင့်တက်၍ ကြည့်ပြန်ရာ ရေစို ထဘီအောက်မှ တစ်တစ်ရစ်ရစ်ပေါ်ထွက်နေသော ပေါင်တံကို တွေ့ရ လေ၏။

ထိုမှတစ်ဖန် အထက်သို့ဆက်၍ကြည့်ပြန်ရာ အသေးစား ဒယ်အိုးကလေးကို မှောက်၍ကပ်ထားသည့်အလား ညီညီညာညာ၊ ခုံးခုံးလုံးလုံးကလေး ဖြစ်၍နေသော ကိုယ်ဝန်လေးငါးလခန့်ရှိသောဗိုက် ကို တွေ့ရလေတော့၏။ ထိုအခါ၌ မောင်သီဟသည် ယောင်ယမ်း၍. .

"ဗိုက်ကြီးသည်"

ဟု လွှတ်ခနဲ အော်လိုက်လေ၏။

"ဟုတ်ပါတယ်၊ စိန်စိန့်မှာ ကိုယ်ဝန် ငါးလရှိပါပြီ၊ ဘာလဲ စိန်စိန့်ကို ဗိုက်ကြီးသည်သူရဲမ အောက်မေ့နေပြန်ပြီလား"

ဟု မိန်းကလေးက ပြန်၍မေးလိုက်လေ၏။

မောင်သီဟက မဖြေဘဲ ထိုမိန်းမ၏မျက်နှာကို မရဲတရဲကြည့် လေ၏။ မောင်သီဟစိတ်၌ 'ငါ့ကို တစ်တောင်လောက်ရှိတဲ့ လျှာကြီးများ ထုတ်ပြလေမလား' ဟု တွေးမိရင်း ကြည့်လိုက်ခြင်းဖြစ်၏။

"ကဲ. . လူဆိုတာ ယုံပြီလား"

ဟုလည်းပြောလိုက်ကာ ထိုမိန်းကလေးက ပြုံး၍ပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟသည် စိတ်သက်သာရာရ၍သွားလေ၏။ ထိုအခါ ထိုမိန်းကလေးက. . .

"မကြောက်ပါနဲ့ရှင်၊ ကျွန်မ လူအစစ်ပါ၊ ကဲ. . ဟောဒီမှာ ကြည့်"

ဟုဆိုကာ မောင်သီဟ၏လက်ကို ၎င်း၏လက်ဖြင့် လှမ်း၍ ကိုင်လိုက်လေ၏။

"အောင်မလေး၊ လက်အေးကြီး"

ဟု မောင်သီဟက အော်လိုက်လေ၏။

"မိုးတွေစိုရွှဲနေတာ လက်က အေးတာပေါ့ရှင်"

ဟု ထိုမိန်းကလေးက ပြောလေ၏။

မောင်သီဟရင်၌ တဒိတ်ဒိတ်ခုန်၍နေဆဲဖြစ်၏။

"ကဲပါရှင်၊ (၉)နာရီ ထိုးခါနီးပြီရှင့်၊ မောင်းပါတော့၊ ဒါတောင် ည(၁၁)နာရီလောက်မှ ရန်ကုန်ကို ရောက်မယ်"

ဟု မိန်းကလေးက ပြောလိုက်မှပင် မောင်သီဟလည်း ယောင်ယမ်း၍ ကားဂီယာကိုထိုးပြီးလျှင် လီဗာကို နင်းလေ၏။ ကားလည်း တရွေ့ရွေ့နှင့် ထွက်လေတော့၏။ မောင်သီဟသည် ကားကိုမောင်းရင်းဘေးမှ မိန်းကလေးကို မကြာခဏ အကဲခတ်လေ၏။ တစ်နေရာသို့ အရောက်၌ ဖြုတ်ခနဲ ပျောက်သွားကောင်း ပျောက်သွားလိမ့်မည်ဟု

www.burmeseclassic.com

လည်း ထင်၍ နေလေတော့၏။

မိန်းကလေးကလည်း ယခုတိုင်အောင် ၎င်းအပေါ်၌ ဗိုက်ကြီးသည်သရဲမဟု ထင်မှတ်နေသည့် မောင်သီဟ၏အဖြစ်ကိုကြည့်ကာ ပြုံးမိလေတော့၏။ ထို့ကြောင့် မောင်သီဟ ယုံကြည်စေရန်အတွက် အောက်ပါအတိုင်း ပြောလိုက်လေ၏။

"ရှေ့ကိုကြည့်ပြီး စိတ်ချလက်ချ မောင်းပါရှင်၊ ကျွန်မဟာ ရှင်ထင်သလို ဗိုက်ကြီးသည်သရဲမ မဟုတ်ပါဘူး၊ မဟုတ်တဲ့အကြောင်း ထင်ရှားအောင် ပရိတ်ရွတ်ပြီး လိုက်လာပါ့မယ်"

မိန်းကလေးသည် ဓာရဏပရိတ်၊ စက်ပရိတ် စသည်များကို ရွတ်ဖတ်လာလေ၏။ ထိုအခါကျမှပင် မောင်သီဟသည် ထိုမိန်းကလေးအား လူသားစင်စစ်အဖြစ် လက်ခံလိုက်လေတော့၏။ ထိုသို့ လက်ခံလိုက်သည်နှင့်တစ်ပြိုင်နက် မောင်သီဟ၏ကြောက်စိတ်များသည် လွင့်စဉ်ပျောက်ပျက်သွားလေတော့၏။

ထိုအခါကျမှပင် မောင်သီဟသည် စီးကရက်ဘူးမှ စီးကရက်ကိုထုတ်ကာ မီးညှိ၍ အားရပါးရ ရှိုက်ဖွာလေတော့သည်။ မိန်းကလေးသည် မောင်သီဟကိုကြည့်၍. . .

"ရှင် အကြောက်ပြေသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေ၏။

မောင်သီဟသည် ပြန်၍မပြောဘဲ ပြုံးလိုက်လေ၏။

"နာမည်ဘယ်လိုခေါ်ပါသလဲ"

ဟု မိန်းကလေးက မေးလိုက်လေ၏။

"မောင်သီဟ လို့ခေါ်ပါတယ်"

ဟု မောင်သီဟ ပြန်၍ဖြေလိုက်လေ၏။

"သီဟတဲ့လား၊ သီဟဆိုတာ ခြင်္သေ့လို့ အဓိပ္ပာယ်ရတာပဲ၊ ဟဲ. . ဟဲ. . ဒီ ခြင်္သေ့မင်းကလည်း တယ်ပြီး သရဲကြောက်တတ်တာကိုး"

ဟု မိန်းကလေးကပြောလိုက်ရာ မောင်သီဟသည် အနည်းငယ် ရှက်၍သွားလေ၏။

"မကြောက်ဘဲ နေပါ့မလားဗျာ၊ မိုးတွေလေတွေကလည်း တိုက်နေတယ်၊ ရောက်နေတာကလည်း သင်္ချိုင်းနားမှာ၊ အချိန်ကလည်း ညကြီးမိုးချုပ်၊ ဒီကြားထဲ ခင်ဗျားကလည်း ဘာမပြော ညာမပြောနဲ့ ကားပေါ်တက်ပြီး ထိုင်နေတယ်၊ ဒီအဖြစ်အပျက်မျိုးကို ကျုပ်မပြောနဲ့၊ တခြားလူဆိုရင်လည်း လိပ်ပြာလွင့်သွားလောက်ပါတယ်ဗျာ"

ဟူ၍ မောင်သီဟက အရှက်ပြေပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိန်းကလေးက သဘောကျ၍ တခစ်ခစ်ရယ်လေတော့၏။

"နေစမ်းပါဦး။ ညကြီးသန်းခေါင်မှာ ခင်ဗျားကလည်း မိန်းကလေးတန်မယ့် ဘယ်ကနေဘယ်လို ရောက်လာရတာတုံး"

ဟု မောင်သီဟာက မေးလေ၏။

"စိန်စိန်လား. .၊ စိန်စိန်က လှည်းကူးမှာနေပါတယ်၊ ယောကျ်ားနဲ့ ရန်ဖြစ်ကြတယ် စိန်စိန့်ယောကျ်ားက စိန်စိန်ကို မောင်းချလိုက်လို့ အိမ်ပေါ်က ဆင်းလာတာပါ၊ လမ်းကြုံတဲ့ကားကို တားပြီး စီးမယ်ဆိုပြီး လျှောက်လာတာ၊ ဟိုနားက အကြော်တဲကလေးနားကျတော့ မိုးက သိပ်ပြီးသည်းတာနဲ့ တဲထဲမှာဝင်ပြီး မိုးခိုပါတယ်၊ အဲဒီအချိန်မှာ ရှင့်ကားကလေးက ရှေ့က ဖြတ်ပြီး မောင်းသွားပါတယ်၊ စိန်စိန်က အော်ပြီးရပ်ခိုင်းပါသေးတယ်၊ ရှင်က မကြား ဘူး၊ ရှေ့နားကျတော့ ကားပျက်ပြီးရပ်သွားတာကို လျှပ်စီးလက်တဲ့အရောင်နဲ့ လှမ်းပြီးမြင်ရလို့ စိန်စိန်က အကြော်တဲကလေးထဲကထွက်ပြီး ကားဆီကို လာခဲ့တာပါ"

ဟု မိန်းကလေးက ရှင်းပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားနဲ့စိတ်ဆိုးရုံနဲ့ ခုလို ညကြီးမိုးချုပ်မှာ မဆင်မခြင်ထွက်လာခဲ့ရသလားဗျာ"

ဟု မောင်သီဟက ပြောလိုက်လေ၏။

"စိတ်ဆိုးရုံဆိုးတာ မဟုတ်ဘူးရှင့်၊ တစ်ယောက်နဲ့ တစ်ယောက်သတ်လား၊ ပုတ်လား ဖြစ်ကြတာ၊ သူက စိန်စိန်ရဲ့ဗိုက်ကို ခြေထောက်နဲ့ကန်တယ်လေ"

ဟု မိန်းကလေးက ပြောလေ၏။

"ထားပါတော့လေ၊ ခင်ဗျားက ဘယ်အထိလိုက်မှာလဲ"

ဟု မောင်သီဟက မေးလေ၏။

"ရန်ကုန်အထိ လိုက်မှာပါ၊ ဖြစ်နိုင်ရင် ရေကျော်အထိ ပို့ပေးစေချင်ပါတယ်"

ဟု မိန်းကလေးက ပြောလေ၏။

မောင်သီဟသည် ခေါင်းကို ညိတ်ပြလိုက်ပြီးနောက် ကားကို ဆက်လက်၍ မောင်းနှင်လာခဲ့လေ၏။ မော်တော်ကား မှန်ကိုလည်း အဝတ်ဖြင့် မကြာခဏသုတ်ရလေ၏။ ရှေ့မှလာသော လော်လီကားကြီးများကို ဂရုတစိုက် ရှောင်တိမ်းရလေ၏။

ဤသို့ဖြင့်ပင် မောင်သီဟ၏ကားစုတ်ကလေးသည် ထောက်ကြံ့သို့ ရောက်ရှိလေ၏။ ထောက်ကြံ့သို့အရောက်၌ မောင်သီဟသည်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးအား လှမ်း၍ကြည့်လိုက်လေ၏။ မိန်းကလေးသည် မျက်နှာ မသာမယာဖြစ်နေသည်ကို သတိပြုမိလေ၏။ မောင်သီဟသည် ကားကို မောင်းရင်း မကြာခဏဆိုသလို မိန်းကလေးအား အကဲခတ်ကြည့်လေ၏။ မိန်းကလေး၏မျက်နှာသည် ရှုံ့မဲ့၍နေလေ၏။

မောင်သီဟသည် ကားကိုမောင်းရင်း မိန်းကလေးကို ပိုမို အကဲခတ်လေ၏။ ထိုအချိန်မှာပင် မိန်းကလေးသည် မောင်သီဟဘက်သို့ ယိုင်လဲကျလာလေတော့၏။

မောင်သီဟက မိန်းကလေးအား ဆီး၍ထိန်းပေးရင်း. .

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဟု မေးလေ၏။

"ဆေးရုံကို အမြန်ဆုံးပို့ပါ၊ စိန်စိန် သေရပါလိမ့်မယ်၊ ကလေးပျက်ပြီထင်တယ်"

ဟု မိန်းကလေးက ပြောလေ၏။ မောင်သီဟသည် မိန်းကလေးအား လက်တစ်ဖက်ဖြင့် မှေး၍ထားကာ ကျန်လက်တစ်ဖက်ဖြင့် 'စတီယာရင်' ကို ထိန်း၍မောင်းနေရလေ၏။

"အင်း. . ခက်တော့တာပဲ၊ ဆေးရုံကိုပို့ဖို့ကလည်း အဝေးကြီးလိုသေးတယ်၊ ဒီအတောအတွင်းများ သေသွားရင် ဒုက္ခပါပဲ၊ ဒုက္ခမှ ဒုက္ခပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်း မောင်သီဟသည် တွေးမိပြန်လေ၏။

ဤသို့နှင့်ပင် မင်္ဂလာဒုံမရောက်မီ၌ ခြံဝင်းကလေးအတွင်း၌ ဆောက်လုပ်ထားသော နှစ်ထပ်အိမ်တစ်လုံးကို ကားမီးရောင်ဖြင့် တွေ့ရလေ၏။ ထို့ကြောင့် စိတ်အားတက်၍ သွားလေတော့၏။

"ဘာပဲဖြစ်ဖြစ် ဒီခြံထဲဝင်ပြီး အကူအညီတောင်းရရင် ကောင်းမှာပဲ၊ ဒီလို အကူအညီတောင်းတာဟာ တကယ်လို့ ဒီမိန်းမသေသွားရင်တောင် ငါသတ်တာမဟုတ်ဘူးဆိုတာ သက်သေခံနိုင်မှာပေါ့၊ နို့မဟုတ်ရင် ဒီကိစ္စဟာ ငါ့အပေါ် အချောင်သက်သက် အမှုပတ်နိုင်တယ်"

ဟု တွေးမိလေ၏။ ထိုသို့တွေးမိသည်နှင့်အမျှ မော်တော်ကားကို ခြံဝင်းဆီသို့ ဦးတည်၍မောင်းပြီးလျှင် ခြံတံခါးဝ၌ ရပ်လိုက်လေ၏။

ပြီးလျှင် ကားဟွန်းကိုတီးလေ၏။ ဟွန်းသံမှာ ကျယ်ကျယ်လောင်လောင် မမြည်သည်ကလည်း တစ်ကြောင်း၊ မိုးသံလေသံများက ဆူညံလှသည်ကလည်း တစ်ကြောင်းကြောင့် ခြံဝင်းကျယ်ကြီးအတွင်း နှစ်ထပ်အိမ်ပေါ်မှလူသည် ကြားနိုင်ခြင်းမရှိပေ။

ထို့ကြောင့် မောင်သီဟသည် မိန်းကလေးအား ခုံပေါ်တွင် မှေး၍ထားခဲ့ပြီးနောက် ကားပေါ်မှဆင်းကာ ခြံတံခါးဆီသို့ သွားရောက်၍ ပါးစပ်ဖြင့်ဟစ်အော်၍ခေါ်လေ၏။ သို့ရာတွင် ခြံအတွင်းမှလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အိမ်ကြီးပေါ်မှလည်းကောင်း တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမရှိပေ။ နောက်ဆုံးတွင် မောင်သီဟသည် ခြံတံခါးကန့်လန့်ကို လက်နှင့်နှိုက်၍ဖြုတ်ကာ ခြံတံခါးကို တွန်းဖွင့်လေ၏။ ထို့နောက် မော်တော်ကားဆီသို့ပြန်၍လာပြီးလျှင် ခြံတွင်းသို့ ကားကို မောင်း၍ဝင်လေတော့၏။ ထို့နောက် အိမ်တံခါးမကြီးဆီသို့ သွားရောက်ကာ. .

"အိမ်ရှင်တို့၊ အိမ်ရှင်တို့. . "

ဟု အော်ဟစ်၍ခေါ်လေတော့၏။ တစ်အောင့်မျှကြာလျှင် အိမ်၏အပေါ်ထပ်မှ လွန်စွာ ကျက်သရေကင်းမဲ့လှသော အသံမျိုးဖြင့်. .

"ဘာကိစ္စလဲ၊ ဘယ်သူလဲ"

ဟု ပြန်၍မေးလေ၏။ အသံမှာလည်း ပီသခြင်းမရှိပေ၊ စကားကိုလည်း တစ်လုံးချင်း ကြိုးစား၍ပြောနေရပုံရလေ၏။

"ခရီးသည်ပါ၊ မိန်းကလေးတစ်ယောက် ကလေးပျက်ချင်သလိုဖြစ်လို့ ဝင်ပြီးအကူအညီတောင်းတာပါ"

ဟု မောင်သီဟက ပြောလေ၏။

"ဟောဒီအပေါက်က သော့ပစ်ချလိုက်မယ်၊ အဲဒီသော့နဲ့ တံခါးကိုဖွင့်ပြီး လူနာကို အထဲခေါ်ခဲ့ပါ"

ဟု အသံဆိုးကြီးနှင့်ပြောပြီးလျှင် သော့တွဲကို ပစ်ချလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟသည် သော့တွဲကို ကောက်ယူပြီးနောက် အတွင်းဘက်မှခတ်ထားသော သော့ခလောက်ကြီးအား ဖွင့်လိုက်ပြီးလျှင် တံခါးကို တွန်းလိုက်လေ၏။ ထို့နောက်မှ မော်တော်ကားဆီသို့ ပြန်၍လာကာ ကားတံခါးကိုဖွင့်၍ စိန်စိန်ဆိုသောမိန်းကလေးအား ပွေ့ရလေ၏။ မိန်းကလေးမှာ လုံးဝ သတိလစ်မေ့မြောနေပြီဖြစ်၏။ ထဘီတစ်ထည်လုံးမှာလည်း သွေးများဖြင့် ရွှဲရွှဲစိုနေလေ၏။

မောင်သီဟသည် မိန်းကလေးအား ပွေ့၍ အိမ်အောက်ထပ်သို့ ဝင်သွားလေ၏။ ထိုအခါ၌ အသံဆိုးကြီးဖြင့်. .

"အပေါ်ကိုသယ်ခဲ့"

ဟု ပြောသံကိုကြားရသဖြင့် အိမ်၏အတွင်းဘက် အပေါ်ထပ်သို့တက်သောလှေကားမှ မိန်းကလေးကိုပွေ့လျက် မောင်သီဟသည် အပေါ်ထပ်သို့ တက်သွားရလေ၏။

လှေကားပေါ်သို့တက်သည့်အခါ၌လည်း စိမ်းရွှေရွှေအနံ့ဆိုးကြီးများကို ရရှိလေ၏။ လှေကားမှာလည်း အသုံးပြုခြင်းမရှိသဖြင့် ဖုန်များ ထူထပ်၍နေလေ၏။

အပေါ်ထပ်သို့ရောက်လာသောအခါ၌ ခုတင်တစ်လုံး ပြင်၍ထားလေ၏။ အပေါ်ထပ်မှ ကျက်သရေမရှိသောအသံရှင်ကိုမူ မတွေ့ရပေ။ မောင်သီဟသည် မိန်းကလေးအား ခုတင်ပေါ်၌ အလိုက်သင့်



www.burmeseclassic.com

www.burmeseclassic.com



တင်၍ထားလိုက်လေ၏။

ထိုအခါ၌ ခုတင်နှင့်ကပ်လျက် အခန်းတွင်းမှ အသံဆိုးကြီး ထွက်ပေါ်လာပြန်လေ၏။

"အောက်ထပ်ကိုဆင်းပြီး မီးဖိုထဲမှာ မီးမွှေးပြီး ရေနွေး အိုးတည်"

မောင်သီဟသည် ကြောက်ကြောက်လန့်လန့်ဖြင့် အောက်ထပ် သို့ဆင်းကာ မီးဖိုဘက်ဆီသို့သွား၍ မီးမွှေးရလေ၏။ အိုးကြီးတစ်လုံး ကိုဆေး၍ ရေနွေးအိုးတည်ရလေ၏။ ထိုသို့ ရေနွေးအိုးတည်ရင်း မောင်သီဟ၏စိတ်၌ အောက်ပါအတိုင်း တွေးမိလေတော့၏။

"လူကိုမမြင်ရဘဲ အသံနက်ကြီးနဲ့ စကားပြောနေတာဟာ လူမှ ဟုတ်ရဲ့လား။ မကောင်းဆိုးရွားများလား၊ တစ္ဆေသရဲ လား၊ အင်း. . . ဟုတ်ပြီ၊ ငယ်ငယ်တုန်းက ကြားဖူးတဲ့ 'ကျွတ်' ဆိုတဲ့ မကောင်းဆိုးရွား အမျိုးအစားထဲက ဖြစ် မှာပါပဲ၊ ကျွတ်တွေဟာ ညဘက်မှာ လူယောင်ဖန်ဆင်း၊ အိမ်တွေတိုက်တွေ ဖန်ဆင်းပြီး သူတို့ဆီကို ရောက်လာတဲ့ ခရီးသည်တွေကို အရှင်လတ်လတ် ဝါးစားတတ်တယ် ဆိုပါလား၊ တချို့ကျွတ်တွေဆိုရင် ရွာကြီးတစ်ရွာလုံး တောင် ဖန်ဆင်းပြီး ခရီးသည်တွေကို လှည့်စားတယ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပါလား၊ အင်း. . အခုလည်း ကျုတ်နဲ့ တွေ့နေပါပြီ၊ စိန်စိန်ဆိုတဲ့ကောင်မလေးကို စားများနေပြီလားမသိဘူး၊ သွားပြီးချောင်းကြည့်ဦးမှပဲ၊ အခြေအနေမဟန်ရင်ငါတော့ ထွက်ပြေးမှပဲ”

မောင်သီဟသည် ထိုသို့ တွေးပြီးနောက် အိမ်ရှေ့သို့ ထွက်လာလေ၏။ အိမ်ရှေ့ခန်းသို့ရောက်လျှင် လှေကားပေါ်သို့ ခြေသံမကြားအောင် တက်၍သွားပြီးလျှင် တစ်ဝက်သို့ရောက်သောအခါ၌ ခုတင်ဆီသို့လှမ်းကြည့်ကာ မောင်သီဟသည် ကြက်သေသေ၍ သွားလေတော့၏။

တွေ့မြင်ရသော အခြင်းအရာများကိုကြည့်၍ မောင်သီဟသည် သွေးများခဲလုမတတ် တုန်လှုပ်၍ သွားလေတော့၏။ ကြောက်စိတ်ကြောင့် ဒူးများ တဆတ်ဆတ်တုန်၍ နေလေ၏။ တစ်သက်နှင့်တစ်ကိုယ် ဤမျှကြောက်မက်ဖွယ်ရာကောင်းသော မြင်ကွင်းမျိုးကိုမြင်တွေ့ဖူးခဲ့ခြင်းမရှိ။

“သရဲကြီး၊ ဟုတ်ပါပြီ၊ သရဲကြီး၊ ဟို မိန်းကလေးရဲ့ဗိုက်ကို ဖောက်နေပါပြီ”

ဟုလည်း မောင်သီဟ၏ စိတ်၌ ရေရွတ်နေမိလေ၏။

မောင်သီဟသည် အဘယ်ကြောင့် ဤမျှထိ ကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်နေရပါသနည်း။

မောင်သီဟတွေ့မြင်နေရသော အခြင်းအရာသည် မောင်သီဟကဲ့သို့ ကြောက်တတ်သောသူကို မဆိုထားနှင့်၊ ရဲပါပေသည်၊ တစ္ဆေသရဲဆိုတာကို မယုံပါဘူးဆိုသူများပင် ဤသို့ တွေ့မြင်ရပါက ငယ်သံပါအောင်အော်၍ ထွက်ပြေးသွားနိုင်လောက်လေ၏။

သတိလစ်နေသော မိန်းကလေးသည် ခုတင်ပေါ်၌ စန့်စန့်ရန့်ရန့်ကြီးရှိနေ၏။ ထိုမိန်းကလေး၏ဝမ်းဗိုက်ကို မီးသွေးကဲ့သို့ နက်မှောင်၍ သစ်ကိုင်းခြောက်ကဲ့သို့ ခြောက်ကပ်ကပ်နိုင်လှသော လက်နှစ်ဖက်ဖြင့် တစ်စုံတစ်ယောက်သော သူက ညှစ်၍နေလေ၏။

ထိုသူအားကြည့်လိုက်ပြန်သောအခါ၌လည်း မျက်နှာတစ်ခုလုံးသည် ပျဉ်ပြားကဲ့သို့ ပြား၍နေ၏။ နှာခေါင်းဟူ၍လည်း မရှိပေ။ နှာခေါင်းနေရာ၌ အပေါက်ကြီးတစ်ပေါက်သာလျှင်ရှိ၏။ မျက်နှာတစ်ခုလုံးမှာလည်း မည်းမှောင်၍ အပိမ့်ပိမ့်များ ထ၍နေ၏။ ဟောက်ပက်ပက်နိုင်လှသော မျက်တွင်း၏ အတွင်းဘက်၌မူ တဖျတ်ဖျတ်အရောင်လက်လျက်ရှိသော မျက်လုံးနှစ်လုံးကို တွေ့ရလေ၏။ ဦးခေါင်းမှဆံပင်များလည်း ကျိုးတိုးကျဲတဲနိုင်လှ၏။ ဆံပင်တို့၏အရှည်မှာလည်းကုပ်ကျော်ကျော်အထိ ရှိ၏။ ထိုသူ၏ပါးစပ်ကြီးမှာလည်း ရွဲ၍နှုတ်ခမ်းများမှာလည်း ပွဲ့ကျ၍နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟသည် ထိုအခြင်းအရာကိုကြည့်၍ ချွေးများစို့၍ နေ၏။ ထိုအချိန်၌ပင် ကြောက်မက်ဖွယ်ရာကောင်းသော မကောင်းဆိုးရွားကြီးက အသံနက်ကြီးဖြင့်. . .

"ရေနွေးမဆူသေးဘူးလား"

ဟူ၍ အော်လိုက်လေ၏။

မောင်သီဟသည် ကြက်သီးများထ၍သွားလေ၏။ ထို့နောက် သတိထားကာ လှေကားမှဆင်းပြီးလျှင် မီးဖိုဘက်သို့ ပြေးလာကာ ရေနွေးအိုးကို ကြည့်လိုက်လေ၏။ မီးတောက်အားကောင်းသောကြောင့် ရေနွေးအိုးဆူပြီဖြစ်၏။ မောင်သီဟသည် ရေနွေးအိုးကိုယူခဲ့ပြီးနောက် အောက်မှ လှမ်း၍အော်လိုက်လေ၏။

"ရေနွေးရပြီ"

"အပေါ်ကိုယူခဲ့"

မောင်သီဟလည်း ရေနွေးအိုးကိုယူ၍ အပေါ်ထပ်သို့ ရောက်သောအခါ၌ မကောင်းဆိုးရွားကို မတွေ့ရတော့ပေ။ မကောင်းဆိုးရွားကြီးသည် တစ်ဘက်ခန်း၌ ဝင်၍ပုန်းနေလေ၏။

မောင်သီဟလည်း ရေနွေးအိုးထားခဲ့ပြီးနောက် အောက်သို့ ဆင်း၍လာလေ၏။ ဆင်းသောအခါ၌လည်း ကျောထဲတွင် စိမ့်ခနဲ စိမ့်ခနဲ ဖြစ်၍ လှည့်၍ကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှင့်ပင် အောက်သို့ရောက်လာလေခဲ့၏။ အောက်သို့ရောက်လျှင် ကြောက်လွန်း၍ သံဗုဒ္ဓေဂါထာကို ဖောက်တိဖောက်ထိုး ရွတ်ဆို၍နေလေ၏။

ဤသို့နှင့်ပင် နာရီဝက်ခန့်ကြာသောအခါ၌ အပေါ်ထပ်မှ မကောင်းဆိုးဝါးကြီးက. . .

"အပေါ်ကို လာခဲ့၊ ကြမ်းပြင်ပေါ်က ဇလုံကိုယူပြီး အိမ်နောက်ဘက်က သစ်ပင်အောက်မှာ တူးမြှုပ်"

ဟု အော်ဟစ်လိုက်လေ၏။

မောင်သီဟသည် အပေါ်ထပ်သို့တက်၍သွား၏။ ကြမ်းပြင်ပေါ်တွင် သွေးများနှင့် ညစ်ညမ်းသောအရာများနှင့် ပြည့်နှက်လျက်ရှိသော ကြွေရည်သုတ်သံဇလုံကို တွေ့ရလေ၏။

"မြန်မြန်သွားမမြှုပ်ဘဲ ဘာဖြစ်လို့ကြည့်နေရတာလဲ"

ဟု မကောင်းဆိုးရွားကြီးက အော်လိုက်သဖြင့် မောင်သီဟလည်း ကြောက်ကြောက်လန့်လန့်ဖြင့် ဇလုံကြီးကို ကောက်ကိုင်လိုက်ပြီးလျှင် အောက်ထပ်သို့ ဆင်း၍သွားလေ၏။

မီးဖိုချောင်သို့သွား၍ နောက်ဖေးမှထွက်သော တံခါးကို ဖွင့်လေ၏။ ပြီးလျှင် ပေါက်တူးတစ်လက်ကိုရှာ၍ မှောင်ကြီးမည်းမည်း မိုးသည်းသည်း၌ မြေကြီးကိုတူးကာ အညစ်အကြေးများကို မြေမြှုပ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်လေ၏။

ထိုအချိန်၌ မည်သည့်နေရာမှ အူလိုက်သည်မသိသော ဆွဲဆွဲငင်ငင်နိုင်လှသည့် ခွေးအူသံကို ကြားရလေတော့၏။

"အူး . . ဝူး . . . ဝူး . . . ဝူး . . ."

မောင်သီဟသည် ခွေးအူသံကြောင့် ကြက်သီးများထကာ ကြောက်စိတ်များဝင်၍လာသဖြင့် အိမ်ဘက်ဆီသို့ ပြေးဝင်လာလေ၏။ ပြီးလျှင် တံခါးကို ဂျိမ်းခနဲ ပိတ်လိုက်လေ၏။

ထိုအချိန်၌ပင် အိမ်ပေါ်ထပ်ဆီမှ အသံနက်ကြီးဖြင့် . .

"အပေါ်ကိုလာခဲ့"

ဟု ခေါ်လိုက်လေ၏။

မောင်သီဟလည်း အပေါ်ထပ်ဆီသို့ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တက်ခဲ့လေ၏။ အပေါ်ထပ်သို့ ရောက်လျှင် စားပွဲပေါ်မှ အငွေ့တထောင်းထောင်းထလျက်ရှိသော ကော်ဖီခွက်တစ်ခွက်နှင့် ဘီစကွတ်မုန့်အချို့ကို တွေ့ရလေ၏။ မကောင်းဆိုးရွားကြီးမှာမူ အခန်းတွင်း၌ဝင်၍ ပုန်းအောင်းနေပြီဖြစ်၏။

"ချမ်းနေပြီ ဟုတ်လား၊ ကော်ဖီနဲ့ဘီစကွတ် သောက်လိုက်၊ ဆေးလိပ်သောက်တတ်ရင် ဆွဲအံ့ထဲမှာ ဆေးလိပ်ဘူးရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု အသံနက်ကြီးဖြင့် အော်လိုက်လေ၏။

မောင်သီဟသည် ကြောက်ကြောက်လန့်လန့်ဖြင့် ကော်ဖီပန်းကန်ကို ကောက်၍ ကိုင်လိုက်ပြီးလျှင် မှုတ်၍ မှုတ်၍ သောက်လေ၏။ ဝမ်းတွင်းသို့ အပူဓာတ်ကလေး အနည်းငယ်ဝင်၍သွားလျှင် မောင်သီဟသည် အနည်းငယ် ကြောက်စိတ်ပြေ၍သွားလေ၏။

"သရဲတော့ ဟုတ်မယ် မထင်ပါဘူး၊ သရဲက အခုလို ကော်ဖီ တွေ ဘာတွေတိုက်တယ် မကြားဖူးပါဘူး"

ဟူ၍လည်း မောင်သီဟသည် တွေးမိလေ၏။

ထိုအချိန်၌ပင် အသံနက်ကြီးဖြင့်. .

"ကော်ဖီသောက်ပြီးရင် ဟိုခုံပေါ်မှာ ထိုင်၊ လူနာသတိရရင် အဲဒီစားပွဲပေါ်က ဆေးတစ်ပြားကို ကော်ဖီနဲ့တိုက်၊ သိပ်ပြီးမလှုပ်ရှားစေနဲ့၊ ဟိုမှာ နာရီကိုကြည့်၊ ဆေးတစ်လုံးနဲ့တစ်လုံး တစ်နာရီ ခြားပါစေ၊ ငါ အိပ်မယ်၊ အခြေအနေထူးခြားရင် ငါ့ကို အော်ပြီးနှိုးလိုက်"

ဟူ၍ ပြောလိုက်လေ၏။

အသံနက်ကြီး၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် တိုင်ကပ်နာရီဟောင်းကြီးမှ 'ဒေါင်. . ဒေါင်. . ဒေါင်. . ' ဟူ၍ ဆယ့်နှစ်ချက် တိတိ မြည်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟသည် ထိုနာရီသံကြီးကိုပင် ကြောက်ရွံ့သကဲ့သို့ ရှိလေ၏။ များမကြာမီ၌ပင် မကောင်းဆိုးရွားကြီး၏အခန်းမှ ဟောက်သံများ ထွက်၍လာလေသဖြင့် မကောင်းဆိုးရွားသတ္တဝါကြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီဖြစ်ကြောင်း သိရလေတော့၏။

မောင်သီဟလည်း ပက်လက်ကုလားထိုင်၌ထိုင်၍ မိန်းကလေး အခြေအနေကို စောင့်ကြည့်ရလေ၏။ လေးဆယ့်ငါးမိနစ်ခန့်ကြာလျှင်. .

မိန်းကလေးသည် ညည်းသံကလေးများပြု၍ သတိရလာလေ၏။

"မစိန်စိန် သတိရလာပြီ၊ တအားမလှုပ်နဲ့နော်၊ ဘာမှလည်း မကြောက်နဲ့၊ ကျွန်တော် အနားမှာရှိပါတယ်"

ဟု မောင်သီဟက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အားပေးစကား ပြောလိုက်လေ၏။

"စိန်စိန် ဘယ်ကိုရောက်နေတာလဲ၊ ဆေးရုံကို ရောက်နေတာလား"

ဟု မိန်းကလေးက မေးလိုက်လေ၏။

"ဆေးရုံမဟုတ်ဘူး၊ အိမ်ကြီးတစ်အိမ်ထဲကို"

ဟု မောင်သီဟက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့အိမ်ကြီးလဲ"

ဟု မိန်းကလေးက မေးလေ၏။

"အဲဒါတော့ ကျုပ်လည်း မသိဘူး"

ဟု မောင်သီဟက အသံတိုးတိုးဖြင့် ပြန်၍ပြောလေ၏။

"စိန်စိန် ဘာဖြစ်တာလဲ"

ဟု မိန်းကလေးက မေးလေ၏။

"ခင်ဗျား ကလေးမွေးတာလေ"

ဟု မောင်သီဟက ပြန်၍ပြောလေ၏။

"ကလေးပျက်တာဖြစ်မှာပါ"

ဟု မိန်းကလေးက ပြောလိုက်လေ၏။

"အင်း. . အင်း. . ကလေးပျက်တာ"

ဟု မောင်သီဟက ပြန်၍ပြောပြီးလျှင် မိန်းကလေးအား ပွေ့ထူ၍ ကော်ဖီနှင့်ဆေးကို တိုက်လေ၏။

"တစ်နာရီမှာတစ်ခါတိုက်ရမယ်ဆိုပဲ"

ဟု မောင်သီဟက ပြောလိုက်သဖြင့်. .

"ဘယ်သူက ပြောတာလဲ"

ဟု မိန်းကလေးက မေးလိုက်ရာ မောင်သီဟက ယောင်၍ ပါးစပ်မှ လွှတ်ကနဲ. . .

www.burmeseclassic.com

www.burmeseclassic.com



"သရဲကြီးကပြောတာ၊ အဲ. . အဲ. . ယောင်လို့ ယောင်လို့ ဒေါက်တာကြီးက ပြောတာ"

ဟု ပြောလိုက်လေ၏။

"ရှင်ဟာလေ တော်တော်သရဲကြောက်တဲ့လူပဲ"

ဟု မိန်းကလေးက ပြောလိုက်လေ၏။

"ကြောက်တာတော့ မပြောနဲ့တော့ဗျို့၊ ခင်ဗျားဟာ တစ်ညလုံး ကျုပ်ကို ဒုက္ခပေးခဲ့တာပဲ"

ဟု မောင်သီဟက ညည်းညူလေ၏။

မိန်းကလေးလည်း မောင်သီဟနှင့် အချီအချပြောဆိုရင်းနှင့်ပင် အိပ်ပျော်၍သွားပြန်လေ၏။

မောင်သီဟလည်း စကားပြောဖော်မရှိတော့ဘဲ တစ်ကိုယ်တည်း ကြောက်လန့်စွာနှင့် နေရလေ၏။ တစ်နာရီခန့်အကြာတွင် မိန်းကလေး ပြန်၍နိုးပြန်လေ၏။

ထိုအခါ၌လည်း မောင်သီဟသည် ဆေးတစ်လုံးတိုက်ပြန်လေ၏။ တိုက်ရသောဆေးမှာလည်း အင်္ဂလိပ်ဆေးနှင့်မတူပေ။ စိမ်းရွှေရွှေ အနံ့ရ၍ ပျော့စိစိနိုင်လှ၏။ မိန်းကလေးသည် ဆေးသောက်ပြီးနောက် မှိန်း၍နေပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နာရီပြန်သုံးချက်တီးသောအခါ၌ အခန်းတွင်းမှ မကောင်းဆိုးရွားကြီး နိုးလာပြီးလျှင်. . .

"ရော့. . ဒီစာရွက်လာပြီးယူ"

ဟုဆိုကာ တံခါးကြားမှ စာရွက်တစ်ရွက် ထိုး၍ပေးလေ၏။ မောင်သီဟလည်း ကြောက်ကြောက်လန့်လန့်နှင့်ပင် စာရွက်ကို သွား၍ယူရလေ၏။

"မင်းမိန်းမ သတိရပြီမဟုတ်လား၊ ပွေ့ပြီးခေါ်သွားတော့၊ အဲဒီစာရွက်မှာပါတဲ့ဆေးတွေကို ပရဆေးဆိုင်မှာဝယ်ပြီးတိုက်၊ အစားအသောက်ကိုလည်း အဲဒီအတိုင်းကျွေး၊ ကဲ. . ခေါ်သွားပေတော့"

ဟု အသံနက်ကြီးဖြင့် ပြောလိုက်လေ၏။

မောင်သီဟလည်း မိန်းကလေးအားပွေ့၍ အောက်သို့ဆင်းခဲ့လေ၏။

"ရပါတယ်ရှင့်၊ ကျွန်မဟာ ကျွန်မ ဆင်းပြီးလျှောက်ပါ့မယ်"

ဟု မိန်းကလေးက ပြောလေ၏။

"မလုပ်နဲ့၊ မလုပ်နဲ့ သူပြောတဲ့အတိုင်း လုပ်မှ၊ ပြောတာမကြားဘူးလား၊ မင်းမိန်းမကို ပွေ့ပြီးခေါ်သွားတော့တဲ့"

ဟု မောင်သီဟက ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ၊ စိန်စိန်က ရှင့်မိန်းမမှ မဟုတ်ဘဲ"

ဟု မိန်းကလေးကပြောလိုက်ရာ မောင်သီဟက. . .

"ခင်ဗျား အတော်ခက်တာပဲ၊ အပေါ်က သရဲ. . အဲ. . အဲ. . ဒေါက်တာကြီးပြောတဲ့အတိုင်း ပြောရတာဗျာ"

ဟု ပြော၍ အောက်သို့ သုတ်သုတ်ဆင်းလေ၏။ အောက်သို့ ရောက်လျှင် အိမ်ပြင်သို့ထွက်၍ မိန်းကလေးအား မော်တော်ကားပေါ် သို့တင်ကာ စက်နှိုး၍ မောင်းထွက်သွားလေတော့၏။

မိန်းကလေးမှာလည်း ကောင်းစွာ မကျန်းမာသေးသည့် အလျောက် မောင်သီဟ၏ပခုံးကိုမှီ၍ မှိန်းကာ လိုက်ပါခဲ့လေတော့၏။

နံနက်လေးနာရီထိုးခါနီးတွင် ရန်ကုန်သို့ ရောက်ရှိလေ၏။ မိုးမှာ ရွာနေဆဲဖြစ်၏။

"ခင်ဗျားကို ဘယ်ကိုပို့ရမှာလဲ"

ဟု မောင်သီဟက မေးလိုက်လေ၏။

"ရေကျော်ကိုလေ"

ဟု မိန်းကလေးက ပြောလေ၏။

"ရေကျော်ကိုသိပါတယ်၊ ရေကျော် ဘယ်နားကိုလဲ"

ဟု မောင်သီဟက မေးလေ၏။

"ရှာရမှာရှင့်၊ ပြောင်းများသွားပြီလားမပြောတတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မိန်းကလေးက ပြောလိုက်လေ၏။

"ဟောဗျာ"

ဟု မောင်သီဟက လွှတ်ခနဲ ပြောလိုက်လေ၏။

"ဟုတ်တယ်၊ ကျွန်မသူငယ်ချင်း ဝင်နီဆိုတာရှိတယ်၊ သူက ကုလားနဲ့ အိမ်ထောင်ကျနေတာ၊ ပြောင်းမလိုလိုလည်း ပြောဖူးတယ်၊ လမ်းတော့ မပြောတတ်ဘူး။ သွားတော့သွား တတ်ပါတယ်"

ဟု မိန်းကလေးက ပြောလေ၏။

"ဟာ. . မိုးတွေကလည်းရွာနေ၊ မင်းဟာကလည်း မသေချာ နဲ့၊ ပြီးတော့လည်း ခင်ဗျားက ကလေးမွေးပြီးကာစ"

ဟု မောင်သီဟက ပြောလိုက်လေ၏။

"ကလေးပျက်တာပါရှင့်"

ဟု မိန်းကလေးက ပြောလိုက်လေ၏။

"ကလေးပျက်တာ၊ ကလေးပျက်တာ၊ ထားလိုက်ပါတော့ဗျာ၊ မနက်ကျမှပဲ သွားတာပေါ့၊ အခုတော့ ကျုပ်အိမ်ကိုလိုက်ခဲ့ ပေတော့"

ဟု မောင်သီဟကပြောလိုက်လျှင် မိန်းကလေးက. .

"ကောင်းတာပေါ့ရှင်၊ ကျွန်မက ပြောရမှာခက်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသဖြင့် မောင်သီဟလည်း ၎င်းနေထိုင်ရာ စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း) ဆီသို့ ဦးတည်၍ မောင်းနှင်သွားလေတော့၏။

**မှတ်ချက်။** ။ လောက၌ ဤသို့လျှင် မမျှော်လင့်ဘဲလျက် ကြောက်မက်ဖွယ်ရာများနှင့် ကြုံတွေ့ရတတ်ပေ၏။ အမှန်စင်စစ်အားဖြင့် မောင်သီဟတွေ့ခဲ့သော အိမ်ကြီးပေါ်မှ သရဲကြီးမဟုတ်ပေ။ စိတ်ကောင်း နှလုံးကောင်းရှိသော လူကြီးတစ်ဦးသာလျှင် ဖြစ်ပေသည်။ ထိုလူကြီးသည် မည်သို့သော လူကြီးဖြစ်သည်ကို ဤဝတ္ထု၏တစ်နေရာ၌ ရှင်းလင်းစွာ သိရပေအံ့။

**စာရေးသူ**

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မောင်ကောင်းစံ ကြားကဝင်ရှုပ်ခြင်း

တစ်နေ့သ၌ ရန်ကုန်မြို့နှင့် လွန်စွာမဝေးလှသော မြို့တစ်မြို့၏အစွန်ပိုင်းရှိ လွန်စွာကျယ်ပြန့်သော မရန်းခြံကြီးတစ်ခြံအတွင်း၌ အသက်နှစ်ဆယ်ကျော်အရွယ်ရှိ လူတစ်ဦးသည် မိမိကိုယ်ကို ဆွဲကြိုးချ၍ သတ်သေရန်အတွက် လွန်စွာခိုင်ခံ့သော ပိုက်ဆံကြိုးကြီးကို လက်ခုပ်တစ်ဖောင်သာသာခန့်အမြင့်တွင်ရှိသည့် သစ်ကိုင်းကြီးတစ်ကိုင်း၌ အခိုင်အခံ့ ချည်နှောင်လေ၏။

လည်ပင်းတွင်စွပ်ရန် ကြိုးကွင်းကိုလည်း ကောင်းစွာ ပြုလုပ်လေ၏။ အလုံးစုံပြင်ဆင်ပြီးသောအခါ၌ ထိုလူငယ်သည် ရှိုက်ကြီးတငင်ငိုကြွေး၏။ ငိုကြွေးရင်းနှင့်ပင် ကျေးဇူးရှင် အမိအဘ၊ ဆရာသမားတို့အားရည်မှတ်၍ မြေပြင်၌ ပြားပြားဝပ်ကာ ရှိခိုးဦးချလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၎င်း၏အိတ်အတွင်း၌ တရိုတသေသိမ်းထားသော ဓာတ်ပုံကိုထုတ်၍ နောက်ဆုံးကြည့်ရှုခြင်းအနေဖြင့် တစ်ဝကြီး ကြည့်ရှုလိုက်လေ၏။

ထိုသို့ကြည့်ရှုပြီးလျှင်. . .

"ရက်စက်လှချည်လား မမြနွယ်၊ မင်းက ကျုပ်ကို မေတ္တာမမျှနိုင်ဘူးဆိုတော့ ကျုပ်အဖို့ အသက်ရှင်နေလို့ကော ဘာထူးဦးမှာလဲ၊ အသက်ရှင်နေသမျှ ကာလပတ်လုံး ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ဆိုတဲ့ ချစ်သူနဲ့ ကွေကွင်းရတဲ့ ဒုက္ခဝေဒနာကြီးကို နာရီမလပ် ခံစားနေရတော့မှာလား၊ ဒီဝေဒနာဟာ ရင်မှာ တလှပ်လှပ်ခံစားရတဲ့ ဝေဒနာမို့ ကျုပ် မခံစားနိုင်တော့ဘူး၊ ကျုပ်လေ မမြနွယ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ အသက်နဲ့ သက်သေပြလိုက်မယ် မမြနွယ်ရေ"

ဟုဆိုကာ မျက်ရည်များ တသွင်သွင်စီးကျလာလေ၏။

ထို့နောက် ၎င်းလူငယ်သည် မရန်းခြံအတွင်း မှီတင်းနေထိုင်ကြကုန်သော တောစောင့်နတ်များကို မေတ္တာပို့သလေ၏။ ထိုသို့ မေတ္တာပို့သပြီးလျှင်. . .

"အို. . ကုသိုလ်အဖို့ကို အမျှရကြကုန်လော့၊ တောစောင့်



www.burmeseclassic.com

www.burmeseclassic.com



နတ်အပေါင်းတို့ ခင်ဗျား၊ ကျုပ် ကောလိပ်ကျောင်းသား မောင်လူဝသည် မကြာမီအချိန်တွင်း၌ပင် အစိမ်းသေ ဖြစ်ပေတော့အံ့၊ ထိုသို့ အစိမ်းသေဖြစ်သောအခါ၌ ကျွန်ုပ်အား အသင်တို့သည် သူစိမ်းပြင်ပြင်ဟု ယူဆ၍ ဤတော အတွင်းမှ မောင်းထုတ်ခြင်း မပြုကြပါကုန်လင့်၊ ကျွန်ုပ် အတွက် အရိပ်အာဝါသကောင်းသောသစ်ပင်ကို ဘုံဗိမာန် အဖြစ် ပေးကြပါလော့”

ဟု မသေမီကပင် သေပြီးနောက် အစိမ်းသရဲဘဝအတွက် နေထိုင်ရန် ဘုံဗိမာန်ကို ကြိုတင်၍ တောင်းခံလေ၏။

ထို့နောက် သစ်ပင်ပေါ်သို့ တွယ်တက်ပြီးလျှင် လည်ပင်း၌ ကြိုးကွင်းကိုစွပ်၏။ ပြီးလျှင် မျက်စိကိုမှိတ်၍ ဘုရားကို အာရုံပြု၏။ ထို့နောက် သစ်ပင်ထက်မှ ခုန်ချလိုက်လေတော့၏။

“ဟား. . ဟား. . ဟား. . ”

ကောလိပ်ကျောင်းသား မောင်လူဝ သစ်ပင်ပေါ်မှ ခုန်ချလိုက် ပြီးအချိန်၌ပင် မရမ်းတောကြီးတစ်ခုလုံး ပဲ့တင်ထပ်သွားလောက်သော လွန်စွာ အသံသြဇာနှင့်ပြည့်စုံသည့် ရယ်သံတစ်ခုသည် ထွက်ပေါ်လာ လေတော့၏။

ကောလိပ်ကျောင်းသား မောင်လူဝမှာလည်း ကြိုးတန်းလန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သစ်ပင်ထက်၌ လည်ပင်းအဆစ်ပြုတ်ကာ မျက်လုံးပြူး၍ လျှာထွက် သေရမည့်အစား မြေပြင်ပေါ်သို့ 'ဖုတ်' ခနဲ လေးဘက်ထောက်၍ ကျလေ၏။

ကောလိပ်ကျောင်းသား မောင်လူဝသည် သစ်ပင်ကိုမှီကာ ရယ်မောနေသော လူတစ်ယောက်အား အူကြောင်ကြောင်မျက်နှာဖြင့် ကြည့်ရှုငေးမောနေလေ၏။

ထိုသူသည် ခြေတစ်ဖက်ကို ဆင်းကာ ဒူးတစ်ဖက်ကို ထောင်လျက် မျက်နှာတွင် ဦးထုပ်စုတ်တစ်လုံးကိုတင်ကာ မရမ်းပင်ကြီး၏ ပင်စည်ကိုမှီလျက် စိတ်အေးလက်အေး အမူအရာဖြင့် ထိုင်နေလေ၏။

"ခင်ဗျား ဘယ်သူလဲ"

ဟု မောင်လူဝက မေးလိုက်လေ၏။ ထိုအခါ ထိုသူက. . .

"ကိုယ့်လူရဲ့အသက်ကို ကယ်လိုက်တဲ့ အသက်သခင် ကျေးဇူးရှင်ပေါ့။ ကိုယ့်လူကလည်း ဘယ်လောက်တောင် သေချင်နေသလဲ မသိဘူး။ သစ်ပင်ပေါ်တက်ပြီး သစ်ကိုင်းမှာ ချည်ထားတဲ့ကြိုးထုံးကို ဖြေထားတာတောင် မသိပါလား၊ လောကကြီးမှာ သေတာလည်း မဆန်းပါဘူး။ ဒါပေမဲ့ သေသင့်မှ သေရမယ် ကိုယ့်လူ၊ သေဖို့အကြောင်း ခိုင်ခိုင်လုံလုံ ရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ထိုသူက ပြောလိုက်လေ၏။

"ရှိတာပေါ့ဗျာ၊ အကြောင်းမခိုင်လုံဘဲနဲ့ ဘယ်သူက ကိုယ့်အသက်ကို လုပ်ကြံမှာတုံး၊ ကျုပ်ရဲ့ရင်ထဲကို ဝင်ကြည့်လို့ရရင် ဝင်ကြည့်စေချင်တယ်၊ ကျုပ်ဟာ အချစ်အတွက် ဘယ်လောက် ပူလောင်နေရတယ်ဆိုတာ ခင်ဗျားမသိလို့ ကျုပ်ကို ကယ်တာပါ၊ ကျုပ်လေ မမြနွယ်ကို သိပ်ချစ်တယ်၊ ကျုပ်ကို ချစ်ဖို့အကြောင်း၊ ကျုပ်ကို မေတ္တာပြန်ပြီးမျှဖို့ အကြောင်း အမျိုးမျိုးကြိုးစားခဲ့တယ်၊ ဒါပေမယ့် မရပါဘူး၊ နောက်ဆုံး ကျောင်းပိတ်လို့ အိပ်ပြန်ခါနီးတောင်မှ သူ့ကို ရထားဘူတာမှာ လိုက်တွေ့သေးတယ်၊ မမြနွယ်က မချစ်ဘူးဆိုရင် ကိုလူဝ သေရပါလိမ့်မယ်လို့ ပြောတော့ သူက ကောင်းသားပဲတဲ့၊ ပါးစပ်ထဲမှာ ငုံဖို့ ပိုက်ဆံတစ်မတ်လိုရင် ယူသွားဦးဆိုပြီး ကျုပ်လက်ထဲကို ဟောဒီ မတ်စေ့ကလေး ထည့်ပေးလိုက်သေးတယ်"

ဟုဆိုကာ မောင်လူဝသည် ပါးစောင်တွင် ငုံ၍ကပ်ထားသော မတ်စေ့ကလေးကိုထုတ်၍ ထိုသူအား ပြလေ၏။

"ကြည့်ပါခင်ဗျာ၊ ကြည့်ပါ၊ ကျုပ်ကို သေစေချင်လို့ ပေးလိုက်တဲ့ ငွေမတ်စေ့ကလေးပဲ၊ ကျုပ်သူ့ကို ဘယ်လောက်ချစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ သေပြလိုက်မှပဲ ကောင်းမယ်၊ ကျုပ်ရင်ထဲမှာ ပူလောင်လှပါတယ်ဗျာ၊ ကျုပ်ကို သနားရင် သေခွင့်ပေး ပါ”

ဟု မောင်လူဝက မတ်စေ့ကလေးကိုပြရင်း ‘တဟီးဟီး. . .’နှင့် ငိုလေ၏။

ထိုအခါ မောင်လူဝ၏အသက်ကို ကယ်ဆယ်လိုက်သည်ဆို သော ထိုလူလည်း မျက်နှာတွင်အုပ်ထားသော ဦးထုပ်အစုတ်ကို ဖယ်၍ မောင်လူဝ၏လက်ထဲမှ ငွေမတ်စေ့ကို ယူ၍ကြည့်လေ၏။

ပြီးလျှင် နှစ်လိုဖွယ်ရာ တစ်ချက်ပြုံးလိုက်လေ၏။

“ကောလိပ်ကျောင်းသား သိပ်ရှားတယ်၊ မသေပါနဲ့ဦး၊ ကိုယ့်လူလိုချင်တဲ့ မမြနွယ်ကို ရအောင် ကျုပ် စီမံပေးပါ့ မယ်၊ သတ်မသေပါဘူးလို့ပဲ ကျုပ်ကို ကတိပေးစမ်းပါ”

“တကယ်ပြောတာလား ခင်ဗျာ၊ မမြနွယ်ကို ရမယ်ဆိုရင် ကျုပ် ဘယ်သေချင်ပါ့မလဲ၊ အသက်တစ်ထောင်လောက် တောင် ရှည်ချင်ပါတယ်ဗျာ၊ ဒါနဲ့ မိတ်ဆွေက နာမည် ဘယ်လိုခေါ်ပါသလဲ”

ဟု ကောလိပ်ကျောင်းသား မောင်လူဝက မေးလေ၏။

“ကျုပ်နာမည် ကောင်းစံလို့ ခေါ်ပါတယ်၊ ခင်ဗျား ချစ်လှ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ဆိုတဲ့ မမြနွယ်ရဲ့နေရပ်လိပ်စာကို အပြည့်အစုံပေးပါ။ ဟောဒီက မရမ်းခြံထဲကို ရက်ပိုင်းအတွင်း ကျုပ်ရအောင် ခေါ်လာပေးပါ့မယ်၊ ကိုယ့်လူ မမြနွယ်ကို ရပါစေ့မယ်၊ ဒီအတွက်နဲ့တော့ မသေပါနဲ့ဦး၊ ပြီးတော့ ဒီအတွက်တစ်ခုတည်းနဲ့လည်း အသက်ရှင်မနေပါနဲ့”

ဟု ကောင်းစံဆိုသူက ပြောလိုက်လေ၏။

ထိုအခါ ကောလိပ်ကျောင်းသား မောင်လူဝက. . .

“အမှုတွေ ဘာတွေ ဖြစ်နေပါဦးမယ် ကိုကောင်းစံရယ်”

ဟု ထိတ်ထိတ်ပျာပျာနှင့် ပြောလိုက်လေ၏။

“ကိုယ့်လူ သေမှာကိုမကြောက်ဘဲ အမှုဖြစ်မှာကို ကြောက်နေသလား၊ အမှုမဖြစ်စေရပါဘူး၊ ဖြစ်ရင်လည်း ကိုယ့် လူ မဖြစ်နိုင်ဘူး၊ ကျုပ်ပဲ အားလုံးခံလိုက်ပါမယ်၊ ကဲ. . ကိုယ့်လူ ဘယ်ကစောင့်နေမလဲ”

ဟု ကောင်းစံက မေးလိုက်လေ၏။

“ဒီ မရမ်းတောကြီးဟာ ကျုပ်မိဘများပိုင်တဲ့ တောကြီးပါ၊ ကျုပ်တို့နေတာကတော့ ရန်ကုန်မှာနေပါတယ်၊ ဟော့ဟိုတောစပ်မှာတွေ့တဲ့ ရေကန်နားကအိမ်ကလေးဟာ ခြံစောင့်ကြီး ကိုဘလှရဲ့ အိမ်ကလေးပါ၊ ကျုပ် ကျောင်းပိတ်လို့



www.burmeseclassic.com

www.burmeseclassic.com



အပန်းဖြေလာတိုင်း အဲဒီအိမ်ကလေးမှာ နေပါတယ်၊ ကောလိပ်ကျောင်းသားမောင်လှူဝလို့ မေးရင်သိပါတယ်၊ ကျုပ်ရဲ့ခြံစောင့်ကြီးက ဒီကနေ့ မရှိဘူးလေ၊ သူ့မိန်းမက မြောင်းတကာမှာနေလေတော့ အဲဒီကို ခဏပြန်တယ်လေ၊ သူမရှိတုန်း ကြုံရတာဗျ”

ဟု မောင်လှူဝက ဆွဲဆွဲငင်ငင်ပြောလိုက်လေ၏။

ထိုအခါ မောင်ကောင်းစံက နေရာမှထပြီးလျှင် တင်ပါး၌ ကပ်နေသော သဲမှုန့်များကို ဦးထုပ်စုတ်ဖြင့်ခါယမ်းရင်း. . .

“စောင့်ပေတော့ မောင်လှူဝရေ၊ မမြန္မွယ်ကို ခေါ်လာခဲ့မယ်၊ လိပ်စာသာပေးလိုက်ပေတော့”

ဟု ပြောလေ၏။

“တကယ်ပြောတာလား ကိုကောင်းစံရယ်”

ဟု သနားဖွယ်ရာကောင်းသောမျက်နှာကလေးဖြင့် လှမ်း၍ မေးလိုက်ပြီးလျှင် မမြန္မွယ်နေထိုင်သော လိပ်စာကို ပြောပြလေ၏။ ထိုအခါ ကောင်းစံက. .

“ကျုပ်နာမည်က ကောင်းစံပါ၊ ကျုပ်ရဲ့ပါးစပ်ကို ကြည့်စမ်းပါဦး၊ ဖြီးဖြန်းပြောတတ်တဲ့ ပါးစပ်မျိုးမဟုတ်ဘူးဆို တာ ခင်ဗျား အကဲမခတ်တတ်ဘူးလား၊ ဒီလို အကဲမခတ်



www.burmeseclassic.com

www.burmeseclassic.com



တတ်လို့လည်း ကိုယ်ကြိုက်တဲ့မိန်းမကို မရရှာတာ ဖြစ်မှာပေါ့”

ဟု ပြောဆိုကာ ဦးထုပ်ကိုမြှောက်ကာ၍ ထွက်သွားလေတော့၏။

*****

ကောင်းစံသည် မမြနွယ်နေထိုင်ရာ မြေလတ်မြို့ကလေး တစ်မြို့ဆီသို့ ရောက်ရှိခဲ့လေ၏။ ပြီးလျှင် မမြနွယ်၏အိမ်ကို စုံစမ်းရလေ၏။ မမြနွယ်၏ဖခင်မှာ နယ်ပိုင်ဝန်ထောက်တစ်ဦးဖြစ်သည့်အားလျော်စွာ အိမ်၌ တပည့်တပန်း အစောင့်အကြပ်များလှလေ၏။

ခြံဝင်းလည်း ကျယ်၏။ အိမ်မှာလည်း လုံခြုံသော တိုက်အိမ်ဖြစ်၏။ ကောင်းစံသည် ထိုအိမ်နှင့် မလှမ်းမကမ်းတွင်ရှိသော ထမင်းဆိုင်၌ ထမင်းစားရင်း ထိုအိမ်၏အနေအထားကို အကဲခတ်ကြည့်ရှုလေ၏။ လူဝင်လူထွက်ကို မှတ်သားလေ၏။

ထိုသို့မှတ်သားရာတွင် ထိုအိမ်၏ အားနည်းသောအချက်ကို တွေ့ရှိလေ၏။ ထိုအချက်မှာ နံနက်ဆယ်နာရီထိုးခန့်အချိန်တွင်ဖြစ်၏။ နယ်ပိုင်ဝန်ထောက်ကြီးလည်း ရုံးသို့သွားပြီဖြစ်၏။

ဧည့်သည်များလည်း အိမ်သို့မလာသဲ — ရင်းနှင့်တွေ့လိုသော



www.burmeseclassic.com

www.burmeseclassic.com



ရုံးသို့သာသွားကြကုန်၏။ အိမ်တွင် ခိုင်းစေထားသော မာလီကုလားမှာလည်း ထိုအချိန်၌ အိမ်သို့ ခေတ္တပြန်၏။ ဝန်ထောက်ကတော်မှာလည်း ဘုရားခန်းသို့တက်ကာ ပရိတ်ရွတ်ခြင်းအမှုကိုပြုပြီးလျှင် မင်းကတော်တို့၏ဖဲဝိုင်းကိုသွားပြီဖြစ်၏။

ထမင်းချက် မအေးမှာလည်း ဈေးမှပင် ပြန်မလာသေးပေ။ ထိုအချိန်၌ လူဝင်လူထွက်များလှသော နယ်ပိုင်ဝန်ထောက်ကြီး၏အိမ်မှာ တိတ်ဆိတ်လျက်ရှိ၏။

၎င်းတို့၏သမီးချောကလေး မမြနွယ်မှာမူ အင်္ဂလိပ်မဂ္ဂဇင်းစာအုပ်များ ဖတ်၏။ သို့မဟုတ် စန္ဒရားတီး၏။ သို့မဟုတ်ပါက ခြံတွင်းရှိဒန်းပေါ်၌ထိုင်ကာ မိန်းကလေးများအတွက် သီးသန့်ထုတ်ဝေသော အင်္ဂလိပ်ဝတ္ထုစာအုပ်ကိုဖတ်ရင်း ဒန်းစီးနေတတ်လေ၏။

ကောင်းစံသည် ထိုအချက်ကို သိသည်နှင့်တစ်ပြိုင်နက် ဆယ်နာရီခန့်တွင် ခြံအတွင်းသို့ ဣန္ဒြေရစွာဝင်လာလေ၏။ မမြနွယ်က ဒန်းစီးနေရာမှ ထ၍လာပြီးလျှင်. . .

"ရှင် ဘယ်သူ့ကို တွေ့ချင်လို့တုံး"

"နယ်ပိုင်ကြီးကို တွေ့ချင်လို့ပါ"

"ဒယ်ဒီကိုတွေ့ချင်ရင် ရုံးကိုလိုက်သွားပါ၊ ဒက်ဒီ ရုံးသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ရုံးမှာမတွေ့ချင်လို့လာတာပါဗျာ၊ နယ်ပိုင်ကြီးကို မတွေ့ရင်လည်း ကိစ္စမရှိပါဘူး၊ ခင်ဗျားက နယ်ပိုင်ကြီးသမီး မဟုတ်လား၊ ကျုပ်ရဲ့ဦးလေးက နယ်ပိုင်ကြီးကို ကျေးဇူးဆပ်ဖို့ပေးလိုက်တဲ့ ပစ္စည်းကလေးပါ၊ ခင်ဗျားပဲ ယူထားလိုက်ပါ၊ နယ်ပိုင်ကြီးလာတော့သာ ပေါက်ခေါင်းက သူကြီးဦးဘကျော်က ပို့ခိုင်းတယ်လို့သာ ပြောလိုက်ပါ"

ဟု ပြောပြီးလျှင် ကောင်းစံသည် လက်ကိုင်ပဝါဖြင့် ထုပ်ထားသော အထုပ်ကလေးတစ်ထုပ်ကို လှမ်း၍ပေးလေ၏။

မမြနွယ်လည်း လက်ကိုလှမ်းလိုက်လေ၏။ ကောင်းစံက ထိုလက်ကို လှမ်းဆွဲပြီးလျှင် လက်ကိုင်ပဝါအဖြူထုပ်ကလေးဖြင့် မမြနွယ်၏ နှာခေါင်းနှင့်ပါးစပ်ကို ပိတ်လိုက်လေ၏။ မမြနွယ်သည် စက္ကန့်ပိုင်းအတွင်း ပျော့ခွေ၍ မေ့မြောသွားလေ၏။

ထိုအခါ ကောင်းစံသည် မမြနွယ်အား ပွေ့၍ ခြံဝတွင် ရပ်ထားသော မြင်းလှည်းပေါ်သို့တင်ကာ စောင်ခြုံလိုက်လေ၏။ ပြီးလျှင် မြင်းလှည်းကို ဣန္ဒြေရစွာ မောင်းထွက်သွားလေ၏။

ကောင်းစံသည် မြင်းလှည်းအား ဆေးရုံဘက်မှဖြတ်၍ မောင်းခဲ့လေ၏။ တွေ့မြင်ရသူအပေါင်းသည် လူမမာတင်၍လာသော မြင်းလှည်းဟုသာ ထင်မှတ်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အသင့်ငှားထားသောကားဖြင့် သယ်၏။ ပြီးလျှင် အသင့်ရှာထားသော အခြားကားတစ်စီးသို့ ပြောင်း၍ မောင်းနှင်ခဲ့လေ၏။

ကောင်းစံသည် ကားကိုမောင်း၍လာလေ၏။ ထိုအချိန်၌ မမြနွယ်သည် ပြန်လည်သတိရလာလေ၏။ မမြနွယ်က ရုန်းကန်၏။ သို့ရာတွင် ကြိုးများတုပ်နှောင်ထားခြင်းကြောင့် မရုန်းနိုင်ပေ။

မမြနွယ်က ဟစ်အော်ရန် ကြိုးစား၏။ သို့ရာတွင် ပါးစပ်ကို ပဝါဖြင့် စည်းထားသောကြောင့် မအော်နိုင်ဘဲရှိလေ၏။ ညပိုင်းသို့ ရောက်သောအခါ၌ မြင်းလှည်းတစ်စီးပေါ်သို့ တင်ပြန်လေ၏။

ပြီးလျှင် မြင်းလှည်းအား တောတန်းကလေးအတိုင်း မောင်းနှင်သွားလေ၏။ ညမှာ လမိုက်သောညဖြစ်၍ မည်သည့်နေရာသို့ ခေါ်သွားသည်ကို မမြနွယ် မသိနိုင်ပေ။ တောအုပ်တစ်ခုဆုံးသည့်အခါ၌ ပျဉ်ထောင်အိမ်သေးသေးတစ်လုံးကို တွေ့လေ၏။

ကောင်းစံသည် မြင်းလှည်းကိုရပ်ပြီးလျှင် မမြနွယ်ကို ပွေ့ချီကာ ပျဉ်ထောင်အိမ်ပေါ်သို့ တင်ပေး၏။ ပျဉ်ထောင်အိမ်ပေါ်မှ လူငယ်သည် ခြေမကိုင်မိ လက်မကိုင်မိ ပျာယီးပျာယာဖြင့်. . .

"ဩော်. . . မမြနွယ်ပါလာပြီပဲ"

ဟုဆိုကာ ပါးစပ်ကိုစည်းထားသောပဝါကို ဖြေပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ မမြနွယ်သည် ထိုလူငယ်ကို သေချာစွာကြည့်ပြီးလျှင်. .

"သြော်. . လက်စသတ်တော့ ကိုလူဝရယ်၊ ရှင့်အကြံကိုး"

ဟု မမြနွယ်က ပြောလိုက်လေ၏။

"သူ့အကြံမဟုတ်ဘူး မမြနွယ်။ ကျုပ်အကြံ။ သူက ခင်ဗျား ကိုမရလို့ ခင်ဗျားပေးတဲ့ ပိုက်ဆံမတ်စေ့ကလေးကို ပါးစပ် ထဲမှာငုံပြီး ဟောဒီပိုက်ဆံကြိုးကြီးနဲ့ ဟောဟိုက မရမ်းတော ထဲမှာ ဆွဲကြိုးချပြီးသေတာဗျ။ ကျုပ်က အနားမှာရှိလို့ အချိန်မီကယ်လိုက်ရတယ်၊ ဘာဖြစ်လို့သေကြောင်းကြံ တာလဲလို့မေးတော့ မမြနွယ်ကိုမရလို့ သေကြောင်းကြံ တာပါလို့ ကိုလူဝက ငိုပြီးပြောတယ်၊ သိပ်ပြီးသနားဖို့ ကောင်းတာပဲ၊ အဲဒါနဲ့ ကျုပ်က သူ့ဆီမှာ မမြနွယ်ရဲ့လိပ်စာ ကိုမေးပြီး ခိုးလာပေးရတာပါ၊ ကိုလူဝမှာ ခင်ဗျားကို ချစ် တာကလွဲပြီး ဘာမှအပြစ်မရှိပါဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အပြစ်ဟူသမျှ ကျုပ်မှာပဲ ရှိပါတယ်"

ဟု ကောင်းစံက ပြောလိုက်လေ၏။

ထိုအခါ မမြနွယ်သည် ရှိုက်ကြီးတငင် ငိုကြွေး၍. .

"ရှင်တို့ သိပ်မှားကြတာပဲ၊ ကျွန်မမှာ စေ့စပ်ကြောင်းလမ်း ပြီးတဲ့ချစ်သူရှိနေတယ်၊ သူဟာ ဆရာဝန်တစ်ယောက်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ချင်းလည်း မေတ္တာမျှပါတယ်၊ နှစ်ဖက်လူကြီးတွေကလည်း သဘောတူကြပါတယ်၊ ဒါကြောင့် ရှေ့အပတ်မှာ မင်္ဂလာဆောင်တော့မှာ၊ ကိုလူဝက ဒီနည်းနဲ့ ကျွန်မကို အပိုင်ကြံရင်လည်းပဲ ကျွန်မကို ချစ်ရာဘယ်ရောက်မလဲရှင်၊ လေးလေးနက်နက်စဉ်းစားကြည့်ပါ၊ ကိုလူဝအနေနဲ့ ကျွန်မကိုမရရင် ချစ်တဲ့လူနဲ့ကွေကွင်းရတဲ့ဒုက္ခတစ်ခုတည်း ခံစားရမှာပါ၊ ကျွန်မအနေနဲ့ ကိုလူဝကို ခုလိုနည်းနဲ့ ယူလိုက်ရမယ်ဆိုရင် ကျွန်မချစ်သူ ကိုမျိုးသန့်နဲ့လည်း ကျွန်မဟာကွဲရမယ်။ မချစ်မနှစ်သက်တဲ့ ကိုလူဝနဲ့လည်း တစ်သက်လုံးပေါင်းရမယ်ဆိုတော့ ချစ်တဲ့သူနဲ့ကွေကွင်းရတဲ့ဒုက္ခရော၊ မချစ်မနှစ်သက်တဲ့လူနဲ့ ပေါင်းဖက်ရတဲ့ဒုက္ခရော နှစ်မျိုးစလုံးကို ကျွန်မအနေနဲ့ ခံစားရတော့မှာပါ၊ အဲဒီတော့ ကိုလူဝ သေကြောင်းကြံလို့ မအောင်မြင်ခဲ့တဲ့ပိုက်ဆံကြိုးဟာ ကျွန်မအတွက် ဖြစ်သွားမှာပေါ့ရှင်၊ ကိုလူဝဟာ ကျွန်မကို တကယ်ချစ်တယ်၊ တကယ်မေတ္တာရှိတယ်ဆိုရင် ပြန်ပို့ပေးပါရှင်”

ဟု ရှည်လျားစွာ ပြောလိုက်လေတော့၏။

ထိုအခါ ကောလိပ်ကျောင်းသား မောင်လူဝလည်း မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးဖြင့်အုပ်၍ ရှိုက်ကြီးတငင်ငိုကြွေးကာ. . .

"မမြနွယ်ပြောတာ သိပ်ပြီးမှန်တယ် ကိုကောင်းစံ၊ ဒုက္ခတစ်ခုတည်းခံစားရတဲ့ ကျုပ်တောင် ရင်ထဲမှာ ဒီလောက်ပူလောင်ရင် ဒုက္ခနှစ်ခုခံစားရတဲ့ မမြနွယ်အတွက် ဘယ်လောက်သနားစရာကောင်းသလဲဗျာ၊ ပြန်ပို့လိုက်ပါ၊ သူချစ်တဲ့လူနဲ့ယူပါစေ"

ဟု ပြောလိုက်လေတော့၏။

"ကဲလေ. . ပြန်ပို့ဆိုလည်း ပို့ရတာပေါ့ ကိုလူဝရယ်"

ဟုဆိုကာ မမြနွယ်အား ခေါ်လေ၏။ မမြနွယ်လည်း. . .

"ကျေးဇူးကြီးပါတယ်ရှင်"

ဟုပြောဆိုကာ မောင်လူဝ၏ခြေထောက်ကို ဆံပင်ဖြင့်ပွတ် ၍ ကန်တော့ပြီး ကောင်းစံနှင့်လိုက်ခဲ့လေ၏။ ကောင်းစံသည် မမြနွယ် ကို မြင်းလှည်းပေါ်သို့တင်ကာ မရမ်းတောကြီးကိုဖြတ်၍ မောင်းနှင်ခဲ့လေ၏။

ကားဆီသို့ရောက်သောအခါ၌ မမြနွယ်အား ကားပေါ်သို့တက် စေပြီးလျှင် လာလမ်းအတိုင်း ပြန်၍မောင်းလေတော့၏။

နံနက် အရုဏ်တက်လောက်တွင် မမြနွယ်တို့၏အိမ်ရှေ့သို့ ဒုတ်ဒုတ်ထိရောက်ရှိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . မမြနွယ် ညကတွေ့ကြုံဖြစ်ပျက်ခဲ့တာတွေအားလုံး
ကို အိပ်မက်လို့သဘောထားပြီး မေ့ပစ်လိုက်ပါဗျာ"

ဟုဆိုကာ မမြနွယ်အား ကားပေါ်မှဆင်းစေပြီးလျှင် ကားကို တအားမောင်းနှင်ထွက်သွားလေတော့၏။

မမြနွယ်၏မိဘများလည်း ကားရပ်သံကိုကြားလျှင် မီးများကို ဖွင့်၍ ခြံဝဆီသို့ ပြေးထွက်လာကြ၏။ မမြနွယ်ကိုတွေ့လျှင်. .

"သမီးပြန်လာပြီ၊ သမီးပြန်လာပြီ"

ဟု အားရဝမ်းသာ အော်ဟစ်ကြလေ၏။ ထို့နောက် ဂါတ်သို့ တယ်လီဖုန်းဆက်၍ မမြနွယ် ပြန်ရောက်ပြီဖြစ်ကြောင်း အကြောင်းကြား လေ၏။

မမြနွယ်အတွက် စိတ်ပူကြကုန်သော မိတ်ဆွေသင်္ဂဟအပေါင်း ၏အိမ်ကိုလည်း အကြောင်းကြားလေ၏။ များမကြာမီ၌ပင် ဂါတ်မှ ပုလိပ်အရာရှိများ ရောက်ရှိလာကြ၏။ ၎င်းတို့နှင့် မရှေးမနှောင်း၌ပင် မိတ်ဆွေသင်္ဂဟများ ရောက်ရှိလာကြလေ၏။

ဂါတ်မှ ပုလိပ်အရာရှိများအနက် မမြနွယ် ပျောက်ဆုံးမှုကို တာဝန်ယူဆောင်ရွက်ရသော ရာဇဝတ်အုပ်ကြီးက မမြနွယ်အား. .

"ဒီမှာ မမြနွယ်ရဲ့အဖြစ်အပျက်အသေးစိတ်ကို အန်ကယ့်
ကို ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသဖြင့် မမြနွယ်လည်း ကောင်းစံက ၎င်းအား ဖမ်းဆီးသွားပုံအသေးစိတ်ကို ပြောပြလေ၏။ ရာဇဝတ်အုပ်ကြီးသည် ပြောသမျှကို လိုက်လံရေးမှတ်လေ၏။

ထို့နောက် ဆက်လက်၍ မေးခွန်းထုတ်ပြန်၏။

"ဘယ်နေရာအထိခေါ်သွားတယ်ဆိုတာတော့ မပြောနိုင်ဘူးလား"

"မျက်စိကိုစည်းပြီးခေါ်သွားတာဆိုတော့ ကျွန်မ မပြောနိုင်ပါဘူး"

ဟု မမြနွယ်က ဖြေလေ၏။

"ဟိုရောက်တော့ တခြားတစ်ယောက်တွေ့သေးတယ်ဆို၊ အဲဒီလူကိုကော မိန်းကလေးသိပါသလား"

ဟု ရာဇဝတ်အုပ်ကြီးက ဆက်၍မေးပြန်လေ၏။

မမြနွယ်သည် ၎င်းအား အပိုင်မကြံဘဲ ချမ်းသာခွင့်ပေးလိုက်သော မောင်လူဝ၏မျက်နှာကို 'ကွက်' ခနဲ ပြေး၍မြင်ယောင်လိုက်မိလေ၏။

ထို့ကြောင့် မောင်လူဝ အပြစ်ရောက်မည်စိုးသဖြင့်. . .

"ကျွန်မ မသိပါဘူး"

ဟု လိမ်ညာလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူကို အရင်က တစ်ခါမှမတွေ့ဖူးဘူးလား"

ဟု ရာဇဝတ်အုပ်ကြီးက မေးပြန်လေ၏။

မမြနွယ်ကလည်း. . .

"တစ်ခါမှ မတွေ့ဖူးပါဘူးရှင်"

ဟု ဘူးကွယ်လိုက်လေ၏။

ထို့ကြောင့် ထိုအမှုသည် 'စုံစမ်းဆဲ' ဟူသော ဖိုင်အတွင်းသို့ အလိုလိုရောက်ရှိသွားလေတော့၏။

ထိုနေ့တစ်နေ့လုံး မမြနွယ်သည် ၎င်း၏ချစ်သူ ဒေါက်တာမျိုးသန့်အား အခါလေးဆယ်ထက်မနည်း တယ်လီဖုန်းဆက်လေ၏။ သို့ရာတွင် မည်သည့်အဆက်အသွယ်ကိုမျှမရသဖြင့် ၎င်း၏မိခင်ကိုယ်တိုင် လိုက်၍သွားရာ ဒေါက်တာမျိုးသန့်သာလျှင်မက ၎င်းတို့၏ တစ်အိမ်သားလုံးသည် တံခါးပိတ်၍ မန္တလေးသို့ မော်တော်ကားဖြင့် ဘုရားဖူးထွက်သွားကြောင်း ခြံစောင့်ကြီးက ပြောလေ၏။

ပြီးလျှင် မမြနွယ်တို့အိမ်မှ လာ၍မေးပါက မမြနွယ်အားပေးရန် စာတစ်စောင်ထားခဲ့ကြောင်းကိုပြောဆိုပြီးလျှင် မမြနွယ်၏မိခင်အား စာကိုပေးလိုက်လေ၏။

မမြနွယ်၏မိခင်လည်း အိမ်သို့ပြန်လာပြီးလျှင် ထိုစာအား မမြနွယ်၏လက်သို့ အပ်လေ၏။ မမြနွယ်လည်း စာကို ကပျာကယာ

www.burmeseclassic.com

www.burmeseclassic.com



ဖောက်၍ဖတ်ရှုရာ အောက်ပါအတိုင်း တွေ့ရလေ၏။

*ဒီမှာ မမြနွယ်*

*မမြနွယ် ပျောက်သွားတယ်ဆိုတာကို ကိုမျိုးသိပါတယ်။ မမြနွယ် ပြန်ရောက်လာတဲ့သတင်းကိုလည်း ဂါတ်ကတစ်ဆင့် သိရပါတယ်။ မမြနွယ်ကို လူဆိုးတွေဖမ်းသွားတယ်၊ ပြီးတော့မှ ပြန်လွှတ်လိုက်တယ်ဆိုတာလည်း သိရပါတယ်။ ဖမ်းသွားတဲ့ လူဆိုးတွေထဲက တစ်ယောက်ဟာ မမြနွယ်က မသိပေမယ့် မမြနွယ်ကို တစ်ဖက်သတ်ချစ်နေတဲ့သူဖြစ်တယ်ဆိုတာလည်း ရာဇအုပ်ကြီးပြောပြလို့ သိရပါတယ်။ မမြနွယ် မှဲ့တစ်ပေါက် မစွန်းဘဲ အိမ်ကိုပြန်ရောက်လာတယ်ဆိုတာလည်း ကိုမျိုး ယုံကြည်ပါတယ်၊ ဒီကိစ္စဟာ ကိုမျိုးတစ်ယောက်တည်း ယုံကြည် နေရုံနဲ့ ပြီးတဲ့ကိစ္စမဟုတ်ဘူး။ ပတ်ဝန်းကျင်က ယုံကြည်ဖို့ လိုတယ်၊ ပတ်ဝန်းကျင်ဟာ ယုံကြည်မှာ မဟုတ်ဘူး။ ဒါကြောင့် ကိုမျိုးအနေနဲ့ ဂုဏ်ကို အထိခိုက်မခံနိုင်ဘူး၊ အဲဒီတော့ လက်ထပ်ခြင်းကို ဖျက်သိမ်းလိုက်ပါတယ်။*

*ကိုမျိုး*

*(ဒေါက်တာမျိုးသန့်)*



www.burmeseclassic.com

www.burmeseclassic.com



မမြနွယ်သည် စာကိုဖတ်ပြီးနောက် အံကိုကြိတ်လိုက်လေ၏။ ပြီးလျှင် အနီးရှိစားပွဲခုံအား 'ဒုန်း' ခနဲ လက်သီးဖြင့်ထုချလိုက်ကာ. .

"ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေဘူးနော်"

ဟု အော်ဟစ်ကြုံးဝါးလိုက်သူကား ၎င်း၏ချစ်သူ ကိုမျိုးကို မဟုတ်ချေ။ ၎င်းအား ဘာမဆိုင်ညာမဆိုင် စွန့်စွန့်စားစားခိုးယူ၍ ကောလိပ်ကျောင်းသား မောင်လူဝထံသို့ ပို့ပေးခဲ့သော ကောင်းစံ ဆို သည့် လူစွန့်စားတစ်ဦးသာလျှင် ဖြစ်ပေတော့သတည်း။

*****



www.burmeseclassic.com

www.burmeseclassic.com



# သန်းခေါင်ယံလူဖမ်းပွဲ

သန်လျင်မြို့နှင့်လွန်စွာမဝေးလှသောနေရာတွင် 'ကျောက်တန်း' ဟူသော မြို့ကလေးတစ်မြို့ရှိလေ၏။ ထိုကျောက်တန်းမြို့၏ အစွန်ပိုင်းလောက်တွင် ရေကန်ကြီးတစ်ကန် ရှိလေ၏။ ထိုရေကန်ကြီး၏ အနီး၌ကား လွန်စွာနာမည်ကြီးလှသော ဦးစူဝံဆိုသည့် ဆေးဆရာကြီးတစ်ဦး ရှိလေ၏။ ထိုဆေးဆရာကြီး၌လည်း မမြသွေးဟူသည့် သမီးပျိုတစ်ဦး ရှိလေ၏။

ဆရာကြီးဦးစူဝံသည် ငယ်စဉ်အခါက ဆရာကောင်းများထံ၌ တပည့်ခံ၍ ဆေးပညာနှင့်ပတ်သက်သမျှကို လေ့လာဆည်းပူးခဲ့ရုံမျှမက အိန္ဒိယပြည်၊ နီပေါပြည်သို့တိုင်အောင် သွားရောက်၍ ပညာသင်ယူခဲ့ပြီးလျှင် မြန်မာပြည်သို့ ပြန်ရောက်သောကာလ၌ ဆေးကုသခြင်း

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဖြင့် အသက်မွေးခဲ့လေ၏။ မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်၍လည်း ဆေးကုသခဲ့လေ၏။ အသက်အရွယ်ကြီးရင့်သောအခါ၌ ဇာတိဖြစ်သည့် ကျောက်တန်းမြို့၌ လွန်စွာကြီးမားသော ခြံကြီးတစ်ခြံ ဝယ်ယူကာ နာတာရှည်လူနာများအား အိမ်၌ လက်ခံ၍ ကုသနေလေတော့၏။

ဆရာကြီးဦးစူဝံသည် လူနာများထံ၌ ဆေးကုခဟူ၍လည်း ငွေကြေးကို တောင်းခံခြင်းမပြု ထမင်းစရိတ်ဟူလည်း တောင်းခံခြင်း မပြုဘဲ လူနာများအား အိမ်၌တင်ထားပြီးလျှင် ထမင်းပါကျွေးမွေး၍ ဆေးကုသပေးလေ၏။

ဆရာကြီး၏အိမ်နောက်ဘက်၌ လူနာများအတွက် သီးသန့်အဆောင်ကြီး ဆောက်လုပ်ထားလေ၏။ လူနာဆောင်နှင့်အိမ်မကြီးကြား၌လူနာများ အညောင်းပြေလမ်းလျှောက်နိုင်ရန်အတွက် လမ်းကလေးများ၊ ထိုင်ခုံကလေးများနှင့် ပန်းခြံကလေးတစ်ခြံလည်း ပြုလုပ်ပေးထားလေ၏။

ကူးစက်တတ်သောရောဂါသည်များကိုမူ သီးသန့်အိမ်ကလေးများ ဆောက်လုပ်၍ထားလေ၏။

ထိုသို့ စနစ်တကျပြုလုပ်ထားသောကြောင့် အနီးအပါးမှ လူများက ဆရာကြီးစူဝံ၏အိမ်ကို 'ဦးစူဝံဆေးရုံ' ဟု ခေါ်ဝေါ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစူဝံကမူ သူ၏အိမ်၌ 'စူဝံအာရောဂျံဂေဟာ' ဟူသော ဆိုင်းဘုတ်ကို တပ်၍ထားလေ၏။

မရှိဆင်းရဲသားများလည်း ဦးစူဝံထံသို့လာရောက်၍ ဆေးကုသခံ၏။ ငွေကြေးတတ်နိုင်သူများလည်း ရောက်လာ၏။ တချို့လည်း အလည်သက်သက်သဘောဖြင့် ဦးစူဝံ၏ 'အာရောဂျံဂေဟာ' သို့ လာရောက်ကြ၏။ ဆရာကြီးဦးစူဝံသည် အိမ်ရှေ့ခြံဝ၌ အလှူခံပုံးတစ်ပုံးကို ထားလေ၏။ စေတနာရှိလျှင် ထည့်သွားနိုင်၏။ ဆရာကြီး ဦးစူဝံကမူ အလှူခံပုံးကိုပိုက်ဆံထည့်ရန်အတွက် မည်သည့်အခါမျှ တိုက်တွန်းခြင်းမပြုခဲ့ပေ။ အချို့သောလူနာများသည် နှစ်ချို့အောင်နေ၍ ဆေးကုသခံကြ၏။ ဆေးဆရာကြီးသည် ထိုလူနာများအား ထမင်းဟင်းပြည့်စုံစွာကျွေး၍ ကုသပေးရုံမျှမက ရောဂါပျောက်ကင်း၍ ပြန်သောအခါ၌လည်း မပြည့်စုံသူများအား အဝတ်အထည်များပေးခြင်း၊ ခရီးစရိတ်ထောက်ခြင်းများပင်ရှိလေ၏။ ထို့ပြင် ရောဂါပျောက်၍ ပြန်သွားသော လူနာများက. .

"ဆရာကြီးရဲ့ကျေးဇူးကို ဒီတစ်သက်မမေ့ပါဘူးခင်ဗျာ"

ဟု ပြောဆိုပါက ဆရာကြီးသည် အောက်ပါအတိုင်း ပြန်၍ ပြောတတ်လေ၏။

"ကျုပ်ကို ကျေးဇူးဆပ်ချင်ရင် တခြားနည်းနဲ့မဆပ်ပါနဲ့ဗျား

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားလို ရောဂါခံစားနေရတဲ့ လူနာမျိုးကိုတွေ့ရင် ကျုပ်ဆီကိုလမ်းညွှန်ပေးပါ၊ အဲဒါဟာ ကျေးဇူးဆပ်တာပါပဲ”

ဆရာကြီး၏ ဆေးစွမ်းထက်သည်ကလည်း တစ်ကြောင်း ကြောင့် ဆရာကြီးထံသို့ ရောက်လာကြကုန်သော လူနာများသည် ပိုးစိုးပက်စက်ဖြစ်သည်ဟူ၍ မကြားရပေ။ ရောဂါပျောက်ကင်း၍ ပြန်သွားရသူများသာလျှင်ရှိပေ၏။

ဆရာကြီး၏အိမ်၌ နေ့စဉ်လိုလို ဆန်တစ်တင်းခန့် ချက်ပြုတ်ရ၏။ ထမင်း၊ ဟင်း ချက်ပြုတ်သောတာဝန်မှအစ ထင်းခွဲ၊ ရေခပ်စသော အလုပ်ကြမ်းများကို ပြုလုပ်ပေးရသည့် ရမ်းဘိုဆိုသည့် လူငယ်တစ်ယောက်လည်း ရှိလေ၏။ ရမ်းဘိုသည် နံနက်အရုဏ်တက်သည်နှင့် တစ်ပြိုင်နက် သုံးရေ၊ သောက်ရေများခပ်၏။ ထို့နောက် ခြံဝိုင်းကြီးတစ်ခုလုံးရှိ အမှိုက်သရိုက်များကို သိမ်းဆည်း၏။ တံမြက်လှည်း၏။ အမှိုက်များ၊ သစ်ရွက်ခြောက်များကို တွင်း၌ထည့်၍ မီးရှို့၏။ ထိုသို့ ပြုလုပ်နေစဉ်၌ပင် ညကပြုတ်ထားသော ဆန်ပြုတ်လည်း နူးပြီဖြစ်၍ လူနာများ၏အဆောင်သို့ ဆန်ပြုတ်များလိုက်၍ပို့၏။ ဆရာကြီးအတွက် ရေနွေးအိုးတည်၏။ ဆရာကြီးမှာ ထိုအချိန်လောက်တွင် မျက်နှာသစ်ပြီး တပိုးတပါးသွားပြီးဖြစ်ရုံမျှမက ဘုရားဆောင်၌ ဘုရားရှိခိုးခြင်း ပြုပြီးသည့်အပြင် ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးဖြစ်ရာ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ဖတ်မြဲဖြစ်သော အရှင်အရဟံ ဂါထာကိုပင် (၂၇) ခေါက်ပြည့်အောင် ရွတ်ဆိုနေပြီဖြစ်၏။

ဆရာကြီးသည် အလုံးစုံရွတ်ဆိုပြီးသောအခါ၌ မေတ္တာပို့၏။ အထူးသဖြင့် ၎င်း၏လူနာများကို မေတ္တာပို့သ၏။ ၎င်း၏ အစေအပါးကြီး ရမ်းဘိုသည် ဆရာကြီး၏ မေတ္တာပို့သသောလုပ်ငန်းကြီး ပြီးဆုံးသည့်အခါ၌ ဆရာကြီးသောက်ရန်အတွက် ရေနွေးကြမ်းနှင့် ဆန်ပြုတ်ကို ပြင်ဆင်ပေးလေ၏။ ဆရာကြီးလည်း ရမ်းဘိုလာ၍ပေးသော ဆန်ပြုတ်ကို သောက်နေပြီဖြစ်၏။ ထိုအချိန်၌ ဆရာကြီး၏သမီးချော မမြသွေးသည် ရေမိုးချိုးပြီး သနပ်ခါးရေကျဲကလေးလူးကာ ဘုရားရှိခိုးပြီးဖြစ်ရုံမျှမက လူနာဆောင်များသို့သွားရောက်ကာ လူနာများအား ဆေးတိုက်ခြင်း၊ မထနိုင်သော လူနာများအား ဖေးမ၍ ထူပေးကာ ဆန်ပြုတ်တိုက်ခြင်း၊ ဆေးလူးရမည့်လူနာများအား ဆေးလူးပေးခြင်း စသော လုပ်ငန်းများ လုပ်နေပြီဖြစ်၏။

ရမ်းဘိုကြီးမှာ အမိုးမပါသော သူ၏မြင်းလှည်းကြီး၌ လောရှည်ဟုအမည်ပေးထားသည့် လွန်စွာခါးရှည်သော သူ၏မြင်းကြီးကို တပ်ဆင်ကာ ဈေးဝယ်ရန်အတွက် ဈေးသို့ထွက်ခဲ့ပြီဖြစ်၏။ မြင်းလှည်း၌လည်း 'ဓူဝံအာရောဂျံဂေဟာ' ဟူသည့် စာကိုရေးထားလေ၏။

ရမ်းဘိုကြီးသည် ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ငါး စသော

www.burmeseclassic.com

www.burmeseclassic.com



အရာများကို ဝယ်၏။ ဈေးသူဈေးသားများလည်း 'ဦးခုဝံ ဆေးရုံလှည်း ကြီးလာပြီ' ဟုဆိုကာ ရောင်းသူကလည်း ရောင်း၏။ တချို့ကလည်း လှူ၏။ လှူသောသူများက လှည်းပေါ်သို့ ကိုယ်တိုင်သွား၍ တင်ပေး ကြ၏။ ဈေးဝယ်သူများကလည်း စေတနာအလျောက် လှူဖွယ်ပစ္စည်း များကိုဝယ်ယူ၍ မြင်းလှည်းပေါ်သို့ တင်ပေးကြလေ၏။

ရမ်းဘိုကြီးသည် ဈေးမှပြန်ရောက်လာသောအခါ၌ သိမ်းဆည်း သင့်သောပစ္စည်းများကို သိမ်းဆည်း၍ ချက်ပြုတ်သင့်သောအရာများ ကို ချက်ပြုတ်လေတော့၏။ ဤသည်တို့မှာ ဆရာကြီးဦးခုဝံ၏ အာရောဂျ ဂေဟာတွင် နေ့စဉ်ပြုလုပ်နေကျအလုပ်များ ဖြစ်ပေ၏။

ဤသို့လျှင် ဆရာကြီးဦးခုဝံသည် နှစ်ပေါင်းအတော်ကြာ နေထိုင်လာခဲ့ရာ တစ်ညသ၌ ဆရာကြီး၏အိမ်ရှေ့သို့ မြင်းလှည်းတစ်စီး ဆိုက်ရောက်လာပြီးလျှင် မြင်းလှည်းပေါ်မှ လူနှစ်ယောက် ဆင်း၍ လာလေ၏။ ထိုလူနှစ်ယောက်မှာ မျက်စိတစ်ဖက်လပ်သူများဖြစ်၏။ မျက်စိများကို သားရေပြားအနက်နှင့်အုပ်၍ ကြိုးဖြင့် သိုင်းစည်းထား လေ၏။

သူတို့နှစ်ဦးသည် ဆရာကြီး၏အိမ်ပေါ်သို့တက်၍လာပြီးလျှင် . .

"ဆရာကြီး ခင်ဗျာ၊ ကျွန်တော်တို့မှာ လူနာတစ်ယောက် ပါလာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ဆရာကြီးလည်း. . .

"အိမ်ပေါ်ကိုတင်ခဲ့ပါ"

ဟု ပြောလေ၏။ မျက်စိတစ်ဖက်လပ်နှစ်ဦးသည် လူတစ်ဦးအား နှစ်ယောက် မ,၍ ဆရာကြီး၏အိမ်ပေါ်သို့ တင်ပေးလေ၏။ ဆရာကြီးသည် ထိုလူနာကို အောက်လင်းမီးကြီးဖြင့် သေချာစွာကြည့်လေ၏။ လူနာမှာ မျက်လုံး၊ ပါးစပ်မှအစပြု၍ တစ်ကိုယ်လုံးကို ပတ်တီးစည်း၍ထားသည်ကို တွေ့ရသည့်အပြင် ၎င်းလူနာ၌ လွယ်အိတ်ကလေးတစ်လုံးကိုပါ လွယ်ထားသည်ကို တွေ့ရလေ၏။

"ဘာရောဂါများလည်း ကွယ်တို့ရယ်"

ဟု ဆရာကြီးက ပြောလိုက်လေ၏။

"ကိုယ်ရေပြားရောဂါပါ၊ လေထိခံလို့ မရဘူး၊ လေထိတာနဲ့ နာလွန်းလို့ အောင်နေရရှာတယ်၊ ကျုပ်တို့က ခရီးသည်တွေပါ၊ လမ်းကြုံတာနဲ့ ဝင်ပြီးပို့တာပါ၊ ကဲ. . ဆရာကြီး သွားမယ်"

ဟု မျက်စိတစ်ဖက်လပ်များက ပြောလေ၏။

ထိုအခါ ဆရာကြီးက. . .

"ကူညီလက်စနဲ့ ကူညီကြပါဦး၊ ဒီလူနာကို ဟောဟိုနောက်



www.burmeseclassic.com

www.burmeseclassic.com



က အစွန်ဆုံးအိမ်ကလေးဆီကို သွားပြီးပို့ပေးထားကြပါ၊ မဟုတ်ရင်တော့ မခိုင်းပါဘူး၊ ကျုပ်တပည့် ရမ်းဘိုဆိုတဲ့ ကောင်ကြီးကို သုံးခွကို ခိုင်းလိုက်လို့ပါ၊ သူရှိရင်တော့ သူတစ်ယောက်တည်း ပွေ့သွားနိုင်ပါတယ်”

ဟုပြောလျှင် မျက်စိတစ်ဖက်လပ်များလည်း ကျပ်စည်းထားသော ကုဋ္ဌနူနာရောဂါသည်ကြီးအား နှစ်ယောက်သား မ,၍ နောက်ဖေးဘက်ရှိ သီးသန့်အိမ်ကလေးဆီသို့ ပို့ပေးလေတော့၏။

ထို့နောက် မျက်စိတစ်ဖက်လပ်များသည် ဆရာကြီးအား နှုတ်ဆက်၍ ထွက်သွားကြလေတော့၏။ ထိုနေ့ည (၉) နာရီလောက်တွင် ရမ်းဘိုကြီးသည် အသံဝါကြီးဖြင့် သီချင်းတကြော်ကြော်အော်၍ ရောက်ရှိလာလေ၏။

ထိုအခါ ဆရာကြီးက. . .

“ဟေ့. . . ရမ်းဘိုကြီး၊ ငါမှာတဲ့ပစ္စည်းတွေရခဲ့ရဲ့လား”

ဟု မေးလေ၏။

“ဆရာကြီးမှာတဲ့ မြွေဟောက်ဆိုတာတော့ မရခဲ့ဘူး၊ သူတို့ကို မှာခဲ့တယ်။ ရတာနဲ့ လာပြီးပို့ပေးပါ့မယ်တဲ့၊ ဒေါင်းမြီးတွေတော့ ရခဲ့တယ်၊ နောက်ကိုလည်း လိုသလောက် ရနိုင်ပါတယ်လို့ ပြောပါတယ် ဆရာကြီး၊ ပြီးတော့လည်း ခနသိဒ္ဓိ

www.burmeseclassic.com

www.burmeseclassic.com



ဆန်စက်က ဆန်တွေလည်း ပေးလိုက်သေးတယ်”

ဟု ရမ်းဘိုကြီးက ပြောလေ၏။

“ဒါနဲ့ နေပါဦး၊ ထမင်းစားပြီးခဲ့ပြီလား”

ဟု ဆရာကြီးက ပြောလေ၏။

“မစားခဲ့ပါဘူး ဆရာကြီး၊ ဆန်တွေကို ပုံးတွေထဲထည့်ပြီးမှ ထမင်းစားမလားလို့ပါ”

ဟု ရမ်းဘိုကြီးက ပြောလေ၏။

“အေး. . ထမင်းစားပြီးရင် ဟောဟို အစွန်ဆုံး အဆောင်ကလေးမှာ အရေပြားရောဂါသည်တစ်ယောက် ရောက်နေလေရဲ့၊ သူ့ရောဂါက လေထိခံလို့ မရဘူးဆိုပဲ၊ အဲဒါကို အခန်းတံခါး လုံအောင်ပိတ်ပြီး သူ့ကိုယ်ကပတ်တီးတွေကို ဖြေပေးတော့ဟေ့”

ဟု ဆရာကြီးက ပြောလေ၏။

“ဒီလိုဆိုလည်း ဆန်ထည့်ပြီးတာနဲ့ လူနာဆီကိုသွားလိုက်မယ် ဆရာကြီး၊ ပြီးမှ ထမင်းစားတာပေါ့”

ဟု ရမ်းဘိုကြီးက ပြောလေ၏။

“ရပါတယ်ကွာ၊ ထမင်းစားပြီးမှ ပတ်တီးဖြေပါ၊ ငါတပည့်ကြီး ဆာရောပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆရာကြီးက ပြောလေ၏။ သို့ရာတွင် ရမ်းဘိုကြီးသည် ဆန်များကို ပုံးအတွင်းသို့ထည့်ပြီးနောက် ထမင်းစားခြင်းမပြုဘဲ လူနာအား ပတ်တီးများဖြေပေးရန်အတွက် လူနာထားရာ သီးသန့်အဆောင်ကလေးဆီသို့ ရေနံဆီမီးခွက်ကြီးထွန်းကာ ထွက်ခဲ့လေ၏။

လူနာထားရာ သီးသန့်အိမ်ကလေးသို့ရောက်လျှင် အိမ်ပေါ်သို့တက်၍ ပြတင်းပေါက်တံခါးများကို ပိတ်၏။ ထိုသို့ပိတ်ပြီးလျှင် ရမ်းဘိုကြီးသည် လူနာ၏ပတ်တီးအား ခြေထောက်မှစ၍ ဖြေလေ၏။ ပတ်တီးဖြေရင်းနှင့်လည်း လူနာအား နှစ်သိမ့်စကားပြောလေ၏။

"ဘာမှမကြောက်ပါနဲ့ မိတ်ဆွေရယ်၊ ကုဋ္ဌနူနာက တစ်ဆယ့်ရှစ်မျိုးတောင်ရှိတာ၊ ခင်ဗျားမှာရှိတဲ့ရောဂါဟာ အဲဒီတစ်ဆယ့်ရှစ်မျိုးထဲက တစ်မျိုးပဲဖြစ်ရမယ်၊ အဲဒီထက်ပို ပြီး မဖြစ်နိုင်ပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ဒီရောက်ရင် ပျောက်သွားမှာပါ၊ စိတ်ချပါဗျာ၊ ကျုပ်တို့ဆရာကြီး ဦးစုဝံက ခင်ဗျားရောဂါကို ပျောက်အောင်ကုပေးမှာပါ၊ ကျုပ်တို့ဆရာကြီးက သိပ်တော်တာဗျ"

ဟု ဆိုကာ ရမ်းဘိုကြီးသည် လူနာ၏ပတ်တီးများကို တဖြည်းဖြည်းခွာလေ၏။ အချို့သောနေရာများ၌ ပြည်စေး သွေးစေးများဖြင့် ကပ်နေသောကြောင့် လူနာသည် စုပ်တသပ်သပ် ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းကလေးအောင့်ပြီး သည်းခံပါ မိတ်ဆွေ၊ ပတ်တီးတွေအားလုံး ဖြေပြီးရင် တမာရွက်ပြုတ်ရည်ကလေးနဲ့ ကျုပ်က ဖန်ရည်ဆေးပေးဦးမှာပါ၊ ပြီးတော့ ကျုပ်ဆရာကြီးဖော်ထားတဲ့ ဆေးကလေးလူးပြီး ပတ်တီးအသစ်စည်းပေးမှာပါ"

ဟု ရမ်းဘိုကြီးက ချော့မော့ပြောဆို၏။

လူနာလည်း တည်းည်း တည်ညူညူဖြင့် ပတ်တီးအဖြေခံ၏။ ဤသို့နှင့်ပင် အောက်ပိုင်းမှပတ်တီးများသည် ပြေကျ၍ လည်ပင်းဆီသို့ ရောက်ရှိလာ၏။ ရမ်းဘိုကြီးသည် လူနာ၏လည်ပင်းမှ ပတ်တီးစကို ကိုင်၍ ရစ်ပတ်ကာ ဖွင့်လိုက်ရာ လူနာ၏မျက်နှာသည် ရေနံဆီမီးရောင်၌ ဘွားခနဲ ပေါ်လာလေတော့၏။ ထိုအခါ၌ လူနာသည် ၎င်း၏ လွယ်အိတ်အတွင်းမှ တစ်စုံတစ်ခုကို နှိုက်ယူ၍ ရမ်းဘိုကြီးအား ချိန်ရွယ်လိုက်လေ၏။ ရမ်းဘိုကြီးသည် လူနာ၏လက်တွင်းမှပစ္စည်းကို ကြည့်လျက်. . .

"ခြောက်လုံးပြူးကြီးပါလား"

ဟု ပြောဆိုကာ အင်္ကျီအိတ်အတွင်းမှ ပွတ်ချွန်းဆေးလိပ်ကို ထုတ်၍ ရေနံဆီမီးခွက်၌ မီးတို့လိုက်လေ၏။

"ဟုတ်တယ် ခင်ဗျားရင်ဘတ်ထဲကို ကျည်ဆံတွေ ပစ်သွင်း



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ခြောက်လုံးပြူးပဲ ကောင်းတုံကြီး၊ အဲ့ . အဲ့ . ကိုရမ်းဘို ကြီး”

ဟု ကုဋ္ဌနူနာရောဂါသည်က ပြောလိုက်လေ၏။

ရမ်းဘိုကြီးသည် ပွတ်ချွန်းဆေးပေါ့လိပ်ကို အားရပါးရဖွာရင်း ကိုယ်ကို တသိမ့်သိမ့်တုန်သည်အထိရယ်မောကာ . .

“ရယ်ဖို့ကောင်းလိုက်တာ မြမောင်ရာ၊ ငါ ဒီလိုမရယ်ရတာ ကြာပြီကွ၊ အခု မင်းရောက်လာတော့ ရယ်ရတယ်ဟေ့၊ ငါက မင်းတို့အပေါ်မှာ ခေါင်းဆောင်လုပ်လာတဲ့အကောင် ပါကွ၊ ငါ့ဆရာကြီးက တစ်ကိုယ်လုံး မျက်နှာပေါ်ပါမကျန် ပတ်တီးတွေစည်းထားတဲ့ ကုဋ္ဌနူနာရောဂါသည်တစ်ဦး ရောက်နေတယ်ဆိုကတည်းက မင်းတို့လူစုဆိုတာ ငါသိပါ တယ်၊ အဲဒါကြောင့် မင်းကို ပတ်တီးဖြေပေးရင်း မင်းနား ကလွယ်အိတ်ကို ငါက လက်တစ်ဖက်နဲ့နှိုက်ကြည့်လိုက် တယ်၊ အထဲက အင်္ကျီစုတ်နှစ်ထည်နဲ့ပတ်ထားတဲ့ သေနတ် တစ်လက်ထွက်လာတယ်၊ အဲဒီသေနတ်ထဲက ကျည်ဆန် တွေကိုသွန်ထားပြီးမှ သေနတ်ကိုပြန်ထားလိုက်တာ၊ မင်း သေနတ်ထဲမှ ကျည်ဆံနဲ့တူတာ ငါးခူတောင် မရှိဘူး မြမောင်ရေ့”

www.burmeseclassic.com

www.burmeseclassic.com



ဟုရမ်းဘိုကြီးက ပြောလိုက်လေ၏။ ထိုအခါ မြမောင်ဆိုသည့် ကုဋ္ဌနူနာရောဂါသည်သည် သေနတ်ဆုံလည်ကို ဘေးသို့တွန်း၍ ကျည်ဆံများကို စစ်ဆေးလိုက်ရာ အမှန်ပင် ကျည်ဆံတစ်တောင့်မျှမရှိ တော့ကြောင်း တွေ့ရလေတော့၏။

ရမ်းဘိုကြီးသည် မြမောင်အား မခိုးမခန့် ပြုံးပြလိုက်ပြီးလျှင်. .

"မင်းက အနူယောင်ဆောင်လာတယ်။ ဟုတ်လား၊ ငါက မင်းခြေထောက်ကို ပတ်တီးဖြေပေးရင်း အသာကလေး ဆိတ်ဆွဲကြည့်တော့ မင်းဟာ နာလို့ တွန့်သွားတယ်၊ တကယ်ရောဂါသည်ဟာ အဲဒါလောက်ဆိတ်တာကို မသိရှာ ဘူးကွ"

ဟုပြောလိုက်လျှင် မြမောင်က. . .

"ခင်ဗျား သိပ်တော်တဲ့လူပဲ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျား ကျုပ်တို့ နဲ့ လိုက်ခဲ့ရမယ်၊ ခင်ဗျားကိုတော့ လောလောဆယ်မှာ ကျုပ်တို့ ဘာမှမလုပ်နိုင်ပါဘူး၊ ခင်ဗျား အင်မတန်လေးစား တဲ့ ခင်ဗျားဆရာကြီး ဦးစူဝံကို ဟိုနှစ်ကောင်က တက်ပြီး သတ်ကြလိမ့်မယ်၊ ဆရာကြီးမရှိတော့ဘူးဆိုရင် ဆရာကြီး လက်ခံထားတဲ့ လူနာတွေရဲ့အသက်ရှင်ရေးဟာ မတွေးဝံ့ အောင်ဘဲ ကိုရမ်းဘိုရေ၊ ပြီးတော့ အင်မတန်မွန်မြတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရဲ့လုပ်ငန်းဟာလည်း နိဂုံးချုပ်သွားလိမ့်မယ်၊ ကဲ. . ခင်ဗျား လိုက်မလား၊ မလိုက်ဘူးလားဆိုတာ ဆုံးဖြတ် ပေတော့ ကိုရမ်းဘို၊ အချိန်များများမပေးနိုင်ဘူး၊ ဆယ့်နှစ် နာရီ သံချောင်းခေါက်သံကြားရင်သွားမယ်၊ ဒါပဲ”

ဟု မြမောင်က ပြောလိုက်လေ၏။

ထိုအခါ ရမ်းဘိုကြီးသည်. . .

“ဖြစ်နိုင်ရင် တစ်ပတ်လောက်အချိန်ပေးဖို့ ငါတောင်းပန်ပါတယ်ကွာ၊ ဘာဖြစ်လို့လဲဆိုတော့”

ဟု ရမ်းဘိုကြီးက စကားစလိုက်လျှင်. .

“သိပါတယ်ဗျ၊ ခင်ဗျားဆရာ တရုတ်အဘိုးကြီး ဦးလောစံက သင်ပေးထားတဲ့ လျှို့ဝှက်ရှားပါးတဲ့ဆေးပညာတွေကို ခင်ဗျားတတ်တယ်ဆိုတာ ကျုပ်နားလည်ပါတယ်၊ ခင်ဗျားဆရာကြီးက လူနာတွေကို ကုသပေးလို့ ပျောက်တယ်လို့ အောက်မေ့နေတာ၊ အမှန်က ခင်ဗျား ကုပေးနေလို့ပေါ့၊ ကျုပ်တို့ ကောင်းကောင်းသိပါတယ်၊ ဦးလောစံရဲ့ ဆေးပညာဟာ အံ့မခန်းအစွမ်းထက်ပုံကို ကျုပ်တို့သိထားတာပဲ၊ ဒါပေမဲ့ ခင်ဗျားကို နည်းနည်းမှအချိန်မပေးနိုင်ဘူး၊ ခင်ဗျားမလိုက်ရင် ခင်ဗျားဆရာကြီးကို သတ်ရမှာပဲ၊ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ခင်ဗျားကို တစ်နည်းနည်းနဲ့ ကြိုးစားပြီး သတ်ရမှာပဲ၊ ခင်ဗျားက သေမှာကို မကြောက်ဘူးဆိုတာ ကျုပ်တို့ သိပါတယ်၊ ဒီမှာ ကိုကောင်းတုံ၊ အဲ. . အဲ. . ကိုရမ်းဘို၊ ခင်ဗျားမရှိပေမယ့် ဆရာကြီးက ဆက်လုပ်သွားနိုင်သေးတယ်၊ ခင်ဗျား မလိုက်ဘူးဆိုရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ တခြားလူတွေ ဒုက္ခရောက်မယ့်ကိစ္စကိုတော့ ခင်ဗျား မလုပ်ဘူးဆိုတာ သိလို့ ကျုပ်တို့လာခေါ်တာ”

ဟု မြမောင်က ပြောလိုက်သည့်အချိန်၌ပင် ဆယ့်နှစ်နာရီ သံချောင်းခေါက်သံကို ကြားရလေတော့၏။

ထိုအခါ ရမ်းဘိုလည်း နေရာမှထလိုက်လေတော့၏။ မြမောင်လည်း ထရင်းနှင့်ပင်. . .

“ဒီလို လုပ်စမ်းပါ ကိုကောင်းတုံ၊ အဲ. . အဲ. . ကိုရမ်းဘိုရာ”

ဟု ပခုံးကိုပုတ်၍ ပြောလိုက်လေ၏။ ထိုအချိန်မှစ၍ ဦးစူဝံ၏ ‘အာရောဂျ’ ဂေဟာတွင် လူနာများအား ချက်ပြုတ်ကျွေးမွေး၍ ဝေယျာဝစ္စများလုပ်ပေးလေ့ရှိသော အသားညိုညို၊ အရပ်ထောင်ထောင် မောင်းမောင်းရှိသည့် စေတနာရှင်အလုပ်သမားလူငယ်တစ်ဦးသည် ပျောက်ခြင်းမလှ ပျောက်၍သွားလေတော့သတည်း။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသောလူသတ်မှု

တစ်နေ့သ၌ ကျွန်ုပ်သည် ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်နေထိုင်ရာ (၂၉၅)၊ ဘိုးလိန်းလမ်းဆီသို့ အလည်အပတ်သဘောဖြင့် ရောက်ရှိခဲ့လေ၏။ ထိုအချိန်၌ ဆားပုလင်းနှင်းမောင်သည် ရှေးဟောင်းပုရပိုက်တစ်ဆူကို ဖတ်ရှုနေလေ၏။ ကျွန်ုပ်သည် ၎င်းအိမ်ပေါ်သို့ တက်ရင်း. . .

"ဘယ်လိုလဲ အိုင်ဆေး၊ ကျောက်စာဌာနကို အလုပ်ပြောင်းမလို့လားဗျ"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က. . .

"မဟုတ်ပါဘူး အိုင်ပီရယ်၊ အပျင်းပြေသဘောနဲ့ ရှေးဟောင်းကျောက်စာလေး၊ ပေစာလေး နည်းနည်းပါးပါး ဖတ်ကြည့်နေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ဆားပုလင်းနှင်းမောင်က အပျင်းပြေသဘောနှင့် ဖတ်ကြည့်နေသည်ဆိုပြားလည်း ၎င်း၏နံဘေး၌ ကျောက်စာများကို မင်သုတ်၍ကူးထားသော မင်စာများ၊ ပေပုရပိုက်များ၊ အင်္ဂလိပ်ဘာသာနှင့်ရေးသားထားသော ရာဇဝင်စာအုပ်များ၊ ထိုစာအုပ်များမှာလည်း အချို့ကိုဖတ်လက်စ မှောက်၍ထားခြင်းဖြစ်၏။ အချို့စာအုပ်များ၌ အလံများတပ်ထား၏။ အချို့သောစာအုပ်များမှာ ရှာရလွယ်ရန်အတွက် စာရွက်များကြား၌ စက္ကူကတ်ပြား အခေါက်ကလေးများထည့်ထား၏။ ၎င်း၏ ရှေ့စားပွဲပေါ်၌လည်း ရှေးဟောင်းကျောက်စာပေစာများနှင့်ပတ်သက်သော ရေးသားနေသည့် စာရွက်ထပ်ကြီးမှာလည်း နှစ်ထပ်ပင်ရှိ၏။ တစ်ထပ်တစ်ထပ်မှာလည်း လေးလက်မခန့်ထူ၏။ ထို့ကြောင့်ကျွန်ုပ်က. . .

"အိုင်ဆေး ခင်ဗျားဥစ္စာကလည်း အပျင်းပြေလေ့လာတယ်သာဆိုတယ်၊ တကယ့်ကို ရှေးဟောင်းသုတေသနသမားကြီးကျနေတာပဲ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က. .

"အဲဒီလို သေသေချာချာလုပ်မှလဲ အပျင်းပြေတာဗျ၊ အခုတလော ရာဇဝင်မှ ထူးထူးဆန်းဆန်းကလေးတွေ မလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာကြာပြီဗျ၊ အဲဒီတော့ အတော့်ကိုပျင်းဖို့ကောင်းတယ်”

ဟု ပြောလိုက်လေ၏။

“ကဲပါဗျာ၊ စိတ်ရှုပ်စရာကောင်းတဲ့ ခင်ဗျားရဲ့ကျောက်စာမင်စာတွေနဲ့ ပေစာပေထုပ်ဟောင်းတွေကို ထားခဲ့စမ်းပါ၊ ‘ဘရာမင်’ ဆိုင်မှာ ကျုပ်တို့နှစ်ယောက် ထမင်းမစားရတာကြာပြီဗျ၊ သွားစားကြရအောင်ဗျာ”

ဟု ကျွန်ုပ်ကပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က. . .

“မနက်စာ ထမင်းစားဖို့ဆိုရင် မစောလွန်းဘူးလားဗျ၊ ဒီအချိန်က လက်ဖက်ရည်လေးတစ်ခွက်စီ သောက်လိုက်ကြရမယ့်အချိန်ဗျ”

ဟု ပြောလေ၏။

“လက်ဖက်ရည်ဆိုရင်လည်း လက်ဖက်ရည်ပေါ့ ကိုနှင်းမောင်ရယ်၊ ခင်ဗျားရဲ့ ရှေးဟောင်းကိစ္စတွေကို ထားခဲ့စမ်းပါ”

ဟု ကျွန်ုပ်ကပြောလိုက်ရာ ဆားပုလင်းနှင်းမောင်လည်း ဖတ်လက်စ ပုရပိုက်ကြီးအား စားပွဲပေါ်သို့တင်၍ နေရာမှထလေ၏။

ထိုအချိန်၌ပင် အိမ်ရှေ့သို့ မော်တော်ကားတစ်စီး ဆိုက်၍ လာသဖြင့် ကြည့်လိုက်ရာ ရာဇဝတ်အုပ်တစ်ဦးနှင့် ပုလိပ်ကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဆင်းလာသည်ကို တွေ့ရလေ၏။ ၎င်းတို့နှစ်ဦးသည် ကျွန်ုပ်အား ဆလံပေးကြလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"ဆိုကြစမ်းပါဦး၊ ဘာကိစ္စများပါလိမ့်"

ဟုမေးလိုက်ရာ ၎င်းရာဇဝတ်အုပ်က. . .

"ကျွန်တော်က သယ်န်းကျွန်းဂိတ်က ရာဇဝတ်အုပ် မောင်ခင်မြင့်ပါ အိုင်ပီ၊ ဘောက်ထော်မှာ လူသတ်မှုဖြစ်လို့ပါ"

ဟု ပြောလေ၏။

"ဘောက်ထော်ကို သယ်န်းကျွန်းဂိတ်ကပဲ ကိုင်သလား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်တို့နဲ့ပဲ ဆိုင်ပါတယ်"

ဟု ရာဇဝတ်အုပ်မောင်ခင်မြင့်က ပြောလေ၏။

"ဟုတ်ပါပြီ ကိုခင်မြင့်ရယ်၊ လူသတ်မှုဖြစ်တော့လည်း ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ အလုပ်လုပ်ကြဦးပေါ့ဗျာ၊ အမှုတိုင်းကို စီအိုင်ဒီရဲ့ခေါင်းပေါ်ကိုချည်းပဲပုံချလို့ ဘယ်ဖြစ်မတုံး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဒီလိုပါဆရာ၊ အခု ဘောက်ထော်မှာ ဖြစ်သွားတဲ့ လူသတ်



www.burmeseclassic.com

www.burmeseclassic.com



မှုက အတော်ကလေးဆန်းနေတယ်၊ ဖြစ်တာကလည်း လူနေတဲ့အိမ်မှာ ဖြစ်တာမဟုတ်ဘူး၊ လူမနေတဲ့ တိုက်ပျက်ကြီးထဲမှာဖြစ်တာ၊ သေတဲ့လူလည်း ဘယ်သူမှန်းမသိဘူး၊ သတ်တဲ့လူဆိုတာတော့ မပြောနဲ့တော့ ဆရာရေ့၊ ကျွန်တော့်ဘာသာလိုက်ရရင် ဒီအမှုဟာ ပေါ်မှာမဟုတ်ဘူး၊ အဲဒါကြောင့် ဆရာတို့ဆီကို အကူအညီတောင်းရတာပဲ”

ဟု ကိုခင်မြင့်က ပြောလေ၏။

“ဒီလိုဆိုရင်လည်း စီအိုင်ဒီရုံးကို တယ်လီဖုန်းဆက်ပြီး အကြောင်းကြားပေါ့ဗျာ၊ ဘာဖြစ်လို့ ဒီကိုလာရတာတုံး”

ဟု ကျွန်ုပ်ကပြောလိုက်ရာ ၎င်းက. .

“စီအိုင်ဒီရုံးကိုလည်း တယ်လီဖုန်းဆက်ပြီး အကြောင်းကြားပြီးပါပြီ၊ ဆရာတို့ စီအိုင်ဒီစုံထောက်တွေလည်း အခင်းဖြစ်ပွားတဲ့နေရာကို ရောက်နေကြပါပြီ၊ အဲဒီအထဲမှာ ဆားပုလင်းနှင်းမောင် မပါလေတော့ ကျွန်တော်တို့အနေနဲ့ အတော်ပဲ အားပျက်မိပါတယ် ဆရာရယ်၊ ဘာပဲဖြစ်ဖြစ် ဒီအမှုဟာ ဆရာကိုနှင်းမောင်ပါမှ ပေါ်မယ့်အမှုဆိုတာ ကျွန်တော် သိပါတယ်၊ ဒါကြောင့် ဒီကိုလာရတာပါ”

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ကိုနှင်းမောင်ရေ ကြားရဲ့မဟုတ်လား၊ ပရိသတ်ကတော့ ခင်ဗျားကို တောင့်တနေပြီ မင်းသားထွက်ဖို့ အချိန် တန်ပြီနဲ့တူတယ်ဗျို့။ အခင်းဖြစ်ပွားတဲ့နေရာမှာတော့ စီအိုင်ဒီက လူပြက်ကြီးတွေ ရောက်နေကြပြီတဲ့။ သွားကြစို့လား"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်သည် သံချိတ်၌ချိတ်ထားသော ၎င်း၏ကုတ်အကျႌဟောင်းကြီးကို ဆွဲဖြုတ်၍ဝတ်လိုက်ပြီးလျှင်. . .

"အမှုမရှိလို့ ပျင်းနေတာနဲ့ အတော်ပဲဗျာ"

ဟု ပြောဆိုကာ ကျွန်ုပ်၏ကားဆီသို့ သွားလေ၏။

ရာဇဝတ်အုပ် ကိုခင်မြင့်မှာလည်း ဆားပုလင်းနှင်းမောင်လိုက်ပါမည်ဟုသိရသောကြောင့် ၎င်း၏မျက်နှာသည် မင်္ဂလာဦးည သတို့သား၏မျက်နှာကဲ့သို့ ရယ်တော့မလိုလို ပြုံးတော့မလိုလို ဖြစ်၍နေလေ၏။ ကျွန်ုပ်နှင့် ကိုနှင်းမောင်သည် ကားပေါ်သို့တက်ကြလေ၏။ ရာဇဝတ်အုပ်ကိုခင်မြင့်နှင့် ပုလိပ်ကလေးတို့သည် ၎င်းတို့၏ကားပေါ်သို့တက်ကြလေ၏။ ထို့နောက် ၎င်းတို့၏ကားက အရှေ့မှထွက်သွားလေ၏။ ကျွန်ုပ်တို့၏ကားက နောက်မှလိုက်ရလေ၏။

ကိုနှင်းမောင်သည် တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ စီးကရက်



www.burmeseclassic.com

www.burmeseclassic.com



ကိုသောက်ရင်း ငြိမ်၍လိုက်လာလေ၏။ ကျွန်ုပ်သည် ကားမောင်းရင်း ၎င်း၏မျက်နှာကို မကြာခဏ အကဲခတ်ကြည့်ရှုလေ၏။ ၎င်းသည် ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်နေလေ၏။ မဂျစ်လမ်းသို့ ရောက်ခါနီး၌မူ ကိုနှင်းမောင်သည် အောက်ပါစကားကိုပြောလေ၏။

"ကျုပ်တို့ မြန်မာလူမျိုးရဲ့ အကပညာမှာရှိတဲ့ ကကြိုးကကွက်တွေဟာ တကယ့်ကို အဆင့်အတန်းမြင့်တာဗျ၊ အိန္ဒိယနဲ့လည်း မတူဘူး၊ တရုတ်နဲ့လည်းမတူဘူး၊ ယိုးဒယားနဲ့ကလည်း ဆင်သလိုလိုနဲ့ တကယ်က မတူဘူးဗျ၊ အဲဒီတော့ ကျုပ်တို့ရဲ့အကပညာဟာ တစ်ဘာသာထွက်နေတယ်၊ ဒီတစ်ချက်တည်းနဲ့ဘဲ ကျုပ်တို့လူမျိုးဟာ ဟိုလူမျိုးဒီလူမျိုးတွေ ပေါင်းစပ်ရောနှောပြီးဖြစ်လာတဲ့ လူမျိုးရယ်လို့ ပြောဖို့ အတော်ခက်နေတယ်ဗျ"

ကျွန်ုပ်သည် ၎င်း၏စကားကိုနားထောင်ရင်း အူကြောင်ကြောင်ဖြစ်၍သွားလေ၏။ ထို့ကြောင့်. . .

"ဘယ်လိုလဲ အိုင်ဆေး၊ ဘောက်ထော်က လူသတ်မှုကို မစဉ်းစားဘဲနဲ့ ဘယ့်နှယ့်ကြောင့် ဇာတ်သဘင်အကြောင်းကို စဉ်းစားနေရတာလည်း"

ဟု ကျွန်ုပ်က မေးလိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘောက်ထော်က လူသတ်မှုဖြစ်တဲ့နေရာကိုမှ မရောက်သေးဘဲ အိုင်ပီရယ်၊ ဘယ်လိုလုပ်ပြီး စဉ်းစားရမှာတုံး၊ အချက်အလက်မပြည့်စုံဘဲနဲ့ စဉ်းစားခြင်းဟာ လမ်းချော်သွားတတ်တယ်ဗျ၊ ကိုယ်ဖြစ်စေချင်တာတွေကို ထည့်သွင်းပြီးစဉ်းစားမိတတ်တယ်၊ အဲဒီလိုစဉ်းစားမိရင် အမှုမှန်ပေါ်ဖို့ကိစ္စမှာ တလွဲတချော်ဖြစ်သွားတတ်တယ်။ ဒါကြောင့်ကျုပ်တော့ အမှုရဲ့သဲလွန်စ မတွေ့ရဘဲနဲ့ ဘယ်အမှုကိုမှဘယ်လိုဖြစ်နိုင်တာ၊ ဘာညာနဲ့မဆုံးဖြတ်ရဲဘူး၊ အမှုဖြစ်တဲ့နေရာက မီးခြစ်ဆံကလေး တစ်ဆံဖြစ်စေ၊ ဆေးလိပ်ပြာကလေး တစ်မှုန့်နှစ်မှုန့်ဖြစ်စေ၊ ဆေးလိပ်တိုလေးတစ်တိုဖြစ်စေ၊ စာရွက်စလေး တစ်စဖြစ်စေ၊ ခိုင်ခိုင်လုံလုံသာတွေ့စမ်းပါစေ၊ လူသတ်တရားခံဟာ ရှိန်းဆာယာဖိုမောက်ပြီး ကိုယ်ပျောက်နေစမ်းပါစေ၊ အဲဒီလူမျိုးကို လက်ထိတ်ခတ်ပေးနိုင်ပါတယ်ဗျာ"

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်ရာ ကျွန်ုပ်က. .

"ယုံပါတယ် အိုင်ဆေးရာ၊ ခင်ဗျားနဲ့ ကျုပ် တွဲလာကြတာလည်း ကြာခဲ့ပြီပဲ"

ဟု ပြောဆိုလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ကွန်ုပ်တို့၏ကားလေးသည် ဘောက်ထော် မြေနီလမ်းကလေးဆီသို့ ရောက်ရှိခဲ့လေတော့၏။

ကွန်ုပ်တို့ရှေ့မှသွားသော ရာဇဝတ်အုပ် ကိုခင်မြင့်၏ ကားကလေးမှာလည်း မြေနီလမ်းကလေးအတိုင်း တရွေ့ရွေ့တိုးဝင်သွားလေ၏။

ကွန်ုပ်တို့သည် ၎င်း၏နောက်မှ ကပ်၍မောင်းသွားရလေ၏။ တိုက်ပျက်ကြီးတစ်ခုကိုတွေ့သောအခါ၌ ကွန်ုပ်တို့ကားများသည် ရပ်ကြရလေ၏။

ထိုအခါတွင် ရာဇဝတ်အုပ်ကိုခင်မြင့်သည် ကားပေါ်မှ ဆင်းပြီးလျှင် ကွန်ုပ်တို့အား. .

"အခင်းဖြစ်ပွားတာ ဒီတိုက်ပျက်ကြီးထဲမှာပဲဆရာ"

ဟု ပြောလိုက်လေ၏။ ကွန်ုပ်တို့လည်း ကားပေါ်မှ ဆင်းကြလေ၏။

ကွန်ုပ်သည် ရာဇဝတ်အုပ်ကိုခင်မြင့်နှင့်အတူ တိုက်ပျက်ကြီးအတွင်းသို့ ဝင်လေ၏။

တိုက်ပျက်ကြီး၏ခြံတံခါးဝ၌မူ သယ်န်းကွန်းဂါတ်မှ ပုလိပ်ကလေးတစ်ဦးက လွန်စွာ စုတ်နုတ်နုံချာလှသော ဗထက်ချိုင့်သေနတ်ကြီးကိုထမ်းလျက်စောင့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုခြံပေါက်မှဝင်၍ လိုက်သွားရလေ၏။ အောက်ထပ်သို့ရောက်လျှင် ရာဇဝတ်အုပ်ကိုခင်မြင့်က. .

"အပေါ်မှာ ဆရာ"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ဘေးလှေကားမှနေ၍ အပေါ်ထပ်သို့တက်ရလေ၏။

အပေါ်ထပ်တွင်ကား ကျွန်ုပ်တို့ စီအိုင်ဒီမှစုံထောက်များဖြစ်ကြကုန်သော ကိုစိန်လှ၊ ကိုတင်ဝင်း၊ ဆရာစိန်နှင့် လက်ဝဲဦးကိုကိုကြီးတို့သည် လူသေအလောင်းကြီး၏ဘေး၌ အသုဘကမ္မဋ္ဌာန်းရှုသကဲ့သို့ ထိုင်နေကြလေ၏။

စီအိုင်ဒီသို့ရောက်ခါစ စုံထောက်ပေါက်စကလေး မောင်မျိုးအောင်ဆိုသူကမူ ပေကြိုးတစ်ချောင်းကိုကိုင်၍ အလောင်းနှင့် နံရံကိုတိုင်းထွာနေလေ၏။ မည်သည့်အဓိပ္ပါယ်နှင့် တိုင်းထွာနေသည်ကို ကျွန်ုပ်လည်းမသိပေ။ ၎င်းကိုယ်တိုင်ပင်လျှင် သိလိမ့်မည်ဟု ကျွန်ုပ်မထင်ပါ။

ဆရာစိန်သည် အလောင်းဘေးမှထ၍ အခန်းဘေး၌ ခေါက်တုံ့ခေါက်ပြန်လျှောက်နေလေ၏။ ထို့နောက်. .

"အလောင်းကိုချည်းကြည့်နေလို့မဖြစ်ဘူးဗျ၊ နံရံက ဟောဒီစာတန်းကိုလည်း စဉ်းစားရလိမ့်မယ်"

ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျန်လူများသည် နံရံပေါ်မှစာကို ကြည့်ကြလေ၏။ ကျွန်ုပ်လည်း လိုက်၍ကြည့်ရှုမိလေ၏။ နံရံပေါ်၌မူ သွေးဖြင့် ရေးထားသော တစ်ဖက်ပါစာတန်းကို တွေ့ရလေ၏။

**TIGER**

"ဒီစာတန်းကိုတော့ တွေ့တာပေါ့ဗျာ။ တိုက်ဂါးဆိုတဲ့ အဓိပ္ပာယ်ရတယ်ဆိုတာကလွဲပြီး ရှေ့ဆက်လို့ ဘာမှ မပြော နိုင်တာက ခက်နေတယ်ဗျာ"

ဟု ကိုစိန်လှက ပြောလိုက်လေ၏။

ထိုအခါ အခန်းတွင်းမှ တစ်စုံတစ်ယောက်ထွက်လာလေ၏။ ထိုသူမှာ ကျွန်ုပ်တို့ စုံထောက်ဌာနမှ ရွှေသွားကိုအောင်မြင့်ဆိုသူဖြစ်၏။

"တိုက်ဂါးဆိုတာ ဒီလိုဗျ၊ လူသတ်သမားရဲ့နာမည်ဖြစ်လိမ့်မယ်၊ ဒီကောင်ဟာ လူဆိုးခေါင်းဆောင်တစ်ယောက်လည်း ဖြစ်လိမ့်မယ်၊ တိုက်ဂါးဆိုတာ နာမည်ဝှက်ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု လူတတ်လူကျယ်လုပ်၍ ပြောလိုက်လေ၏။

ထိုအခါ ကိုတင်ဝင်းက. .

"ဒီလောက်တော့ လူတိုင်းသိတာပေါ့ဗျာ၊ လူသတ်မှုဖြစ်တဲ့နေရာမှာ ဘယ်ဘုရားဒကာက လာပြီး ဒီစာလုံးကိုရေးမှာတုန်းဗျ၊ လူသတ်သမားသာ ရေးမှာပေါ့ဗျ"

ဟု ပြောလိုက်ရာ ရွှေသွားကိုအောင်မြင့်သည် ငြိမ်၍သွားလေတော့၏။

ထိုအချိန်၌ ပေကြိုးကြီးတကိုင်ကိုင်လုပ်နေသော စုံထောက်ပေါက်စ မျိုးအောင်သည် ရင်ကိုကော့လျက် ဟုတ်လှပြီဟူသော ဂိုက်မျိုးဖမ်းကာ. .

"လူသတ်သမားဟာ နှစ်ယောက်ဗျ၊ သေတဲ့လူကို အဲဒီလူသတ်သမား နှစ်ယောက်ဖမ်းချုပ်ပြီးမှ ဓားနဲ့ အကျအန ထိုးသတ်တာဗျ"

ဟု ပြောလိုက်လေ၏။

ကျန်သောစုံထောက်များကမူ စုံထောက်ပါးမဝသေးသော ကြောင့်သာ ဤသို့ တောပြောတောင်ပြော ပြောနေကြောင်း ရိပ်မိသော လက္ခဏာနှင့် မောင်မျိုးအောင်အား. . .

"ဩော်. . . ဟုတ်လား. . .၊ ကျုပ်တို့ မသိပေါင်ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးအောင်ကတော့ တကယ့်ကို မျက်စိစူးပါပေတယ်”

စသော စကားလုံးများဖြင့် မြှောက်ပင့်၍ ချောက်တွန်းကြလေတော့၏။

ထိုအခါ စုံထောက်ပေါက်စ မအူမလည်လည်း အဟုတ်တကယ် ထင်မှတ်၍ . .

“ဆရာတို့ အဲဒီလိုမျက်စိလျှမ်းလို့လည်း စီအိုင်ဒီမှာ ဆားပုလင်းနှင်းမောင်က လူလည်လုပ်နေနိုင်တာပေ့ါ”

ဟု အဖျှတ္တသန္တန်၌ ဆားပုလင်းနှင်းမောင်အား မနာလိုစိတ်များ ဖြစ်ပေါ်နေကြောင်းကို ဖော်ပြလေတော့၏။

ထိုသို့ ဖော်ပြရုံမျှမက မအူမလည် စုံထောက်ကလေးသည် အောက်ပါအတိုင်း စကားလုံးထွားလေတော့၏။

“ခြေရာက သုံးမျိုးတွေ့နေတယ်ဗျ၊ အင်မတန်လူကောင်ထွားတဲ့ လူကြီးတစ်ဦးရဲ့ခြေရာရယ်၊ ကင်းပတ်ဖိနပ်ခြေရာရယ်၊ ခပ်သေးသေး ခြေရာတစ်ခုရယ်ဖြစ်တယ်၊ ခပ်သေးသေးခြေရာဟာ အခုသေနေတဲ့ လူဘဲ၊ အဲဒီတော့ သေတဲ့လူကို ကင်းပတ်ဖိနပ်နဲ့ ခြေရာကြီးကြီးလူက ဒီတိုက်ပျက်ကြီးထဲခေါ်ပြီး သတ်ပစ်လိုက်တာဘဲဗျ”

မအူမလည်စုံထောက်ကလေးသည် ဤသို့ပြောပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်တစ်လိပ်ကိုထုတ်၍ ဟန်ပါပါ မီးညှိလေ၏။ ထိုအခါ လက်ဝါးဦးကိုကိုကြီးဆိုသည့် စုံထောက်ကြီးက. . .

"ဟုတ်ပါပေတယ် ဆရာမျိုးအောင်ရယ်၊ သေတဲ့လူက ဒီလူနှစ်ယောက်ဆီကို ဘာလာလုပ်တာတုံး၊ အသေခံဖို့ သက်သက်လာတာများလားဗျာ"

ဟု မေးလိုက်ရာ စုံထောက်ကလေးသည် အဖြေရကျပ်သွားပြီးလျှင်. . .

"အဲဒါကို ကျုပ်စဉ်းစားနေတာဘဲ"

ဟု ပြောလိုက်ရာ ကျန်သောစုံထောက်များလည်း လှောင်ပြောင်၍ 'ဝါး' ခနဲ ပြိုင်တူရယ်မောလိုက်ကြလေတော့၏။

ကျွန်ုပ်နှင့် ရာဇဝတ်အုပ်ကိုခင်မြင့်လည်း စုံထောက်များအနီးသို့သွား၍ထိုင်လေ၏။ ထိုအခါ ရွှေသွားကိုအောင်မြင့်က. .

"ဟာ. . . အိုင်ပီ ဦးအောင်သင်းပါလား၊ ဆရာရဲ့ ထင်မြင်ချက်ကလေး တစ်ဆိတ်လောက်အမိန့်ရှိပါဦးဗျာ"

ဟု ကျွန်ုပ်အား ပြောလိုက်လေ၏။

"မလုပ်ပါနဲ့ ကိုအောင်မြင့်ရာ၊ ဒါတွေရိုးနေပါပြီ၊ စီအိုင်ဒီ ရောက်နေတာ ပင်စင်ပဲယူတော့မယ်ဗျာ၊ အကြောင်းသိတွေချင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရလေ၏။

ထိုအချိန်မှာပင် ဆားပုလင်းနှင်းမောင်သည် အပေါ်ထပ်သို့ တက်လာလေ၏။ ထို့နောက် ကြမ်းပြင်ပေါ်မှ ခြေရာများကို ငုံ့၍ကြည့်လေ၏။ ပြီးလျှင်လူသေအလောင်းဆီသို့ လျှောက်သွားကာ ရင်ဘတ်မှ ဓားဒဏ်ရာကို ငုံ့၍ကြည့်လေ၏။ ထို့နောက် ကျွန်ုပ်ဘက်သို့လှည့်ကာ. .

"လူသတ်သမားအသုံးပြုသွားတဲ့ လက်နက်တွေ ဘာတွေ သိမ်းထားကြပြီလား"

ဟု မေးလေ၏။

ထိုအခါ မောင်မျိုးအောင်က ဓားမြှောင်တစ်လက်ကို ထုတ်၍ ပေးလေ၏။ ဆားပုလင်းနှင်းမောင်သည် ဓားမြှောင်ကိုကြည့်ရှုပြီး နောက်. .

"ဒီလူသေတာဟာ ဒီဓားမြှောင်နဲ့သေတာမဟုတ်ဘူး၊ ဒီထက်ကြီးတဲ့ ဓားရှိရဦးမယ်"

ဟုဆိုကာ ကြမ်းပြင်ကို ငုံ့ကြည့်ရင်း အခန်းပေါက်ဆီသို့ လျှောက်သွားကာ အခန်းပေါက်တံခါးကို မော့၍ကြည့်လိုက်လေ၏။

ထိုသို့ မော့ကြည့်ပြီးနောက် တံခါး၌ ဓားဖြင့်ခုတ်မိထားသော ဓားခုတ်ရာကိုတွေ့လျှင် ၎င်း၏မျက်လုံးသည် တခြားတစ်နေရာသို့ ရွေ့ပြောင်းခြင်းမပြုဘဲ ထိုဓားခုတ်ရာအား စီးကရက်ရှိုက်ဖွာရင်း



www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့်ကြည့်ရှုနေလေ၏။

ပြီးလျှင် ခေါင်းကို အသာကလေးညိတ်လိုက်ပြီးနောက် တိုက်ဂါး ဟူသော စာလုံးရေးထားသည့် နံရံဘက်ဆီသို့လျှောက်လာကာ ထိုနံရံ အနီးရှိ စားပွဲခုံအားကြည့်လိုက်လေ၏။

ကျွန်ုပ်အပါအဝင် စုံထောက်အားလုံးသည် ဆားပုလင်း နှင်းမောင်အား မျက်စိတစ်ဆုံးကြည့်၍နေကြလေ၏။ ဆားပုလင်း နှင်းမောင်၏ လှုပ်ရှားမှုတိုင်းကို မျက်ခြေမပြတ်ရအောင် လိုက်လံ၍ ကြည့်ရှုနေကြခြင်းဖြစ်၏။

ဆားပုလင်းနှင်းမောင် တစ်ဖက်သို့လျှောက်သွားလျှင် ကျွန်ုပ် တို့၏မျက်လုံးများသည် ၎င်း၏နောက်သို့ လိုက်သွားကြသည်။ ဆား ပုလင်းနှင်းမောင်သည် စီးကရက်တိုကို နင်းခြေလိုက်ရင်း. .

"သေတဲ့လူဟာ ကွတ်ကရီးဆိုတဲ့ ဓားကောက်နဲ့ အထိုးခံ ရပြီး သေသွားတာဗျ၊ အဲဒီတော့ လူသတ်သမားဟာ အဲဒီ ဓားကောက်ကို ယူမသွားဘူးဆိုရင် ဒီအနီးတစ်ဝိုက်မှာကို ဒီဓားကောက်တွေ့ရလိမ့်မယ်"

ဟုဆိုကာ တံခါးဆီသို့ တစ်ဖန်လျှောက်သွားပြီးလျှင် နံရံဆီသို့ တစ်ခေါက်လျှောက်လာပြန်၏။ ထို့နောက် နံရံအနီး စားပွဲခုံပေါ်၌ စိုက် ၍ထားသော ဖယောင်းတိုင်အတိုကလေးကို ကောက်ယူကာ အခန်း



www.burmeseclassic.com

www.burmeseclassic.com



အလယ်ရှိ စားပွဲခုံပေါ်၌ မီးထွန်း၍ ဖယောင်းစက်ချကာ စိုက်လိုက်လေ၏။

ထိုအခါ မအူမလည် စုံထောက်ကလေးက ဆားပုလင်းနှင်းမောင်အား မလိုမုန်းထားသော မျက်နှာဖြင့် ကြည့်ရှုလိုက်လေ၏။

ဆားပုလင်းနှင်းမောင်ကမူ ထိုကောင်ကလေးအား လုံး၀ အသိအမှတ်ပြုပုံမရပေ။ သို့ရာတွင် စုံထောက်ကလေးက. .

"နေ့ခင်းကြောင်တောင်ကြီး ဖယောင်းတိုင်ထွန်းပြီး ဘာလုပ်ဦးမလို့တုံး"

ဟု ဆားပုလင်းနှင်းမောင်အား မေးလိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် ဓားမြှောင်ကို ကိုင်၍တံခါးပေါက်ဆီသို့ ၀င်၍သွားကာ မီးထွန်းထားသော ဖယောင်းတိုင်ဆီသို့လျှောက်လာလေ၏။

ထို့နောက် ဖယောင်းတိုင်ကိုယူ၍ နံရံဆီသို့ သွားလေ၏။ ပြီးလျှင် လူသေအလောင်းကြီးအနီးရှိ သွေးအိုင်ပွက်ဆီသို့သွားကာ သွေးကိုလက်ညှိုးနှင့်တို့၍ ရေးမည့်ဟန်လုပ်လေ၏။

ထိုသို့ပြုလုပ်ရာတွင် ၎င်း၏ဘယ်ဘက်၌ ဖယောင်းတိုင်ကိုကိုင်ထား၏။ ၎င်း၏ညာဘက်၌လည်း ဓားကိုကိုင်ထားသည်ဖြစ်ရာ လက်နှစ်ဖက်လုံးသည် မအားမလပ် ဖြစ်နေလေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် ညာဘက်တွင် ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ဓားကိုလွှင့်ပစ်လိုက်လေ၏။ ထိုသို့လွှင့်ပစ်လိုက်ရာ ဓားသည် မှောင်မိုက်သောအခန်းတွင်းသို့ ရောက်သွားလေ၏။

ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် ဖယောင်းတိုင်ကိုယူ၍ မှောင်မိုက်သော အခန်းတွင်းသို့ ဝင်သွားလေ၏။ ပြီးလျှင် ပြန်ထွက်လာလေ၏။ ထိုသို့ ပြန်ထွက်လာသောအခါ၌မူ ၎င်း၏လက်အတွင်းမှ လွှင့်ပစ်လိုက်သော ဓားမြှောင်သာမက ဂေါ်ရခါးဓားကောက်ကြီးပါ ပါလာလေတော့၏။

ထိုအခါကျမှပင် ကျွန်ုပ်အပါအဝင် စုံထောက်အားလုံးသည် ကိုနှင်းမောင်၏ပြုလုပ်ပုံကို အံ့သြမိလေတော့၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က -

"လူသတ်သမားက တစ်ယောက်တည်းဗျ၊ သူ့ကို သတ်မလို့ စောင့်နေတဲ့လူက နှစ်ယောက်ရှိတယ်၊ အဲဒီနှစ်ယောက်ထဲမှာ တစ်ယောက်ဟာ ဟောဟို သေနေတဲ့လူဘဲ၊ ကျန်တဲ့ တစ်ယောက်ကတော့ အင်မတန်ထွားကျိုင်းတဲ့လူဘဲ၊ သူဟာ မျက်လုံးတစ်ဖက်မကောင်းရှာဘူး၊ ညကတော့ ကျန်တဲ့တစ်ဖက်ပါ ကန်းသွားပုံရတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီလူကြီးဟာ ဒီဘက်ပေါက်က ဆင်းရမည့် အစား လမ်းမှားပြီး ဟိုဘက်ပေါက်ထဲကို ဝင်သွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခြေရာတွေ တွေ့ရတယ်၊ ဟိုဘက်ပေါက်က ထွက်ဖို့ နေရာ မရှိဘူး၊ အခန်းက အလုံပိတ်ထားတာ၊ အဲဒီအထဲမှာ ဒီလူကြီးရဲ့ခြေရာကိုတွေ့ရတယ်၊ သူတို့ချိန်းထားတဲ့လူဟာ အတော့်ကို လျှင်မြန်ဖျတ်လတ်တဲ့လူပဲ၊ နှစ်ယောက်နဲ့ တစ်ယောက်ကို သတ်ပုတ်သွားတယ်၊ အဲဒီလူဟာ ကင်း ပတ်ဖိနပ်သမား ဖြစ်တယ်၊ ဒီနေရာကို တစ်ခါမှမရောက် ဖူးဘူးဆိုတဲ့အကြောင်း ကျုပ် သက်သေပြမယ်၊ ခင်ဗျား တို့ အောက်ကိုလိုက်ခဲ့ကြ”

ဟုဆိုကာ ဆားပုလင်းနှင်းမောင်သည် အောက်သို့ဆင်းလေ၏။ ကျွန်ုပ်တို့အားလုံးလည်း ၎င်း၏နောက်သို့ တစ်စုတစ်ဝေးကြီး လိုက်ပါသွားကြလေ၏။ အောက်သို့ရောက်လျှင် ခြံတံခါးဝတွင်ရှိသော ကင်းပတ်ဖိနပ်ခြေရာကိုပြလျက်. . .

“ဟောဒီမှာ တွေ့လား၊ ကင်းပတ်ဖိနပ်ခြေရာ၊ သူဟာ ညက ဒီကိုလာတော့ ဟောဒီတံခါးပေါက်က ဝင်ဖို့လုပ်တယ်၊ ဒါပေမယ့် အဲဒီတံခါးပေါက်က အသေပိတ်ထားတဲ့ တံခါး ပေါက်ကြီးဖြစ်နေတယ်၊ အဲဒီတော့မှ ခြံဘေးကနေ ကပ်ပြီး ဟိုဘက်ကတံခါးပေါက်ကိုသွားတယ်၊ အသေပိတ်ထားတဲ့ တံခါးပေါက်မှန်းမသိဘဲလာတယ်ဆိုကတည်းကိုက ဒီလူ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီအိမ်ကို မရောက်ဖူးတဲ့လူပဲ၊ ပြီးတော့ ဒီအနီးအနား တစ်ဝိုက်မှာ ကင်းပတ်ဖိနပ်ရာကြီးပဲတွေ့တယ်၊ အိမ်ပေါ်မှာအသတ်ခံရတဲ့ လူရဲ့ခြေရာလည်း ဒီမှာမတွေ့ရဘူး၊ ထွားကျိုင်းတဲ့လူရဲ့ခြေရာလည်း ဒီမှာမတွေ့ရဘူး၊ ဒါကို စဉ်းစားကြည့်ရင် သေတဲ့လူနဲ့ မျက်စိမကောင်းဘူးဆိုတဲ့ လူထွားကြီးဟာ နဂိုကတည်းက အိမ်ထဲမှာရှိနှင့်နေတဲ့ လူတွေဖြစ်လိမ့်မယ်၊ ကင်းပတ်ဖိနပ်သမားကတော့ ညက မိုးရွာပြီးမှ ရောက်လာတာဖြစ်တယ်၊ ညကဆိုရင် မိုးဟာ ရှစ်နာရီကျော်ကျော် ကိုးနာရီလောက်မှာ ရွာတယ်၊ သူတို့ တစ်တွေဟာ မိုးရွာပြီးနောက်ပိုင်းမှာ တွေ့ဆုံပြီး သတ်ဖြတ်ကြတာဖြစ်တယ်၊ ကင်းပတ်ဖိနပ်သမားက ဟိုနှစ်ယောက်ဆီကိုလာတယ်၊ ဘယ်လိုသတ်ပုတ်ကြတယ်ဆိုတာ ကျုပ်ရှင်းပြမယ်၊ အပေါ်ကိုလာခဲ့ကြပါဦး"

ဟုဆိုကာ ဆားပုလင်းနှင်းမောင်သည် အပေါ်ထပ်သို့ တစ်ဖန်ပြန်၍တက်သွားပြန်သဖြင့် ကျွန်ုပ်တို့လည်း ၎င်း၏နောက်မှ တစ်အုပ်ကြီးလိုက်၍ တက်သွားကြပြန်လေ၏။ အပေါ်သို့ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်က စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိရှိုက်ဖွာရင်း အောက်ပါအတိုင်း ပြောပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သေတဲ့လူနဲ့ မျက်စိမကောင်းတဲ့လူဟာ ဟောဟိုစားပွဲရဲ့ တစ်ဖက်မှာ ရပ်နေကြတယ်၊ ကင်းပတ်သမားက တက်လာပြီး ဒီနားမှာရပ်တယ်၊ ဒါဟာ သိပ်ကို သေချာပါတယ်၊ ဒါကို ရွှံ့အနီရောင်တွေပေနေတဲ့ ကင်းပတ်ဖိနပ်ခြေရာက သက်သေခံနေပါတယ်၊ သူဟာ ဟိုနှစ်ယောက်ရဲ့ နီးနီးနားနားမှာ ရပ်မှာမဟုတ်ဘူး၊ မလှမ်းမကမ်းမှာဘဲ ရပ်လိမ့်မယ်၊ အဲဒီအချိန်မှာ စားပွဲပေါ်မှာ ဖယောင်းတိုင်တစ်တိုင် ထွန်းထားတယ်၊ ဟောဒီမှာ ဖယောင်းတိုင်စိုက်ခဲ့တဲ့ ဖယောင်းစက်တွေ၊ ပြီးတော့ ကင်းပတ်ဖိနပ်သမားဟာ သူတက်လာတဲ့ တံခါးပေါက်ကနေ ပြန်ဆင်းဖို့ လှည့်ထွက်လိုက်တယ် အဲဒီလိုမထွက်ခင်မှာ စကားတော့ နည်းနည်းထိုင်ပြီး ပြောပုံရတယ်၊ ဘာကြောင့်လဲဆိုတော့ ဟောဟိုကုလားထိုင်မှာ ရွှံ့အနီတွေပေနေတယ်၊ အဲဒီရွှံ့အနီဟာ ကင်းပတ်ဖိနပ်သမားရဲ့ ရွှံ့အနီတွေဘဲ၊ ကင်းပတ်ဖိနပ်သမားဟာ ဒီလမ်းကို မရောက်ဖူးတော့လမ်းကို မှန်းစမ်းပြီးလာရတာမဟုတ်လား၊ အဲဒီတော့ ဖင်ထိုင်လျက်လဲကျခဲ့သေးတယ်လေ။ ဒါကြောင့် သူ့ဖင်မှာ ရွှံ့အနီတွေ ပေလာတယ်၊ သူက ဒီခုံမှာထိုင်သွားတော့ သူ့ဖင်ကရွှံ့အနီတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ခုံမှာရှိနေတယ်၊ ပြီးတော့ ကျုပ်စောစောကပြောခဲ့သလိုပဲ ကင်းပတ်ဖိနပ်သမားက အခန်းတံခါးဆီကို ထွက်သွားတယ်၊ အဲဒီအခါမှာ လူထွားကြီးက စောစောက ဓားကောက်ကြီးနဲ့ နောက်ကနေပြီး တအားခုတ်ချလိုက်တာ၊ အဲဒီဓားဟာ ကင်းပတ်သမားကို မထိဘူး၊ တံခါးမှာသွားပြီး စူးဝင်ခဲ့တယ်”

ဟုဆိုကာ တံခါးမှာ ဓားစူးဝင်ခဲ့သောနေရာကို ညွှန်ပြလေ ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် စီးကရက်ပြာကို ခြွေလိုက်ပြီးနောက် အောက်ပါအတိုင်း ပြောပြန်လေ၏။

“သေဆုံးနေတဲ့လူရဲ့ခွန်အားဗလမျိုးနဲ့ဆိုရင်တော့ ဟောဒီကျွန်းတံခါးမှာ ဓားကြီးကို ဒီလောက် စိုက်ဝင်သွားအောင် မခုတ်နိုင်ဘူး၊ ဒါဟာ ထွားကြိုင်းတဲ့လူကြီးရဲ့လက်ချက်ဖြစ်ရမယ်၊ ဒါကြောင့် အသတ်ခံရတဲ့လူနဲ့ လူထွားကြီးက တစ်တွဲ၊ ကင်းပတ်သမားက တစ်ယောက်တည်းသတ်သတ်လို့ ကျုပ် ယူဆတာဖြစ်တယ်၊ အဲဒီလို လူထွားကြီးက ဓားနဲ့ ခုတ်လိုက်တဲ့အခါမှာသူ့ဓားဟာ ကင်းပတ်ဖိနပ်သမားကို မထိဘဲ တံခါးကို သွားပြီးခုတ်မိတယ်၊ ဓားဟာ တံခါးမှာ စိုက်ပြီး အလွယ်တကူ ပြန်နှုတ်လို့မရတဲ့အဖြစ်မျိုး ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ အဲဒီအခါမှာ ကင်းပတ်ဖိနပ်သမားက ကျုပ် အထင်ပြောရရင် တံတောင်နဲ့တွက်တာဗျ။ ဒီနေရာမျိုးမှာ လူချင်းကပ်နေလေတော့ လက်သီးကို အသုံးပြုလို့မရဘူး၊ တကယ်တိုက်ခိုက်တတ်တဲ့လူဆိုရင်လည်း လက်သီးကို သုံးမယ်မဟုတ်ဘူး၊ ဒီအကွက်မျိုးဟာ တံတောင်ဟာ အကောင်းဆုံးဘဲ၊ အဲဒီလို တံတောင်နဲ့တွက်လိုက်တော့ လူထွားကြီးဟာ လည်ထွက်သွားမယ်၊ ဒါပေမယ့် ဘာမှ ပြန်လုပ်တာ မတွေ့ဘူး၊ လူထွားကြီးရဲ့ခြေရာဟာ ဟိုး ဘက်ကို ပြေးသွားတဲ့ပုံပဲပေါ်နေတယ်၊ ကင်းပတ်သမားက တံတောင်နဲ့တွက်တယ်ထားဦး၊ သူဟာ လက်ပြန်တစ်ချက် တော့ ပြန်ရိုက်ဖို့ကောင်းတယ်၊ ဒါပေမယ့် သူ့ခြေရာက ဟိုဘက်ကိုလည်ထွက်သွားတဲ့ ခြေရာမျိုး ဖြစ်နေတယ် ကျုပ်ထင်တာတော့ ဒီကောင်ကြီးဟာ မျက်လုံးတစ်ဖက် မကောင်းဘူး၊ အဲဒီ မကောင်းတဲ့မျက်လုံးဘက်ကို သူ့ရန်သူ ဟာရောက်သွားရင် သူဟာ ရန်သူကို မတွေ့တော့ဘူး၊ ဟောဒီမှာ တွေ့လား၊ ကင်းပတ်သမားက ခြေတစ်လှမ်း တက်ပြီး သူ့နားကပ်လာတာ၊ အဲဒါဟာ နောက်တစ်ချက် တိုက်ခိုက်ဖို့ ကပ်လာတာဘဲ၊ ဒီနေရာ ဒီအကွက်မျိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



လက်သီးကို အသုံးပြုလိမ့်မယ်ထင်တယ်၊ လူထွားကြီး ကလည်း ကုလားထိုင်တစ်လုံးကို ဆွဲမ,လိုက်ပြီး ဖြစ်နေပြီ၊ ဟောဟိုကုလားထိုင်ဟာ လူထွားကြီးအသုံးပြုတဲ့ ကုလားထိုင်ပဲ”

ဟု ဆိုကာ ဖောက်ထိုးမိုးမျှော်ဖြစ်နေသော ကုလားထိုင် တစ်လုံးကို ညွှန်ပြလေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် စီးကရက်ကိုရှိုက်ဖွာလိုက်ပြီးလျှင် အောက်ပါအတိုင်း ဆက်လက်ပြောပြန်လေ၏။

“လူထွားကြီးက ကုလားထိုင်နဲ့ ရိုက်မယ်၊ ကင်းပတ်ဖိနပ်သမားက လူထွားကြီးရဲ့ မကောင်းတဲ့မျက်လုံးဘက်က နေပြီး လူထွားကြီးအနီးကိုတိုးပြီး မျက်နှာကိုလက်သီးနဲ့ ထိုးလိမ့်မယ်၊ အဲဒီ လက်သီးထိုးချက်ဟာ လူထွားကြီးရဲ့ ကောင်းတဲ့မျက်လုံးတစ်လုံးကို ထိသွားလိမ့်မယ်၊ အဲဒီအခါမှာ လူထွားကြီးဟာ အောက်ကိုဆင်းပြေးတာ၊ ဒါပေမယ့် မျက်စိကမမြင်လေတော့ ဟိုအခန်းထဲကို မှားပြီး ဝင်သွားတာ၊ မျက်နှာကိုလက်သီးနဲ့ထိုးမိရုံနဲ့ ထွက်ပြေးမယ့်လူစားမျိုးဟာ ဒီနေရာမျိုးမှာ ဒီလိုတိုက်ပွဲမျိုး လာပြီးမတိုက်ဘူး၊ ဒါပေမယ့် လူထွားကြီး ထွက်ပြေးခဲ့တာလည်း အမှန်ဘဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူရဲ့ခြေရာတွေက သက်သေခံနေတယ်၊ အဲဒီလို ဘာကြောင့်ထွက်ပြေးရသလဲဆိုတော့ သူဟာ မျက်လုံးတစ်လုံးပဲရှိတဲ့လူဖြစ်တယ်၊ အဲဒီတစ်လုံးကို ထိခိုက်သွားတဲ့အခါမှာ ဒီတိုက်ပွဲမှာ သူဟာ အသုံးမဝင်တော့ဘူးလို့ နားလည်သွားလို့ပဲ၊ ပြီးတော့ သူဟာ နောက်ဖေးဘက်ကနေဆင်းပြီး ပြေးတော့တာဘဲ၊ အဲဒီအချိန်မှာ အသတ်ခံရတဲ့လူက ကင်းပတ်ဖိနပ်သမားကို ဓားမြှောင်နဲ့ ဝင်ပြီးထိုးမယ် ကင်းပတ်ဖိနပ်သမားက ရှောင်တိမ်းမယ်၊ ပြီးတော့ တံခါးမှာစိုက်နေတဲ့ ဓားကောက်ကြီးကိုဖြုတ်ယူပြီး ဓားမြှောင်သမားကို တိုက်ခိုက်မယ်၊ ကင်းပတ်ဖိနပ်သမားဟာ ဒီနေရာကို တစ်ယောက်တည်းလာဝံ့တဲ့လူဆိုတော တော်တော့်လူ မဟုတ်ဘူး၊ သတ္တိရှိရုံတစ်ခုတည်းနဲ့လည်း မဖြစ်ဘူး၊ တိုက်စွမ်းရည်အတော်ကောင်းတဲ့လူ ဖြစ်လိမ့်မယ်၊ သူဟာ အဲဒီဓားကောက်နဲ့ သေဆုံးသူဆီကသွေးနဲ့ နံရံမှာ တိုက်ဂါးလို့ရေးခဲ့တာ၊ ဒါပေမယ့် တိုက်ဂါးဆိုတာ သူ့နာမည်မဟုတ်ဘူး၊ မျက်စိကန်းသွားတဲ့ လူထွားကြီးရဲ့နာမည်ဖြစ်တယ်၊ ဘာကြောင့် ဒီလိုပြောရသလဲဆိုတော့ ဟောဒီဓားကောက်မှာကြည့်စမ်း၊ မီးနဲ့ထွင်းထားတဲ့ တိုက်ဂါးဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စာလုံးကိုတွေ့တယ်မဟုတ်လား၊ ဒီခြေရာဟာ ကင်းပတ်ဖိနပ်သမားရဲ့ ခြေရာမှမဟုတ်ဘဲ၊ လူထွားကြီးရဲ့ခြေရာ မဟုတ်လား၊ ဘာကြောင့် ဒီစာကို ရေးသွားတယ်ဆိုတာကိုပဲ စဉ်းစားဖို့ရှိတယ်၊ အဲဒါကတော့ ကင်းပတ်ဖိနပ်သမားက သက်သက်လူလည်လုပ်သွားတဲ့ အချက်ဘဲ၊ တိုက်ဂါးကြီးဆိုတဲ့ လူထွားကြီးနဲ့ ဟောဟို သေဆုံးသူဟာ ဒီတိုက်ပျက်ကြီးထဲမှာ အတူတကွ ရှိနေကြတယ်၊ ဟိုလူက သေသွားပြီ၊ တိုက်ဂါးကြီးကလည်း ထွက်ပြေးသွားပြီ၊ အဲဒီအခါမျိုးမှာ နံရံမှာ တိုက်ဂါးဆိုတဲ့စာကို သွေးနဲ့ရေးလိုက်ခြင်းဟာ ဟိုလူသေတာဟာ တိုက်ဂါးရဲ့ လက်ချက်ပဲလို့ သိစေချင်တာပါဘဲ၊ ဘယ်သူ့ကို သိစေချင်သလဲဆိုတော့ ပုလိပ်ဘက်ကိုလည်း သိစေချင်တယ်၊ သူတို့မှာလည်း ဒီနှစ်ယောက်တင် မဟုတ်သေးဘူး၊ နောက်မှာ အဖွဲ့ရှိလိမ့်ဦးမယ်၊ အဲဒီအဖွဲ့ကိုလည်း သိစေချင်တဲ့ သဘောပဲ၊ တိုက်ဂါးကြီးရဲ့လက်ချက်နဲ့ ဟိုလူသေရတယ်လို့ သူတို့အဖွဲ့ကသိရင် အဲဒီအဖွဲ့ဟာ တိုက်ဂါးကြီးကို လက်ခံလို့မဖြစ်တော့ဘူး၊ ဒီလိုဆိုရင် သူတို့အချင်းချင်းလည်း မသင့်မမြတ်တွေဖြစ်ကုန်ကြလိမ့်မယ်လို့ ကင်းပတ်



www.burmeseclassic.com

www.burmeseclassic.com



သမားက တွေးမိပုံရတယ်၊ ဒါကြောင့် နံရံမှာ တိုက်ဂါးလို့ သွေးနဲ့ရေးခဲ့တာပဲ”

ဟု ရှည်လျားစွာ ရှင်းပြလိုက်လေ၏။

ထိုအခါ ရွှေသွားကိုအောင်မြင့်က. .

“ကိုနှင်းမောင်ပြောလိုက်ပုံက ညကအဖြစ်အပျက်ကို ထိုင်ပြီးကြည့်နေတဲ့အတိုင်းပါပဲလားဗျာ”

ဟု ဆိုလေ၏။

“ကျုပ်ပြောတာအားလုံး အတိအကျ မှန်ပါလိမ့်မယ်၊ မကြာခင်မှာ လူသတ်မှုတွေ လူသေမှုတွေ ဆက်ပြီး ပေါ်ပေါက်လာပါလိမ့်မယ်၊ အဲဒီလို ပေါ်ပေါက်ပြီးမှလည်း ဒီအမှုကြီးဟာ ပေါ်လိမ့်မယ်”

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထိုအချိန်မှာပင် ခြံရှေ့သို့ မော်တော်ကားတစ်စီး ဆိုက်ရောက်လာသဖြင့် ကြည့်လိုက်ရာ ကားပေါ်မှ စုံထောက်မင်းကြီး မစ္စတာကရစ်ပင် ဆင်းလာသည်ကို တွေ့ရလေတော့၏။

ထို့ကြောင့် လက်ဝါးဦးကိုကိုကြီးက.

“မင်းကြီးတော့ လိုက်လာပြီဗျို့”

ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် အပေါ်ထပ်သို့တက်လာပြီးလျှင် ကျွန်ုပ်တို့အား. .

"လူကလေးတို့၊ ဒီအလောင်းကောင်ကြီးမှာ ယင်ကောင်တွေလို ဝိုင်းအုံမနေကြနဲ့ဦး၊ မလ္လကုန်းဘူတာနားမှာ လူတစ်ယောက် ရထားအကြိတ်ခံပြီး သေနေတယ်လို့ စီအိုင်ဒီကို အကြောင်းကြားတယ်၊ အဲဒီလူဟာ မတော်တဆ ရထားကြိတ်ခံရတာမဟုတ်ဘူး၊ သူ့ကိုယ်မှာ နွယ်ကြိုးတွေ ချည်နှောင်ထားတာ တွေ့ရတယ်၊ တစ်ယောက်ယောက်က ကြိုးနဲ့တုပ်ပြီး ရထားလမ်းမှာ လာပြီးချထားတာဖြစ်တယ်လို့ တာမွေဂါတ်က ကျွန်ုပ်တို့စီအိုင်ဒီကို အကြောင်းကြားတယ်၊ လိုက်ပြီးကြည့်ကြပါဦး"

ဟု ပြောလေတော့၏။

ထို့ကြောင့် ကျွန်ုပ်တို့လည်း ဘောက်ထော်တိုက်ပျက်ကြီးမှနေ၍ မလ္လကုန်းဘူတာအနီး ရထားတိုက်ခံရသည်ဆိုသော နေရာဆီသို့ မော်တော်ကားများဖြင့် သွားရောက်ကြည့်ရှုကြရလေတော့၏။

ကျွန်ုပ်တို့ရောက်ရှိချိန်၌မူ ရထားကြိတ်ခံရသောနေရာ၌ လူများသည် ပွဲတမျှ စည်ကားနေလေ၏။

ထိုလူများအား ပုလိပ်တစ်ဦးက မောင်းထုတ်ပစ်နေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ကားများပေါ်မှဆင်းကာ ရထားအကြိတ်ခံရသည့် အလောင်းအား သွားရောက်ကြည့်ရှုကြလေ၏။

အလောင်းမှာ သုံးပိုင်းပိုင်း၍နေ၏။ ရထားသည် ထိုလူအား ကန့်လန့်ဖြတ်၍ကြိတ်သွားလေဟန်ရှိ၏။ ရထားကြိတ်ခံရသောလူမှာ လွန်စွာထွားကျိုင်းသော လူကြီးတစ်ဦးဖြစ်ကြောင်းတွေ့ရလေ၏။

၎င်း၏လက်နှစ်ဘက်ကိုလည်း နွယ်ကြိုးများဖြင့် လက်ပြန် တုပ်နှောင်ထားသည်ကို တွေ့ရလေ၏။ ထိုလူကြီး၏လက်ဖျံ၌မူ (The Viking) 'သီဗိုက်ကင်း' ဟု ရေးထားသောစာတန်းနှင့်အတူ အရိုးခေါင်းပုံ ဆေးမင်ထိုးထားသည်ကို တွေ့ရလေ၏။

ဆားပုလင်းနှင်းမောင်သည် ထိုလူကြီး၏ ရင်ဘတ်မှ အင်္ကျီ ကြယ်သီးကို ဖြုတ်၍ လှန်လိုက်ရာ ရင်ဘတ်ပေါ်၌လည်း တိုက်ဂါး ဟူသည့်စာတန်းကြီး ထိုးထားသည်ကို တွေ့ရလေ၏။

ဟောက်ပက်ကြီးဖြစ်နေသောမျက်လုံးမှာ အခုမှဖြစ်သည့် လက္ခဏာမျိုးမဟုတ်ပေ။ နဂိုကပင် မျက်လုံးတစ်ဖက်ကန်းဖြစ်ကြောင်း သိသာပေ၏။ ကိုစိန်လှ၊ ကိုတင်ဝင်း၊ ကိုအောင်မြင့်နှင့် မောင်မျိုးအောင် တို့သည် ကျွန်ုပ်ကဲ့သို့ပင် အလောင်းကြီးအားကြည့်ရှုပြီးနောက် ဘောက် ထော်တိုက်ပျက်ကြီးအတွင်း၌ ဆားပုလင်းနှင်းမောင်ပြောခဲ့သော စကား များသည် အတိအကျမှန်ကန်လျက်ရှိကြောင်း ဝန်ခံကြရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ် ထုတ်ယူ မီးညှိရှိုက်ဖွာပြီးနောက် နွယ်ကြိုးများနှင့် တုပ်နှောင်ထားသော အလောင်းကြီး၏ လက်များကိုကြည့်ရှုလေ၏။

ထို့နောက်. .

"ဒီသေတဲ့လူကြီးဟာ ပင်လယ်ဓားပြကြီးတစ်ယောက် ဖြစ်တယ်၊ သူ့ကိုသတ်တဲ့ ကင်းပတ်ဖိနပ်သမားကတော့ အတော့်ကို တော်တဲ့လူဘဲ၊ နွယ်ကြိုးကိုအသုံးပြုပြီး လက်ပြန်ကြိုးတုပ်ထားပုံများ ကျုပ်တို့ပုလိပ်ဘက်ကတောင် အတုယူဖို့ကောင်းတယ်ဗျာ၊ လက်ကကြိုးကို လည်ပင်းနဲ့ ဆက်ပြီးထားတယ်၊ အားစိုက်ပြီး ရုန်းလိုက်တိုင်း လည်ပင်းက ကြိုးကွင်းဟာ တင်းတင်းပြီးသွားအောင်စီမံထားပုံများ ကောင်းလှသဗျာ၊ ဒီလူသတ်သမားဟာ နှယ်နှယ်ရရလူ မဟုတ်ဘူး၊ ဘာကိုလုပ်လုပ် စေ့စေ့စပ်စပ်နဲ့ ကျွမ်းကျွမ်းကျင်ကျင်ရှိပုံရတယ်၊ ပိုင်မှလုပ်တဲ့သဘောဘဲ၊ ဒါကြောင့် ဒီအမှုဟာ တစ်ခြားအမှုတွေလို လွယ်လွယ်ကူကူနဲ့ တရားခံကို လက်ထိတ်ခတ်နိုင်ဖို့ မလွယ်ဘူး"

ဟု ပြောလိုက်ပြီးနောက် စီးကရက်ကိုပြာခြွေလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရွှေသွားကိုအောင်မြင့်က မအူမလည် စုံထောက်ကလေးဘက်သို့လှည့်ကာ. .

"ဆရာကိုမျိုးအောင်လေး. . ဟောဒီ ရထားကြိတ်ပြီး သေဆုံးတဲ့ တိုက်ဂါးဟာ ဘောက်ထော်တိုက်ပျက်ကြီး ထဲကနေပြီး ဟောဒီရထားလမ်းကို ဘယ်လိုဘယ်ပုံ ရောက်လာတယ်ဆိုတာ စဉ်းစားလို့ရရင် ရှင်းပြစမ်းပါဦး ဆရာလေးရယ်"

ဟုပြောလိုက်ရာ မောင်မျိုးအောင်လေးက. . .

"ရှင်းနေတာဘဲ ဦးအောင်မြင့်ရယ်၊ ဒီတိုက်ဂါးကြီးဟာ ကင်းပတ်ဖိနပ်သမားနဲ့ ဘောက်ထော်တိုက်ပျက်ကြီးထဲမှာ သတ်ပုတ်ကြတယ်လေ၊ အဲဒီမှာ သူ့မျက်လုံးကို ထိသွားလေတော့ သူကထွက်ပြေးတယ်မဟုတ်လား၊ အဲဒီလို ထွက်ပြေးလာတာ ပြေးမိပြေးရာပြေးရင်းနဲ့ ဒီနေရာကို ရောက်လာတာပေါ့ ဦးအောင်မြင့်ရယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ ရွှေသွားကိုအောင်မြင့်က. .

"ဒီလို ထွက်ပြေးလာတာတော့ ဟုတ်ပါပြီ ဆရာလေးရယ်၊ ဟဲ. . ဟဲ. . အဲဒီလို ပြေးလာရင်းနဲ့ပဲ တိုက်ဂါးကြီးဟာ

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်နဲ့ သူ့လည်ပင်းကို နွယ်ကြိုးတွေနဲ့ သူဘာသာ ချည်လာတယ်လို့ ဆိုရမှာပေါ့နော်”

ဟု ကရော်ကမည်ပြောလိုက်ရာ ကျွန်ုပ်တို့အားလုံးသည် ဝါးခနဲ ရယ်မောကြလေတော့၏။ ထိုအခါ၌ ရွှေသွားကိုအောင်မြင့်က. .

“ဒီလိုအတွေးအခေါ်မျိုးနဲ့ဆိုရင် စီအိုင်ဒီမှာ နာမည်ကြီး ဖို့ သေချာပေါ့ဗျာ”

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ လက်ဝါးဦးကိုကိုကြီးက. .

“ဆရာလေး မောင်မျိုးအောင်ရေ. .၊ အန်ကယ် တစ်ခု ပြောမယ်ကွာ၊ မောင်ရင်ဟာ အသက်ငယ်ငယ်လေးရှိပါ သေးတယ်၊ ရှေ့ကိုလည်း ကြီးပွားနိုင်ပါတယ်၊ ဒါပေမယ့် တစ်ခု သတိထားဖို့ကတော့ မတူရင် မတုရဘူးကွ၊ အဲဒီ စိတ်ဓာတ်ဟာ ဣဿမှုတစ်မျိုးဘဲ၊ ဘယ်လောက်တောင် မကောင်းသလဲဆိုရင် မဂ်ဖိုကိုတောင် တားနိုင်တယ်ကွယ့်၊ ကိုယ့်ဟာကိုယ်လည်း ဘဝင်မမြင့်နဲ့၊ သူများမြှောက်ပေးလို့ လည်း ဘဝင်မမြင့်နဲ့၊ ထူးချွန်တယ်ဆိုတာ ကြိုးစားလို့ချည်း ရတာမဟုတ်ဘူး၊ ပါရမီနဲ့လည်း ဆိုင်သေးတယ်ကွယ့်”

ဟုပြောလိုက်လျှင် မအူမလည်စုံထောက်ကလေးသည် ငြိမ်၍ သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဆားပုလင်းနှင်းမောင်သည် အလောင်းကြီးအား နောက်ဆုံးအကြိမ် သေချာစွာကြည့်ရှုပြီးနောက် ကျွန်ုပ်ဘက်သို့လှည့်ကာ. .

"ကဲ. . အိုင်ပီရေ သွားကြစို့"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ၎င်းနှင့်အတူ ထိုနေရာမှ ထွက်ခဲ့လေတော့၏။ ကျွန်ုပ်သည် ကားကိုမောင်း၍ ဆားပုလင်းနှင်းမောင်က ကျွန်ုပ်၏နံဘေးမှထိုင်ကာ လိုက်ပါလာခဲ့လေ၏။

"ဘယ်ကိုမောင်းရမလဲ အိုင်ဆေး"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဆားပုလင်းနှင်းမောင်က. . .

"ဘရာမင် ထမင်းဆိုင်မှာ ထမင်းစားမယ်ဆိုဗျ"

ဟုပြောသဖြင့် ကျွန်ုပ်သည် ကားကို ဘရာမင်ထမင်းဆိုင်ဆီသို့ မောင်းနှင်ရလေတော့၏။ လမ်းတွင် ဆားပုလင်းနှင်းမောင်သည် ၎င်း၏ဘောင်းဘီအိတ်အတွင်းမှ စီးကရက်တိုကလေးတစ်တိုကိုထုတ်၍ ကျွန်ုပ်လက်သို့ပေးရင်း. . .

"လူသတ်သမားကို ဖမ်းဖို့ဆိုတာ မလွယ်လှဘူးဗျ၊ အဲဒါ သူသောက်ခဲ့တဲ့ဆေးလိပ်ပဲ၊ ခြံအဝင်အဝနားမှာ တွေ့ခဲ့တာ၊ အသတ်ခံရတဲ့လူနဲ့ တိုက်ဂါးကြီးက ဒါမျိုးမသောက်ကြဘူး၊ သူတို့သောက်တဲ့ စီးကရက်တိုသုံးလေးငါးတိုကို



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ တွေ့ခဲ့တယ်၊ ဒါက ကင်းပတ်ဖိနပ်စီးထားတဲ့ လူသတ်သမားရဲ့ဟာဗျ”

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

“ဒါလည်း စီးကရက်တို မဟုတ်လား”

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဆားပုလင်းနှင်းမောင်က. .

“သေသေချာချာကြည့်စမ်းပါဦး အိုင်ပီရဲ့၊ ဘယ်ကလာ စီးကရက်တို ဟုတ်ရမှာတုံး၊ ပွတ်ချွန်းလို့ခေါ်တယ်ဗျ၊ စက္ကူစကလေးထဲကို ဆေးစာနည်းနည်းထည့်ပြီး ကိုယ့်ဟာကိုယ်လိပ်သောက်တဲ့ ဆေးလိပ်မျိုးဗျ၊ သောက်နေကျလူဆိုရင် ပွတ်ချွန်းလိပ်တာ သိပ်ပြီးကျွမ်းကျင်ကြတယ်၊ တချို့များဆိုရင် လမ်းသွားရင်းနဲ့တောင် လိပ်တတ်ကြတယ်ဗျ”

ဟု ပြောလိုက်လေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့နှစ်ဦးသည် ဘရာမင်ထမင်းဆိုင်သို့ ရောက်ရှိခဲ့ကြလေတော့၏။ ကျွန်ုပ်သည် ထမင်းနှစ်ပွဲမှာလေ၏။ ဆိုင်မှ ထမင်းနှစ်ပွဲလာမချမီ၌ပင် ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်ကို ပေးထားသော ပွတ်ချွန်းစီးကရက်တိုကို ပြန်လည်တောင်းယူ၍ ဖြေလိုက်ပြီးလျှင် ဆေးစာများကို စားပွဲပေါ်သို့ သွန်ချလေ၏။ ထို့နောက် ပွတ်ချွန်း



www.burmeseclassic.com

www.burmeseclassic.com



လိပ်ထားသောစက္ကူစကလေး၏အတွင်းဘက်မှ စာများကိုတွေ့သဖြင့် ဖတ်ရှုကြည့်ပြီးလျှင်. .

"အိုင်ပီရေ. . ထမင်းမြန်မြန်စားဖို့၊ ဟောဒီ သဲလွန်စ ဟာ တော်တော့်ကို အဖိုးတန်တဲ့သဲလွန်စပဲ"

ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ထိုစက္ကူကို ဆွဲယူကြည့်ရာ ပြည်တော်ပြန်စက်လှေလက်မှတ်တစ်စောင်၏ အပိုင်းအစများဖြစ်ကြောင်း တွေ့ရသည့်ပြင် ရက်စွဲမှာလည်း ယမန်နေ့ နေ့စွဲဖြစ်ကြောင်း တွေ့ရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ဆိုစမ်းပါဦး ကိုနှင်းမောင်ရယ်"

ဟု မေးလိုက်မိလေ၏။

"ဒီလိုလေ အိုင်ပီရဲ့. .၊ ဒီစက်လှေကိုစီးဖို့လက်မှတ်ဟာ အဟောင်းမဟုတ်ဘူးဗျ၊ မနေ့ကထွက်တဲ့ စက်လှေလက်မှတ်ကြီး၊ ဒီအချက်ဟာ ဘာကိုပြသလဲဆိုတော့ စက်လှေနဲ့လိုက်မလိုလုပ်ပြီးမှ မလိုက်ဖြစ်ဘဲ ကျန်နေတဲ့သဘော ပဲ၊ အဲဒါက လူသတ်မှုအတွက် ကြိုတင်ကြံစည်ထားတာ မဟုတ်ဘူးလို့ ဖော်ပြနေတဲ့အချက်ပဲ၊ ဒီလူဟာ စက်လှေနဲ့ လိုက်မလိုလုပ်ပြီးမှ တစ်စုံတစ်ယောက်ဟာ သူ့ကို သတင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလာပေးမယ်ဗျ၊ အဲဒီအခါမှာ ဒီလူဟာ စက်လှေနဲ့ မလိုက်တော့ဘဲ တိုက်ဂါးကြီးတို့ရှိတဲ့နေရာကိုသွားပြီး တိုက်ခိုက်တာဖြစ်တယ်ဗျ၊ အဲဒီတော့ လူသတ်သမားဟာ တိုက်ဂါးကြီးတို့ရှိတဲ့နေရာကို မူလက သိဟန်မတူဘူး၊ သတင်းလာပေးတဲ့လူရှိလို့သာ အဲဒီနေရာကို သိသွားပုံရတယ်၊ တိုက်ဂါးကြီးတို့ကလည်း ဘောက်ထော်တိုက်ပျက်ကြီးနေရာမှာ ပုန်းအောင်းနေတဲ့လက္ခဏာမျိုးတော့ မဟုတ်ဘူးဗျ၊ ပုန်းအောင်းနေတယ်ဆိုရင် သူတို့စားတဲ့ စားကြွင်းစားကျန်တွေ ရှိရမယ်၊ ဒါမှမဟုတ်ရင်လည်း ချက်ပြုတ်စားသောက်တဲ့ အိုးခွက်ပန်းကန်တွေရှိရမယ်၊ ဒီလို မရှိဘူးဆိုတော့ သူတို့ဟာလည်း တစ်ယောက်ယောက်ကို ချိန်းပြီး စောင့်နေတာ ဖြစ်လိမ့်မယ်၊ အဲဒီချိန်းတဲ့လူဟာ ကင်းပတ်ဖိနပ်သမား မဖြစ်နိုင်ဘူး။ သူဟာ ချိန်းထားတဲ့ဆီကိုလာဖို့ အစီအစဉ်ရှိတဲ့ လူတစ်ယောက်ဆိုရင် စက်လှေလက်မှတ် ဝယ်စရာမလိုဘူး၊ အခုတော့ ကင်းပတ်သမားဟာ စက်လှေလက်မှတ်ဝယ်ပြီးကာမှ တစ်စုံတစ်ယောက်က လာပြီးပြောလို့ စက်လှေနဲ့မလိုက်ဖြစ်တော့တာ။ ဒီအချက်ဟာ ဘာကိုပြသလဲဆိုရင် တိုက်ဂါးကြီးတို့ ချိန်း



www.burmeseclassic.com

www.burmeseclassic.com



ထားတာက တစ်ယောက်ဖြစ်ပြီး အဲဒီ ချိန်းထားတဲ့လူ အစား ကင်းပတ်ဖိနပ်က တိုက်ဂါးကြီးတို့နဲ့ သွားတွေ့တာ ဖြစ်လိမ့်မယ်”

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်ရာ ကျွန်ုပ်က. .

“ခင်ဗျားစဉ်းစားလိုက်ပုံများ အကွက်ကိုစေ့နေတာပဲ ကိုနှင်းမောင်ရာ”

ဟု ပြောလိုက်မိလေတော့၏။ ဆားပုလင်းနှင်းမောင်သည် အောက်ပါအတိုင်း ဆက်လက်၍ ပြောပြန်လေ၏။

“တိုက်ဂါးကြီးတို့ဟာ လူဆိုးတွေဖြစ်တယ်ဗျ၊ သူတို့ချိန်း ထားတဲ့လူအစား ကြားကလူတစ်ယောက်က တွေ့ဖို့ဆို တာ လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ အချိန်းအချက်စကားတွေ စကားဝှက်တွေနဲ့ စီစဉ်ထားမှာပဲဗျ၊ အဲဒါကို ကင်းပတ် ဖိနပ်သမားနဲ့လူက ရအောင်ဝင်တွေ့သွားတယ်ဆိုတာ တိုက်ဂါးကြီးတို့ရဲ့ အချိန်းအချက်စကားဝှက်စကားကို ဘယ်သူ့ဆီကရနိုင်သလဲဆိုတော့ လာပြီးသတင်းပေးတဲ့လူ ဆီကပဲ ရနိုင်တာပေါ့ဗျာ၊ အဲဒီတော့ စဉ်းစားဖို့ အတော့်ကို လွယ်လာပြီဗျို့”

ဆားပုလင်းနှင်းမောင်၏ စကားဆုံးသည်နှင့်တစ်ပြိုင်နက်

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးများသည် ငှက်ပျောရွက်များနှင့် ထမင်းဟင်းများကို ကျွန်ုပ်တို့ ရှေ့တွင် လာရောက်ချပေးလေ၏။ ကျွန်ုပ်တို့နှစ်ဦးသည် မြိန်ရှက်စွာ စားသောက်ကြလေ၏။ ထို့နောက် စက်လှေကိုယ်စားလှယ်များ နေထိုင်ရာ (၁၂) လမ်းသို့သွားရောက်၍ ပြည်တော်ပြန်စက်လှေကိုယ်စားလှယ် ထံ၌ ပြည်တော်ပြန်စက်လှေကို စုံစမ်းရလေတော့၏။

"ဒီမှာ ကိုယ်စားလှယ်ကြီး၊ ခင်ဗျားတို့စက်လှေ မနေ့က ဘယ်အချိန်ထွက်သွားသလဲ"

ဟု ဆားပုလင်းနှင်းမောင်က မေးလေ၏။

"ရှစ်နာရီတိတိမှာ ထွက်ပါတယ်ခင်ဗျ"

ဟု ကိုယ်စားလှယ်ကြီးက ပြောလေ၏။

"ခင်ဗျားတို့စက်လှေမှာ လက်မှတ်ရောင်းသလား"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ရောင်းပါတယ် ခင်ဗျာ"

ဟု ကိုယ်စားလှယ်ကြီးကပြန်၍ဖြေလျှင် ဆားပုလင်းနှင်းမောင် က. .

"မနေ့က လက်မှတ်ဖြတ်ထားတဲ့လူတွေ အကုန်လုံး လိုက်ကြသလား၊ လက်မှတ်ဖြတ်ပြီးမှ မလိုက်ဘဲကျန်တဲ့လူများ ရှိသေးသလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေ၏။

"မရှိဘူးခင်ဗျ၊ အကုန်လုံးလိုက်တယ်"

ဟု ပြောလေ၏။

ထိုအချိန်၌ စက်လှေစာရေးက ဘောက်ချာစာအုပ်များ ရေးသွင်းနေရာမှ ထလာပြီးလျှင်. . .

"ကိုယ်စားလှယ်ကြီး မသိပါဘူး၊ စက်လှေထွက်ခါနီးကျကာမှ မလိုက်ဘဲ ကျန်ခဲ့တဲ့ လူတစ်ယောက်ရှိတယ်ဗျ၊ အဲဒီလူကို ကျွန်တော် သတိထားမိတယ်၊ လက်မှတ်လာဝယ်ကတည်းကိုက သတိထားမိတာပါ၊ သူတို့က နှစ်ယောက်ခင်ဗျ၊ တစ်ယောက်က မျက်စိတစ်ဖက်လပ်ဗျ၊ တစ်ယောက်တော့ ကောင်းဘွိုင်ဘိုင်စကုတ်ထဲက ကောင်းဘွိုင်မင်းသားဂိုက်မျိုးနဲ့ လူတစ်ယောက်ပဲ၊ ဖျင်ကြမ်းဘောင်းဘီ ဝတ်ထားပြီး ကင်းပတ်ဖိနပ်ဝတ်ထားတယ်၊ သူ့လက်ထဲမှာလည်း သားရေသေတ္တာ ပုပုလုံးလုံးကလေးတစ်လုံး ဆွဲထားတယ်ခင်ဗျ၊ အဲဒီလူနှစ်ယောက်ဟာ စက်လှေထွက်ခါနီးမှ စက်လှေဆီကို ရောက်လာတယ်၊ ပြီးတော့ သူတို့သုံးယောက် တိုးတိုး တိုးတိုးနဲ့ စကားပြောကြတယ်ခင်ဗျ၊ အဲဒီမှာ တစ်ခုထူးဆန်းတာကတော့ နောက်ထပ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့လူဟာလည်း မျက်စိတစ်ဖက်လပ်ပဲ ခင်ဗျ၊ ကင်းပတ်ဖိနပ်နဲ့လူက နောက်ထပ်ရောက်လာတဲ့ မျက်စိတစ်ဖက်လပ်လူနဲ့ လိုက်သွားတယ် ခင်ဗျ၊ သူ့လက်ထဲက သားရေသေတ္တာပုကလေးကိုတော့ ပထမ မျက်စိတစ်ဖက်လပ်လက်ထဲကို အပ်လိုက်တယ်၊ သေသေချာချာလည်း မှာနေပုံရတယ်၊ အဲဒီ ကင်းပတ်ဖိနပ်နဲ့လူဟာ နောက်ထပ်ရောက်လာတဲ့ မျက်စိတစ်ဖက်လပ်လူနဲ့ လိုက်သွားလိုက်တာ ပြန်ကိုမလာတော့ဘူးခင်ဗျ"

ဟု ပြောပြလေ၏။

"ကျေးဇူးတင်ဖို့သိပ်ကောင်းတဲ့ စာရေးကြီးပဲ၊ ကျုပ်သိချင်တာတွေ သိရတယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြော၍ ပြန်ခဲ့လေတော့၏။

ထို့နောက် ဆားပုလင်းနှင်းမောင်က ကြေးနန်းရုံးသို့ ဝင်ချင်သည်ဟုဆိုသဖြင့် ကျွန်ုပ်လည်း ကြေးနန်းရုံးသို့ လိုက်၍ပို့ရလေ၏။ ကြေးနန်းရုံးသို့ရောက်လျှင် ဆားပုလင်းနှင်းမောင်က မြိတ်မြို့ဂါတ်သို့လည်းကောင်း၊ ထားဝယ်ဂါတ်သို့လည်းကောင်း၊ ပြည်တော်ပြန်စက်လှေဆိုက်ကပ်လာလျှင် သားရေသေတ္တာကလေးတစ်လုံးကို ကိုင်ဆောင်လာသော မျက်စိတစ်ဖက်လပ်နှင့်လူတစ်ယောက်အား ဖမ်းဆီးထားရန်



www.burmeseclassic.com

www.burmeseclassic.com



သံကြိုးရိုက်လိုက်လေတော့၏။ ထို့နောက် ကျွန်ုပ်တို့သည် ကြေးနန်းရုံးမှ ထွက်လာခဲ့ကြလေတော့၏။ လမ်းတွင် ကျွန်ုပ်က. . .

"အိုင်ဆေး ဘယ်ကိုပို့ရဦးမလဲ"

ဟုမေးရာ ဆားပုလင်းနှင်းမောင်က. . .

"၂၉၅၊ ဘိုးလိန်းလမ်းကိုပဲပို့ဗျာ"

ဟုဆိုသဖြင့် ကျွန်ုပ်လည်း ကိုနှင်းမောင်ကို ပို့ပေးရလေ၏။ ဆားပုလင်းနှင်းမောင်က ကားပေါ်မှဆင်းကာ. . .

"နက်ဖြန်မနက်မှတွေ့ကြတာပေါ့ဗျာ"

ဟု ပြောဆိုနှုတ်ဆက်လိုက်သဖြင့် ကျွန်ုပ်လည်း မဆင်းတော့ပဲ စီအိုင်ဒီသို့ ပြန်ခဲ့လေတော့၏။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နောက်ထပ်လူသတ်မှုတွေပေါ်ပြန်ပြီ

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်သည် အင်းစိန်စီအိုင်ဒီသို့ လာခဲ့ရာ စီအိုင်ဒီရုံးသို့ရောက်လျှင်ရောက်ချင်း စုံထောက်များ စုရုံးစုရုံး ဖြစ်နေသည်ကိုတွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"လူစုံပြီ. .။ ဟောဟိုမှာ ဦးအောင်သင်းလည်းရောက်ပြီ။ သွားကြစို့"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ဘယ်ကိုလဲဗျ"

ဟုမေးလိုက်ရာ ဦးကိုကိုကြီးက. .

"ညက သဃ်န်းကျွန်းမှာ လူသတ်မှုစုံနေတာပဲဗျာ။ ဖြစ်ပြန်ပြီဗျို့။ အိမ်ကြီးတစ်လုံး မီးလောင်တယ်။ လူသုံးယောက် သေတယ်။ တစ်ယောက်က ဓားခုတ်ခံရပြီး သေတာ။ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ရင်ဘတ်မှာ လှုံကြီးတန်းလန်းနဲ့။ တစ်ယောက်ကတော့ မီးလောင်ပြီးသေတာဗျို့”

ဟု ပြောလေ၏။

“သယ်န်းကျွန်းက အကျယ်ကြီးပဲဗျ။ ဘယ်နားမှာ ဖြစ်တာလဲ”

ဟု ကျွန်ုပ်ကမေးရာ . .

“ဘူတာနဲ့ သိပ်မဝေးဘူးဆိုပဲဗျ”

ဟု ဦးကိုကိုကြီးက ပြန်၍ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ကားများဖြင့် အခင်းဖြစ်ပွားရာ သယ်န်းကျွန်းဘူတာအနီး အိမ်မည်းကြီးဆီသို့ ထွက်ခဲ့ကြလေ၏။ ကျွန်ုပ်သည် ဆားပုလင်းနှင်းမောင်အား ဝင်၍ခေါ်ရန်အတွက် ၂၉၅၊ ဘိုးလိန်းလမ်းသို့ ဝင်ခဲ့လေ၏။ သို့ရာတွင် ဆားပုလင်းနှင်းမောင်၏ အိမ်ခန်းမှာ သော့ပိတ်ထားသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် သယ်န်းကျွန်းသို့ မော်တော်ကားကို ဆက်လက်မောင်းနှင်ခဲ့ရလေတော့၏။

အခင်းဖြစ်ပွားရာ အိမ်မည်းကြီးဆီရောက်သောအခါ၌ သယ်န်းကျွန်းမှ ရာဇဝတ်အုပ် ကိုခင်မြင့်ကို တွေ့ရလေ၏။ အိမ်ဘေးပတ်ပတ်လည်၌လည်း မိမိတို့နှင့်မဆိုင်ပါပဲလျက် လာရောက်ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



အားပေးကြကုန်သော ရွှေပွဲလာပရိသတ်ကြီးမှာ စည်ကားလွန်းသဖြင့် ကျွန်ုပ်က ရာဇဝတ်အုပ် ကိုခင်မြင့်အား. . .

"ကြည့်လည်း လုပ်ပါဦးဗျာ။ လူတွေက များလှချည်လား"

ဟု ပြောလိုက်မိရာ လက်ဝါးဦးကိုကိုကြီးက. .

"အဲဒါ ရုံသွင်းပြရင် မီးလောင်သွားတဲ့အိမ်ကြီးမျိုး သုံးလုံးလောက် ထပ်ပြီးဆောက်နိုင်တယ်ဗျ"

ဟု ဝင်၍ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ခြံတွင်းသို့ဝင်လိုက်ရာ မီးလောင်ထားသောအိမ်ကြီး၏ လှေကားအနီး၌ ဓားခုတ်ခံရ၍သေဆုံးနေသော လူတစ်ယောက်၏အလောင်းကို တွေ့ရလေ၏။ ထို့ပြင် ကျွန်ုပ်တို့သွားခေါ်စဉ်က အိမ်၌ မတွေ့ခဲ့သော ဆားပုလင်းနှင်းမောင်သည် ဤအိမ်မည်းကြီးသို့ ရောက်ရှိနေပြီဖြစ်၏။ ဆားပုလင်းနှင်းမောင်သည် ထိုလူသေအလောင်းကို ဉာဏ်ခါစဇနီးအားကြည့်သကဲ့သို့ တစိမ့်စိမ့်ကြည့်နေလေ၏။

ကျွန်ုပ်လည်း ထိုအလောင်းကို ငုံ့၍ကြည့်လိုက်ရာ လည်ပင်း၌ ဓားခုတ်ခံရ၍ သေဆုံးနေကြောင်း တွေ့ရလေ၏။ တစ်ခု ထူးဆန်းသည်မှာ ထိုသေဆုံးနေသူသည်လည်း မျက်စိတစ်ဖက်လပ်တစ်ဦးဖြစ်နေခြင်းပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုင်ဆေး ဘယ်လိုလဲဗျ။ ဒီမှာလည်း တစ်ဖက်လပ်တစ်ယောက် တွေ့နေပြန်ပြီ"

ဟု ကျွန်ုပ်အား ဦးကိုကိုကြီးက မေးလိုက်လေ၏။

"ဦးကိုကိုကြီးရေ။ ဒီအမှုမှာတော့ ငရမန်ကန်းတွေချည်း သရုပ်ဆောင်နေတာဗျ"

ဟု ကျွန်ုပ်က ပြောလိုက်မိလေ၏။

ဆားပုလင်းနှင်းမောင်သည် အလောင်းကြီးကို ကြည့်နေရာမှ စီးကရက်တစ်လိပ်ကိုထုတ်ယူ၍ မီးညှိဖွာရှိုက်ကာ မီးခိုးများကို ကောင်းကင်ဆီသို့ မှုတ်ထုတ်ရင်း. .

"လူသတ်သမားဟာ တော်တော့်ကို ခြေမြန်လက်မြန်ရှိတဲ့ လူပဲ။ ဒီလူဟာ သင်္ဘောဆိပ်ကနေပြီး ဘောက်ထော်ကို ရောက်အောင်လာပြီးတော့ လူသတ်မှု ကျူးလွန်ခဲ့တယ်။ ဘောက်ထော်ကနေပြီး တိုက်ဂါးဆိုတဲ့ အကောင်ကြီးကို မလွှကုန်းဘူတာနားမှာ ရထားကြိတ်အောင်လုပ်ခဲ့တယ်။ တိုက်ဂါးကြီးကို နွယ်ကြိုးတွေ ဘာတွေနဲ့ တုပ်လာသေးတယ်။ အဲဒီနားတစ်ဝိုက်မှာ နွယ်ကြိုး နွယ်ပင် မရှိဘူး။ တိုက်ဂါးကြီးကိုတုပ်လာတဲ့နွယ်မျိုးဟာ ခြောက်ထပ်ကြီးနားက လျှိုကြီးထဲမှာတော့ ပေါက်လေ့ရှိတာပဲ။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်လိုက်ရင် ဘောက်ထော်ရယ်၊ ခြောက်ထပ်ကြီးနားက လှိုကြီးရယ်၊ မလွှကုန်းဘူတာအနားက ရထားလမ်းရယ်ကို သွက်သွက်ကြီး သွားလာလှုပ်ရှားနေတာ ထင်ရှားလှတယ်။ အဲဒီတော့ ခြေကျင်သွားနေရင် ဒါလောက် သွက်သွက်လက်လက် မသွားနိုင်ဘူး။ ဒါကြောင့် လူသတ်သမားဟာ မော်တော်ကားကိုရင်လည်း အသုံးပြုရမယ်။ မြင်းလှည်း. . ။ ဟင့်အင်း. . မြင်းလှည်းမဖြစ်နိုင်ဘူး။ မြင်းလှည်းဆိုရင် လူမြင်နိုင်တယ်။ အဲဒီတော့ သုံးချင်းသုံးရင် ရထားလုံးကိုသုံးလိမ့်မယ်။ လူသတ်သမားမှာ မော်တော်ကားလည်း မရှိဘူး။ ရထားလုံးလည်း မရှိဘူး။ အဲဒီတော့ ရထားလုံးဖြစ်စေ၊ မော်တော်ကားဖြစ်စေ ငှားရမယ်။ ဒါပေမယ့် လူသတ်မှုကျူးလွန်ဖို့ကိစ္စမှာ ဒီလို ငှားပြီးသုံးလို့ မဖြစ်နိုင်ဘူး။ အဲဒီတော့ မငှားဘဲ လုယူလိမ့်မယ်။ လုတယ်ဆိုရင်လည်း မော်တော်ကားထက် ရထားလုံးက လုဖို့ ပိုပြီး လွယ်တယ်။ ရထားလုံးမောင်းသမားတွေဟာ ကုလားတွေချည်း ဖြစ်တယ်။ လုရလည်း လွယ်တယ်။ မြန်မာဆိုရင် ပြန်ပြီး ခုခံရင် ခုခံနေဦးမယ်။ ပြီးတော့ မြန်မာဆီက လုရင် ဂါတ်ကိုသွားမယ်။ အဖြစ်အပျက်ကို ရေရေလည်လည်



www.burmeseclassic.com

www.burmeseclassic.com



ပြောတတ်လိမ့်မယ်။ အဲဒီလိုပြောပြလိုက်တာနဲ့ မီးခိုးကြွက်လျှောက်ပေါ်နိုင်တယ်။ အဲဒီတော့ လူသတ်သမားနေရာက စဉ်းစားကြည့်ရင် ရထားလုံးကို လုတာဟာ အကောင်းဆုံးပဲ။ ဒါကြောင့် ဂါတ်တွေကို စုံစမ်းကြည့်ရဦးမယ်။ ဘောက်ထော်က တိုက်ပျက်ကြီးအတွင်းမှာ လူသတ်မှုဖြစ်ပွားခဲ့တဲ့ညတုန်းက ရထားလုံးလုမှု တိုင်ချက်ရှိ-မရှိ. . ”

ဟု ပြောလိုက်လေ၏။

ထိုအခါ၌ ၎င်း၏အနီးတွင်ရပ်နေသော ရာဇဝတ်အုပ် ကိုခင်မြင့်က. .

“အစစ်ပေါ့. . ကိုနှင်းမောင်ရယ်။ အဲဒီညတုန်းက ရထားလုံးတစ်စီး အလုခံရတယ်ဗျ။ ရထားလုံးကုလားကို သူ့ပုဆိုးနဲ့သူ လက်ပြန်ကြိုးတုပ်ပြီး လူနှစ်ယောက်က သူ့ကိုမြောင်းထဲကန်ချခဲ့တယ်လို့ ရထားလုံးကုလားက ကျွန်တော်တို့ ဂါတ်ကိုလာပြီး တိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်လက်အောက်မှာလုပ်တဲ့ သန်းမြင့်ဆိုတဲ့ အမှုလိုက်ပုလိပ်က ပုလိပ်အရေးပိုင်တဲ့အမှုမဟုတ်ဘူးဆိုပြီး တိုင်ချက်မဖွင့်လိုက်ဘူးခင်ဗျာ။ ဒီကောင်ဟာ တာမွေဂါတ်မှာနေ

www.burmeseclassic.com

www.burmeseclassic.com



တုန်းကလည်း လူတစ်ယောက်ကို လူလေးယောက်က သံတုတ်နဲ့ဝိုင်းရိုက်တဲ့အမှုကို တရားခံဘက်က လာဘ်စားပြီး ပုလိပ်အရေးပိုင်တဲ့အမှုမဟုတ်ဆိုပြီး တိုင်ချက်မဖွင့် ဘဲ ပြန်လွှတ်လိုက်တယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အရိုက်ခံရတဲ့ဘက်က မကျေနပ်လို့ ပုလိပ်မင်းကြီးဆီတိုင်တာနဲ့ ကျွန်တော်တို့ဂါတ်ကို နယ်ပြောင်းပို့လိုက်တာ ဆရာ”

ဟု ပြောလိုက်လေ၏။

“ဒါဖြင့် အဲဒီရထားလုံးကုလားဟာ ဘယ်သူဘယ်ဝါဖြစ်တယ်၊ ရထားလုံးနံပါတ်က ဘယ်လောက်ဖြစ်တယ်ဆိုတာကို မသိနိုင်တော့ဘူးပေါ့”

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

“ဒါပေါ့ ဆရာကိုနှင်းမောင်ရယ်”

ဟု ရာဇဝတ်အုပ်ကိုခင်မြင့်က ပြောလိုက်လေ၏။

“ဒီလိုပုလိပ်မျိုးတွေ ဂါတ်မှာထားရင် ပေါ်သင့်တဲ့အမှုတွေ မပေါ်တော့ဘူးပေါ့ဗျာ။ အမှန်ကတော့ ဒီလိုတာဝန်မဲ့တဲ့ လူမျိုးကို ပုလိပ်အဖွဲ့ထဲမှာ မထားသင့်ဘူး။ တစ်ခါတည်း ထုတ်ပစ်လိုက်ဖို့ကောင်းတယ်”

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆားပုလင်းနှင်းမောင်သည် မီးလောင်ထားသော အိမ်ကြီး၏အောက်ထပ်သို့ သွားရောက်ကြည့်ရှုလေ၏။ အိမ်အောက်ထပ်တစ်ခြမ်းသည် မီးလောင်ထား၍ တစ်ခြမ်းမှာ မီးများ ဟပ်ထားသည်ကို တွေ့ရလေ၏။ မီးလောင်ထားသောဘက်တွင် လူတစ်ယောက် မီးလောင် သေဆုံးနေသည်ကိုလည်း တွေ့ရလေ၏။ ဆားပုလင်းနှင်းမောင်သည် ထို မီးလောင်ထားသည့်နေရာနှင့်ကပ်လျက်ရှိသော မီးဟပ်ထားသည့်အခန်းတွင်းသို့ ဝင်ရောက်ကြည့်ရှုရာ အခန်းတစ်ခန်းကို တွေ့ရလေ၏။ ထိုအခန်းသို့ဝင်၍ကြည့်လျှင် ဆံညှပ်တစ်ချောင်း၊ ထဘီတစ်ထည်၊ မိန်းမကိုင်ပိုက်ဆံအိတ်ကလေးတစ်လုံး၊ မိန်းမစီးသားရေဖိနပ်အဖြူလေးတစ်ရံ၊ ကော်ဖီပန်းကန်တစ်လုံးနှင့် ထမင်းပန်းကန်တစ်ချပ်ကိုတွေ့ရလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုပစ္စည်းများကို သေချာဂနစွာကြည့်ရှုပြီးနောက်. .

"ဒီအခန်းထဲမှာ မိန်းကလေးတစ်ယောက်ကို ဖမ်းလှောင်ထားတယ်ဗျ။ မိန်းကလေးက ပိန်ပိန်ပါးပါးလေး"

ဟု ပြောလိုက်လေ၏။

ထိုအခါ၌ အနီးသို့ရောက်လာသော စုံထောက်ကိုစိန်လှက. .

"ဖိနပ်ကလေးက သေးသေးကွေးကွေးဆိုတော့ ဖိနပ်ပိုင်ရှင်မိန်းကလေးဟာ သေးသေးကွေးကွေးလို့ ခန့်မှန်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါတယ်ဗျာ။ ဒါပေမယ့် ပိန်ပိန်ပါးပါးဆိုတာတော့ ဘာကိုကြည့်ပြီးပြောလိုက်တာလဲ ဆရာကိုနှင်းမောင်ရဲ့။ တစ်ဆိတ်လောက် ရှင်းပြစမ်းပါဦး”

ဟု မေးလိုက်လေ၏။

“ဒီလို ကိုစိန်လှရဲ့။ ဝဝတုတ်တုတ်မိန်းမများ စီးထားတဲ့ ဖိနပ်ဆိုရင် သူတို့ရဲ့ကိုယ်အလေးချိန်ကြောင့် ဖိနပ်ပေါ်မှာ သူတို့ရဲ့ ခြေကြောင်းရာကြီးတွေဟာ အကွင်းသား ပေါ်နေတတ်တယ်ဗျ။ တချို့ဆိုရင် အဲဒီနေရာတွေမှာ ချိုင့်ခွက်ပြီးတောင် နေတတ်တယ်။ ပိန်ပိန်ပါးပါးမိန်းမတွေစီးတဲ့ ဖိနပ်မျိုးကျတော့ ကိုယ်အလေးချိန်က ပေါ့လေတော့ အဲဒီလို ခြေထောက်ရာကြီးတွေ ချိုင့်မနေဘူး။ ထင်လည်း မထင်ဘူးဗျ။ အဲဒီတော့ ဒီဖိနပ်ကိုကြည့်စမ်းပါဦး။ တကယ့်ကို ပိန်ပိန်ပါးပါး ဖြူဖြူဖွေးဖွေး မိန်းကလေးတစ်ယောက် စီးထားတဲ့ဖိနပ်ဗျ”

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်ရာ စုံထောက်ကိုစိန်လှက. .

“ဟော. . လုပ်ပြန်ပြီ။ ပိန်ပိန်ပါးပါးဆိုတာက ရှင်းပါပြီ။ ဖြူဖြူဖွေးဖွေးဆိုတာ ဘယ်လိုလုပ် သိရပြန်တာတုံး”



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်၍မီးညှိရှိုက်ဖွာရင်း. .

"ဟောဒီမှာ. .။ သူ့ရဲ့ ပိုက်ဆံအိတ်အဖြူကလေး။ သူစီးတဲ့ဖိနပ်ကလည်း အဖြူကလေး။ တွေ့တယ်မဟုတ်လား။ အသားမည်းတဲ့မိန်းမများ ဖိနပ်အဖြူမစီးဝံ့ဘူးဗျ။ ဖိနပ်တခြား ခြေထောက်တခြား မလိုက်ဘူးမဟုတ်လား။ ပြီးတော့လည်း အသားမည်း၊ အသားညို ဖြစ်ခဲ့ရင် ပိုက်ဆံအိတ်လည်း အဖြူရောင် ကိုင်မှာမဟုတ်ဘူးဗျ။ အဲဒီတော့ ဖြူဖြူဖွေးဖွေး အသက်အစိတ်လောက်ရှိတဲ့ မိန်းကလေးလို့ ပြောရတာပေါ့ဗျာ"

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်ရာ စုံထောက်ကိုစိန်လှက. .

"ဟော. . လုပ်ပြန်ပြီ။ အသက်အစိတ်လို့ ဘယ်လိုလုပ်ပြီး ပြောနိုင်တာလဲဗျာ"

ဟု မေးလိုက်လေ၏။

"ဟောဒီမှာ ဆံညှပ်ကလေး တွေ့လို့။ ပန်းခြင်းပုံကလေးနဲ့။ ခင်ဗျား စဉ်းစားကြည့်စမ်းပါ ကိုစိန်လှ။ အသက်ကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆိုလို့ရှိရင် ဒီလိုဆံညှပ်မျိုး သုံးပါ့မလား။ အသက်ငယ်ငယ်လေးဆိုရင်လည်း ပိုက်ဆံအိတ်တွေ ဘာတွေကိုင်လေ့မရှိဘူးဗျ။ တကယ်လို့ ကိုင်ခဲ့ရင်လည်း ဒီလိုအိတ်မျိုး မကိုင်ဘူး။ လက်ထဲမှာ ဆုပ်ထားလိုက်ရင် ပျောက်သွားတတ်တဲ့ ပိုက်ဆံအိတ်သေးသေးကလေးတွေ ကိုင်လေ့ရှိတယ်ဗျ။ ဒါမျိုးက နှစ်ဆယ်-အစိတ်ရွယ် မိန်းကလေးတွေကိုင်လေ့ရှိတာဗျ။ ဟောဒီမှာ လက်ကိုင်ပဝါကလေးလည်းရှိသေးတယ်။ လက်ကိုင်ပဝါရဲ့ထောင့်မှာလည်း 'မဌူ' ဆိုတဲ့ စာလုံးကလေးကို ထိုးထားတယ်။ ဒီမိန်းကလေးကိုလူဆိုးတွေက ဖမ်းထားတာဗျ။ အဲဒါကို ကင်းပတ်ဖိနပ်နဲ့လူက သိလို့ လာပြီးကယ်တာ ဖြစ်လိမ့်မယ်။ ခြံထဲကိုဝင်လာတုန်းက ဟောဟိုမှာ သေနေတဲ့ မျက်စိတစ်ဖက်လပ်ရဲ့ခြေရာနဲ့ ခွေးတွေရဲ့ခြေရာ တွေ့ရတယ်ဗျ။ အဲဒီ မျက်စိတစ်ဖက်လပ်ကို ဒီခြံထဲကခွေးတွေက လိုက်ပြီးဆွဲတဲ့သဘောပဲ။ ဒီခြံဟာ အရှေ့ဘက်က ခြံစည်းရိုးကို အုတ်နဲ့လုပ်ထားတယ်မဟုတ်လား။ အဲဒီ အုတ်နံရံမှာလည်း ဓားခုတ်ခံရပြီးသေနေတဲ့ မျက်စိတစ်ဖက်လပ်ရဲ့ ကုတ်ဖက်တွယ်ကပ်တက်ထားတဲ့ခြေရာတွေကို တွေ့ရပြန်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သူဟာ ခြံထဲကိုကျော်ပြီးဝင်မယ်။ ခြံထဲလည်း ရောက်ကော ခွေးတွေဝိုင်းဆွဲတာနဲ့ သူ့ခမျာ နံရံကိုကျော်တက်ပြီး ပြန်ပြေးရရှာတယ်။ အဲဒီတော့ သူဟာ ဘယ်လိုလုပ်မတုံး။ အရှေ့ဘက်ကတော့ တက်လို့မဖြစ်တော့ဘူး။ နောက်ဘက်ကဝင်ဖို့ စဉ်းစားမှာပဲ။ ဒီခြံကြီးက လာတုန်းကတော့ တစ်ပတ်လုံးကို အုတ်နံရံကာထားတဲ့ ခြံကြီးမျိုးပဲဗျ။ နောက်ပိုင်းမှာ နောက်တစ်ဖက်က အုတ်နံရံတွေပျက်စီးသွားလေတော့ အုတ်နဲ့ပြန်မလုပ်တော့ဘဲ ခြောက်, ငါးမူးပြား သစ်သားတွေနဲ့ ပြန်ပြီးတော့ကာထားတယ်မဟုတ်လား။ အဲဒီတော့ မျက်စိတစ်ဖက်လပ်ဟာ ခြံရဲ့နောက်ဘက်ကိုသွားပြီး ခြံစည်းရိုးကိုမကျော်ဘဲ ဝမ်းလျားမှောက်ဝင်လို့ရတဲ့အပေါက်ကနေ ဝင်ဖို့ကြိုးစားလိမ့်မယ်။ ကဲ. . နောက်ဘက်ကိုသွားကြည့်ရအောင်. . ”

ဟုဆိုကာ ဆားပုလင်းနှင်းမောင်သည် ထိုအခန်းမှထွက်၍ ခြံနောက်ဘက်ဆီသို့ သွားရောက်ကြည့်ရှုလေ၏။ ကျွန်ုပ်တို့လည်း ၎င်း၏နောက်သို့ လိုက်ပါသွားကြလေ၏။ ခြံစည်းရိုးသို့ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်ပြောသည့်အတိုင်းပင် လူတစ်ယောက် ဝမ်းလျားမှောက်၍ဝင်သာရုံ ခြံစည်းရိုးအောက်မှ အပေါက်တစ်ပေါက်အား

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေ၏။ ထိုအပေါက်နှင့် များစွာ မဝေးလှသောနေရာ၌လည်း အင်းခွေးကြီးနှစ်ကောင် ဓားမြှောင်ဖြင့် အထိုးခံရ၍ သေဆုံးနေသည်ကို လည်း တွေ့ရလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. .

"မျက်စိတစ်ဖက်လပ်ဟာ ဒီအပေါက်က ဝင်မယ်ဗျ။ ပြီး တော့. . ခွေးတွေကို ဒီတစ်ခါတော့ သူက ဦးအောင် ဓားမြှောင်နဲ့ထိုးပြီး သတ်နိုင်ခဲ့ပုံပဲ။ အဲဒီနောက် သူဟာ အိမ်အောက်ထပ်ကို မရရတဲ့နည်းနဲ့ဝင်မယ်။ အိမ်အောက် ထပ်မှာကလည်း ဖမ်းထားတဲ့မိန်းကလေးကိုစောင့်နေတဲ့ အစောင့်တစ်ယောက် ရှိလိမ့်မယ်။ အဲဒီအစောင့်ဟာ မျက်စိတစ်ဖက်လပ် ခြံထဲကို ဝင်လာတာရော၊ အခန်းထဲ ကိုဝင်လာတာရော မသိဘဲနေတာမဟုတ်ဘူး။ သိပါ တယ်။ ပထမတစ်ကြိမ် မျက်စိတစ်ဖက်လပ် ခြံရှေ့က ဝင်လာလို့ ခွေးနှစ်ကောင် ထွက်ပြီး ကိုက်လား၊ ဟောင် လားလုပ်ကတည်းကိုက သူဟာ ရန်သူတစ်ယောက် ချဉ်း ကပ်နေတယ်ဆိုတာ သိမှာအမှန်ပါပဲ။ ဒါပေမယ့် ဝင်လာ ပါစေ၊ ဝင်လာမှ အပိုင်ခုတ်ချလိုက်မယ်ဆိုတဲ့အကြံမျိုးနဲ့ မြုံပြီးစောင့်နေတာဗျ။ မျက်စိတစ်ဖက်လပ်လည်း အခန်း ထဲကိုရောက်လာရော သူဟာ တရကြမ်း ဓားနဲ့ဝင်ခုတ်

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ အဲဒီအခါမှာ သူတို့နှစ်ယောက်ဟာ ထွေးလား လုံးလား ဖြစ်နေကြမယ်။ အဖမ်းခံထားရတဲ့ မိန်းကလေး လည်း သူ့ရဲ့လွတ်မြောက်ရေးကို ကြိုးစားတော့မှာပဲ။ နောက်ဆုံး မျက်စိတစ်ဖက်လပ်ဟာ အစောင့်လုပ်တဲ့သူ ကိုမနိုင်လို့ အရှေ့ပေါက်ဆီကိုအထွက်မှာ အစောင့်လုပ် တဲ့သူက ဓားနဲ့ခုတ်ချလိုက်တာဗျ”

ဟု ရှည်လျားစွာ ပြောဆိုလေ၏။

ကျွန်ုပ်တို့လည်း ဆားပုလင်းနှင်းမောင်ပြောသည်များကို စိတ် ဝင်စားစွာ နားထောင်နေကြလေ၏။

စုံထောက်အသစ်ကလေးမောင်မျိုးအောင် တစ်ယောက်သာ လျှင် ပေကြိုးတကိုင်ကိုင်နှင့် သေဆုံးသောအလောင်းနှစ်လောင်း၏ အကွာအဝေးကို မည်သည့်အဓိပ္ပာယ်နှင့် တိုင်းထွာနေသည်မသိပေ။ စိတ်ရှည်လက်ရှည် တိုင်းထွာနေလေ၏။

ထိုအခါ ဦးကိုကိုကြီးက မောင်မျိုးအောင်အား မျက်စိနောက် လာသောကြောင့်. .

“ဘာတွေလုပ်နေတာလဲ ကိုယ့်လူရ။ အဲဒီ အလောင်း နှစ်လောင်းရဲ့အကွာအဝေးကိုသိတော့ ဘာဖြစ်မှာမို့တုံး။ ကဲပါ ကိုယ့်လူရာ။ အလောင်းနှစ်လောင်းအကွာအဝေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဆယ့်ငါးပေရှိတယ်ပဲထားကြပါစို့။ အဲဒါ ဘာဖြစ်သတုံး။ လုပ်စမ်းပါဦး”

ဟုမေးလိုက်လျှင် မအူမလည်စုံထောက်ကလေးမှာ ပြန်၍ မဖြေနိုင်ဘဲ ရှိလေ၏။ ထို့ကြောင့် ဦးကိုကိုကြီးက. .

“တတ်ယောင်ကားမလုပ်စမ်းပါနဲ့ ကိုယ့်လူရာ။ ဒီမှာ လိုက်လာတဲ့ တို့တစ်တွေဟာ အတွေ့အကြုံရင့်တဲ့ စုံထောက်ကြီးတွေချည်းပဲ။ ဒါပေမယ့် ဆားပုလင်းနှင်းမောင်ဆိုတဲ့ လူကိုတော့ အားလုံးက ဆရာတင်ထားရတယ်ကွ။ သူပြောတာကိုနားထောင်ရုံနဲ့ ပညာတွေ သိပ်ပြီးရသွားတာ။ မင်းက အဲဒါကိုသဘောမပေါက်ဘူး။ မြေတိုင်းစာရေးလို ဟိုတိုင်း ဒီတိုင်းနဲ့။ ဘာလုပ်တာတုံး။ တောမဟုတ်. . တောင်မဟုတ်တွေ လုပ်မနေစမ်းပါနဲ့ကွာ”

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ ဆားပုလင်းနှင်းမောင်က. .

“အပေါ်ထပ်တစ်ခုလုံးတော့ ဘာမှမဖြစ်ဘူးဗျ။ တက်ကြည့်ကြဦးစို့။ အလောင်းက သုံးလောင်းလို့ပြောတယ်။ အပေါ်မှာတစ်လောင်းရှိဦးမယ်”

ဟုဆိုကာ အပေါ်ထပ်သို့ ဘေးလှေကားမှတက်သဖြင့် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



လည်း လိုက်ပါသွားကြလေ၏။ အပေါ်ထပ်သို့ရောက်လျှင် ရင်ဝ၌ လှံတန်းလန်းစူးဝင်လျက် သေဆုံး၍နေသော အသက်ငါးဆယ်ကျော် အရွယ် သန်သန်မာမာ ယောကျ်ားကြီးတစ်ဦး၏အလောင်းကို တွေ့ရ လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် အပေါ်ထပ်၏ နောက်ဖေး ဘက်ဆီသို့ သွားရောက်ကာ. .

"အိုင်ပီတို့ လာကြည့်ကြစမ်းပါဦး"

ဟုဆိုသဖြင့် ကျွန်ုပ်တို့လည်း ၎င်းရှိရာသို့ သွားကြလေ၏။

"ဟိုမှာမြင်လား။ မီးဖိုဆောင်ပေါ်မှာ ကင်းပတ်ဖိနပ်ခြေရာ တွေ။ အဲဒီကနေပြီးတော့ ဒီကို ကူးလာခဲ့တာ။ ကင်းပတ် ဖိနပ်သမားဟာ အတော့်ကို ဉာဏ်များပြီး အတော်ကို စွန့်စားဝံ့တဲ့လူပဲဗျို့"

ဟု ပြောလိုက်လေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်က ကင်းပတ်ဖိနပ်၏ခြေရာ ကို လိုက်လံကြည့်ရှုရာ ထိုခြေရာသည် ဧည့်ခန်းဆီသို့ရောက်လာပြီးလျှင် ဧည့်ခန်းရှိ ကုလားထိုင်တစ်လုံး၌ ဝင်၍ထိုင်သွားသော လက္ခဏာကို တွေ့ရလေ၏။

"ဘယ်လိုဟာပါလိမ့်. . .။ ကင်းပတ်ဖိနပ်သမားဟာ တိတ်တဆိတ်ခိုးဝင်လာပြီး ဒီကုလားထိုင်မှာ ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါလား။ အဆန်းပဲဗျို့။ အဲဒီအချိန်မှာ လှံနဲ့အထိုးခံရပြီး သေရမယ့် ဒီလူကြီးက ဘယ်များရောက်နေပါလိမ့်"

ဟုပြောဆို၍ ဆားပုလင်းနှင်းမောင်သည် ဝရန်တာဘက်သို့ ထွက်၍ကြည့်ရှုလေ၏။

ထို့နောက်. .

"ဒီလိုဖြစ်လိမ့်မယ် ထင်တယ်။ သေတဲ့လူကြီးက ခွေးဟောင် သံကြားလို့ ဝရန်တာကိုထွက်အကြည့်မှာ ကင်းပတ်ဖိနပ် စီးထားတဲ့ လူသတ်သမားက ဧည့်ခန်းကိုရောက်လာပြီး ကုလားထိုင်မှာ လာပြီးထိုင်လိုက်တာဗျ။ ရန်သူကို မမှုတဲ့ သဘောပဲဗျ။ စွန့်စားတတ်တဲ့လူတွေမှာ ဒီလို ပမာမခန့် လုပ်ချင်တဲ့ သဘောလေးတွေရှိတတ်တယ်ဗျ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ဝရန်တာနှင့် ဧည့်ခန်း ကို ကူးချည်သန်းချည်လုပ်ပြီးနောက်. .

"ဒီလူကြီးက ဝရန်တာကနေ ဧည့်ခန်းကိုပြန်အလာမှာ သူ့ရဲ့ကုလားထိုင်မှာ မိန့်မိန့်ကြီးထိုင်နေတဲ့ ကင်းပတ်ဖိနပ် သမားကိုလည်းတွေ့ရော သူဟာ အံ့အားသင့်ပြီး ခြေလှမ်း ကို တုံ့ခနဲရပ်လိုက်တယ်။ အဲဒီမှာ ကင်းပတ်ဖိနပ်သမားက



www.burmeseclassic.com

www.burmeseclassic.com



အနားမှာရှိတဲ့လှံနဲ့ ကောက်ပြီးထိုးလိုက်တာပဲ။ ကင်းပတ်ဖိနပ်သမားရဲ့ခြေရာဟာ သေဆုံးတဲ့ လူကြီးနားမှာ တစ်ခုမှ မတွေ့ရဘူးဗျ။ ထိုင်နေရာကနေ ထပြီး ထိုးလိုက်တာပဲ။ ပြီးတော့ ကင်းပတ်ခြေရာတွေဟာ ဟောဟို လှေကားဘက်ကိုညွှန်ပြနေတယ်။ အဲဒီလှေကားကနေ အောက်ကို ဆင်းတဲ့သဘောပဲ”

ဟုပြောလိုက်လေ၏။ ပြီးလျှင် ဆားပုလင်းနှင်းမောင်သည် အနီးရှိ စားပွဲအံဆွဲများကို ဆွဲထုတ်ကြည့်ရာ အတွင်း၌ ငွေ ၃၀၀၀ ကျော်ခန့်နှင့် စာရွက်စာတမ်းအချို့ကို တွေ့ရလေ၏။

ကျွန်ုပ်တို့သည် ထိုစာရွက်စာတမ်းများကို ကောက်ယူကြည့်ရှုကြလေ၏။ ထိုသို့ ကြည့်ရှုသော စာရွက်များမှာ ရိုးကုမ္ပဏီမှ ဈေးဝယ်ထားသော ဘောက်ချာများ၊ အသုံးစရိတ်စာရင်းများ ဖြစ်လေ၏။

ထို့ပြင် သံကြိုးစာ အချို့ကိုလည်း တွေ့ရလေ၏။ သံကြိုးစာများမှာလည်း ‘ရောက်ပြီ’ ‘မလာသေးဘူး’ ‘စောင့်နေပါ’ စသည့် အဓိပ္ပာယ်ကောက်ရန်ခက်သော အချိန်းအချက် သံကြိုးစာများပင် ဖြစ်ပေသည်။

သို့ရာတွင် သံကြိုးစာတစ်စောင်မှာမူ . .



www.burmeseclassic.com

www.burmeseclassic.com



ငရုမန်နှစ်ယောက် မန္တလေး တရုတ်တန်းမှာ တွေ့လိုက်တယ်။

မောင်စံ

ဟူ၍ ဖြစ်ပေသည်။

ထို့နောက် စာရင်းစာရွက်ဟောင်းတစ်ရွက်ကို ဆားပုလင်းနှင်းမောင်က ဆွဲယူကြည့်ရှုလေ၏။ ကျွန်ုပ်လည်း ၎င်း၏ပခုံးပေါ်မှ ကျော်၍ ကြည့်ရှုမိလေ၏။ ထိုစာရင်းစာရွက်ဟောင်းမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

| | |
|---|---|
| ခရီးစရိတ်စုစုပေါင်း. . . . . | ၁၀ဝိ |
| ဂါးနှင့်မြယူငွေ. . . . . . . . | ၆၀ဝိ |
| ယခင် ဂါးတစ်ဦးတည်းယူငွေ. . | ၁၀၀ဝိ |

www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းမောင်သည် ထိုစာရင်းစာရွက်ကို ဖတ်ပြီး နောက် ကျွန်ုပ်ဘက်သို့လှည့်ကာ. .

"ဂါးဆိုတာက တိုက်ဂါးကြီးပဲဗျ။ မြဆိုတဲ့ အကောင်ကတော့ ဘောက်ထော်တိုက်ပျက်ကြီးအထဲမှာ အသတ်ခံရတဲ့ ကောင်ပဲ။ ဘာပဲဖြစ်ဖြစ်လေ။ ဒီအမှုဟာ ပေါ်တော့မှာပါ"

ဟုပြောဆိုကာ ဆားပုလင်းနှင်းမောင်သည် အိမ်ပေါ်မှ ဆင်း သွားလေ၏။ ထို့နောက် ကျွန်ုပ်အား နှုတ်ဆက်ကာ ပြန်သွားလေတော့ ၏။

ထိုအချိန်၌မှာပင် ကျွန်ုပ်တို့၏ စီအိုင်ဒီစုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် ကျွန်ုပ်တို့ရှိရာသို့ရောက်လာပြီးလျှင်. . .

"ဘယ်လိုလဲ လူကလေးတို့။ အမှုပေါ်ဖို့ နီးစပ်ပြီလား"

ဟုမေးလေ၏။ ထိုအခါ ရွှေသွားကိုအောင်မြင့်က. .

"နီးစပ်ပါပြီ သခင်။ ဖြစ်ပွားပုံက ဒီလိုပါ။ အသတ်ခံရတဲ့ လူတွေဟာ မိန်းကလေးတစ်ယောက်ကို မတရားဖမ်းဆီး လာကြတယ်။ ပြီးတော့ ဒီအိမ်ကြီးထဲမှာ ပိတ်လှောင်ထား ကြတယ်။ အဲဒီအခါမှာ မိန်းကလေးနဲ့ပတ်သက်တဲ့လူက ဝင်ရောက်ကယ်ဆယ်ရင်း လူသတ်မှုတွေကို ကျူးလွန်သွား ခဲ့တာပါ။ ကျွန်တော်မျိုးလည်း ဒီအမှုနဲ့ပတ်သက်လို့



www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ်စဉ်းစားပြီးပါပြီ။ မကြာခင် တရားခံကို ဖမ်းမိမှာပါ”

ဟု ပြောနေလေ၏။

ထိုသို့ပြောနေသည်ကို နားကြားပြင်းကတ်လှသော ဦးကိုကိုကြီးက ကျွန်ုပ်ထံသို့ ရောက်လာကာ. .

“အိုင်ဆေး ဦးအောင်သင်း။ ကိုအောင်မြင့်ကတော့ ဒီအမှုကြီးကို သူပဲစဉ်းစားသလိုလို ဘာလိုလိုနဲ့ မင်းကြီးကို ဖြီးလုံးဖြန်းလုံးတွေ ထုတ်နေပြီဗျ။ သူစဉ်းစားလို့ရတာလည်း တစ်ခုမှ မပါဘူးဗျ။ တကယ်စဉ်းစားသွားရတာက ဆားပုလင်းနှင်းမောင်။ အသားယူတာက သူကယူနေတယ်”

ဟု ကျွန်ုပ်အား လာရောက်ပြောလေ၏။

“ဒါကတော့ သူ့အကျင့်ပဲ ဦးကိုကိုကြီးရယ်။ စိတ်မဆိုးပါနဲ့”

ဟု ကျွန်ုပ်က ပြောရလေ၏။

ရွှေသွားကိုအောင်မြင့်ကမူ မစ္စတာကရစ်ပင်အား. .

“ဒီအမှုအတွက် သခင့်အနေနဲ့ ဘာမှစိတ်မပူပါနဲ့။ ကျွန်တော်မျိုးတို့ မကြာခင်မှာ တရားခံကို ဖမ်းပြီးပို့နိုင်ပါလိမ့်မယ်”

ဟုပြောလိုက်ရာ မစ္စတာကရစ်ပင်က. .



www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်းဟာ ဒီစကားမျိုးကို အမြဲတမ်းပြောတယ်။ ဒါပေမယ့် တရားခံကို တကယ်ဖမ်းပေးနေတာကတော့ ဆားပုလင်းနှင်းမောင်ချည်းပဲ ဖြစ်တယ်။ ဆားပုလင်း နှင်းမောင်ဟာ စကားကို နည်းနည်းပဲပြောတယ်။ သူက အလုပ်ကိုပဲ လုပ်ပြတယ်။ မောင်မင်းက စကားကို အများကြီးပြောတယ်။ တစ်ခါမှ အလုပ် လုပ်မပြနိုင်ဘူး။ ဒါဟာ ရယ်စရာကောင်းတဲ့အချက်ပဲ"

ဟုပြောလိုက်ရာ ဦးကိုကိုကြီးက. .

"အမှန်ဆုံးပါပဲ သခင်။ ဒီအမှုကြီးကို ကျွန်တော်မျိုးတို့အနေနဲ့ ဘာမှ မစဉ်းစားတတ်ပါဘူး။ ဆားပုလင်းနှင်းမောင်တစ်ယောက်ပဲ စဉ်းစားနိုင်တာပါ။ တရားခံကိုလည်း သူကိုယ်တိုင်ပဲ လက်ထိတ်ခတ်ပါလိမ့်မယ်။ ကျွန်တော်မျိုးတို့ကတော့ သူခိုင်းတာလိုက်ပြီးလုပ်ပေးဖို့ အဆင်သင့်ပဲ ရှိပါတယ်"

ဟု ဝင်ရောက်ပြောလိုက်လေ၏။

"ကိုကိုကြီး။ အလွန်မှန်တဲ့စကားကို ပြောတယ်။ ဒီတစ်ခါ ပရိုမိုးရှင်းမှာ မောင်မင်းကို ရှေ့ဆုံးမှာထားပြီး စဉ်းစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မစ္စတာကရစ်ပင်က ပြော၍ ထွက်သွားလေတော့၏။

စုံထောက်ကိုစိန်လှသည် ဗိုက်ကိုနှိပ်၍ 'တခွီးခွီး' ရယ်ပြီး လျှင်. .

"သိပ်ပြီး ရယ်ဖို့ကောင်းတာပဲဗျာ။ အမှုကို တကယ်စဉ်းစား နိုင်တာက ဆားပုလင်းနှင်းမောင်။ ကြားထဲက အသားယူ တာက ကိုအောင်မြင့်။ မဆီမဆိုင် ရာထူးတက်မှာက ဦးကိုကိုကြီး"

ဟုပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် အလောင်းများအား ဆေးရုံပို့ရန် စီစဉ်ခဲ့ပြီးနောက် အင်းစိန်စီအိုင်ဒီသို့ ပြန်ခဲ့ကြလေတော့၏။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရေမန်ကန်းနှစ်ဦး

အခင်းဖြစ်ပွားရာ သယ်န်းကျွန်းအိမ်ကြီးမှ ပြန်လာခဲ့ပြီးနောက် ကျွန်ုပ်တို့သည် အင်းစိန်စီအိုင်ဒီရုံးသို့ဝင်၍ အမှုနှင့်ပတ်သက်သော မှတ်တမ်းများကို အသီးသီးရေးမှတ်ကြလေ၏။

ထို့နောက် အိမ်သို့ပြန်ကြလေတော့၏။ အိမ်သို့ရောက်သော အခါ ကျွန်ုပ်၏ဇနီးက ကျွန်ုပ်အား. .

"ရှင်တို့အမှုကြီးက ကြားရတာ ကြောက်စရာကြီးပါလား။ ဘောက်ထော်မှာ လူသတ်မှုတစ်ခု၊ ရထားလမ်းမှာ လူသတ်မှုတစ်ခု၊ သယ်န်းကျွန်းအိမ်ကြီးထဲမှာလည်း လူတွေ သေနေတာ မနည်းပါလား။ အဲဒါကြီးကို ဘယ်လိုများ ပေါ်အောင် လိုက်ကြမှာတုံး။ အဲဒီအမှုကြီး မပေါ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့မင်းကြီးက ရှင်တို့ခေါင်းကို ခြောက်ပေါင်တူနဲ့ ထု
လိမ့်မယ်”

ဟု ဆီး၍ပြောလေ၏။

ကျွန်ုပ်မှာ အလုပ်ပင်ပန်းလာရသည့်အထဲတွင် မိန်းမက ဤသို့ ပြောသောကြောင့် စိတ်တို၍သွားလေ၏။

“အဲဒါ မင်းအလုပ်လားကွ။ မင်းက ဘယ်လောက်နားလည်
လို့ ငါ့အလုပ်ထဲ ဝင်ပြီးပြောရတာလဲ။ ကိုယ့်အလုပ်ကို
ကျတော့ ကိုယ်ကျေပွန်အောင်မလုပ်ဘူး”

ဟု ကျွန်ုပ်ကကြိမ်းမောင်းလိုက်လေ၏။ ထိုအခါ ကျွန်ုပ်၏ မိန်းမကလည်း . .

“ရှင့်အတွက် ပူလို့ ပြောတာရှင့်။ ရှင်က အိမ်မှာပြန်ပြီး
မမဲပါနဲ့။ ကျွန်မအလုပ် ဘာမကျေပွန်ဘူးလဲ”

ဟု ပြောလေ၏။

“ငါမပြောချင်ဘူး။ မင်းဘက်က ဘယ်လိုဝတ္တရားတွေ
ကျေပွန်တယ်ဆိုတာ ငါ့ကိုပြောပြ”

ဟု ကျွန်ုပ်က အသံခပ်မာမာနှင့်မေးလိုက်လေ၏။

“ဒီလိုဆိုတော့လည်း ပြောရတာပေါ့ရှင်။ ရှင် စားဖို့
သောက်ဖို့အတွက် အဆင်သင့်ချက်ပြုတ်ထားပြီးပြီ။ ရှင့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေ လျှော်ဖွပ်ပြီး မီးပူထိုးပေးထားပြီးပြီ။ တစ်အိမ်လုံးလည်း လှည်းကျင်းထားတာ ပြောင်လို့ပဲ။ ရှင် မတွေ့ဘူးလား”

ဟု ကျွန်ုပ်၏မိန်းမက ကျွန်ုပ်အား လေသံခပ်မာမာနှင့်ပင် ပြန်၍ပြောလိုက်လေ၏။

“မင်း အခုပြောတာတွေက မင်းလုပ်တာတွေမှ မဟုတ်ပဲ။ စိန်ကြည်လုပ်ထားတာတွေပဲ။ ဒီကောင်မလေးကို မင်းတောက ခေါ်လာတယ်၊ မဝရေစာ ကျွေးတယ်၊ မလှမပ ဆင်တယ်။ ပြီးတော့ တစ်အိမ်လုံးရှိတဲ့အလုပ်တွေ မင်းသူ့ကို ခိုင်းထားတာပဲ။ မင်းဟာ သားချင်း သမီးချင်း မစာနာဘဲ မတရားခိုင်းစေထားတယ်။ စိန်ကြည်နဲ့တင် မင်းအားမရသေးဘူး။ မိဘမရှိတဲ့ ဟိုခေါင်းတုံးမကလေးကိုတောင် မင်း ခေါ်ထားပြန်ပြီ။ သူ့ခမျာ ကလေးပဲရှိသေးတယ်။ မင်း ရက်ရက်စက်စက်ခိုင်းတော့မယ်။ မင်းကတော့ မိုးလင်းတာနဲ့ ဖြီးလိမ်းပြင်ဆင်ပြီးတော့ မင်းကတော်တွေ ဖဲဝိုင်းကို ရောက်နေပြီမဟုတ်လား။ ဒီအချိုးမျိုးတွေကို ငါ မကြိုက်တာ ကြာပြီ။ ဒီတစ်လအတွင်း အဲဒီအချိုးတွေကို အမြန်ဆုံးပြင်ပစ်ပါ။ မပြင်ရင်တော့ မင်းနဲ့ငါကွဲရလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ရာဇသံပေးလိုက်လေ၏။

"တစ်လအတွင်းလည်း မပြင်နိုင်ဘူး။ တစ်နှစ်အတွင်းလည်း မပြင်နိုင်ဘူး။ တစ်သက်လုံးလည်း မပြင်နိုင်ဘူး။ မပေါင်းချင်ရင် အခုကိုကွာပစ်မယ်"

ဟု ကျွန်ုပ်၏မိန်းမက ကျွန်ုပ်ကို ရာဇသံပြန်၍ပေးလေ၏။

"အေး. . ငါကလည်း ကွာချင်နေတာကြာပြီ။ မင်းလို အကြင်နာတရားကင်းမဲ့တဲ့ မိန်းမမျိုး၊ ဖဲဝိုင်းသွားလိုက်၊ အကျင့်စာရိတ္တမကောင်းတဲ့ မင်းကတော်တွေနဲ့ ရောရော ရောရော လိုက်လိုက်လုပ်နေတဲ့ မိန်းမမျိုးကို ကွာပစ်တဲ့နေ့ဟာ ငါ့အတွက်ကတော့ လွတ်လပ်ရေးရတဲ့နေ့ပဲဟေ့"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကျွန်ုပ်၏မိန်းမကလည်း. .

"ကွာမယ်. . ကွာမယ်။ အခုကို ဆင်းသွားမယ်. . ။ ရှင်နဲ့ ကျုပ်နဲ့ကတော့ သံသရာအပြတ်ပဲ"

ဟုဆိုကာ ကျွန်ုပ်၏ မိန်းမသည် သားရေသေတ္တာအတွင်းသို့ ၎င်း၏ပစ္စည်းများ ထိုးသိပ်၍ထည့်ကာ အိမ်ပေါ်မှဆင်းသွားလေတော့၏။

ထိုအချိန်မှာပင် လှေကားဆီမှ တစ်စုံတစ်ယောက်တက်လာသော ခြေသံကိုလည်း ကြားရ၏။ ကျွန်ုပ်၏မိန်းမ၏. .



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး"

ဟု ယောင်ယမ်းအော်ဟစ်သံလည်း ကြားရ၏။

ထို့ကြောင့် ကျွန်ုပ်သည် ထိုင်နေရာမှ ဆတ်ခနဲထ၍ ကြည့်လိုက်ရာ ခါးတွင် ဂေါ်ရခါးစားကောက်ကို ချိတ်ထား၍ လွန်စွာစုတ်ပြတ်သော အဝတ်အစားများကို ဝတ်ထားပြီးလျှင် လွယ်အိတ်ကြီးတစ်လုံးကို စလွယ်သိုင်း၍လွယ်ထားကာ မျက်စိတစ်ဖက်အားသားရေပြားအနက်ဖြင့် အုပ်၍ စည်းထားသော မျက်စိတစ်ဖက်လပ်တစ်ဦး တက်လာသည်ကို တွေ့ရလေ၏။

ထို မျက်စိတစ်ဖက်လပ်သည် ကျွန်ုပ်၏မိန်းမအား လှေကားအောက်သို့ဆင်းခွင့်မပေးဘဲ လှေကားလက်တန်းနှစ်ခုအား သူ၏လက်နှစ်ဖက်ဖြင့် ဆန့်တန်း၍ကိုင်ကာ အပေါ်သို့ တက်လာနေခြင်းဖြစ်ကြောင်းကိုလည်း တွေ့ရလေ၏။ ကျွန်ုပ်၏မိန်းမမှာလည်း သားရေသေတ္တာကိုကိုင်လျက် ထိုမျက်စိတစ်ဖက်လပ်အား ကြောက်ရွံ့စွာဖြင့်နောက်ဆုတ် နောက်ဆုတ် ပြုလုပ်ကာ လှေကားကို နောက်ပြန်အနေအထားဖြင့် တက်လာလေ၏။

ကျွန်ုပ်သည် ကျွန်ုပ်တို့၏ရန်သူဖြစ်သော ထိုမျက်စိတစ်ဖက်လပ်အား ခုခံရန်အတွက် အံဆွဲအတွင်းမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်ဖက်လပ်သည် အိမ်ခန်းထဲသို့ ဝင်လာပြီဖြစ်၏။ ထို့နောက် မျက်လုံး၌တပ်ထားသောသားရေပတ်ကိုဆွဲဖြုတ်လိုက်ရင်း. .

"အိုင်ပီ၊ ခရီးသွားမယ်"

ဟု ပြောလိုက်မှပင် ကျွန်ုပ်၏မိန်းမရော ကျွန်ုပ်ပါ တုန်လှုပ်ချောက်ချားခဲ့ရသော မျက်စိတစ်ဖက်လပ်ကြီးမှာ အမှန်တကယ် မျက်စိတစ်ဖက်လပ်သော လူဆိုးကြီးမဟုတ်ဘဲ ကျွန်ုပ်၏မိတ်ဆွေ ဆားပုလင်းနှင်းမောင်တစ်ယောက် ရုပ်ဖျက်လာသည်ဖြစ်ကြောင်း အံ့ဩဖွယ်ရာ တွေ့ရလေတော့၏။

"ကဲ. . အိုင်ပီ။ အဝတ်အစားလေးဘာလေး ထည့်တော့"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ကျွန်ုပ်လည်း ကျွန်ုပ်၏မိန်းမနှင့် စကားမပြောသောကြောင့် ခရီးသွားရမည့် ခရီးဆောင်ပစ္စည်းများကို ကိုယ်တိုင်ပြင်ဆင်ရလေတော့၏။

ထိုအခါ၌ ကျွန်ုပ်၏မိန်းမလည်း မနေသာတော့ဘဲ. .

"ကိုကိုရယ်။ ကျွန်မ ပြင်ပေးမှာပေါ့။ ထိုင်နေစမ်းပါ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ထိုင်နေလေတော့၏။ ကျွန်ုပ်၏မိန်းမလည်း ကျွန်ုပ်အတွက် အင်္ကျီအဝတ်အစားများနှင့်တကွ ခရီးဆောင်ပစ္စည်းများကို သားရေသေတ္တာတစ်လုံး၌ ထည့်၍ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း. .

"မိန်းမတွေရဲ့ဒေါသဟာ လမင်းကြီးနဲ့ တူတယ်ဗျ။ လမင်းကြီးဟာ အမြဲတမ်း ပုံမှန်မရှိဘူးလေ။ ပြည့်ပြည့်ဝိုင်းဝိုင်းကြီးဖြစ်လာလိုက်၊ သေးသေးကွေးကွေးလေး ဖြစ်သွားလိုက်နဲ့ မဟုတ်လား။ အဲဒီလို ဆန်းချည်တစ်ခါ ဆုတ်ချည်တစ်လှည့် ဖြစ်နေတာကိုပဲ ယောကျ်ားတွေ သဘောကျနေရတာဗျ"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်၏မိန်းမလည်း ပစ္စည်းများကိုသိမ်းရင်း. .

"ကိုနှင်းမောင်က သိပ်ပြီးအပြောကောင်းတာပဲ။ ကျွန်မက ဒေါသမဖြစ်ရပါဘူးရှင်။ ရှင်တို့လူကြီးကသာ ကျွန်မကို အိမ်ပေါ်က နှင်ချနေတာပါ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် စီးကရက်ကို ပြာခြွေရင်း. .

"အိုင်ပီကတော်က ယောကျ်ားတွေရဲ့အကြောင်း သိမှမသိသေးပဲကိုး။ ယောကျ်ားဆိုတာမျိုးက တခြားတစ်နေရာမှာ စကားကို အမှန်ပြောတတ်တယ်။ အဖြောင့်ပြောတယ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူတို့ မိန်းမတွေနဲ့လည်းကျရော ဘယ်တော့မှ အဖြောင့်လည်းမပြောဘူး။ အမှန်လည်း မပြောဘူး။ အမြဲတမ်း ပြောင်းပြန်ကြီး ပြောလေ့ရှိတယ်။ ကိုယ့်ယောကျ်ားက 'မိန်းမရေ. . မင်းကလွဲရင် တခြားမိန်းမတွေကို ဖွဲနဲ့ဆန်ကွဲပဲ ထင်ပါတယ်ကွယ်၊ မင်းကိုသာ အချစ်ဆုံးပါ' စတဲ့စကားမျိုးပြောလာရင် အဲဒါကို ပြောင်းပြန်နားလည်ပေတော့။ 'ငါ့ယောကျ်ားဟာ မကြာခင် မယားငယ်ယူတော့မယ်' လို့သာ နားလည်ပေတော့။ အဲဒီလိုမဟုတ်ဘဲ 'မင်း. . အခု ဆင်းသွား၊ မင်းမျက်နှာ ငါ မကြည့်ချင်ဘူး' ဆိုတဲ့စကားမျိုးပြောလာရင်တော့ ကိုယ့်ရဲ့ယောကျ်ားဟာ ကိုယ့်ကို တကယ်မမုန်းသေးဘူး မှတ်ပေတော့။ ကျုပ် ပြောချင်တာကတော့ဗျာ။ ကိုယ့်ယောကျ်ားက ကိုယ့်ကိုချော့ရင် သတိထား. . ။ များများ ချော့လေများများသတိထားဖို့လိုလေဗျို့။ ကိုယ့်ယောကျ်ားက ကြိမ်းလားမောင်းလားလုပ်ရင် ဘာမှစိုးရိမ်စရာမရှိသေးဘူး။ သူက ကိုယ့်ကိုချစ်နေတုန်းပဲလို့ နားလည်ပါ။ မိန်းမကို များများကြိမ်းတဲ့ ယောကျ်ားဟာ များများချစ်လို့ပဲ မှတ်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

ထိုအခါ၌ ကျွန်ုပ်၏မိန်းမက. .

"ဆားပုလင်းနှင်းမောင်က အမှုလိုက်တင်တော်တယ်လို့ ထင်နေတာ။ ရှေ့နေလည်း အလိုက်ကောင်းသားပဲ"

ဟုပြောလိုက်ပြီးနောက် ကျွန်ုပ်အား သားရေသေတ္တာကိုပေးရင်း. .

"ကိုကို ကျွန်မကို များများကြိမ်းမောင်းပါနော်"

ဟု ပြောလိုက်လေတော့၏။

ကျွန်ုပ်လည်း ဝတ်ထားသော အဝတ်အစားများကို လဲရလေတော့၏။ လဲ၍ပြီးသောအခါ၌ ဆားပုလင်းနှင်းမောင်က မျက်စိတစ်ဖက်လပ်များအသုံးပြုသော သားရေပြားအနက်ပိုင်းကလေးကို ကျွန်ုပ်အားပေးလေ၏။ ကျွန်ုပ်က. .

"ဘာလုပ်ရမှာလဲ ကိုနှင်းမောင်"

ဟုမေးရာ ဆားပုလင်းနှင်းမောင်က. .

"အိုင်ပို့မျက်လုံးတစ်ဖက်ကို အဲဒီသားရေပြားနဲ့အုပ်ပြီး စည်းရမယ်လေ"

ဟုပြောသဖြင့် ကျွန်ုပ်လည်း မျက်လုံးတစ်ဖက်အား သားရေပြားအနက်ဖြင့်အုပ်ကာ စည်းရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်တို့နှစ်ဦးသည် မျက်စိတစ်ဖက်လပ်များနှင့် လွန်စွာတူသွားလေတော့၏။

"ကဲ. . သွားမယ်"

ဟု ဆားပုလင်းနှင်းမောင်ကဆိုသဖြင့် ကျွန်ုပ်လည်း ၎င်း၏ နောက်သို့ လိုက်ပါသွားရလေ၏။

လမ်းတွင် ကျွန်ုပ်က. .

"ဘယ်ကိုလဲ. . အိုင်ဆေး"

ဟုမေးရာ ဆားပုလင်းနှင်းမောင်က. .

"မန္တလေးကို သွားမယ်။ လက်မှတ်လည်း ယူထားပြီးပြီ"

ဟု ပြန်၍ပြောလေ၏။

"မန္တလေးကို သွားတာကတော့ ဟုတ်ပါပြီ။ ဘယ့်နှယ် ကြောင့် ကျုပ်တို့က ငရမန်ကန်းတွေ ဖြစ်သွားရတာတုံး"

ဟု ကျွန်ုပ်က မေးရလေ၏။

"ဒီလိုလေ အိုင်ပီ။ ဆူးစူးရင် ဆူးနဲ့ပဲ ပြန်ထွင်ရတယ်ဗျ။ အခုအမှုဟာလည်း ဒီလိုပဲလေဗျာ။ အမှုတစ်ခုလုံးမှာ ငရမန်ကန်းတွေ ရှုပ်နေတာ တွေ့တယ်မဟုတ်လား။ အဲဒီ တော့ ကျုပ်တို့ကလည်း ငရမန်ကန်းလုပ်ပြီး ဒီအမှုကို ထွင်ယူရမှာပဲ။ သယ်န်းကျွန်းနားက မီးလောင်မှု၊ လူသတ်

www.burmeseclassic.com

www.burmeseclassic.com



မှု ဖြစ်ပွားခဲ့တဲ့ အိမ်ကြီးပေါ်မှာ ရင်ဝကိုလှံစူးပြီး သေနေတဲ့လူကြီးရဲ့အခန်းထဲက ဆွဲအံကို ဆွဲကြည့်တော့ အထဲမှာ သံကြိုးစာတွေ့ တယ်မဟုတ်လား။ အဲဒီ သံကြိုးစာတွေထဲမှာ သံကြိုးစာတစ်စောင်က မန္တလေးက ရိုက်လိုက်တာဗျ။ ရိုက်တဲ့လူက မောင်စံတဲ့။ သံကြိုးစာကတော့. .

'ငရမန်နှစ်ယောက် မန္တလေး တရုတ်တန်းမှာ တွေ့လိုက်တယ်' လို့ ဆိုထားတာဗျ။ အဲဒီတော့ အမှုထဲမှာ အကျုံးဝင်တဲ့ ငရမန်ကန်းနှစ်ယောက်ဟာ မန္တလေးမှာ လှုပ်ရှားခဲ့တာ သေချာနေပြီ။ အဲဒီ ငရမန်ကန်းနှစ်ယောက်ဟာ ကင်းပတ်ဖိနပ်ဝတ်ထားတဲ့ လူသတ်သမားရဲ့လူတွေဗျ။ တစ်ယောက်ကတော့ သယ်န်းကျွန်းအိမ်ကြီးထဲမှာ ဓားခုတ်ခံရပြီး သေသွားရှာတယ်။ တစ်ယောက်ကတော့ သားရေသေတ္တာကလေးတစ်လုံးနဲ့ ပြည်တော်ပြန်စက်လှေပေါ်မှာ ပါသွားလေရဲ့။ အဲဒီတော့ မန္တလေးမှာ ကျုပ်တို့နှစ်ယောက်က ငရမန်ကန်းယောင်ဆောင်ပြီးတော့ လှုပ်ရှားကြည့်မယ်ဗျာ။ ဒီနည်းဟာ ဆူးကို ဆူးနဲ့ထွင်တဲ့နည်းပဲ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"ဒါနဲ့ နေစမ်းပါဦး ကိုနှင်းမောင်ရဲ့။ ပြည်တော်ပြန်စက်

www.burmeseclassic.com

www.burmeseclassic.com



လှေ့ဝင်လာရင် ပါလာတဲ့မျက်စိတစ်ဖက်လပ်ကို ဖမ်းလိုက်ဖို့ ထားဝယ်ဂါတ်ကို သံကြိုးရိုက်ထားတယ်မဟုတ်လား။ အဲဒီကိစ္စလည်း ဘာမှ သံကြိုးပြန်မလာပါလား”

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

“ထားဝယ်ရော၊ မြိတ်ရော ရိုက်ထားတယ်ဗျ။ ဒါပေမယ့် အဲဒီတစ်ဖက်လပ်ကို သူတို့ ဖမ်းနိုင်မယ်မဟုတ်ပါဘူး။ တစ်ဖက်လပ်ဟာ လမ်းမှာတင် ဆင်းသွားလိမ့်မယ်ဗျ။ ဒီလောက် အ,မယ့်လူစားမျိုး မဟုတ်ဘူး။ သံကြိုးရိုက်လိုက်တာကတော့ လိုရမည်ရသဘောနဲ့ ရိုက်ထားတာပဲ အိုင်ပီ”

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ရန်ကုန်ဘူတာကြီးမှ မန္တလေးသို့ ရထားနှင့်လိုက်ပါခဲ့ကြလေ၏။ မန္တလေးသို့ရောက်လျှင် ကျွန်ုပ်တို့ ဧရမန်ကန်းနှစ်ဦးသည် ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြလေ၏။

ထို့နောက် တရုတ်တန်းဘက်သို့ လာကြလေ၏။ ဆားပုလင်းနှင်းမောင်သည် တရုတ်တန်းဘက်သို့ ရောက်သည့်အချိန်မှစ၍ တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားနေပုံရလေ၏။ ပြီးလျှင် ‘ရောင်တဗူ’ ဟုအမည်တပ်ထားသော လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လေ၏။

လက်ဖက်ရည်ဆိုင်အတွင်းမှ လူများသည် မျက်လုံးတစ်လုံးစီ



www.burmeseclassic.com

www.burmeseclassic.com



လပ်နေကြသော ကျွန်ုပ်တို့နှစ်ဦးအား အထူးအဆန်းကဲ့သို့ ကြည့်ရှုကြလေ၏။။ ကျွန်ုပ်တို့နှစ်ဦးသည် စားပွဲတစ်လုံး၌ ဝင်၍ထိုင်ကြလေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်က. .

"လက်ဖက်ရည်နှစ်ခွက် ဖျော်မယ်။ အချိုပေါ့ချင်တယ်။ ကျချင်တယ်။ နို့နည်းစေချင်တယ်"

ဟု အော်၍ပြောလိုက်ရာ ဆိုင်အတွင်းမှလူများလည်း ကျွန်ုပ်တို့အား ပို၍စိတ်ဝင်စားစွာ ကြည့်ရှုကြလေ၏။ လက်ဖက်ရည်ဖျော်သော လူငယ်လေးလည်း ဆားပုလင်းနှင်းမောင်မှာသည့်အတိုင်း ဖျော်၍ လာရောက်ပို့လေ၏။

ထိုအချိန်၌ လက်ဖက်ရည်ဆိုင်ရှင်အား တစ်စုံတစ်ယောက်သောသူက. .

"ဘယ်လိုဖြစ်တာလဲ ဆိုင်ရှင်ကြီးရဲ့။ ဒီ တစ်လ နှစ်လ အတွင်း ခင်ဗျားဆိုင်မှာ ဇရမန်ကန်းတွေ ခေတ်ကျလှချည်လား"

ဟု လှမ်း၍ပြောလိုက်သံကြားရလေ၏။ ထိုအခါ ဆိုင်ရှင်ကလည်း. .

"ဟုတ်ပ့ါ ကိုကျော်အေးရယ်. .။ ပြီးခဲ့တဲ့လထဲတုန်းကလည်းပဲ ဇရမန်ကန်းနှစ်ယောက် ရောက်လာသေးတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ထူးတော့ ထူးနေတာပဲဗျို့။ ဘာတွေ ထူးနေတယ်ဆိုတာ သာ ကျုပ်မပြောတတ်တာ ကိုကျော်အေးရေ. . ”

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် ဆိုင်ရှင်နှင့် ကိုကျော်အေး ဆိုသူအနီးကို ထ၍သွားကာ. .

“ဒီမှာ ဆိုင်ရှင်ကြီး။ ကျုပ်တို့အရင် ငရမန်ကန်းနှစ်ယောက် ခင်ဗျားဆိုင်ကို ရောက်လာဖူးသေးတယ် မဟုတ်လား”

ဟု မေးလိုက်လေ၏။

“ဟုတ်ပါတယ်။ ရောက်လာဖူးပါတယ်”

ဟု ဆိုင်ရှင်က ပြန်၍ပြောလေ၏။

“သူတို့ရောက်လာတဲ့ရက်ကို မှတ်မိသလား”

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

“ရက်ကိုတော့ အတိအကျ မမှတ်မိပါဘူးခင်ဗျ။ ပြီးခဲ့တဲ့ တစ်လ၊ တစ်လခွဲလောက်က ထင်တာပဲ။ သူတို့လည်း ခင်ဗျားတို့နှစ်ယောက်လိုပဲ။ နှစ်ယောက်စလုံးဟာ. . ”

ဟုဆိုကာ ပြောရမည့်စကားကို အားနာသဖြင့် ရပ်လိုက်လေ၏။

“တစ်ဖက်ကန်းတွေ ဆိုကြပါစို့ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆားပုလင်းနှင်းမောင်က ဝင်၍ထောက်ပေးလိုက်လေ၏။ ထိုအခါ လက်ဖက်ရည်ဆိုင်ရှင်က. . .

"ဟုတ်ပါတယ်. . ဟုတ်ပါတယ်"

ဟု ပြောလေ၏။

"ကောင်းပြီ။ အဲဒီ ငရမန်ကန်းနှစ်ယောက် ဘာတွေပြောဆိုသွားကြတယ်ဆိုတာ အတိအကျပြောနိုင်ရင် ကျုပ်က ခင်ဗျားကို ဘောက်ဆူးတစ်ရာပေးပါ့မယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"အဲဒါ ခက်တာပဲဗျ။ အဲဒီနှစ်ယောက်ဟာ စကားတွေအများကြီး ပြောသွားကြတယ်။ ကျုပ်လည်း သေသေချာချာ ကြားရပါတယ်ဗျာ။ ဒါပေမယ့် သူတို့ပြောတဲ့စကားတွေကတော့ တောင်စဉ်ရေမရ စကားတွေပဲဗျ။ အဓိပ္ပာယ်လည်းမရှိဘူး။ တော်တော့်ကို အူကြောင်ကြောင်နိုင်တဲ့ ငရမန်ကန်းတွေပါဗျာ"

ဟု ဆိုင်ရှင်က ပြန်၍ပြောလေ၏။

"ကြိုက်ပြီဗျို့။ အဲဒီ အူကြောင်ကြောင်စကားတွေကိုပဲ နားထောင်ချင်လိုက်တာဗျာ။ အတိအကျပြောနိုင်ရင်တော့ ကျုပ်ကတိအတိုင်း ငွေတစ်ရာဆုချပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

သို့ရာတွင် လက်ဖက်ရည်ဆိုင်ရှင်က. .

"ခက်တယ်ဗျာ၊ ကျုပ်လည်း မမှတ်မိဘူးဗျ။ သို့ပေမယ့် ငွေတစ်ရာကိုတော့ အလိုချင်သား"

ဟု ပြောလိုက်လေ၏။

ထိုအခါ ၎င်းတို့အနီးတွင် လက်ဖက်ရည်သောက်လျက်ရှိသော လူငယ်ကလေးတစ်ဦး က. .

"ငွေတစ်ရာ တကယ်ရမယ်ဆိုရင် ကျွန်တော်ပြောပါ့မယ် ဗျာ"

ဟု ဝင်၍ပြောလိုက်လေ၏။

"နေစမ်းပါဦးကွ။ မင်းကကော အကုန်လုံးမှတ်မိသလား။ ဘယ်လိုနည်းနဲ့ မှတ်မိတာတုံး"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဒီလိုခင်ဗျ။ ကျွန်တော်က ရန်ကုန်လက်ရေးတိုဆရာတစ်ယောက်ဆီမှာ စာပေးစာယူနည်းနဲ့ လက်ရေးတိုပညာကို သင်ယူနေတဲ့သူ ခင်ဗျ။ ဒါကြောင့် ဒီလက်ဖက်ရည်ဆိုင်ကို လာပြီး လက်ဖက်ရည်သောက်ရင်း လူတွေပြောတဲ့စကားကို လက်ရေးတိုနဲ့ လိုက်လိုက်ပြီး အရေးကျင့်နေတာ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငရမန်ကန်းနှစ်ယောက်ပြောခဲ့တဲ့ ကိုးရိုးကားရား စကားတွေအားလုံးကို ကျွန်တော်က လိုက်ပြီးရေးထားမိ တယ်"

ဟု လူငယ်က ပြောလိုက်လေ၏။

"နေရာကျတာပဲကွာ။ လက်ရေးတိုက ဘယ်သူ့နည်းတုံး ကွ။ ကိုမောင်မောင့်နည်းများလား"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဟုတ်ပါတယ်ခင်ဗျာ။ လက်ရေးတို ဦးမောင်ဆီကနည်း ပါ"

ဟု လူငယ်က ပြန်၍ပြောကာ ပဲတီပင်ပေါက်များနှင့် လွန်စွာတူသော လက်ရေးတိုစာရွက်အပိုင်းအစလေးများကို ထုတ်၍ပေးလိုက်လေ၏။

ကျွန်ုပ်မှာ ထိုလက်ရေးတိုစာရွက်များကို လုံးဝဖတ်တတ်ခြင်း မရှိပါ။ ဆားပုလင်းနှင်းမောင်ကမူ လူငယ်ထံမှ လက်ရေးတိုစာရွက်များ ကို ကောက်ယူကြည့်ရှုပြီးလျှင် ပြုံးလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် ထိုလူငယ်အား ၎င်း၏ကတိ အတိုင်း ငွေတစ်ရာ ထုတ်၍ပေးလိုက်လေ၏။ ထိုသို့ပေးရင်း. .

"အဲဒီ ငရမန်ကန်းနှစ်ယောက်နဲ့ပတ်သက်ပြီး ဘာများ



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြားသိ သေးသလဲ။ ဒါမှမဟုတ် ဘာများ မှတ်မိသေးသလဲ”

ဟု မေးလိုက်၏။

“ဒီလိုခင်ဗျ. . ။ အဲဒီငရမန်ကန်းနှစ်ယောက်ကို ကျွန်တော်တို့ကောင်းကောင်း မှတ်မိပါတယ်။ ဒီဆိုင်မှာ လက်ဖက်ရည်သောက်တုန်းက သူတို့မျက်နှာကို သေသေချာချာ မှတ်ထားလိုက်တယ်။ အဲဒီငရမန်ကန်းနှစ်ယောက်အနက် တစ်ယောက်ဟာ အောင်တော်မူနားက မဥ္စူသာဆိုတဲ့ ဆန်စက်အနားမှာ မယောင်မလည်လုပ်ပြီး မတ်တတ်ရပ်နေတာ တွေ့ရတယ်။ အစကတော့ တစ်ယောက်ယောက်ကိုစောင့်နေတယ် အောက်မေ့တာ။ ဒါပေမယ့် သူဟာ ဘယ်သူ့ကိုမှ စောင့်တာမဟုတ်ဘူးခင်ဗျ။ မယောင်မလည်နဲ့ ဟိုလျှောက်ဒီလျှောက်လုပ်နေတာ တွေ့ရတယ်”

ဟု လူငယ်ကပြောလိုက်ရာ ဆားပုလင်းနှင်းမောင်သည် စားပွဲခုံကို လက်ဝါးဖြင့်ပုတ်၍. .

“ဒီအချက်ဟာ သိပ်ပြီး အရေးကြီးတဲ့အချက်ပဲ ကိုယ့်လူရေ. . ။ ကဲ. . သွားမယ်”

ဟုဆိုကာ ဆိုင်အတွင်းမှထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ၎င်းနောက်မှ လိုက်၍ထွက်သွားရလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် တရုတ်ခေါက်ဆွဲဆိုင်တစ်ဆိုင်သို့သွားရောက်၍ နံနက်စာအတွက် ခေါက်ဆွဲတစ်ပွဲစီဝယ်၍စားကြလေ၏။ ခေါက်ဆွဲမှာထားစဉ်အတွင်း ကျွန်ုပ်က. .

"အိုင်ဆေး. . ဟိုကောင်လေးဆီက ငွေတစ်ရာပေးပြီး ဝယ်ခဲ့တဲ့ လက်ရေးတိုစာရွက်အပိုင်းအစတွေက ဘာတွေ တုံးဗျ။ ပြောစမ်းပါဦး"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဆားပုလင်းနှင်းမောင်သည် လက်ရေးတိုစာရွက်အပြဲစလေးများနှင့် စာရွက်ဖြူတစ်ရွက်ကိုထုတ်ကာ လက်ရေးတိုစာလုံးများအား မြန်မာစာနှင့် ပြန်လည်၍ရေးသားလိုက်ရာ အောက်ပါစာပိုဒ်ကို ရရှိလေတော့၏။

"ကောင်းလိုက်တဲ့ လက်ဖက်ရည်ဗျာ။ ခင်ဗျားက ကောင်းတယ်ဆိုလို့ ပြောရဦးမယ်ဗျို့။ ကျုပ်ကတော့ အင်တုံကြီးတစ်လုံး ဝယ်ချင်တယ်ဗျာ။ ဘုမသိ ဘမသိနဲ့ ဒီမြို့မှာ အင်တုံမဝယ်နဲ့ဗျို့။ ဝယ်ချင်းဝယ်ရင် ကရားဝယ်မှပေါ့ ဗျာ။ ကရားဆိုလို့ သတိရပြီဗျို့။ မနှစ်က ကျုပ်မိန်းမဝယ်လာတဲ့ကရားဟာ ကမ္ဘာပေါ်မှာ ဈေးအကြီးဆုံးပဲဗျ။ ကမ္ဘာပေါ်မှာ ဈေးအကြီးဆုံးဆိုပေမယ့် ဒီမြို့မှာတော့ ညစောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒလဝမ်တွေ မအိပ်ရဲတဲ့အိမ်ကြီးက နေသိပ်ပူတယ်ဗျ။ ညစောင့်ဒလဝမ်တွေမအိပ်ရဲတဲ့အိမ်ကြီးမှာ နေပူချင် ပူ လိမ့်မယ် ပေါ့ဗျာ။ ကျုပ်ကတော့ ဒီကိစ္စအတွက် ရှေ့နေ ငှားချင်တယ်။ နေပူလို့ ရှေ့နေငှားချင်ရင်လည်း ငှားပေါ့ ဗျာ။ ဒါမှ ယောက်ျားပီသမှာဗျ။ ယောက်ျား မပီသချင်ပါ ဘူးဗျာ။ စကားပီရင် တော်ပါပြီ။ ဒါကြောင့် ကျုပ်က အသွားမတော်ရင်တစ်လှမ်းဆိုတဲ့စကားပုံကို သဘောကျ တယ်ဗျ။ အသွားမတော် တစ်လှမ်းက အရေးမကြီးဘူး။ ကျုပ်မှာက အခုသွားကိုက်နေတယ်။ သွားကိုက်တာက ဘာအရေးကြီးသလဲဗျာ။ မယ်တော်ပျံ့က အလွန်စည်ဆို ပဲ။ မယ်တော်ပျံ့က ဘယ်လောက်စည်စည်ပေါ့ဗျာ။ မယ် ဇလီဖူးသုပ်က အရေးကြီးဆုံးပဲ”

ကျွန်ုပ်သည် ထိုစာများကို ဖတ်ရှုပြီးနောက်. .

“ဘာတွေတုံးဗျာ။ ကျုပ်ဖြင့် အဓိပ္ပာယ်ကိုနားမလည်ဘူး” ဟု ပြောလိုက်လေ၏။

“ဒီလိုဗျ။ ငရမန်ကန်းနှစ်ယောက်ဟာ သူတို့ပြောချင်တဲ့ စကားကို စကားဝှက်နဲ့ ပြောသွားကြတာဗျ။ ဘယ်ပုံစံနဲ့ ဝှက်တယ်ဆိုတာတော့ ချက်ချင်းမဖြေနိုင်ဘူး။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘာပြောသွားကြတယ်ဆိုတာတော့ ကျုပ်သိတယ်”

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် အထက်ပါစာရွက်ပေါ်၌ရှိသော စာလုံးများအနက် အချို့သောစာလုံးများ၏အောက်တွင် မျဉ်းကြောင်းတားလိုက်တာ အောက်ပါစာကို ရရှိလေတော့၏။

*ကောင်းတုံကြီး၊ ဘုရားကြီး၊ စောင့်နေပြီ၊ သွားမယ်။*

“အဓိပ္ပာယ်ရှင်းစမ်းပါဦး ကိုနှင်းမောင်ရယ်”

ဟု ကျွန်ုပ်က တောင်းပန်ရလေတော့၏။

“ကောင်းတုံဆိုတဲ့ကောင်က သူ့လူ ငရမန်ကန်းနှစ်ယောက်ကို ခေါ်လိုက်တာဗျ။ ငရမန်ကန်းနှစ်ယောက်က ရောင်တဗူလက်ဖက်ရည်ဆိုင်မှာချိန်းပြီး ကောင်းတုံဆီကိုသွားကြမှာ။ ကောင်းတုံက မဟာမြတ်မုနိဘုရားကြီးမှာ စောင့်နေမယ့်သဘောပဲ။ အဲဒီကောင်းတုံဆိုတာက ကင်းပတ်ဖိနပ်နဲ့လူသတ်သမား ဖြစ်လိမ့်မယ်။ ငရမန်ကန်းနှစ်ယောက်ကတော့ သူ့တပည့်တွေဗျ။ တစ်ယောက်သော

www.burmeseclassic.com

www.burmeseclassic.com



ငရမန်ကန်းဟာ သယ်န်းကျွန်းအိမ်ကြီးထဲမှာ အသတ်ခံလိုက်ရပြီး တစ်ယောက်သောငရမန်ကန်းကတော့ သားရေသေတ္တာကလေးနဲ့အတူ ပြည်တော်ပြန်ဆိုတဲ့စက်လှေကို စီးပြီး ထားဝယ်ဘက်ကိုပါသွားပြီလေဗျာ”

ဟု ဆားပုလင်းနှင်းမောင်က ရှင်းပြလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ခေါက်ဆွဲစားသောက်ကြလေ၏။ ခေါက်ဆွဲစားပြီးသောအခါ၌ ဆားပုလင်းနှင်းမောင်က. .

“လာဗျို့”

ဟုဆိုကာ ဆိုင်အတွင်းမှ ထွက်၍သွားလေ၏။ ကျွန်ုပ်လည်း ၎င်း၏နောက်မှ လိုက်ပါသွားခဲ့လေ၏။

မျှားမကြာမီ၌ပင် ကျွန်ုပ်တို့သည် မဥ္ဇူသာအမည်တပ်ထားသော ဆန်စက်တစ်လုံးဆီသို့ ရောက်ရှိကြလေတော့၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်က ဆန်စက်အလုပ်သမားတစ်ဦးအား. .

“ဒီစက်မှာ လူကြီးဘယ်သူတုံး။ ကျုပ်တို့စကားပြောချင်တယ်”

ဟု ပြောလိုက်ရာ ထိုအလုပ်သမားက . .

“မန်နေဂျာ. . မန်နေဂျာ။ ခင်ဗျားနဲ့စကားပြောချင်လို့တဲ့ဗျို့”

ဟု လှမ်း၍အော်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာဆိုသူလည်း ထွက်လာလေ၏။ မန်နေဂျာလည်း ကျွန်ုပ်တို့ ဧရမန်ကန်းနှစ်ဦးကိုမြင်လျှင် အံ့ဩသကဲ့သို့ ကြည့်ရှုပြီးနောက်. .

"ဘာကိစ္စတုံးဗျ။ ဒီဟာ ဆန်စက်ပါ။ မျက်စိကုဆေးရုံနဲ့တော့ မှားတာမဟုတ်ပါဘူးနော်"

ဟု မေးလိုက်လေ၏။

"ကျုပ်တို့ မျက်စိကုဆေးရုံကို အလိုမရှိပါဘူး။ ဟောဒီက မဥ္စူသာဆန်စက်ပိုင်ရှင်နဲ့ တွေ့ချင်ပါတယ်"

ဟု ပြောလိုက်ရာ မန်နေဂျာက. .

"ကျွန်တော့်နာမည်က စိန်ညိုလို့ခေါ်ပါတယ်။ ကျွန်တော်က ဒီစက်က မန်နေဂျာပါ။ ပိုင်ရှင်မဟုတ်ပါဘူး။ ပိုင်ရှင်က မဥ္စူသာတဲ့။ သူ့အဖေက စက်ရှင်တရားသူကြီးဟောင်း ဦးကံသာလို့ခေါ်ပါတယ်"

ဟု ရိုသေစွာပြောလေ၏။

"အင်းလေ. .။ သူနဲ့တွေ့ချင်တာပေါ့"

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်ရာ. .

"ဒီလိုခင်ဗျ။ ဦးကံသာရော၊ မဥ္စူသာရော မရှိကြဘူးဗျ။ ရန်ကုန်သွားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မန်နေဂျာမောင်စိန်ညိုက ပြန်၍ပြောလေ၏။

"ထားပါတော့လေ။ သူတို့မရှိလည်း ကိစ္စမရှိပါဘူး။ နောင် အခါလာခဲ့ရင် သူတို့အိမ်ကိုသိရအောင်လို့ အိမ်ကိုတော့ လိုက်ပြပါ"

ဟု ဆားပုလင်းနှင်းမောင်ကပြောလျှင် မန်နေဂျာမောင်စိန်ညို လည်း ၎င်း၏ဆန်စက်ပိုင်ရှင်များ နေထိုင်ရာအိမ်သို့ လိုက်လံပြသလေ ၏။

အိမ်ဝင်းတံခါးများ ပိတ်ထား၏။ အိမ်တံခါးများကိုလည်း အပြင်မှ သော့ခလောက်ကြီးများခတ်ထားသည်ကို တွေ့ရလေ၏။ အိမ် မှာ တိုက်အိမ်ဖြစ်၏။ ထိုအိမ်၏နောက်တွင် သုံးခန်းတွဲပျဉ်ထောင်တန်း လျားကလေးတစ်လုံးလည်း ဆောက်လုပ်ထားသည်ကို တွေ့ရလေ၏။

"အိမ်ကို ဒီလိုပဲ ပိတ်ထားသလား။ ဒလဝမ်တွေ ဘာတွေ မထားခဲ့ဘူးလား"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဒလဝမ်ရှိပါတယ်ခင်ဗျ။ သူက ညဘက်မှလာတာပါ"

ဟု မန်နေဂျာမောင်စိန်ညိုက ပြန်၍ပြောလေ၏။

"နေစမ်းပါဦး။ ဦးကံသာနဲ့ မဥ္ဇူသာက ရန်ကုန်ကို ဘာသွား လုပ်ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဘာသွားလုပ်ကြတယ်ဆိုတာတော့ မသိဘူးခင်ဗျ။ သွားတာကလည်း တစ်ယောက်စီသွားတာ။ ဦးကံသာက နောက်မှလိုက်သွားတာ။ မဥ္ဇူသာက အရင်သွားနှင့်နေတယ်နဲ့တူတယ်။ အတိအကျမသိဘူးခင်ဗျ"

ဟု မန်နေဂျာမောင်စိန်ညိုက ပြန်၍ပြောလေ၏။

"ထားပါတော့ကိုစိန်ညိုရယ်။ ဦးကံသာတို့ ရန်ကုန်ရောက်ရင် ဘယ်မှာတည်းခိုလေ့ရှိသလဲ"

ဟု ဆားပုလင်းနှင်းမောင်ကမေးလေ၏။

"အဲဒါလည်း မသိဘူးခင်ဗျ"

ဟု မန်နေဂျာမောင်စိန်ညိုက ပြန်၍ဖြေလေ၏။

"ခင်ဗျားကလည်း ဘာမှမသိပါပဲလား။ မသိတဲ့လူကို သူဌေးသမီးနဲ့ပေးစားမယ်ဆိုရင် ခင်ဗျားကတော့ သူဌေးသမက်ဖြစ်ဖို့ သေချာနေပြီပေါ့"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ မန်နေဂျာမောင်စိန်ညိုက. .

"နေရာကျတာပေါ့ဗျာ။ သင့်မြတ်ပါပေတယ်"

ဟု ပြန်၍ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်တို့လည်း ဖင်းမန်နေဂျာနှင့် ခွဲခွာ၍ ထွက်လာခဲ့ကြလေ၏။ အတော်အတန်လျှောက်လာမိသောအခါ၌ ကုလားလက်ဖက်ရည်ဆိုင်တစ်ဆိုင်ကိုတွေ့သဖြင့် လက်ဖက်ရည်ဝင်၍သောက်ကြလေ၏။

လက်ဖက်ရည်ရောင်းသော ကာကာကုလားသည် ကျွန်ုပ်တို့နှစ်ဦးအားကြည့်ကာ. .

"ဘက်ညီတယ်ဆိုတာ ဒါမျိုးပေါ့ဗျာ"

ဟု ပြောလေ၏။

"ဘာကိုပြောတာလဲကွ။ နှစ်ယောက်စလုံး မျက်လုံးတစ်ဖက်စီမမြင်တာကို ပြောတာလား"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဒီလိုမဟုတ်ပါဘူးခင်ဗျာ။ စက္ခုတစ်ကွင်းစီ အလင်းမရတာကို ပြောချင်တာပါ"

ဟု ပြန်၍ပြောလိုက်လေ၏။

"ဟေ့ကောင်. . တော်တော့။ နောက်ဆက်ပြီးပြောရင်မင်းမျက်လုံးကို ငါတို့ ထိုးဖောက်ပစ်လိုက်မယ်"

ဟုပြောလိုက်ရာ ကာကာကုလားသည် ကြောက်လန့်၍. .

"မလုပ်ပါနဲ့ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ လက်ဖက်ရည်ကို ကပျာကယာဖျော်၍ ကျွန်ုပ်တို့အား လာရောက်ချပေးလေ၏။ ကျွန်ုပ်တို့နှစ်ဦးလည်း လက်ဖက်ရည်ကို သောက်ကြလေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်က. .

"လာဗျို့"

ဟုဆိုကာ ရှေ့မှ သွက်သွက်သွားလေ၏။ ကျွန်ုပ်လည်း နောက်မှလိုက်ရင်း. .

"အိုင်ဆေး. . ဘယ်ကိုတုံးဗျ"

ဟု မေးလိုက်လေ၏။

"စောစောက မန်နေဂျာလိုက်ပြတဲ့ ဆန်စက်ပိုင်ရှင် မဥ္စူသာတို့အိမ်ကို သွားမယ်လေဗျာ"

ဟု ပြောလေ၏။

"သူတို့မှ မရှိကြတာဘဲ။ ရန်ကုန်သွားတယ်လို့ ပြောတယ် မဟုတ်လား"

ဟု ကျွန်ုပ်ကမေးရာ. .

"ကျုပ်သိပါတယ်။ ဒီအချိန်မှာ ဒလဝမ်လည်း မလာသေးဘူးဗျ။ ဒလဝမ်က ညမှလာတာ။ အဲဒီအိမ်ထဲကို ကျုပ်တော့ ခိုးပြီးဝင်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

"ဖြစ်ပါ့မလား အိုင်ဆေးရယ်။ တော်တော်ကြာ ဖောက်ထွင်းမှုတွေ ဖြစ်နေပါဦးမယ်"

ဟု ကျွန်ုပ်ကပြောရာ. .

"လာသာ လာစမ်းပါ အိုင်ပီရယ်။ ဒါတွေကြောက်နေရင် အလုပ်လုပ်လို့ မဖြစ်ဘူးဗျ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ဆန်စက်ပိုင်ရှင် မဥ္ဇူသာနှင့် ၎င်း၏ဖခင်ကြီး ဦးကံသာပိုင်ဆိုင်သည့် ခြံဝင်းကျယ်ကြီးအတွင်းမှ တိုက်အိမ်ကြီးအား နေ့ခင်းကြောင်တောင် ဖောက်ထွင်းဝင် ရောက်ကြလေတော့၏။

"အိုင်ဆေး ဘယ်လိုလဲ။ သော့တွေကို ချိုးပစ်ရမှာလား"

ဟု ကျွန်ုပ်ကမေးရာ ဆားပုလင်းနှင်းမောင်က. .

"ကျုပ်နောက်ကသာ အသာလိုက်ခဲ့စမ်းပါ"

ဟုဆိုကာ ခြံဝင်းကိုကျော်၍ ခြံအတွင်းသို့ ဝင်လေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ၎င်း၏နောက်မှ လိုက်၍ဝင်ရလေ၏။ ဆားပုလင်းနှင်းမောင်သည် ခြံအတွင်းသို့ရောက်သောအခါ၌ တိုက်အိမ်နောက်ဘက်ရှိ ပျဉ်ထောင်တန်းလျားလေးဆီသို့ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ၎င်းနောက်မှ လိုက်၍သွားရလေ၏။

ထိုတန်းလျားကလေးကိုရောက်လျှင် အနီးအပါးမှ လူအရိပ်အခြည်ကိုကြည့်ရှု၍ တန်းလျားအမိုးပေါ်သို့ တက်လေ၏။

ကျွန်ုပ်မှာ ၎င်းကဲ့သို့ မတက်နိုင်သဖြင့် အောက်မှရပ်၍ ကြည့်နေရလေ၏။ ဆားပုလင်းနှင်းမောင်မှာမူ ၎င်းအမိုးပေါ်မှတစ်ဆင့် တိုက်၏အနောက်ဘက် ဝရန်တာသို့ ရဲဝံ့စွာခုန်ကူးလေ၏။

ဝရန်တာသို့ရောက်လျှင် တိုက်အမိုးနှင့် တိုက်နံရံကြား ဟ၍နေသောနေရာသို့ တွယ်တက်ကာ ထိုနေရာတွင်ရှိသော သံဆန်ခါအား ခြေထောက်နှင့်ကန်၍ ချိုးလေ၏။ သံဆန်ခါကျိုးသွားသောအခါ၌ အတွင်းသို့ ကုတ်ကပ်၍ ဝင်သွားလေ၏။

ဆားပုလင်းနှင်းမောင်သည် အတွင်းသို့ရောက်သွားသောအခါ၌ အပေါ်ထပ်မှ အောက်ထပ်သို့ဆင်းလာကာ နောက်ဖေးဘက်သို့ လျှောက်ခဲ့ပြီးလျှင် အတွင်းမှထိုးထားသော နောက်ဖေးတံခါးချက်ကို 'ချောက်' ခနဲဖြုတ်လိုက်လေ၏။

"ကဲ. . အိုင်ပီ။ ကိုယ့်အိမ်လိုသဘောထားပြီး အေးအေးဆေးဆေးသာ ဝင်ခဲ့ပေတော့"

ဟု ဆားပုလင်းနှင်းမောင်ကခေါ်လိုက်သဖြင့် ကျွန်ုပ်လည်း တံခါးပေါက်မှ ဝင်သွားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဝင်သွားပြီးသောအခါ၌ ဆားပုလင်းနှင်းမောင်က တံခါးကို ပြန်၍ချက်ထိုးပိတ်လိုက်လေ၏။ ကျွန်ုပ်မှာ လွန်စွာကြောက်လန့်လှပေသည်။ ၎င်းမှာမူ ကြောက်လန့်ပုံမရပေ။ ကိုယ့်အိမ်၌ ကိုယ်သွားနေသကဲ့သို့ ရဲတင်းစွာ သွားလာနေလေ၏။

အိမ်အောက်ထပ်တစ်ထပ်လုံးကို ပိုက်စိပ်တိုက်ရှာနေလေ၏။ ကျေနပ်လောက်အောင်ရှာပြီးသောအခါ၌. .

"အောက်မှာတော့ ဘာမှမတွေ့ဘူး အိုင်ပီ။ အပေါ်ထပ်တက်ရအောင်"

ဟု ဆိုကာ ၎င်းပင် ရှေ့မှတက်လေ၏။ ကျွန်ုပ်လည်း ၎င်းနောက်မှ လိုက်သွားရလေ၏။ အပေါ်ထပ်သို့ရောက်လျှင် အခန်းတစ်ခန်းသို့ ဝင်လေ၏။ အခန်းမှာ သော့ခတ်ထားသောကြောင့် ဆားပုလင်းနှင်းမောင်က ထိုသော့များကို လက်ဝါးစောင်းဖြင့် ရိုက်၍ ချိုးပစ်လိုက်လေ၏။

"ဒီအခန်းကတော့ မဥ္ဇူသာရဲ့အခန်းပဲဗျို့"

ဟု ဆိုကာ မဥ္ဇူသာ၏သေတ္တာများ၊ ဗီရိုများကို ဖွင့်၍ရှာလေတော့၏။

ထို့နောက် မှန်တင်ခုံပေါ်တွင်တင်ထားသော အမျိုးသမီးတစ်ဦး၏ဓာတ်ပုံကိုကြည့်ကာ . .



www.burmeseclassic.com

www.burmeseclassic.com



"မဥ္ဇူသာဆိုတာ သူပဲ အိုင်ပီ။ အဲဒီစာတပ်ပုံကို ယူခဲ့ပေ တော့"

ဟုပြောသဖြင့် ကျွန်ုပ်လည်း ထိုစာတပ်ပုံကို ယူခဲ့ရလေ၏။ ပြီး လျှင် မဥ္ဇူသာအခန်းမှထွက်ကာ ခေါင်းရင်းဘက်တွင်ရှိသောအခန်းကို ဝင်ပြန်၏။

ထိုအခန်း၌လည်း အခန်းတံခါးသော့အပါအဝင် ဗီရိုသော့၊ သေတ္တာသော့ စုစုပေါင်း သော့ခလောက်လေးလုံးကို ဆားပုလင်း နှင်းမောင်ပင် လက်ဝါးစောင်းဖြင့်ရိုက်၍ ချိုးဖဲ့ဖျက်ဆီးကာ ဖွင့်ခဲ့ လေ၏။

ထိုအခန်းတွင်း၌လည်း ဆားပုလင်းနှင်းမောင်သည် ပိုက်စိပ် တိုက်၍ ရှာဖွေလေ၏။ သို့ရာတွင် ၎င်းအလိုရှိသောပစ္စည်းကို မရသော ကြောင့် အခန်းတွင်းမှ ထွက်လာလေ၏။

ပြီးလျှင် စာအုပ်ထည့်သော မှန်ဗီရိုကြီးတစ်လုံးဆီသို့ သွား လေ၏။ မှန်ဗီရိုကြီးအတွင်း၌ကား ဦးကံသာဆိုသည့်အဘိုးကြီး တရား သူကြီးလုပ်ခဲ့စဉ်က အသုံးပြုခဲ့ဟန်တူသော သားရေဖုံးအုပ် ဥပဒေ စာအုပ်ကြီးများထည့်ထားသည်ကို အပြင်မှတွေ့ရလေ၏။

ဆားပုလင်းနှင်းမောင်သည် ထိုမှန်ဗီရိုကြီးအား သော့ကို မချိုး တော့ဘဲ သတင်းစာစက္ကူများကို ရေဆွတ်၍ မှန်၌ကပ်ကာ လက်သီး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထိုးခွဲလိုက်လေ၏။ ထိုအခါ မှန်ကွဲသံ လွန်စွာမကျယ်ဘဲလျက် မှန်များကွဲကုန်လေတော့၏။

ဆားပုလင်းနှင်းမောင်သည် ဗီရိုအတွင်းမှ စာအုပ်များကို အကုန်လုံး အောက်သို့ချလေ၏။ ထို့နောက် ဟိုလှန်ဒီလှန် ဖတ်ရှုလေ၏။ ဤသို့လျှင် စာအုပ်များကို ဖတ်ရှုလိုက်၊ အောက်သို့ချလိုက် ပြုလုပ်နေရင်း စာအုပ်တစ်အုပ်ကိုတွေ့လျှင် ၎င်း၏မျက်နှာသည် ဝင်းထိန်၍ သွားလေတော့၏။

"နေရာကျပြီဗျို့"

ဟုလည်း ပြောလိုက်လေ၏။

ကျွန်ုပ်လည်း ၎င်းဆွဲယူလိုက်သော စာအုပ်ကြီးအား ကြည့်လိုက်ရာ စာအုပ်အဖုံးပေါ်၌ . .

**စက်ရှင်မင်းကြီးဟောင်း**
**ဦးကံသာ၏မှတ်တမ်း**

ဟူသော စာတန်းကြီးကို တွေ့ရလေတော့၏။ ဆားပုလင်း



www.burmeseclassic.com

www.burmeseclassic.com



နှင်းမောင်သည် ထိုမှတ်တမ်းစာအုပ်ကြီးကိုရရှိသည့်အခါ ပက်လက်ကုလားထိုင်၌ထိုင်ကာ စီးကရက်ကို မီးညှိရှိုက်ဖွာရင်း အေးဆေးစွာ ဖတ်ရှုနေလေတော့၏။

၎င်းသည် သူတစ်ပါး၏အိမ်အတွင်းသို့ အခွင့်မရှိဘဲ ခိုးကြောင်ခိုးဝှက်ဝင်ရောက်နေသူနှင့်မတူဘဲ စာကြည့်တိုက်အတွင်းသို့ ဝင်ရောက်၍ စာဖတ်နေသော စာကြမ်းပိုးတစ်ဦးနှင့်သာ တူလေတော့၏။

၎င်းကိုယ်တိုင်လည်း ခိုးကြောင်ခိုးဝှက် ဝင်လာရသောအဖြစ်ကို မေ့လျော့သွားဟန်တူ၏။ စာထဲတွင် လွန်စွာစိတ်ဝင်စားနေပုံရ၏။ အချို့သောနေရာများ၌ ခဲတံကိုထုတ်၍ လိုင်းတားနေလေတော့၏။

ကျွန်ုပ်မှာမူ လူမိမည်စိုးသဖြင့် စိတ်မလုံဘဲ တထိတ်ထိတ်ဖြစ်နေ၏။ ၎င်းကမူ အကြောင့်ကြမဲ့စွာ စာဖတ်နေလေ၏။ အချိန်အတော်ကြာသည်အထိ စာဖတ်နေပြီးနောက် ကျွန်ုပ်ကိုသတိရသည့်အလား လှည့်၍ကြည့်ကာ. .

"အိုင်ပီ. . . ဆာနေပြီလား။ ဆာရင် မီးဖိုထဲမှာ ကော်ဖီသွားဖျော်သောက်ပေတော့။ ဘီစကစ်လည်း ရှိတယ်။ ပေါင်မုန့်ကတော့ ခြောက်နေပြီ"

ဟုပြောကာ ဆက်လက်၍ စာကိုဖတ်ရှုနေလေ၏။

ဤသို့နှင့်ပင် ညနေစောင်းသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်က. .

"အိုင်ဆေး. . အပြင်ထွက်ရအောင်ပါဗျာ။ အပြင်ကျမှ အေးအေးဆေးဆေး ဖတ်စမ်းပါ။ ညနေစောင်းနေပြီဗျ။ တော်တော်ကြာ ဒလဝမ်ရောက်လာလိမ့်မယ်"

ဟု ကျွန်ုပ်က သတိပေးမှပင် စာအုပ်ကြီးကိုပိတ်၍ နေရာမှ ထလေတော့၏။

ထို့နောက် နောက်ဖေးတံခါးကိုဖွင့်ကာ အိမ်အတွင်းမှ ထွက်လေ၏။

ကျွန်ုပ်တို့ ခြံဝသို့ရောက်သောအခါ၌မူ ဒလဝမ်ကုလားသည် ခြံတံခါးကိုဖွင့်၍ ဝင်လာသောအချိန်နှင့် အံကိုက်ဖြစ်၍သွားလေ၏။ ကျွန်ုပ်က အကျိုးအကြောင်းရှင်းပြမည်အလုပ်တွင် ဒလဝမ်ကုလားက အော်လိုက်လေ၏။

သို့ရာတွင် အော်သံမထွက်မီပင် ဆားပုလင်းနှင်းမောင်၏ လက်သီးသည် ကုလား၏ပါးချိတ်ဆီသို့ ရောက်ရှိသွားပြီဖြစ်လေတော့၏။ ဒလဝမ်ကုလားသည် ကောင်းစွာအိပ်ပျော်သွားပြီဖြစ်လေ၏။

ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့ သည် ထိုခြံကြီးအတွင်းမှ ထွက်လာကာ မြင်းလှည်းတစ်စီးကိုငှား၍ ဘူတာဆီသို့ အရောက်ပြန်လာခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဘူတာသို့ရောက်သောအခါ၌ ရထားလက်မှတ်ဝယ်ယူကာ ထိုညထွက်သောရထားနှင့်ပင် ရန်ကုန်သို့လိုက်ပါခဲ့ရာ နောက်တစ်နေ့ နံနက်၌ ရန်ကုန်သို့ ကောင်းစွာရောက်ရှိခဲ့ကြလေတော့၏။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ထောင်ချောက်ဆင်ပြီ

ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာပြီး တစ်နေ့သ၌ ကျွန်ုပ်သည် ဆားပုလင်းနှင်းမောင်နေထိုင်ရာ ၂၉၅၊ ဘိုးလိန်းလမ်းသို့ သွားရောက်ခဲ့လေ၏။ ကျွန်ုပ်ရောက်ရှိသောအချိန်၌ ဆားပုလင်းနှင်းမောင်သည် မန္တလေး မဥ္ဇူသာဆန်စက်ပိုင်ရှင်အိမ်မှရရှိခဲ့သော စာအုပ်ထူကြီးကို ဖတ်ရှုလျက်သား တွေ့ရလေ၏။

"အိုင်ဆေး. . အခုထက်ထိဖတ်နေတုန်းပဲလား"

ဟု ကျွန်ုပ်ကမေးရာ ဆားပုလင်းနှင်းမောင်က. .

"ဒီအကြိမ်ဟာ ခုနစ်ကြိမ်မြောက်ဖတ်ခြင်းလေဗျာ"

ဟု ပြန်၍ဖြေလေ၏။

"ကဲပါဗျာ. . လက်ဖက်ရည်လေး ဘာလေး သွားပြီး သောက်ကြရအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်ကပြောလိုက်ရာ ဆားပုလင်းနှင်းမောင်သည် သံတိုင်၌ချိတ်၍ထားသော ၎င်း၏ကုတ်အင်္ကျီကိုဖြုတ်ကာ ဝတ်လိုက်လေ၏။

"ပုဇွန်တောင်ဘက်မှာသွားပြီးသောက်ရအောင်ဗျာ"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း မော်တော်ကားကို ပုဇွန်တောင်ဘက်ဆီသို့ မောင်းရလေ၏။ ထိုသို့မောင်းလာခဲ့ရာ သံဂဟေဆက်သော ဆိုင်တစ်ဆိုင်ရှေ့သို့ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်က ကားကိုရပ်ခိုင်းသဖြင့် ရပ်ပေးရလေ၏။ ဆားပုလင်းနှင်းမောင်သည် သံဂဟေဆိုင်သို့ဝင်၍ သံပြားထူထူများကို ဂဟေဆက်ခိုင်းပြီးလျှင် သံသေတ္တာလေးတစ်လုံးဖြစ်အောင် စီမံလေတော့၏။ ၎င်းအလိုရှိသော သံသေတ္တာအရွယ်အစားကိုလည်းပြော၏။ သံဂဟေဆိုင်ကလည်း ရအောင်လုပ်ပေးမည်ဟု ပြောဆိုကာ ပြုလုပ်ပေးလေ၏။

"နောက်ပြီးတော့ သေတ္တာရဲ့အလေးချိန်ဟာ (၉) ပိဿာ
တိတိ ရှိစေချင်တယ်။ လိုနေရင် အတွင်းဘက်က သံပြား
ပိုးပြီး ဂဟေဆော်ပေးပါ။ တကယ်လို့ ပိုနေရင်တော့
ကျောက်စက်နဲ့တိုက်ပြီး အလေးချိန်လျှော့ပေးပါ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

သံဂဟေဆိုင်ကလည်း တစ်နာရီအတွင်း၌ရရှိမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်တို့သည် လက်ဖက်ရည်ဆိုင်သို့သွားရောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်သောက်ရင်း အချိန်ဖြုန်း၍နေကြလေတော့၏။ တစ်နာရီခန့်ကြာသောအခါ၌မူ သံဂဟေဆိုင်သို့ပြန်လည်သွားရာ ကိုနှင်းမောင်အလိုရှိသော သံသေတ္တာလေးတစ်လုံး ရရှိခဲ့လေတော့၏။ ထို့နောက်ကိုနှင်းမောင်က သားရေသေတ္တာချုပ်သောဆိုင်သို့ သွားလိုသည်ဆိုသဖြင့် ကျွန်ုပ်လည်း မော်တော်ကားဖြင့် လိုက်၍ပို့ရလေ၏။

သားရေသေတ္တာဆိုင်သို့ရောက်သောအခါ၌မူ ကိုနှင်းမောင်က သံသေတ္တာပေါ်တွင် သားရေပြားများကပ်၍ ချုပ်ပေးပါရန် ပြောလေတော့၏။ သားရေသေတ္တာဆိုင်ကလည်း ကိုနှင်းမောင်အလိုရှိသည့်အတိုင်း ချုပ်လုပ်ပေးလိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် မော်တော်ကားဖြင့် ပြန်လာခဲ့လေ၏။ ဆားပုလင်းနှင်းမောင်သည် သားရေသေတ္တာလေးကို လက်၌ဆွဲလျက်လိုက်ပါခဲ့ရင်း တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားလာလေ၏။

“အိုင်ဆေး. .။ ဒီသေတ္တာလေးက ဘာလုပ်ဖို့တုံးဗျ”

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဆားပုလင်းနှင်းမောင်က. .

“ဒီသေတ္တာကလေးက နှယ်နှယ်ရရ မဟုတ်ဘူးဗျ။ ဘောက်ထော်တိုက်ပျက်ကြီးထဲမှာဖြစ်ပွားခဲ့တဲ့ လူသတ်မှု၊ မလ္လကုန်းရထားလမ်းပေါ်မှာ တိုက်ဂါးဆိုတဲ့ကောင်ကြီးကို ရထား



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ပြီး သေအောင်လုပ်ခဲ့တဲ့ လူသတ်မှု၊ သယ်န်းကျွန်း ဘူတာနားကအိမ်ကြီးမှာ ဖြစ်ပွားခဲ့တဲ့ လူသတ်မှုတွေရဲ့ တရားခံ ကင်းပတ်ဖိနပ်သမား 'ကောင်းတုံ' ဆိုတဲ့လူကို အရှင်လတ်လတ်ဖမ်းဆီးနိုင်မယ့် သံထောင်ချောက်ဗျ"

ဟု ပြောလေ၏။ ထို့နောက် မြန်မာ့အလင်းသတင်းစာတိုက်ဘက်သို့ မော်တော်ကားကိုမောင်းခိုင်းသဖြင့် ကျွန်ုပ်လည်း မောင်းပို့ရလေ၏။ သတင်းစာတိုက်ရောက်လျှင် ဆားပုလင်းနှင်းမောင်သည် စာရွက်တစ်ရွက်ပေါ် အောက်ပါကြော်ငြာကို ရေးလေ၏။

*သားရေသေတ္တာတစ်လုံး ကောက်ရထားခြင်း*

*မြိတ်မြို့ဆိပ်ကမ်းမှ သားရေသေတ္တာလေးတစ်လုံး ကောက်ရခဲ့ပါသည်။ သားရေသေတ္တာဟုဆိုသော်လည်း အတော်အတန်လေးလံသောကြောင့် အတွင်း၌ သံဖြင့်ပြုလုပ်ထားသည်ဟု ထင်ရပါသည်။ ပိုင်ရှင်ထံ ပြန်လည်အပ်နှံလိုသဖြင့် မြိတ်မြို့၌ စုံစမ်းသော်လည်း ပိုင်ရှင်မတွေ့ခဲ့ရပါ။ ထို့ကြောင့် သတင်းစာမှ ကြော်ငြာရခြင်းဖြစ်သည်။ သေတ္တာ၏ အရွယ်ပမာဏ၊ အလေးချိန် စသည်တို့ကို သေချာဂနစွာ ပြောဆိုနိုင်သူ မည်သူမဆို ၂၉၅၊ ဘိုးလိန်းလမ်းသို့ ညနေ*



www.burmeseclassic.com

www.burmeseclassic.com



*၄ နာရီမှ ၆ နာရီအတွင်း လာရောက်ယူနိုင်ကြောင်း ကြော်ငြာ အပ်ပါသည်။*

*ပစ္စည်းချင်းစာနာတတ်သူ*

ဆားပုလင်းနှင်းမောင်သည် ထိုကြော်ငြာကို သတင်းစာ၌ထည့်ရန်အတွက် ကြော်ငြာခငွေကိုပါပေး၍ အယ်ဒီတာထံ၌ အပ်နှံခဲ့လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ၂၉၅၊ ဘိုးလိန်းလမ်းဆီသို့ ပြန်လာခဲ့ကြလေတော့၏။

ဆားပုလင်းနှင်းမောင်သည် ၎င်း၏အိမ်သို့ ပြန်လည်ရောက်ရှိသောအခါ၌ စာရွက်တစ်ရွက်ပေါ်တွင် စာများကိုရေး၍ သေတ္တာအတွင်းသို့ ထိုစာရွက်ကို ထည့်လိုက်လေတော့၏။

ကျွန်ုပ်က. .

"ဘာစာတွေတုံးဗျ"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က. .

"ရှေးရှေးတုန်းက၊ လွန်ခဲ့တဲ့ ရာစုနှစ်ပေါင်းများစွာတုန်းက ရေးလေ့ရှိတဲ့ မြန်မာစာတစ်မျိုးပေါ့ဗျာ"

ဟု ပြန်၍ပြောဆိုလေ၏။

"ဟုတ်ပါပြီ။ ဘာအဓိပ္ပာယ်လဲလို့ မေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်ကပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က. .

"ထွေထွေထူးထူး မဟုတ်ပါဘူးဗျာ။ **'ဆားပုလင်းနှင်းမောင်မှ ကောင်းတုံသို့'** လို့ ရေးလိုက်တာပါ"

ဟု ပြန်၍ပြောလေ၏။

ထို့နောက်တွင်ကား ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်အား လွန်စွာကောင်းသော ဂုင်း၏တယောလက်သံဖြင့် အတော်အတန်ညဉ့်နက်သည့်တိုင်အောင် ဧည့်ခံလေတော့၏။

*****



www.burmeseclassic.com

www.burmeseclassic.com



# သေတ္တာလာယူပြီ

နောက်တစ်နေ့ညနေ လေးနာရီခန့်တွင် ကျွန်ုပ်သည် ဆားပုလင်းနှင်းမောင်၏အိမ်သို့ ရောက်ရှိခဲ့လေတော့၏။ ဆားပုလင်းနှင်းမောင်သည် မြန်မာစာအသံပြောင်းပုံအကြောင်းကို မှတ်စုရေးသား နေလေ၏။

"အိုင်ဆေး. . ကိုနှင်းမောင်။ မနေ့က ထည့်လိုက်တဲ့ ကြော်ငြာ ဒီကနေ့သတင်းစာမှာပါလာပြီလေဗျာ။ အဲဒီတော့ သေတ္တာပိုင်ရှင်မလာသေးဘူးလားလို့ မေးတာပါ" ဟု ကျွန်ုပ်ကပြောလိုက်လေသည်။

"လာမှာပါဗျာ. . ပူမနေပါနဲ့။ အခုမှ လေးနာရီထိုးပြီးခါစ ရှိပါသေးတယ်။ ကဲပါလေ. . အိုင်ပီမပျင်းရအောင် ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



က ဉာဏ်စမ်းပုစ္ဆာလေးတစ်ပုဒ် ပေးထားမယ်။ အဲဒါ ဖြေကြည့်နေပေါ့ဗျာ”

ဟု ဆားပုလင်းနှင်းမောင်ကပြောလျှင် ကျွန်ုပ်က. .

“မလုပ်ပါနဲ့ဗျာ။ ဆံပင်ဖြူသွားပါဦးမယ်”

ဟု တောင်းပန်ရလေ၏။

“ဆံပင်မဖြူပါဘူးဗျာ။ အပျင်းပြေပေါ့”

ဟု ဆားပုလင်းနှင်းမောင်က ထပ်၍ပြောလေ၏။

“ကျုပ်မပျင်းတတ်ပါဘူးဗျာ။ ဉာဏ်စမ်းပုစ္ဆာတော့ မမေးပါနဲ့။ ကျုပ်ဟာကျုပ် အေးအေးဆေးဆေးထိုင်နေပါ့မယ်”

ဟု တောင်းပန်ရလေ၏။

ထိုအခါကျမှပင် ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်အား ဉာဏ်စမ်းပုစ္ဆာနှင့်မနှိပ်စက်တော့ဘဲ ချမ်းသာခွင့်ပေးလေတော့၏။

ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့သည် ရောက်တတ်ရာရာ စကားများပြောဆိုရင်း သေတ္တာလာယူမည့်လူအား စောင့်မျှော်နေကြလေတော့၏။ များမကြာမီ၌ပင် တစ်စုံတစ်ယောက်သည် ကျွန်ုပ်တို့၏အိမ်ဘက်ဆီသို့ ရှေးရှု၍လာနေသည်ကို တွေ့ရသောကြောင့် ဆားပုလင်းနှင်းမောင်က. . .

“အိုင်ပီရေ. .။ ကောင်းတုံလှတ်လိုက်တဲ့လူတော့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ဆီကိုလာ နေပြီဗျို့။ ဟောဟိုမှာ မြင်လား"

ဟု ပြောလိုက်သဖြင့် ကြည့်လိုက်ရာ အသက်အရွယ်ကြီးသော လူကြီးတစ်ဦး ကျွန်ုပ်တို့ထံသို့ စိတ်အားထက်သန်စွာ လာနေသည်ကို တွေ့ရလေတော့၏။

"သူကိုယ်တိုင်က လူသတ်သမား ကောင်းတုံ မဖြစ်နိုင်ဘူး လား"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က. .

"ဘယ်လိုဖြစ်နိုင်မှာတုံးဗျာ။ ဟိုလူက အလွန်သွက်လက်၊ အလွန်ဖျတ်လတ်တဲ့ လူငယ်တစ်ယောက်ဗျ။ လူကြီးမဖြစ် နိုင်ပါဘူး"

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ပင် ထိုလူကြီးသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာပြီး လျှင်. .

"သတင်းစာမှာပါတဲ့ သေတ္တာကြော်ငြာလေးအတွက် လာ ခဲ့တာပါပဲ"

ဟု ပြောလေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က. .

"ဟုတ်ကဲ့. .။ ပိုင်ရှင်တွေ့ပြီဆိုတော့လည်း ပေးရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်လို့ကို သတင်းစာထဲ ကြော်ငြာခဲ့တာပဲ။ သေတ္တာ အကြောင်းနည်းနည်းပြောပါဦး”

ဟုပြောလိုက်လျှင် ထိုလူကြီးက. .

“သေတ္တာက အပြင်က သားရေ အထဲက သံပါ”

ဟု ပြန်၍ဖြေလေ၏။

“ကောင်းပါပြီခင်ဗျာ။ သေတ္တာရဲ့အလေးချိန်ကို အတိ အကျမဟုတ်တောင် အနီးစပ်ဆုံး ခန့်မှန်းပြီး ပြောပြစေ ချင်ပါတယ်”

ဟု မေးလိုက်ပြန်ရာ ထိုလူကြီးက. .

“၉ ပိဿာအထက်မှာ ရှိပါတယ်”

ဟု သွက်လက်စွာ ပြန်၍ဖြေလေ၏။

“ဒီသေတ္တာကို ခင်ဗျားပျောက်ဆုံးခဲ့တာပေါ့”

ဟု ဆားပုလင်းနှင်းမောင်ကမေးလိုက်ရာ ထိုလူကြီးက. .

“ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော် ပျောက်ခဲ့တာပါ”

ဟု ပြန်၍ဖြေလျှင်ဆားပုလင်းနှင်းမောင်သည် ၎င်းကိုယ်တိုင် သံဂဟေဆိုင်၌ပြုလုပ်ခဲ့သော သေတ္တာအား ထိုလူကြီးလက်သို့ ပေးအပ် ရင်း. .

“ကဲ. . ကိုယ့်ပစ္စည်း ကိုယ်ယူသွားပေတော့”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

ထိုလူကြီးသည် သေတ္တာကိုရရှိသောအခါ၌ ဝမ်းသာလွန်း၍ ကျွန်ုပ်တို့အား နှုတ်ဆက်ရန်ပင် သတိမရတော့ဘဲ ထွက်သွားလေတော့၏။ ထိုလူကြီးထွက်သွားသောအခါ၌ ကျွန်ုပ်က ဆားပုလင်းနှင်းမောင်အား. .

"အိုင်ဆေး. . သေတ္တာတော့ ယူသွားပြီ။ တရားခံ မမိသေးပါလား"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်သည် ၎င်း၏ဆွဲအံအတွင်းမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်၍ ကျည်ဆံများကိုဖြည့်ကာ. .

"ဟိုလူကြီးနောက်ကိုလိုက်ကြစို့ အိုင်ပီ"

ဟုဆိုကာ အိမ်ခန်းတံခါးကို ပိတ်လိုက်လေတော့၏။

ထို့နောက် ကျွန်ုပ်တို့သည် သေတ္တာယူသွားသော လူကြီးနောက်မှ ကားဖြင့် မယောင်မလည် လိုက်လံကြည့်ရှုလေ၏။ လူကြီးသည် မြင်းလှည်းတစ်စီးကိုငှားရမ်း၍ ရွှေတိဂုံဘုရားသို့သွားလေ၏။ ကျွန်ုပ်တို့လည်း ၎င်းနောက်မှလိုက်ပါသွားလေ၏။ ဘုရားသို့ရောက်လျှင် မော်တော်ကားကိုရပ်ခဲ့ပြီးနောက် ထိုလူကြီးတက်သည့်မုခ်မှပင် ဘုရားပေါ်သို့ တက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးသည် တနင်္ဂနွေထောင့်ရှိ ခေါင်းလောင်းကြီးဆီသို့ တန်းတန်းမတ်မတ်သွားလေ၏။ ကျွန်ုပ်တို့လည်း ထိုလူကြီးနှင့်မလှမ်းမကမ်းမှ ကပ်၍လိုက်လေ၏။ ထိုလူကြီးသည် တနင်္ဂနွေထောင့်ရှိ ခေါင်းလောင်းကြီးအနီးသို့ရောက်သောအခါ အင်္ကျီအနီဝတ်ထားသော တရုတ်ကပြားလူငယ်တစ်ဦးအား. .

"စလံပတ္တော"

ဟု နှုတ်ဆက်လိုက်သည်ကို ကျွန်ုပ်တို့နှစ်ဦးစလုံး နားနှင့်ဆတ်ဆတ်ကြားလိုက်ရလေ၏။ အင်္ကျီအနီရောင်ဝတ်ထားသော လူငယ်ကလည်း ထိုလူကြီးအား. .

"စလံပတ္တော"

ဟု ပြန်၍နှုတ်ဆက်လိုက်လေ၏။ ထိုအခါ၌ လူကြီးသည် ကျွန်ုပ်တို့ထံမှယူလာသော သေတ္တာလေးအား လူငယ်အနီး၌ချကာ ထိုင်လိုက်လေတော့၏။ ထိုသို့ထိုင်လိုက်သည်နှင့်တစ်ပြိုင်နက် အင်္ကျီအနီဝတ်ထားသောလူငယ်သည် လူကြီးချလိုက်သော သေတ္တာလေးအား ရုတ်တရက်ကောက်ယူ၍ နေရာမှထသွားလေတော့၏။ ကျွန်ုပ်တို့လည်း ထိုအင်္ကျီနီနောက်သို့ လိုက်ခဲ့ကြလေ၏။ အင်္ကျီနီသည် သေတ္တာလေးကို ပိုက်လျက် တောင်ဘက်မုခ်မှဆင်းလေ၏။ ကျွန်ုပ်တို့လည်း နောက်မှလိုက်ခဲ့ကြလေ၏။ ကုန်းတော်အောက်သို့ရောက်လျှင် အင်္ကျီနီသည်

www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားသောကားနက်ပေါ်သို့တက်ကာ မောင်း၍ထွက်သွားလေတော့၏။

"ကဲ. . အိုင်ပီ။ အဲဒီကားနောက်က လိုက်ပေတော့။ သိပ်လည်းမကပ်နဲ့၊ မျက်ခြည်လည်း မပြတ်စေနဲ့ပေါ့ဗျာ"

ဟု ဆားပုလင်းနှင်းမောင်ကပြောသဖြင့် ကျွန်ုပ်လည်း ၎င်းပြောသည့်အတိုင်း ရှေ့ကားနှင့် မကပ်လွန်း မခွာလွန်း မောင်းရလေတော့၏။

ဆားပုလင်းနှင်းမောင်ကမူ စီးကရက်သောက်ရင်း စဉ်းစား၍လိုက်ပါလာလေ၏။

"အိုင်ဆေး. . အဲဒီအကြံနီကောင်ဟာ တရုတ်ကပြားပုံပဲ။ သူဟာ ခင်ဗျားဖမ်းချင်နေတဲ့ လူသတ်သမား ကောင်းတိုမဟုတ်ဘူးလား"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဆားပုလင်းနှင်းမောင်က. .

"မဟုတ်နိုင်ဘူးဗျ။ ကျုပ်တို့ဆီက သေတ္တာလာယူတဲ့လူကြီးရော၊ တစ်ဆင့်လက်ပြောင်းယူသွားတဲ့ အဲဒီအကြံအနီနဲ့လူရော တစ်ဆင့်အခိုင်းခံထားရတဲ့ လူတွေဗျ။ ကောင်းတိုမဖြစ်နိုင်ဘူး။ သူတို့အချင်းချင်းလည်း တစ်ယောက်ကိုတစ်ယောက် မသိကြဘူးဗျ။ ဒါကြောင့် တစ်ဦးကိုတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



'စလံပတ္တော' ဆိုတဲ့ စကားဝှက်နဲ့ ဆက်သွယ်ကြရတာပေါ့"

ဟု ပြောလေ၏။

"စလံပတ္တောဆိုတာက ဘာအဓိပ္ပာယ်လဲဗျ။ ပြီးတော့ ဘာစကားလဲဗျ"

ဟု ကျွန်ုပ်ကမေးလိုက်လေ၏။

"ပါဠိစကားဗျ။ မျက်ခုံးလှုပ်တယ်လို့ အဓိပ္ပာယ်ရတယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလေ၏။

ကျွန်ုပ်လည်း ရှေ့မှကားကိုကြည့်၍ မောင်းနှင်ခဲ့လေ၏။ ကျွန်ုပ်ရှေ့မှ အကျီအနီ၏ မော်တော်ကားကလေးသည် မင်္ဂလာဒုံဘက်ဆီသို့ မောင်းနှင်နေလေ၏။ ကျွန်ုပ်တို့လည်း မခွာလွန်း မကပ်လွန်း နောက်မှလိုက်လာခဲ့ရလေ၏။

ထိုကားကလေးသည် မင်္ဂလာဒုံမှ ထောက်ကြန့်ဘက်ဆီသို့ ဆက်လက်မောင်းနှင်သွားလေ၏။ ကျွန်ုပ်တို့လည်း နောက်မှလိုက်ခဲ့ကြရာတွင် ကားကလေးသည် ထောက်ကြန့်ရှိ ခြံဝင်းကျယ်ကြီးအတွင်းသို့ မောင်း၍ဝင်သွားသည်ကို အဝေးမှ လှမ်း၍မြင်ရလေ၏။

"အိုင်ပီရေ. .။ အဲဒီခြံကို တန်းပြီးဝင်ပေတော့။ လိုရင်အသုံးပြုဖို့ သေနတ်လည်း ယူထားဦး"

ဟုဆိုကာ ဆားပုလင်းနှင်းမောင်သည် ၎င်း၏သေနတ်အား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လက်သို့ပေးလေ၏။

ကျွန်ုပ်သည် အကျီအနီဝင်သွားသော ခြံကြီးအတွင်းသို့ မော်တော်ကားကို မောင်း၍ဝင်လိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် ကားပေါ်မှဆင်းကာ ခြံဝင်းအတွင်းရှိ အိမ်ကြီးဆီသို့ သွားလေ၏။ ထို့နောက် ထိုအိမ်အောက်ထပ်မှ အပေါ်ထပ်သို့တက်သွားလေ၏။ ကျွန်ုပ်လည်း သေနတ်ကိုအဆင်သင့်ကိုင်၍ နောက်မှလိုက်သွားလေ၏။ ကျွန်ုပ် အိမ်ပေါ်ထပ်သို့ တက်မည်အလုပ်၌မူ အပေါ်ထပ်လှေကားထိပ်ဆီ၌ ကြန္တြေရရ မတ်တတ်ရပ်လျက်ရှိသော ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်က အောက်ပါအတိုင်းပြောလိုက်သော စကားသံကို ကြားရလေတော့၏။

"ကျုပ်. . ဆားပုလင်းနှင်းမောင်ပါ။ အင်းစိန်စီအိုင်ဒီက စုံထောက်တစ်ယောက်ဆိုပါတော့။ ကျုပ်ရဲ့မိတ်ဆွေကြီး အိုင်ပီဦးအောင်သင်းလည်း ပါ,ပါတယ်။ ကျုပ်ဟာ ကိုကောင်းတုံတို့ မဥ္စူသာတို့ကို နှောင့်ယှက်ဖို့လာခဲ့တာ မဟုတ်ပါဘူး။ တာဝန်အရ လာခဲ့ရတာပါ။ ဒီမှာ ကိုကောင်းတုံ။ အမှုကလည်း ဖြစ်ပြီးနေပြီ။ ရှောင်လားတိမ်းလားလုပ်ဖို့တော့ စိတ်မကူးပါနဲ့ဗျာ။ ဥပဒေနဲ့ မျက်နှာချင်းဆိုင်လိုက်ပါ။ အပြစ်ဒဏ်ဆိုတာဟာလည်း လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်မှာရှိနေတဲ့ မကောင်းမှုကို ခဝါပေးခြင်းတစ်မျိုးလို့
ခင်ဗျားလည်း နားလည်ထားတာပဲဗျာ”

ကျွန်ုပ်လည်း အပေါ်ထပ်သို့ ကပျာကယာ တက်၍သွားလေ၏။ အပေါ်ထပ်၌ကား ခြေထောက်ဒဏ်ရာနှင့် ခုတင်ပေါ်တွင်ထိုင်နေသော လွန်စွာယောက်ျားပီသသည့်လူတစ်ဦး။ ထိုလူ၏အနီး၌ ကျွန်ုပ်တွေ့ဖူးသမျှသော မိန်းမတို့အနက်တွင် အချောဆုံး အလှဆုံး မိန်းမတစ်ဦးဟုဆိုရမည့် မိန်းမတစ်ဦးကိုလည်း တွေ့ရလေ၏။

ခုတင်ပေါ်မှ ယောက်ျားပီသသူကား ‘ကောင်းတုံ’ ဟုဆိုသည့် လူသတ်တရားခံဖြစ်၏။ မိန်းမချောကား မဥ္ဇူသာဆိုသူဖြစ်၏။ ၎င်းတို့နှင့်မလှမ်းမကမ်း၌မူ အင်္ကျီအနီဝတ်ထားသော လူငယ်တစ်ဦးကို တွေ့ရလေ၏။ ထိုလူငယ်ကား ရွှေတိဂုံဘုရားမှ သေတ္တာလေးကို လက်ဆင့်ပြောင်း၍ သယ်ဆောင်လာသူဖြစ်၏။ ထို့ပြင် ပင်စင်စားအရာရှိတစ်ဦး၏ ပုံသဏ္ဌာန်မျိုးရှိသည့် အဘိုးကြီးတစ်ဦးကိုလည်း တွေ့ရလေ၏။ ထိုအဘိုးကြီးကား မဥ္ဇူသာ၏ဖခင် ဦးကံသာဆိုသူ ဖြစ်တန်ရာ၏။

ထို့နောက် အခန်းအတွင်းမှထွက်၍လာသော သရဲတစ္ဆေတမျှကြောက်မက်ဖွယ်ရာကောင်းလှသည့်လူကြီးတစ်ဦး ဖြစ်ပေ၏။ ခုတင်ပေါ်မှ ‘ကောင်းတုံ’ ဆိုသည့် တရားခံက . .

“မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်။ ကျုပ်ဟာ လူသတ်

www.burmeseclassic.com

www.burmeseclassic.com



တရားခံ 'ကောင်းတုံ' ပါပဲ။ မိတ်ဆွေကြီးပြောသလိုပါပဲ။ ကျုပ်ဟာ ဥပဒေနဲ့ မျက်နှာချင်းဆိုင်မယ်။ ဝတ္တရားအတိုင်း ဆောင်ရွက်ပါတော့။ ကျုပ်လေ အခုလောက် ပိပိရိရိ ကျူးလွန်ခဲ့တဲ့အမှုကို ရအောင်ဖော်နိုင်တဲ့ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်ကို လေးစားလှသဗျာ"

ဟု လေးလေးနက်နက် ပြောလိုက်လေတော့၏။

ထို့နောက်တွင်ကား ကျွန်ုပ်သည် တရားခံ၏ဖြောင့်ချက်များကိုယူရ၏။ ဂါတ်၌ အမှုဖွင့်ရ၏။ တရားခံဖြစ်သူ ကိုကောင်းတုံ၏ ခြေထောက်မှဒဏ်ရာကို ဆေးကုသနိုင်ရေးအတွက် စီစဉ်ပေးရလေ၏။ တရားခံနှင့်ပတ်သက်သူများအား ဖျောင်းဖျနှစ်သိမ့်မှုများ ပြုလုပ်ရလေ၏။ အမြန်ဆုံး ရုံးတင်၍ စစ်ဆေးနိုင်ရန်ကိုလည်း စီစဉ်ပေးရလေ၏။

ဤသို့နှင့်ပင် သပ္ပတ်အူတမျှ ရှုပ်ထွေးပွေလိမ်၍ စာပေါင်းသိုက်ကဲ့သို့ ဟိုတစ်စ သည်တစ်စ မွ၍နေအောင် ဖန်တီးခဲ့သော လူသတ်မှုကြီးအား ကျွန်ုပ်မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်၏ ဉာဏ်ရည်ကောင်းခြင်း၊ ဇွဲကောင်းခြင်း၊ စုံထောက်ပါရမီရှိခြင်းတို့ကိုပါ ပေါင်းစပ်၍ ကောင်းစွာ ဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်လေတော့၏။

ကျွန်ုပ်တို့နှစ်ဦးသည် ထောက်ကြန့်မှ ရန်ကုန်ဘက်ဆီသို့ ပြန်



www.burmeseclassic.com

BURMESE CLASSIC .com

www.burmeseclassic.com



ခဲ့လေတော့၏။ ဆားပုလင်းနှင်းမောင်သည် စီးကရက်သောက်ရင်း လိုက်ပါခဲ့လေတော့၏။

"အိုင်ဆေး. . ငြိမ်ချက်သားကောင်းလှချည်လား"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က. .

" 'ညဉ့်သုံးယံခါ လေပြည်လာ' ဆိုတဲ့ ပတ်ပျိုးမှာပါတဲ့ 'သုံးရွှေကြော့ရင်' ဆိုတဲ့ စာသားဟာ ခပ်ဆန်းဆန်းပဲဗျ။ အဲဒီစာသားနဲ့ပတ်သက်ပြီး ကျုပ် စဉ်းစားလို့ရသလောက် ပေါ့ဗျာ။ သုံးမျိုးသုံးစားသော ရံရွှေတော်တို့ရဲ့အရှင်သခင် လို့ အဓိပ္ပာယ်ရလိမ့်မယ်ထင်တယ်။ ရှေးအခါတုန်းက အပျိုတော်တွေကို ဆယ့်သုံးနှစ်အရွယ်ထိ တစ်ရွှေ၊ ဆယ့်သုံးနှစ်အထက် အသက်သုံးဆယ်အထိ တစ်ရွှေ၊ အသက်သုံးဆယ်ကျော် အပျိုထိန်းကြီးတွေက တစ်ရွှေ ရယ်လို့ သုံးရွှေ သုံးစား ထားတယ်လို့ ကြားဖူးတယ်"

ဟု အမှုနှင့် လုံးဝပတ်သက်ခြင်းမရှိသော 'ကာလ်ချား' ခေါ် လူမျိုးတို့၏ယဉ်ကျေးခြင်းဆိုင်ရာနှင့်ပတ်သက်သောစကားများကို ပြောဆိုလေတော့၏။

ကျွန်ုပ်သည် လွန်စွာမှလည်း အံ့အားသင့်၍သွားလေ၏။ ဆားပုလင်းနှင်းမောင်သည် ယခု ပူပူနွေးနွေးဖမ်းဆီးခဲ့သော အမှုအကြောင်း

www.burmeseclassic.com

BURMESE CLASSIC .com
www.burmeseclassic.com



ကိုမစဉ်းစားဘဲ မည်သည့်အတွက်ကြောင့် ယဉ်ကျေးမှုအကြောင်းကို စဉ်းစားနေရသနည်းဟုလည်း တွေးတောမိလေ၏။

"အိုင်ဆေး . ။ ဒီလူသတ်မှုကြီးအကြောင်း မစဉ်းစားတော့ဘူးလား"

ဟု ကွန့်ပ်ကမေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . .

"ဒီအမှုကြီးက လက်စသတ်သွားပြီလေ။ ဘာများ စဉ်းစားစရာလိုတော့လို့တုံး"

ဟု ပြန်၍ပြောလေ၏။

"ဒါတော့ ဒါပေါ့ ကိုနှင်းမောင်ရယ်။ ကျုပ်တို့ဆိုရင်တော့ ဒီအမှုကြီးအကြောင်း သုံးလေးငါးလကြာတဲ့အထိ စားမြုံ့ပြန်လို့ ပြီးမှာမဟုတ်ဘူး။ ခင်ဗျားကတော့ ပြီးတာနဲ့ မေ့ပစ်လိုက်တယ်ဗျာ"

ဟု ကွန့်ပ်က ပြောလိုက်လေ၏။

"ကျုပ်စိတ်က ဘာကိုမှ စွဲပြီးမထားဘူး။ လုပ်စရာရှိတာ လုပ်လိုက်တယ်။ ပြီးရင် မေ့ပစ်လိုက်တယ်။ တမင်တကာ မေ့ပစ်စရာတောင် မလိုပါဘူး။ နဂိုကတည်းကိုက စွဲမထားလေတော့ သူ့အလိုလို ပျောက်သွားတာပါ။ ကျုပ်စိတ်ဟာလေ (floating like a cloud running like a stream)



www.burmeseclassic.com

BURMESE CLASSIC .com

www.burmeseclassic.com



တိမ်လွှာလိုလွင့်နေပြီး စမ်းရေလို စီးနေတယ်ဗျ။ ပါဠိလို 'အနာဘောဂစရိယ' လို့များ သုံးရင်ရမလား မဆိုနိုင်ဘူးဗျာ။ စာတတ်ပေတတ်တွေနဲ့တွေ့မှ မေးကြည့်ရဦးမယ်" ဟု ဆားပုလင်းနှင်းမောင်က ကျွန်ုပ်အား ၎င်း၏ ထူးဆန်းသောစိတ်သဘာဝကို မပေါ့တပေါ်လှစ်ဟပြလိုက်လေတော့သတည်း။

*****

*(လွန်စွာရှုပ်ထွေး၍ လွန်စွာမှလည်း စိတ်ဝင်စားဖွယ်ရာကောင်းသော 'ဘမျိုး ဘိုးတူ ဘယ်သန် ဘမှန်' ဟု ကျွန်ုပ်အမည်ပေးထားသော လူသတ်မှုကြီးသည်ကား ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်၏ . . .*

*စွန့်စားမှု*

*ရဲရင့်မှု*

*ဖျတ်လတ်မှု*

*ဉာဏ်သွားမှု*

*အနစ်နာခံမှု*

*စသော ကောင်းမြတ်သည့်အရည်အချင်းများကြောင့် တရားခံကို ဖော်နိုင်ခဲ့ပြီဖြစ်၏။*

## လာဘ်မိုးစွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တရားခံ၏ဖြောင့်ချက်များ၊ သက်သေခံပစ္စည်းများ၊ မှတ်တမ်းစာအုပ်များ၊ အထောက်အထားများ၊ ဘိုင်အိုဂရပ်ဖီခေါ် တစ်ဦးချင်း၏အတ္ထုပ္ပတ္တိများကို ရေးသားဖော်ပြရန် ကျွန်ုပ်၌ တာဝန်ရှိပေ၏။ သို့ရာတွင် အထက်ကဆိုခဲ့သောအရာများကို မူရင်းအတိုင်း တင်ပြပါက ပုလိပ်ဘက်ဆိုင်ရာအစီရင်ခံစာကြီးကို ဖတ်ရှုရသကဲ့သို့ ဖြစ်ပေလိမ့်မည်။ လွန်စွာမှ ငြီးငွေ့ရပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည် သက်သေခံပစ္စည်းများ၊ မှတ်တမ်းစာအုပ်များ၊ တရားခံဖြောင့်ချက်များ၏ မူရင်းကိုမပျက်စေဘဲ အနည်းငယ်မျှ အထားအသိုပြင်ဆင်၍ ဝတ္ထုသဘောသို့သက်ဝင်စေရန် ရေးသား၍ ဖော်ပြအပ်ပေသတည်း။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# စက်ရှင်မင်းကြီးဟောင်း ဦးကံသာ၏မှတ်တမ်း

တစ်ဖက်တွင်ရေးသားဖော်ပြလတ္တံ့သော အကြောင်းအရာတို့မှာ စက်ရှင်မင်းကြီးဟောင်းဦးကံသာဆိုသူ၏ ကိုယ်တိုင်ရေးသားထားသော မှတ်တမ်းအား ပြန်လည်၍ ဝတ္ထုသဖွယ် ဖော်ပြခြင်းဖြစ်ပေသည်။


ထိုမှတ်တမ်းမှာလည်း ဤအမှုကြီး၏ အရေးကြီးသော သက်သေခံပစ္စည်းများအနက် တစ်ခုအပါအဝင်ဖြစ်ပေသည်။

**စာရေးသူ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သေတ္တာနီကလေးတစ်လုံးနှင့်အတူရောက်လာသူ

ကျွန်ုပ်ဦးကံသာသည် လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်ခန့်က ရန်ကုန်မြို့၊ ကုက္ကိုင်းရပ်၌ နေထိုင်ခဲ့၏။ ထိုစဉ်က ကျွန်ုပ်သည် စက်ရှင်တရားသူကြီးတစ်ဦးဖြစ်ပေ၏။ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်သည် တရားဥပဒေအလုပ်ကို စိတ်ဝင်စားခြင်းမရှိပါဘဲလျက် ကျွန်ုပ်၏ဖခင်ကြီး အလိုကျစေရန် ဥပဒေပညာကိုသင်ယူခဲ့ပြီးလျှင် ကျွန်ုပ်ကိုယ်တိုင် ဝါသနာမပါသောအလုပ်၌ နှစ်ပြည့်ပင်စင်ရသည်အထိ အလုပ်လုပ်ခဲ့လေ၏။

ကျွန်ုပ်၏ရုံးသို့ရောက်ရှိလာသော တရားခံများအပေါ်၌ မှားယွင်း၍ အပြစ်ဒဏ် ပေးမိမည်ကို လွန်စွာမှစိုးရိမ်လှ၏။ ထိုသို့ မှားယွင်းစွာအပြစ်ပေးမိပါက ယခုဘဝ၌ မထောင်းတာလှသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အပါယ်ငရဲသို့ကျမည်မှာ သေချာလှပေသည်။ ထို့ကြောင့် တရားခံများအား အမိန့်ချမှတ်ရာတွင် မှားယွင်းခြင်းမရှိရလေအောင် အထူးပင်ဂရုစိုက်ရလေ၏။

ကျွန်ုပ်သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးဖြစ်သည့်အားလျော်စွာ တရားစီရင်ရာ၌ လွန်စွာအရေးကြီးသည့်. .

*ဆန္ဒာဂတိဟု ဆိုအပ်သော ချစ်သဖြင့် မဆုံးဖြတ်သင့်သည်ကို ဆုံးဖြတ်ခြင်း၊*

*ဘယာဂတိဟု ဆိုအပ်သော ကြောက်သဖြင့် မဆုံးဖြတ်သင့်သည်ကို ဆုံးဖြတ်ခြင်း၊*

*ဒေါသဂတိဟု ဆိုအပ်သော မုန်းသဖြင့် မဆုံးဖြတ်သင့်သည်ကို ဆုံးဖြတ်ခြင်း၊*

*မောဟဂတိဟုဆိုသည့် အမှန်ကိုမသိဘဲ မဆုံးဖြတ်သင့်သည်ကို ဆုံးဖြတ်ခြင်း. .*

ဟူသည့် ခုဒ္ဒကပိဘင်းပါဠိတော်လာ အဂတိတရားလေးပါးမှ လွတ်ကင်းအောင် ဆုံးဖြတ်ခြင်းပြုခဲ့ပါသည်။ ထို့ကြောင့်လည်း ထိုခေတ်ဥပဒေလောကတွင် ကျွန်ုပ်၏အမည်သည် ထင်ရှားခဲ့၏။ ပြစ်မှုကို အမှန်တကယ်ကျူးလွန်ခဲ့သော တရားခံတို့သည် ကျွန်ုပ်အား ယမမင်းကဲ့သို့



www.burmeseclassic.com

BURMESE CLASSIC .com
www.burmeseclassic.com


ထိတ်လန့်၍ ပြစ်မှုကို ကျူးလွန်ခြင်းမရှိပါဘဲလျက် မှားယွင်းစွာဖြင့် တရားရုံးသို့ရောက်ရှိလာသောတရားခံတို့သည် ကျွန်ုပ်အား သိကြားမင်းကဲ့သို့ အားကိုးခြင်းပြုကြကုန်၏။

ဤသို့နှင့်ပင် ကျွန်ုပ်သည် သဃ်န်းကျွန်းရှိ အိမ်ကြီးတစ်အိမ်၌ ဖြစ်ပွားခဲ့သော လူသတ်မှုကြီး၏ တရားခံကို အမိန့်ချမှတ်ရန်အချိန်သို့ ရောက်ရှိခဲ့လေ၏။ ထိုတရားခံ၏အမည်မှာ မောင်ဘိုးတူဟူ၍ဖြစ်သော်လည်း လူသတ်တရားခံဖြစ်သောကြောင့် 'ဘိုးတူ' ဟူ၍ပင် ခေါ်ကြလေ၏။

၎င်း ဘိုးတူခေါ် မောင်ဘိုးတူ၏အမှုမှာ လေးလကြာမျှ ကြားနာစစ်ဆေးရလေ၏။ နှစ်ဖက်သောရှေ့နေတို့သည် ထိုအမှုအတွက် အကြိတ်အနယ်လျှောက်လဲပြောဆိုခဲ့ကြလေ၏။ ကျွန်ုပ်သည် ထိုအမှု၏ ရုံးချိန်းရက်များ၌ နှစ်ဖက်သောလျှောက်လဲချက်တို့ကို ငိုက်မျဉ်းခြင်းမရှိဘဲ စေ့စပ်သေချာစွာ နားထောင်ခဲ့လေ၏။ ရှေ့နေရှေ့ရပ်တို့၏ လျှောက်လဲချက်များ၊ စွဲဆိုချက်များအား နားမရှင်းသည့်အခါ၌လည်း ကျွန်ုပ်က ပြန်လည်၍မေးမြန်းခဲ့လေ၏။

ဤသို့နှင့်ပင် တရားခံမောင်ဘိုးတူအား အမိန့်ချရန်ရက်သို့ ရောက်ရှိခဲ့လေ၏။ ထိုရက်သို့မရောက်မီ တစ်ပတ်အချိန်ကပင် ကျွန်ုပ်သည် စီရင်ချက်အကြမ်းကို ရေးသားခဲ့၏။ မှန်ကန်စွာ ဆုံးဖြတ်နိုင်


www.burmeseclassic.com

www.burmeseclassic.com



ရန်အတွက်လည်း အချိန်ယူ၍ စဉ်းစားခဲ့လေ၏။ ထို့ပြင် လောကကို စောင့်သော လောကပါလနတ်တို့အားလည်း တိုင်တည်၏။

ရှေးအခါက ခုံတော်များ၊ တရားသူကြီးများ ရွတ်လေ့ရှိသည်ဟု ကြားဖူးသော မန္တန်များကိုလည်း မပြတ်ရွတ်ဆိုခဲ့လေ၏။ ထိုအထဲတွင် စိန္တာမဏိမန္တန်သည် နံပါတ်တစ်နေရာ၌ ပါဝင်လေ၏။

ဥပုသ်လည်း စောင့်၏။ သက်သတ်လွတ်ပင် အမိဋ္ဌာန်ရက်မှတ်၍ စားခဲ့သေး၏။ ဤသို့ဆိုလျှင် ကျွန်ုပ်ဘက်မှ ပြုဖွယ်ရာပြင်ပကိစ္စများကိုလည်း ပြည့်စုံစွာပြုလုပ်သည့်အပြင် အမှုတွဲကိုလည်း သေချာစွာလေ့လာ၍ ကျွန်ုပ်တတ်ကျွမ်းသော ဥပဒေပညာဖြင့်ချိန်ဆကာ စီရင်ချက်ကို ရေးသားခဲ့လေ၏။

ကျွန်ုပ်၏စီရင်ချက်မှာ အကြောင်းအကျိုးများ ပြည့်ပြည့်စုံစုံနှင့် ရှည်လျားစွာရေးသားထားသော်လည်း လိုရင်းအချက်မှာ တရားခံငဘိုးတူခေါ် မောင်ဘိုးတူအား ပြစ်မှုထင်ရှားသောကြောင့် တစ်သက်တစ်ကျွန်းကျခံစေရန်ပင် ဖြစ်လေ၏။

ထိုသို့အမိန့်ချပြီးသောအခါ၌ တရားခံဖြစ်သူ မောင်ဘိုးတူက ၎င်း၏ရှေ့နေမှတစ်ဆင့်ခွင့်တောင်း၍ ကျွန်ုပ်အား. .

"စက်ရှင်တရားသူကြီးခင်ဗျား။ ကျွန်တော်မျိုးအတွက် အမှုစစ်ဆေးနေတုံးမှာပဲ ကျွန်တော်မျိုးရဲ့မိန်းမဟာ သမီး

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက် မွေးဖွားခဲ့ပါတယ်။ အဲဒီလိုမွေးဖွားပြီး တစ်နာရီအတွင်းမှာပဲ ကျွန်တော်မျိုးရဲ့မိန်းမဟာ သေဆုံးသွားပါတယ်။ ကလေးကိုတော့ အိမ်နီးချင်း သားသည်မအေတစ်ဦးက နို့တိုက်ပြီး ခေတ္တစောင့်ရှောက်ထားပါတယ်။ အခုဆိုရင် ကျွန်တော်မျိုးရဲ့သမီးလေးဟာ နှစ်ရက်ခွဲပဲ ရှိပါသေးတယ်။ ကျွန်တော်မျိုးမှာရော၊ ကျွန်တော်မျိုးမိန်းမမှာရော ဆွေမျိုးသားချင်းဆိုလို့ ကြွက်တစ်ကောင်ကြောင်တစ်မြီးမှ မရှိပါဘူး။ ဒါကြောင့် ကရုဏာတရားကြီးမားတဲ့ စက်ရှင်တရားသူကြီးမင်းထံမှာပဲ ကျွန်တော်မျိုးရဲ့သမီးလေးကို အပ်နှံသွားပါရစေ”

ဟု လျှောက်ထားလေတော့၏။

အမှန်စင်စစ်အားဖြင့် ကျွန်ုပ်သည် မောင်ဘိုးတူကဲ့သို့သော လူသတ်သမားတစ်ဦး၏ရင်သွေးအား ထိန်းသိမ်းစောင့်ရှောက်ပေးလိုစိတ် အလျှင်းမရှိပါ။ ထို့ကြောင့် ကျွန်ုပ်သည် ငြင်းဆိုခဲ့လေ၏။ သို့ရာတွင် မောင်ဘိုးတူ၏ သနားစဖွယ်ကောင်းသောအပြောအဆိုကြောင့် ၎င်းအပေါ်၌ ကရုဏာသက်ဝင်၍ ၎င်း၏မွေးကင်းစသမီးလေးအား လက်ခံလိုက်မိလေတော့၏။ ကျွန်ုပ်က လက်ခံလိုက်သည်ဆိုလျှင်ပင် ၎င်း၏ရှေ့နေကြီးသည် မောင်ဘိုးတူ၏ကလေးအား ခေတ္တစောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားသည်ဆိုသောမိန်းမထံမှ ကလေးကိုပွေ့ယူ၍ ကျွန်ုပ်၏လက်သို့ အပ်လေတော့၏။

ကျွန်ုပ်လည်း ကလေးငယ်အား လှမ်း၍ပွေ့ပြီးလျှင် ငုံ့ကြည့်လိုက်လေ၏။ အပြစ်မဲ့သော ကလေးငယ်သည် အကြောင့်ကြမဲ့စွာ လက်သီးဆုပ်ကလေးအား ပါးစပ်ဖြင့်စုပ်ကာ အိပ်ပျော်၍နေလေ၏။

ထိုအချိန်၌ပင် မောင်ဘိုးတူ၏ရှေ့နေကြီးက အောက်ပါအတိုင်း ပြောလိုက်လေ၏။

> "စက်ရှင်တရားသူကြီးမင်းခင်ဗျာ။ ကျွန်တော့်ရဲ့အမှုသည် တရားခံ ငဘိုးတူက ဟောဒီပစ္စည်းကလေးကိုပါ အပ်နှံခဲ့ပါတယ်"

ကျွန်ုပ်လည်း ရှေ့နေကြီးပေးသောပစ္စည်းအား လှမ်း၍ကြည့်လိုက်လေ၏။ 'ကက်စကက်' ခေါ် သံဖြင့်ပြုလုပ်ထားသော သေတ္တာနီ ကလေးတစ်လုံးဖြစ်ပေသည်။ သေတ္တာလေးသည် ပေါင်မုန့်သဏ္ဌာန် ခုံးခုံးလုံးလုံးကလေး ဖြစ်၏။ သေတ္တာကို သံဖြင့်ပြုလုပ်ထားသည့်အပြင် သံပတ်ပြားနှစ်ခုဖြင့်လည်း ခိုင်ခံ့စွာပတ်၍ထား၏။ ကျွန်ုပ်က ရှေ့နေကြီးအား. .

> "ဘာလဲ ရှေ့နေကြီးရဲ့"

ဟု လှမ်း၍မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တရားခံ ငဘိုးတူက သူ့ရဲ့သမီးကလေးနဲ့အတူ အပ်နှံ
တဲ့ပစ္စည်းပါ"

ဟု ရှေ့နေကြီးက ပြန်၍ပြောလေ၏။

ကျွန်ုပ်လည်း တရားခံမောင်ဘိုးတူဘက်သို့ လှည့်၍ကြည့် လိုက်လေ၏။ ထိုအခါ တရားခံ ငဘိုးတူက. .

"ကျွန်တော်မျိုးရဲ့သမီးလေး အသက်အစိတ်ပြည့်ရင် အဲဒီ
သေတ္တာကလေးကို တရားသူကြီးမင်းရဲ့ရှေ့မှာ ဖွင့်ဖို့ပါပဲ"

ဟု ပြောလေ၏။

ရှေ့နေကြီးကလည်း ပိုးကြိုးအနီဖြင့် ချည်နှောင်ထားသော သော့လေးတစ်ချောင်းကိုပါ ကျွန်ုပ်အား အပ်နှံလိုက်လေတော့၏။

ကျွန်ုပ်လည်း မောင်ဘိုးတူ၏ သမီးကလေးနှင့် သေတ္တာနီ ကလေးကိုယူကာ ရုံးတော်မှ ပြန်ခဲ့လေတော့၏။

ထိုအချိန်က ကျွန်ုပ်၏ဇနီး မမြရွှေမှာလည်း ကိုယ်ဝန်အရင့် အမာနှင့်ဖြစ်၏။ ကျွန်ုပ်သည် မွေးကင်းစကလေးလေးတစ်ယောက်ကို ပွေ့၍ ပြန်လာသောအခါ၌ ကျွန်ုပ်၏ဇနီးသည် ကျွန်ုပ်ထံသို့ ပြေးလာ ပြီးလျှင်. .

"ဟင်. . ကလေး. . ကလေးပါလား"

ဟု ပြောဆိုကာ ကလေးအနှီးကို လှန်လျော၍ကြည့်ကာ. .



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးပါလား"

ဟုလည်း ဝမ်းသာအားရ ပြောလိုက်သေး၏။ ထို့နောက် ကျွန်ုပ်ထံမှ ကလေးကို ဆွဲယူ၍ ပွေ့ချီလေ၏။

"ဘယ်သူ့ကလေးလဲ ကိုကို"

ဟုလည်း မေးလိုက်သေး၏။

"ဒီကနေ့ ရုံးမှာ လူသတ်တရားခံ မောင်ဘိုးတူဆိုတာကို တစ်သက်တစ်ကျွန်း အမိန့်ချလိုက်ရတယ်ကွယ့်။ မောင်ဘိုးတူရဲ့မိန်းမကလည်း ဒီကလေးကိုမွေးပြီး နာရီပိုင်းအတွင်းမှာပဲ ဆုံးသွားရှာပြီ။ မောင်ဘိုးတူမှာကလည်း ဆွေမျိုးသားချင်း မရှိရှာဘူး။ ဒါကြောင့် သူ့သမီးကို ကိုကို့လက်ကို အပ်လိုက်တာကွယ့်"

ဟု ကျွန်ုပ်ကပြောလျှင် ကျွန်ုပ်၏ဇနီးက. .

"ကောင်းတာပေါ့ရှင်။ ကျွန်မတို့မွေးလာမယ့်ကလေးနဲ့ အဖော်ရတာပေါ့။ သမီးလေးမွေးရင် ညီအစ်မပေါ့။ သားကလေးမွေးရင် မောင်နှမပေါ့။ ကိုကိုနဲ့ ထားဝယ်ကို အလည်လိုက်ခဲ့တုန်းက 'ကလေးတစ်ယောက် ရင်ဘတ်မှာ သွေးတွေထွက်ပြီး အိမ်ကိုရောက်လာတယ်လို့ အိပ်မက်မက်တယ်' ဆိုတာ ကျွန်မ ပြောပြဖူးသေးတယ်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။ အဲဒီကလေးဟာ ယောက်ျားလေးပဲ။ အဲဒီတော့ အဲဒီကလေးသာ ကျွန်မဗိုက်ထဲကို ဝင်စားတာဆိုရင် ကျွန်မမွေးမှာ ယောက်ျားလေးပါ။ သေချာပါတယ်ရှင်။ ဘာပဲဖြစ်ဖြစ် မွေးစားကလေးဆိုတာတော့ လူသိခံလို့ မဖြစ်ပေဘူး။ ကျွန်မမွေးမယ့်ရက်ကလည်း နီးနေပါပြီ။ ကလေးကို လူမမြင်အောင်လုပ်ပြီး ဗိုက်ထဲက ကလေးမွေး တဲ့အခါမှာ အမြွှာပူးမွေးသလို လုပ်ရမှာပဲ။ ဒါနဲ့ နေပါဦး။ ဒီသမီးကလေးက ဘယ်နှရက်သမီးလဲ ကိုကိုရဲ့"

ဟု မေးလေ၏။

"သုံးရက်တောင် မပြည့်သေးဘူး။ နှစ်ရက်ခွဲပဲရှိသေး တယ်။ မင်းပြောသလိုစီမံရင်လည်း ရနိုင်တာပေါ့ကွယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"နှစ်ရက်ခွဲပဲရှိသေးတယ်ဆိုတော့ တစ်နေ့ကမှ မွေးတာ ပေါ့"

ဟု ကျွန်ုပ်၏ဇနီးက မေးလိုက်လေ၏။

"အေး. . ဟုတ်တယ်။ တစ်နေ့က သန်းခေါင်ကျော်မှာ မွေးတာဆိုတော့ မနက်မွေးလို့ ပြောရမှာပေါ့"

ဟု ကျွန်ုပ်ကပြောလျှင် ကျွန်ုပ်၏ဇနီးက. .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် စနေသမီးလေးပေါ့ကိုကို"

ဟု ပြောလေ၏။

"အေး. . ဟုတ်တာပေါ့။ စနေသမီးကလေးလည်း ဘာဖြစ်သလဲကွယ်။ မင်းက စနေကို ကြောက်လို့လား။ မကြောက်ပါနဲ့ကွာ။ စနေဆိုတာလည်း ခုနစ်နေ့ရှိတဲ့အထဲက တစ်နေ့ပါ။ သူက ပိုပြီးမပါ,ပါဘူး။ နာရီနဲ့တွက်ရင် သူလည်း တခြားနေ့တွေလိုပဲ ၂၄ နာရီ ရမှာပါကွာ။ တို့က စနေကို ပိုပြီးတောင် ချစ်သေးတယ်ကွ။ ရှုံး နေ့တစ်ဝက်ဆင်းရတဲ့ နေ့လေကွာ။ အဲဒီနေ့မှာ အမှုလည်း မစစ်ရဘူးဆိုတော့ လာဘ်ကောင်းတဲ့နေ့တစ်နေ့လို့ ယူဆရမှာပဲ။ ဘာဖြစ်လို့ လဲ။ သိလား. . ။ စနေနေ့နဲ့ ကြုံပြီးတာနဲ့ နောက်တစ်နေ့ မှာ ကိုကိုတို့အနေနဲ့ လွတ်လွတ်လပ်လပ် တစ်နေ့လုံးနား လို့ရတဲ့ တနင်္ဂနွေနေ့နဲ့ ကြုံတော့တာပဲပေါ့။ ဒီအချက်ကို ကြည့်ရင် စနေဟာ လာဘ်ကောင်းတဲ့နေ့တစ်နေ့ဖြစ်တယ် ဆိုတာ သေချာပါတယ်ကွာ"

ဟု ကျွန်ုပ်ကပြောလိုက်မှပင် ကျွန်ုပ်၏မိန်းမလည်း ပြုံးရွှင်၍ သွားလေတော့၏။

ကျွန်ုပ်လည်း မြို့ထဲသို့ တစ်ခေါက်သွားပြီးလျှင် ကလေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်စများ၊ နို့ဘူးများ၊ နို့သီးခေါင်းများ ဝယ်ယူပြီးလျှင် ရိုးကုမ္ပဏီသို့ သွားရောက်ကာ မတ်တတ်ပုခက်ကလေးတစ်လုံးကိုပါ ဝယ်ယူခဲ့ရလေ၏။ အိမ်သို့ရောက်သောအခါ၌ ကျွန်ုပ်၏ဇနီးက ကလေးအတွက် အနှီးများ ထုတ်ပေးလေ၏။ ကျွန်ုပ်တို့အိမ်၌ နေ့ခင်းနေ့လယ်တွင် တောက်တိုမည်ရအလုပ်များခိုင်းစေရန်အတွက် ခေါ်ထားသော မသိန်းရင်ဆိုသည့် မိန်းကလေးက ကလေးအတွက် နို့ဘူးဖျော်ရလေ၏။ ကျွန်ုပ်တို့သည် ကလေးရလာခြင်းအတွက် တစ်နည်းတစ်ဖုံ ပျော်ရွှင်ကြရလေ၏။

ညနေပိုင်းသို့ရောက်သောအခါ၌ ကျွန်ုပ်တို့လင်မယားက ထမင်းစား၏။ မသိန်းရင်က ကလေးကို နို့တိုက်လေ၏။ ထိုအချိန်၌ ကျွန်ုပ်လည်း သတိရသဖြင့် မသိန်းရင်အား . .

"မသိန်းရင်ရေ . . ။ နင်မပြန်ခင် ကလေးအတွက် နို့ကိုတော့ များများဖျော်ပြီး ဓာတ်ဘူးနဲ့ထည့်ထားကွယ့်"

ဟု မှာရလေ၏။

မသိန်းရင်လည်း ကလေးအတွက် နို့များဖျော်ခဲ့ပြီးနောက် ၎င်းနေထိုင်ရာ တာမွေသို့ ပြန်သွားလေ၏။

ညပိုင်းသို့ရောက်သောအခါ၌ ကျွန်ုပ်၏ဇနီးက . .

"ကိုကိုရေ . . ဝမ်းနာလာပြီ"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ယောင်ယမ်း၍ . .



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

ဟု ညည်းညူလိုက်လေ၏။ ထိုသို့ ညည်းညူပြီးကာမှ. .

"ဝမ်းနာရင်လည်း ဆေးရုံသွားကြတာပေါ့ကွယ်"

ဟုပြောဆိုကာ ကျွန်ုပ်သည် မော်တော်ကားကိုပြင်ဆင်၍ ကျွန်ုပ်၏ဇနီးအား ကားပေါ်သို့ တင်လေ၏။

ကျွန်ုပ်၏ဇနီးက. .

"သမီးလေးကို ဘယ့်နှယ်လုပ်မလဲ"

ဟု မေးလိုက်လေ၏။

"ရပါတယ်ကွာ။ သူက ပုခက်ထဲမှာအိပ်နေတာပဲ။ မင်းကို ဆေးရုံပို့ပြီး ကိုကို ပြန်လာမှာပဲဥစ္စာ"

ဟု ကျွန်ုပ်ကပြောလျက် ဆေးရုံသို့ ကားကိုမောင်းနှင်လေ၏။ ဆေးရုံသို့ရောက်လျှင် ဇနီးသည်အား အပ်နှံ၍ထားခဲ့ပြီးလျှင် ကျွန်ုပ်သည် အိမ်သို့ပြန်ခဲ့လေတော့၏။

ကျွန်ုပ်လည်း အိမ်သို့ရောက်ရောက်ချင်း ကလေးကို ပြေး၍ ကြည့်၏။ ကလေးသည် နှစ်ခြိုက်စွာအိပ်စက်နေဆဲပင်ဖြစ်၏။ တစ်အောင့် မျှကြာသည့်အခါကျမှပင် ကလေးငယ်သည် အနည်းငယ်ငိုသဖြင့် ကျွန်ုပ် က သေးစိုသော အနှီးများကို လဲပေးခြင်း၊ နို့တိုက်ခြင်းများ ပြုလုပ်လိုက် ရာ ကလေးလည်း ပြန်လည်၍အိပ်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ပင် ဆေးရုံမှတယ်လီဖုန်းလာသဖြင့် ကောက်ယူနားထောင်ရာ ကျွန်ုပ်၏ဇနီးသည် ကလေးမျက်နှာမြင်ပြီဖြစ်ကြောင်း၊ ကလေးရော မိခင်ပါ ကျန်းမာကြောင်း၊ ကလေးမှာ ယောကျ်ားကလေးဖြစ်ကြောင်းတို့ကို တစ်ဖက်မှပြောဆိုလေ၏။ ကျွန်ုပ်လည်း တယ်လီဖုန်းစကားပြောရင်း နာရီကိုလှမ်း၍ကြည့်လိုက်လေ၏။ ည (၁၀) နာရီတိတိပင် ဖြစ်လေ၏။ ကျွန်ုပ်လည်း ပျော်ရွှင်လှပေသည်။ ကျွန်ုပ်သည် ပုခက်တွင်း၌ အိပ်ပျော်လျက်ရှိသော ကလေးထံသို့ သွားရောက်ကာ. .

"သမီးရေ. . သမီးအတွက် မောင်လေးရပြီကွယ့်"

ဟု ပြောမိလေ၏။ ပုခက်တွင်းမှကလေးမှာမူ ကျွန်ုပ်ပြောသည့်စကားများအား အလေးဂရုမပြုသည့်အလား အိပ်စက်မြဲ အိပ်စက်နေလေ၏။ ထိုအချိန်၌ပင် တစ်စုံတစ်ယောက်သည် ခြံတံခါးဝသို့ ရောက်ရှိလာပြီးလျှင် လူခေါ်ခေါင်းလောင်းကိုတီးနေသဖြင့် ကျွန်ုပ်လည်း အိမ်ရှေ့မီးများကိုဖွင့်ကာ. .

"ဘယ်သူလဲ"

ဟု မေးလိုက်လေ၏။

"တရားသူကြီးမင်းနဲ့ တွေ့ချင်လို့ပါ။ ကျွန်တော့်နာမည် ဘမှန်လို့ ခေါ်ပါတယ်။ တရားသူကြီးမင်းရဲ့ အကျိုးအတွက် လာခဲ့တာပါ။ အလွန်အရေးကြီးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

အခါတိုင်းဆိုလျှင် ထိုသူသည် ကျွန်ုပ်နှင့် စကားပြောစရာ အကြောင်းမရှိပေ။ ကျွန်ုပ်၏မာလီကုလား ဂန်ဂရားနှင့်သာလျှင် ပြောဆိုရပေလိမ့်မည်။ သို့သော် ဂန်ဂရားသည် လွန်ခဲ့သောအပတ်ကပင် ဇာတိ၏မိန်းမထံသို့ ပြန်သွားသောကြောင့်ဖြစ်၏။ ကျွန်ုပ်လည်း အိမ်အောက်ထပ်သို့ဆင်းလာပြီးလျှင် ခြံတံခါးကို ဖွင့်၍ပေးလေ၏။ ထိုသူလည်း ခြံတွင်းသို့ဝင်လာပြီးလျှင်. .

"ကျေးဇူးတင်ပါတယ် တရားသူကြီးမင်းခင်ဗျာ"

ဟု ရိုသေစွာ ပြောလေ၏။

ထို့နောက် ကျွန်ုပ်နှင့်အတူ အိမ်ပေါ်သို့ လိုက်ပါခဲ့လေ၏။ အိမ်ပေါ်သို့ရောက်သောအခါ၌ ထိုသူသည် နောက်မှီကုလားထိုင်၌ထိုင်ကာ ဆေးပြင်းလိပ်ကို မီးညှို၍နေလေ၏။ ထို့နောက်မှ ကျွန်ုပ်၏မျက်နှာကို စေ့စေ့ကြည့်ကာ. .

"မောင်ဘိုးတူအပ်သွားတဲ့ သေတ္တာနီကလေး ဆရာ့ဆီမှာ ရှိတယ်မဟုတ်လား"

ဟု မေးလေ၏။

"အင်း. . ရှိပါတယ်။ အဲဒါဘာဖြစ်လဲ"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ ထိုသူသည် ဂုင်း၏လွယ်အိတ်ကြီးအတွင်းမှ ငွေစက္ကူများကိုထုတ်၍ ကျွန်ုပ်၏ရှေ့တွင်ရှိသော စားပွဲပေါ်သို့ပုံလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ဘာလုပ်တာလဲ"

ဟု မေးလိုက်လေ၏။ ထိုသူသည် မချိုမချဉ်မျက်နှာနှင့်. .

"ဆရာ့ကိုပေးတာလေ။ ဆရာ အဲဒီငွေတွေကိုယူပါ။ ကျွန်တော့်ကိုတော့ အဲဒီသေတ္တာနီကလေးပေးပါ"

ဟု ပြောလေ၏။

"ဘယ်ဖြစ်မလဲဗျ။ ကျွန်းကျခံရတဲ့ တရားခံက ကျုပ်ကိုယုံကြည်လို့ အပ်နှံသွားတဲ့ပစ္စည်းပဲ။ ခင်ဗျားကိုပေးလို့ ဘယ်ဖြစ်မလဲ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"တစ်သက်တစ်ကျွန်းကျတာပဲ ဆရာရယ်။ ပြန်လာမှာမှ မဟုတ်ဘဲ။ ကျွန်တော့်ကို ပေးလိုက်စမ်းပါ"

ဟု ထိုသူက ပြန်ပြောလေ၏။

"မပေးနိုင်ပါဘူးဗျာ. .။ သူ့သမီးလေး အသက်အစိတ်ပြည့်ရင် ဖွင့်ပြပါ့မယ်လို့ ကျုပ်က ကတိပေးထားတာဗျ။ ဒီကတိကိုဖျက်လို့ ဘယ်ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်ကပြောလျှင် ထိုသူက မခိုးမခန့်ရယ်လျက်. .

"ဘယ်သူမှ သိတာမှမဟုတ်ဘဲ ဆရာရယ်။ ကျွန်တော့်ကို ပေးလိုက်ရင် ရပါတယ်"

ဟု ပြောလေ၏။

"ဘယ်သူမှ မသိတာနဲ့ဘဲ မဟုတ်တာလုပ်ရော့လားဗျာ။ ကျုပ်ကို ဒီစကားမျိုး လာပြီးမပြောပါနဲ့။ ခင်ဗျားထွက်သွားပါ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ကျွန်တော့်ဝတ္တရား ကုန်ပါပြီဆရာ။ ကျွန်တော် အေးအေးဆေးဆေး လာပြီးတောင်းတာပါ။ ဆရာက ငြင်းတာကိုး။ မတတ်နိုင်ဘူးလေ"

ဟု ထိုသူကပြောလေ၏။ ကျွန်ုပ်လည်း ထိုသူ၏ပြောပုံဆိုပုံကို သဘောမကျသဖြင့်. .

"ဟော့ကောင်. .။ မင်းက ငါ့ကို လာပြီး ခြိမ်းခြောက်နေတာလား။ ငါဟာ စက်ရှင်တရားသူကြီးတစ်ယောက်ဆိုတာ မေ့သွားပြီလား။ ဂါတ်ကိုအကြောင်းကြားပြီး အချုပ်ခန်းထဲ ထည့်ထားလိုက်ရမလား"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ထိုသူသည် ကျွန်ုပ်၏မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ အူတက်မတတ် ရယ်မောလေတော့၏။

ထို့ကြောင့် ကျွန်ုပ်လည်း စိတ်ပေါက်ပေါက်ရှိသည်နှင့် အနီးရှိ ကြွေဖြင့်ပြုလုပ်ထားသော ဆေးလိပ်ပြာခွက်ဖြင့် ထိုသူ၏မျက်နှာသို့ ပစ်ပေါက်လိုက်ရာ ထိုသူက လက်ဝဲဘက်လက်ဖြင့် ဟန်မပျက် လှမ်း၍ ကာကွယ်လိုက်သေး၏။ သို့ရာတွင် ဆေးလိပ်ပြာခွက်မှာ နဖူးသို့ ထိမှန်သွားပြီဖြစ်၍ သွေးများ ယိုစီးကျလာတော့၏။ သို့ရာတွင် ထိုသူက အရယ်မရပ်သေးဘဲ ရယ်မြဲရယ်၍နေလေတော့၏။

"ဟား. . ဟား. . ဟား. . ဟား. . "

ကျွန်ုပ်လည်း အိပ်ရာဆီသို့ပြေးသွားပြီးလျှင် ခေါင်းအုံးအောက်တွင်ထားသော ခြောက်လုံးပြူးသေနတ်ကိုဆွဲယူ၍ အခန်းတွင်းမှ ပြန်ထွက်ခဲ့လေ၏။ ထိုအချိန်၌မူ ထိုသူသည် နေရာ၌မရှိတော့ပေ။ ထွက်၍ သွားပြီဖြစ်၏။ ကျွန်ုပ်လည်း ပြတင်းပေါက်တံခါးကိုဖွင့်၍ လှမ်းမျှော်ကြည့်လိုက်ရာ လမ်းမ ဓာတ်မီးတိုင်အောက်တွင် ထိုသူအား တွေ့မြင်ရလေ၏။ ထိုသူသည် ကျွန်ုပ်ကြားလောက်အောင် ဟားတိုက်၍ရယ်သွားလေတော့သေး၏။

"ဟား. . ဟား. . ဟား. . ဟား. . "

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာဘု၊ မပုယောက်ျားရောက်ရှိလာခြင်း

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး တစ်လခန့်ကြာသော ညတစ်ည၌ ကျွန်ုပ်သည် သမီးကလေးမဥ္စူသာ၏ ပုခက်အနီး၌ထိုင်ကာ စာအုပ်တစ်အုပ်ကိုဖတ်ရင်း သမီးကလေးအား ပုခက်လွှဲပေးနေရလေ၏။ သမီးကလေးသည် မကြာခဏ ရှူရှူပေါက်တတ်သောကြောင့် စိုစွတ်သောအနှီးများဖြင့် အအေးမိမည်စိုးသောကြောင့် မကြာခဏဆိုသလို အနှီးကိုလည်း လဲပေးနေရလေ၏။ ထိုအချိန်၌ပင် တယ်လီဖုန်းလာ သဖြင့် တယ်လီဖုန်းကို ကောက်ယူနားထောင်ကြည့်ရာ ထိုအသံကို ကျွန်ုပ်ကြားဖူးသကဲ့သို့ ရှိလေတော့၏။ တစ်ဖက်ကလည်း. .

"စက်ရှင်တရားသူကြီးမင်းပါလားခင်ဗျာ"

ဟု မေးလေ၏။

ထို့ကြောင့် ကျွန်ုပ်က. .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ စက်ရှင်တရားသူကြီး ဦးကံသာပါ"

ဟု ပြန်၍ဖြေရလေ၏။ ထိုအခါ တစ်ဖက်မှလူက. .

"ကျွန်တော်. . ဘမှန်ပါ စက်ရှင်တရားသူကြီးမင်း ခင်ဗျာ"

ဟုပြောလိုက်လျှင် ကျွန်ုပ်လည်း လွန်စွာဒေါသထွက်၍. .

"ဟေ့. . . လူယုတ်မာ။ မင်း ငါ့ကို ဘာဒုက္ခပေးဦးမလို့လဲ"

ဟု အော်ဟစ်လိုက်လေ၏။

"ကျွန်တော် တရားသူကြီးမင်းကို ဒုက္ခပေးမလို့ မဟုတ်ပါဘူး။ အလဲအလှယ်ကလေးတစ်ခု လုပ်ချင်လို့ပါ။ ကျွန်တော်က တရားသူကြီးမင်းရဲ့ အင်မတန်ချစ်စရာကောင်းတဲ့ သားကလေးကို ခြံထဲကိုအရောက် လာပြီး ချထားပေးပါမယ်။ တရားသူကြီးမင်းကလည်း ချိန်းဆိုထားတဲ့နေ့မှာ ကျွန်တော်အလိုရှိတဲ့ သံသေတ္တာအနီကလေးကို ခြံတံခါးရဲ့အုတ်တိုင်ပေါ်မှာ တင်ထားပေးဖို့ပါပဲ"

ဟု ဘမှန်ဆိုသူက ပြောလေ၏။

ကျွန်ုပ်လည်း စိတ်တွင်း၌ တစ်စုံတစ်ခုကို အလျင်အမြန်စဉ်းစား၍ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချလိုက်ပြီးလျှင် အောက်ပါအတိုင်း ပြောလိုက်လေ၏။

"ဒီမှာဘမှန်. . ။ မင်းဟာ လူဆိုးလူမိုက်တစ်ဦးဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါဟာ မင်းတို့လို လူဆိုးလူမိုက်တွေကို အပြစ်ဒဏ်ပေးရတဲ့ စက်ရှင်တရားသူကြီးဖြစ်တယ်။ မင်းက ငါ့ရဲ့ကလေးကို ခိုးသွားပြီး မင်းလိုချင်တဲ့ပစ္စည်းကို တောင်းတယ်။ အမှန်တကယ်ပြောရရင် ငါ့ရဲ့ရင်သွေးထက် သေတ္တာနီကလေးကို ငါဟာ တန်ဖိုးထားစရာ အကြောင်းမရှိပါဘူး။ ဒါပေမယ့် မင်းတို့လူဆိုးလူမိုက်တွေက မိုက်ဂုဏ်ကလေးပြပြီး ဒီလို အကျပ်ကိုင်တာကိုတော့ ငါဟာ လုံးဝမလိုက်လျောနိုင်ဘူး။ ငါ့ကလေးကို ဒီလိုခိုးသွားပြီး ငါစီရင်ရမယ့်အမှုတွေကို အကျပ်ကိုင်ခဲ့ရင် ငါက လိုက်လျောရမှာလား။ လူသတ်မှုကို လွှတ်ပေးပါ။ လွှတ်မပေးရင် ခင်ဗျားကလေးကို သတ်ရပါလိမ့်မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့ရင်ကော ငါက ငါ့ကလေးသေမှာစိုးတာနဲ့ အမှုတွေမှာ မမှန်မကန် ဆုံးဖြတ်ပေးရတော့မှာလား။ ဒီမှာ ဘမှန်. .။ မင်းတို့ လူဆိုးလူမိုက်တွေက မိုက်ဝံ့တယ်။ အဲဒါကြောင့် ကျန်တဲ့လူတွေကို မင်းတို့လောက်သတ္တိမရှိဘူးလို့ ထင်နေကြတယ်။ ကျန်တဲ့လူတွေဟာ မိုက်စရာမလိုတဲ့အတွက် မမိုက်ဘဲနေကြတာပါ။ သတ္တိကတော့ မသေးကြဘူးဆိုတာ မင်းတို့လိုကောင်မျိုးတွေ သိစေချင်တယ်။ ငါဟာ မြန်မာအမျိုးသားစစ်စစ်



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးက ပေါက်ဖွားလာတဲ့ မြန်မာအစစ်ဖြစ်တယ်။ မြန်မာလူမျိုးဆိုတာ အေးအေးချမ်းချမ်းနေတဲ့ လူမျိုး တစ်မျိုးပဲကွ။ ဒါပေမယ့် လိုအပ်လို့ စွန့်စားရမယ်ဆိုရင် တကယ် စွန့်စားဝံ့တဲ့လူမျိုးဖြစ်တယ်။ ဒီကိစ္စမှာလည်း ငါဟာ စွန့်စားရမှာပဲ။ စွန့်စားဖို့လည်း ငါ့မှာ သတ္တိ အလုံ အလောက်ရှိတယ်။ ဒါကြောင့် ဒီနည်းနဲ့တော့ ငါ့ကို လာပြီး အကျပ်မကိုင်ပါနဲ့တော့။ ငါ့ကလေးကို မင်းသတ်ချင်ရင် သတ်ပစ်လိုက်ပါ။ ငါ့အသက်ကိုလည်း ချောင်းမြောင်းပြီး လုပ်ကြံချင်ရင် လာပြီးလုပ်ကြံလှည့်ပါ။ ငါကတော့ မင်း တောင်းတဲ့အခွင့်အရေးကို လုံးဝမလိုက်လျောနိုင်ဘူး”

ကျွန်ုပ်သည် အထက်ပါအတိုင်း ရှည်လျားစွာပြောဆိုခဲ့လေ ၏။ တစ်ဖက်မှ ဘမှန်ဆိုသူလည်း ကျွန်ုပ်၏စကားကို စောဒကတက်ခြင်း မပြုဘဲ ငြိမ်သက်စွာနားထောင်နေလေ၏။ ထိုသို့ နားထောင်ပြီး အတန် ကြာမှ. .

“တယ်လည်း သတ္တိကောင်းလှချည်လား တရားသူကြီးမင်း ခင်ဗျာ”

ဟု ခနဲ့သလိုလို၊ ချီးမွမ်းသလိုလို လေသံမျိုးဖြင့် ပြောလိုက် လေ၏။ ထို့ကြောင့် ကျွန်ုပ်က. .



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သွေးစကားပြောတာကွ။ ငါ့သွေးက မြန်မာ သွေးကွ"

ဟုပြောလိုက်ရာ တစ်ဖက်မှ ဘမှန်ဆိုသူက ကျွန်ုပ်အား လှောင်ပြောင်သကဲ့သို့ တဟားဟားရယ်မော၍ တယ်လီဖုန်းကိုချလိုက်ပေတော့၏။

ထိုအချိန်မှစ၍ ဘမှန်ဆိုသည့်လူသည် ကျွန်ုပ်အား နောက်ထပ်ဆက်သွယ်ခြင်း မပြုသကဲ့သို့ ဒုက္ခပေးခြင်းလည်း မပြုတော့ပေ။ ကျွန်ုပ်၏သားကလေးမှာလည်း သေသည်ရှင်သည်ဟူ၍ သတင်းမရတော့ပေ။ ပုလိပ်ဘက်မှလည်း ကလေးပျောက်ဆုံးမှုကို လက်မြှောက်လိုက်ပြီဖြစ်၏။

ကျွန်ုပ်သည် သေကွဲကွဲသွားရရှာသော ဇနီးအတွက်လည်းကောင်း၊ ရှင်ကွဲကွဲသွားရရှာသော ကျွန်ုပ်၏သားကလေးအတွက်လည်းကောင်း တဆွေးဆွေးတမြည့်မြည့် ဖြစ်ခဲ့ရလေတော့၏။ သို့ရာတွင် ကျွန်ုပ်၏မေတ္တာတရားများသည် ခန်းခြောက်သွားခြင်းမရှိခဲ့ပါ။ ကျွန်ုပ်၏ဇနီးနှင့်သားကလေးအပေါ်၌ထားရှိသည့် မေတ္တာတရားသည် ကျွန်ုပ်ထံ၌အပ်နှံထားခဲ့သော သမီးလေးမဉ္ဇူသာအပေါ်၌ စုပြုံထားရှိပြီးဖြစ်ပေ၏။ ကျွန်ုပ်သည် သမီးကလေးအား မွေးစားသမီးဟူ၍ပင် မထင်မှတ်တော့ဘဲ သမီးရင်းတမျှ ချစ်ခင်ရလေတော့၏။

လာဘ်မိုးစွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်အနေနှင့် နောက်အိမ်ထောင်ပင်မပြုတော့ဘဲ သမီးလေးအား စောင့်ရှောက်ခဲ့ရလေ၏။ ဤသို့နှင့်ပင် သမီးကလေးသည် အခါလည်ကျော်သောအချိန်၌ ကျွန်ုပ်ထံသို့ မျက်နှာဖြူဆရာဝန်တစ်ဦး ရောက်ရှိလာလေ၏။ ထိုဆရာဝန်၏အမည်မှာ 'ဒေါက်တာဘု' ဟူ၍ဖြစ်ပေ၏။ ထိုဒေါက်တာဘုသည် မြန်မာအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျသည်ဟု သိရ၏။ ၎င်း၏မိန်းမမှာ ရန်ကုန်သူဖြစ်၏။ အမည်မှာ 'မပု' ဟူ၍ သိရ၏။ ၎င်းဒေါက်တာဘုသည် ရန်ကုန်မြို့ ကျောက်မြောင်းဈေးအနီး၌ နေထိုင်လေ၏။ ၎င်းတို့နေထိုင်ရာရပ်ကွက်အတွင်းရှိ ပါးစပ်ဆော့သောကလေးသူငယ်များသည် ဒေါက်တာဘု၏ အိမ်ရှေ့သို့ မကြာခဏလာရောက်ကာ. .

"ဒေါက်တာဘု. . မပုယောက်ျား"

"ဒေါက်တာဘု. . မပုယောက်ျား"

ဟူ၍ လာရောက်နောက်ပြောင်ကာ အော်ဟစ်ကြသည်ဆို၏။ ဤသည်ကိုပင် ဒေါက်တာဘုက အလွန်သဘောကျ၍ ကလေးသူငယ်များအား ခြံရှေ့သို့ထွက်ကာ မုန့်ဖိုးပေးလေ့ရှိသည်ဆို၏။ ထို့ကြောင့် ကလေးသူငယ်များသည် ပျော်ရွှင်ကာ မကြာခဏဆိုသလို. .

"ဒေါက်တာဘု. . မပုယောက်ျား"

ဟူ၍ အော်ဟစ်သီဆိုနောက်ပြောင်ကြသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဒေါက်တာဘုသည် လွန်ခဲ့သောသုံးနှစ်ခန့်က (ပို့ပလဲယား) ခေါ်သည့် တစ်သက်တစ်ကျွန်းတည်ရှိရာ ဆေးရုံ၌ အမှုထမ်းခဲ့သည်ဆို၏။ ထိုသို့အမှုထမ်းရာမှ ကျွန်းမင်းကြီးနှင့် မသင့်မမြတ်ဖြစ်ကာ ရန်ကုန်မြို့သို့ပြန်လာခဲ့ခြင်းဖြစ်ကြောင်းလည်း သိရ၏။

ဒေါက်တာဘုသည် ကျွန်ုပ်အား ရင်းနှီးခင်မင်စွာ မိတ်ဆက်ပြီးနောက် အောက်ပါအဓိပ္ပာယ်ရသောစကားကို အင်္ဂလိပ်ဘာသာဖြင့် ပြောလေ၏။

"ကျွန်ုပ် ကျွန်းမှာ ဆရာဝန်အဖြစ် အမှုထမ်းနေတုန်း မြားမှန်တဲ့ဒဏ်ရာနဲ့ ကျွန်းကျနေတဲ့ အကျဉ်းသားတစ်ယောက် ရောက်ရှိလာပါတယ်။ အဲဒီအကျဉ်းသားရဲ့နာမည်က မောင်ဘိုးတူလို့ခေါ်ပါတယ်။ မောင်ဘိုးတူဟာ တောစပ်ကို ဝါးခုတ်ဖို့သွားပါတယ်။ အဲဒီမှာ ကျွန်းမှာနေတဲ့ လူရိုင်းတစ်မျိုးက ပြောင်းနဲ့မှုတ်တဲ့မြားနဲ့ မောင်ဘိုးတူရဲ့ရင်ဝကို မှုတ်လိုက်ပါတယ်။ မြားဟာ ရင်ဘတ်ထဲကို သုံးလက်မလောက်ဝင်သွားပါတယ်။ အဲဒီလူရိုင်းတွေ အသုံးပြုတဲ့ မြားဟာ အဆိပ်လည်း အင်မတန်ပြင်းပါတယ်။ ဒါကြောင့် မောင်ဘိုးတူရဲ့အသက်ကို ကျွန်ုပ် မကယ်နိုင်ခဲ့ပါဘူး။ မောင်ဘိုးတူဟာ သေခါနီးမှာ ကျွန်ုပ်ကိုမှာသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ 'ရန်ကုန်မှာရှိတဲ့ စက်ရှင်တရားသူကြီး ဦးကံသာ ဆီကို သေသွားပြီ' ဆိုတဲ့အကြောင်း တစ်နည်းနည်းနဲ့ အကြောင်းကြားပေးဖို့ ပြောပါတယ်။ ပြီးတော့ သူ့သမီး လေးကိုလည်း သမီးအရင်းအမှတ်နဲ့သာ တစ်သက်ပတ် လုံး ကျွေးမွေးစောင့်ရှောက်ဖို့ မှာခဲ့ပါတယ်။ ကျွန်ုပ် ကလည်း အဲဒီစကားကို ရန်ကုန်ရောက်တဲ့အခါ စက်ရှင် တရားသူကြီး ဦးကံသာကို ပြောပေးပါမယ်လို့ ကတိပေး ခဲ့တယ်။ ဒါကြောင့် လာပြီးပြောပြတာပါပဲ"

ကျွန်ုပ်သည် မောင်ဘိုးတူသေဆုံးသွားကြောင်းသိရသဖြင့် စိတ် မကောင်းဖြစ်မိပေ၏။ သို့ရာတွင် သမီးကလေးအား မောင်ဘိုးတူလက် သို့ ပြန်မအပ်ရဘဲ ကျွန်ုပ်၏သမီးအဖြစ်ဖြင့် ရှင်းရှင်းလင်းလင်းမွေးရ မည်ဖြစ်သောကြောင့်လည်း တစ်နည်းတစ်ဖုံအားဖြင့် ဝမ်းသာမိ ကြောင်း ဝန်ခံရပေမည်။

ကျွန်ုပ်သည် ထိုသတင်းစကားကို တကူးတက လာရောက် ပြောကြားသော ဒေါက်တာဘုအား ကျေးဇူးတင်စကားပြောလေ၏။ ဒေါက်တာဘုကလည်း လူ့လောက၌ မရှိတော့သည့်သူတစ်ဦးထံတွင် ကတိပေးထားခဲ့သည့်အတိုင်း ဆောင်ရွက်ပေးပြီးဖြစ်သောကြောင့် ၎င်း၏ရင်၌ ပေါ့ပါးသွားကြောင်းကိုလည်း ပြန်၍ပြောလေ၏။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးနောက် 'မပုယောက်ျား ဒေါက်တာဘု' သည် ကျွန်ုပ်အား နှုတ်ဆက်၍လည်းကောင်း၊ ကျွန်ုပ်၏သမီးကလေး မဉ္ဇူသာအား နမ်းရှုပ်၍လည်းကောင်း ပြန်သွားလေတော့၏။ ကျွန်ုပ်လည်း. .

"သမီးလေးမဉ္ဇူသာရေ. . ။ မင်းရဲ့အဖေ မောင်ဘိုးတူတစ်ယောက်တော့ ဆုံးရှာပြီကွယ်။ ဒါကြောင့် သမီးကလေးဟာ ဖေဖေရဲ့ တစ်ဦးတည်းပိုင်သမီးကလေး ဖြစ်သွားပြီကွယ့်"

ဟူ၍ပင် ဝမ်းသာအားရပြောမိလေတော့သတည်း။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ် ပင်စင်ယူပြီ

ကျွန်ုပ်သည် သမီးကလေးမဥ္စူသာ လေးနှစ်အရွယ်သို့ရောက်သောအခါ ရန်ကုန်မြို့မှနေ၍ ပျဉ်းမနား၊ မိတ္ထီလာ၊ ပြင်ဦးလွင်မြို့ စသောမြို့များသို့လှည့်လည်ကာ အမှုထမ်းရလေ၏။ ပြင်ဦးလွင်မြို့သို့ရောက်လျှင် သမီးကလေးအား ကွန်ဗင့်ကျောင်းသို့အပ်နှံ၍ ပညာသင်စေခဲ့၏။

ကျွန်ုပ်လည်း အခြားမြို့များထက် ပြင်ဦးလွင်မြို့၌ နှစ်ရှည်အမှုထမ်းရလေ၏။ သမီးကလေး ဆယ်တန်းအောင်သောနှစ်၌မူ ကျွန်ုပ်သည် အလုပ်မှ ပင်စင်ယူခဲ့လေ၏။

ထို့နောက် မန္တလေးအနောက်ဘက်၌ ခြံဝိုင်းတစ်ဝိုင်းဝယ်ယူကာ နှစ်ထပ်တိုက်တစ်လုံး ဆောက်လုပ်၍ နေထိုင်ခဲ့လေ၏။ သမီးကလေး မဥ္စူသာကိုမူ ကောလိပ်ပညာသင်ယူနိုင်ရန်အတွက် ရန်ကုန်မြို့သို့ စေလွှတ်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အစီအစဉ်မှာ ပင်စင်ယူပြီးသည့်အခါ၌ ဆန်စက်တစ်လုံးထောင်၍ ဆန်ကြိတ်ရန်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေကိုဟန်သိန်းဆိုသူနှင့်တိုင်ပင်ကာ မန္တလေး အောင်တော်မူဘက်၌ ဆန်စက်တည်ရန်အတွက် မြေနေရာကို ထပ်၍ဝယ်ရပြန်လေ၏။ ပြီးလျှင် အလတ်တန်းစားဆန်စက်တစ်စက် တည်ထောင်လေ၏။ ထိုဆန်စက်၏ အမည်ကိုလည်း မဥ္ဇူသာ ဟူ၍ပင် ပေးထားလေ၏။

ကျွန်ုပ်၏စိတ်ကူးမှာ သမီးကလေးအတွက် အမွေအနှစ်များ အလုံအလောက်ပေးခဲ့ရုံမျှမက ၎င်းအနေနှင့် တစ်သက်ပတ်လုံး လုပ်ကိုင်စားသောက်ရန်လည်း လုပ်ငန်းတစ်ခုကိုပါ ထူထောင်ပေးခဲ့လိုခြင်းဖြစ်၏။

ကျွန်ုပ်သည် အထက်ကဆိုခဲ့သည့်အတိုင်း မဥ္ဇူသာဆန်စက်ကို အကျအနတည်ထောင်ပြီးသည့်နောက် ဆန်စက်ကို စတင်လည်ပတ်လေတော့၏။ ကျွန်ုပ်သည် တစ်သက်ပတ်လုံး အမှုထမ်း၊ အစိုးရလခစားအလုပ်ကို လုပ်ကိုင်လာသည့်အားလျော်စွာ လခစားသမားတို့၏ စိတ်ညစ်ဖွယ်ရာသောအဖြစ်ကို ကောင်းစွာသိလေ၏။

ထို့ကြောင့် ကျွန်ုပ်၏သမီးကလေးအား လခစားမဖြစ်စေလိုသဖြင့် သမီးကလေး အိုင်အေစီနီယာတန်းသို့ ရောက်သောအခါ၌ ကျောင်းမှ ထွက်စေခဲ့လေ၏။ ပြီးလျှင် ဆန်စက်၌ စာရင်းအင်းကိစ္စနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငွေသွင်းငွေထုတ်ကိစ္စကို ကူညီခိုင်းရလေ၏။

ဆန်စက်ကိုမူ လုပ်ငန်းကျွမ်းကျင်သော မောင်စိန်ညိုခေါ် သည့် မန်နေဂျာကလေးတစ်ဦးအား လခကောင်းစွာပေး၍ စီမံကွပ်ကဲခိုင်းရလေ၏။ ကျွန်ုပ်အနေနှင့်မူ ကျွန်ုပ်၏မိဘများထားရစ်ခဲ့သော အတွင်းပစ္စည်းများကလည်းရှိ လယ်ယာချောင်းမြောင်း စသည်တို့ကလည်းရှိသည့်အပြင် အစိုးရပင်စင်လခလည်း ရလေ၏။ ထိုအထဲတွင် ကျွန်ုပ်တည်ထောင်ခဲ့သော ဆန်စက်မှာလည်း လွန်စွာဝင်ငွေကောင်းလျက်ရှိပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် သမီးကလေး၏နောင်ရေးအတွက်လည်း ပူပင်ရန် အကြောင်းမရှိတော့သဖြင့် ဥပုသ်ဇရပ်သို့ မှန်မှန်သွားနိုင်၏။ ကမ္မဋ္ဌာန်းကျောင်းသို့သွား၍ မှန်မှန်အားထုတ်နိုင်လေ၏။

ကျွန်ုပ်၏မိတ်ဆွေ တရားသမားများနှင့် ငြင်းဆိုရန် အကြောင်းတစ်စုံတစ်ရာမရှိသော တရားများကို အချိန်ကုန်ခံ၍ ငြင်းနိုင်မည်ဖြစ်၏။ သမီးကလေးမှာမူ မန်နေဂျာ မောင်စိန်ညိုနှင့်တိုင်ပင်၍ ဆန်စက်အား နိုင်နင်းစွာလုပ်ကိုင်နိုင်ရုံမျှမက တစ်ဖက်တွင် ဆန်အရောင်းအဝယ်လုပ်ငန်းကိုပါ ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်လေတော့၏။

ကျွန်ုပ်နေထိုင်သော နှစ်ထပ်တိုက်၏ နောက်ဘက်တွင် အလတ်စားဂိုဒေါင်တစ်လုံး ဆောက်လုပ်၍ ဆန်များကိုသိုလှောင်၍



www.burmeseclassic.com

www.burmeseclassic.com



ဆန်ပွဲစား၊ ဆန်ကုန်သည်များနှင့် အရောင်းအဝယ်လုပ်၏။ ထိုလုပ်ငန်းများ၌ ကျွန်ုပ်သည် တစ်စုံတစ်ရာပါဝင်လုပ်ကိုင်ခြင်းမရှိခဲ့ပါ။ သမီးကလေး မဥ္ဇူသာကသာလျှင် လုပ်ကိုင်ခဲ့လေ၏။

တစ်နေ့သ၌ ကျွန်ုပ်၏သမီးကလေးက ကျွန်ုပ်အား. .

"ဖေဖေရယ်. .။ ရပ်ဝေးကလာတဲ့ ဆန်ကုန်သည်တွေအတွက် တည်းဖို့ခိုဖို့ အိမ်ကလေးတစ်ဆောင်တော့ ဆောက်ဦးမှ ကောင်းမယ်။ တစ်ခါတလေ သူတို့က ဆန်ယူဖို့လာကြတယ်။ သမီးတို့ဂိုဒေါင်မှာ သူတို့ကိုပေးဖို့ ဆန်အလုံအလောက်မရှိဘူး။ အဲဒီအခါမှာ ဆန်ကုန်သည်တွေဟာ သမီးတို့စက်ကကြိတ်တာကို စောင့်ပြီးမှ ယူကြရတယ်မဟုတ်လား။ အဲဒီလိုစောင့်ရတဲ့အခါမျိုးတွေမှာ သူတို့အတွက် တည်းခိုရေးဟာ အလွန်ပဲ အခက်အခဲတွေ့တယ်။ အဲဒါကြောင့် သမီးတော့ အိမ်ဝိုင်းထဲမှာပဲ သုံးခန်းတွဲ ပျဉ်ထောင်အိမ်လေးတစ်လုံး ဆောက်ချင်တယ်"

ဟု ပြောလေ၏။

ကျွန်ုပ်ကလည်း သမီးကလေးပြောသည်မှာ နည်းလမ်းကျသောကြောင့်. .

"သမီးသဘောပဲလေ။ သမီး သင့်မယ်ထင်ရင် ဆောက်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွယ်။ လက်သမား မောင်စိန်ဖေတို့ကို နက်ဖြန်ခါပဲ ခေါ်ပြီးတော့ ဆောက်ပေါ့သမီးရယ်”

ဟု ပြောရလေ၏။

“အဲဒီ လက်သမားကိုစိန်ဖေကိုတော့ မခေါ်ချင်ဘူး ဖေဖေရဲ့။ သူက အလုပ်လုပ်တာ မရိုးသားဘူး”

ဟု သမီးလေးက ပြောလေတော့၏။

“ဒီလိုဆိုလည်း သမီးကြိုက်တဲ့လက်သမားခေါ်ပြီး လုပ်ပေတော့။ ဖေဖေကတော့ စီးပွားရေးလုပ်ငန်းထဲမှာ ဘာမှ ဝင်ပြီးမပါချင်တော့ဘူးကွယ်”

ဟု ပြောသဖြင့် သမီးကလေးမဥ္ဇူသာသည် ၎င်းစိတ်တိုင်းကျ လက်သမားအဖွဲ့ကိုခေါ်ယူကာ ဆန်ကုန်သည်များ တည်းခိုရန်အတွက် သုံးခန်းတွဲတန်းလျားကလေး တစ်လုံးဆောက်လေ၏။ သီးသန့်ရေချိုးခန်းများ၊ သီးသန့်အိမ်သာများနှင့် အကျအနစီမံလေတော့၏။

ဆန်ကုန်သည်များလည်း ထိုတည်းခိုတန်းလျားကလေး၌ စိတ်ချမ်းသာစွာ လာရောက်တည်းခိုကြ၍ ဆန်များဝယ်ယူရောင်းချကြလေတော့၏။

ကျွန်ုပ်မှာမူ ကျွန်ုပ်ကဲ့သို့ အားလပ်နေသော အဘိုးကြီးများနှင့် ဝိုင်းဖွဲ့စကားပြောလိုက်၊ ငြင်းလိုက် ခုံလိုက်၊ ကျွေးလိုက် မွေးလိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပင်စင်ယူရခြင်း၏အရသာကို ကောင်းစွာခံစားလျက်ရှိလေတော့၏။

ကျွန်ုပ်တို့၏ စကားဝိုင်း(သို့မဟုတ်)တရားဝိုင်း၌ လူစုံတက်စုံပါ၏။ ကျောင်းဆရာအိုကြီးများ၊ ရှေ့နေအိုကြီးများ၊ ပုလိပ်အရာရှိအိုကြီးများ၊ သူဌေးအိုကြီးများ၊ လူပြန်တော်ပညာရှိအိုကြီးများမှအစ ဆရာဝန်အိုကြီးများပါ ပါဝင်လေ၏။

ထိုအထဲတွင် ပါဠိဘာသာကိုသာမဟုတ်။ ဘင်္ဂါလီနာဂရီနှင့် သက္ကဋဘာသာကို တတ်ကျွမ်းသော လူပြန်တော်ပညာရှိအိုကြီးဖြစ်သည့် ဦးရွှေရိုးဆိုသူသည် ကျွန်ုပ်တို့၏ဝိုင်း၌ ပွဲအတောင်းခံရဆုံးလူဖြစ်၏။ သူသည် ဗဟုသုတအရာ၌ လွန်စွာနှံ့စပ်၏။ နက္ခတ်ကျမ်း၊ ဆေးကျမ်းများကအစ ဖွတ်ဖွတ်ကြေအောင် လေ့လာ၍ထား၏။

ထို့ပြင် ကျွန်ုပ်တို့အထဲ၌ လွန်စွာ အမေးအမြန်းထူသော ရှေ့နေအိုကြီးတစ်ဦးလည်း ပါဝင်လေ၏။ ထိုသူ၏အမည်မှာ ဦးမြသိန်း ဟူ၍ဖြစ်၏။ ဦးမြသိန်းသည် ကတ်ကတ်သတ်သတ် မေးမြန်း၏။ ဦးရွှေရိုးက နှိုက်နှိုက်ချွတ်ချွတ်ဖြေနိုင်၏။

ထို့ကြောင့် ကျွန်ုပ်တို့၏ သက်ကြီးရွယ်အိုစကားဝိုင်း၌ ထိုသူနှစ်ဦးသာပါလျှင် လွန်စွာစိုပြည်လှဘိ၏။ လွန်စွာမှလည်း ဗဟုသုတ ရဘိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အထက်ကဆိုခဲ့သည့်အတိုင်း စီးပွားရေးလုပ်ငန်းများကို သမီးကလေး မဥျူသာနှင့် မျက်နှာလွှဲပြီးနောက် ကျွန်ုပ်ကမူ စိတ်လက်ပေါ့ပါးနေလေတော့သတည်း။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မောင်ကောင်းတုံရောက်ရှိလာခြင်း

တစ်ခုသောနံနက်ခင်း၌ ကျွန်ုပ်သည် သမီးကလေး မဥ္ဖူသာ စီမံပေးသော နံနက်စာ ကော်ဖီနှင့်မုန့်များကို စားသောက်နေ၏။ ထိုအချိန်၌ လူငယ်တစ်ဦးသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာလေ၏။ ထိုလူငယ်သည် အရုပ်အမောင်း လွန်စွာကောင်း၏။ အသားမှာ ကြေးနီရောင်ရှိ၏။ မျက်လုံး၊ မျက်ခုံး၊ နှာတံ စသည်တို့မှာ စူးရှထက်မြက်ပုံရ၏။

သို့ရာတွင် သူ၏မျက်နှာ၌ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများ ထူထပ်စွာပေါက်ရောက်နေ၏။ ၎င်း၏ဘိုကေမှာလည်း မည်သည့်အဓိပ္ပာယ်ဖြင့် ရိတ်ဖြတ်ခြင်းမပြုသည် မသိ။ လွန်စွာမှ ပုံပျက်၍နေ၏။ ဆံပင်သည် လည်ကုပ်ကိုကျော်၍ ပခုံးသို့ပင်ထောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



၎င်း၏အင်္ကျီမှာ ဖျင်စအညိုနှင့် ချုပ်ထားသော ကုတ်လိုလို၊ တိုက်ပုံလိုလို စကောစက ပုံစံမျိုး ဖြစ်၏။ ဖာရာ၊ ချုပ်ရာများနှင့်လည်း ထပ်ထပ်ကြမ်း၍နေလေ၏။ အောက်ပိုင်း၌မူ ရှမ်းဘောင်းဘီကို ဝတ်ထား၏။ အပေါ်စားသားရေဖြင့်ချုပ်ထားသော ကြိုးသိုင်းဖိနပ်ကို စီးထား၏။ သက္ကလတ်ဦးထုပ်ဟောင်းတစ်လုံးကို မေးသိုင်းကြိုးနှင့်တကွ ဆောင်းထား၏။ လွယ်အိတ်ကြီးတစ်လုံးကို လွယ်၍ထား၏။

ထိုလွယ်အိတ်နှင့်အတူ အုန်းမှုတ်ခွက်တစ်လုံး၌ ရှည်လျားသောတုတ်တံတစ်ချောင်းတပ်ထားသော ရေမှုတ်တစ်ခုလည်းပါလေ၏။ ထိုလူငယ်၏ပုံပန်းသဏ္ဌာန်မှာ အင်္ဂလိပ်ရုပ်ရှင်ကားများတွင် မကြာခဏတွေ့ရသော ကောင်းဘွိုင်ခေါ် သေနတ်သမားလူရမ်းကား ဇာတ်လိုက်မျိုး၏ ပုံပန်းသဏ္ဌာန်မျိုးဖြစ်၏။

ထိုလူငယ်သည် သူ၏ပခုံးထက်၌လွယ်ထားသော လွန်စွာလေးလံသည့် လွယ်အိတ်ကြီးအား ကျွန်ုပ်ရှေ့ရှိ စားပွဲပေါ် သို့ တင်လိုက်ပြီးလျှင် ကုလားထိုင်၌ထိုင်၍ ပွတ်ချွန်းခေါ် သတင်းစာစက္ကူဖြင့် လိပ်၍ထားသော အညံ့စားဆေးလိပ်တစ်မျိုးကို ထုတ်၍မီးညှိလေ၏။

ကျွန်ုပ်လည်း ၎င်းအား ခြေဆုံးခေါင်းဆုံးကြည့်ပြီးနောက်. .

"ဘာကိစ္စလဲ မောင်ရင်"

ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ်က. . .

"ဦးလေးတို့ဆီက ဆန်ကိုဝယ်ပြီး အရောင်းအဝယ်လုပ်ချင်လို့ပါ"

ဟု ပြောလေ၏။

"မောင်ရင်က ဆန်ကုန်သည်လား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"အရင်ကတော့ မလုပ်ဖူးပါဘူး။ ခုမှလုပ်မလို့ပါ"

ဟု လူငယ်ကဖြေရင်း စက္ကူမီးရှို့နံ့ လွန်စွာညှော်သည့် ၎င်း၏ ပွတ်ချွန်းဆေးလိပ်ကို ဖွာလေ၏။

"ဆန်လုပ်ငန်းက ကျွမ်းကျင်ဖို့ အများကြီးလိုတယ်ကွယ့်။ ဆန်အမျိုးအစား နားလည်ရတယ်။ ဆန်ရည်ဆန်သား ကြည့်တတ်ရတယ်။ တက်ဈေး ကျဈေး ဂရုစိုက်နိုင်ရတယ်။ အဲဒါတွေမတတ်ဘူးဆိုရင် ဆန်လုပ်ငန်းဟာ နေ့ချင်းညချင်း မွဲသွားနိုင်တဲ့ လုပ်ငန်းမျိုးပဲကွယ့်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

လူငယ်ကမူ. .

"နားလည်အောင်ကြိုးစားမှာပေါ့ ဦးလေးရယ်"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ပင် တည်းခိုဆောင်၌ တည်းခိုနေကြသော ဆန်ကုန်သည်သုံးဦး ရောက်ရှိလာလေ၏။ ၎င်းတို့လည်း ကုလားထိုင်များ၌ အသီးသီး ဝင်၍ထိုင်ကြလေ၏။ များမကြာမီအချိန်တွင်း၌ပင် ဆန်စက်မှ မောင်စိန်ညိုသည် နမူနာဆန်ထုပ်ကလေးနှင့်အတူ ရောက်ရှိလာပြီးလျှင် သစ်သားဗန်းကလေး၌ ထိုဆန်ထုပ်ကို သွန်ချ၍ ဆန်ကုန်သည်များရှေ့သို့ ထိုဆန်ဗန်းကို ထိုးပေးလိုက်လေ၏။

ဆန်ကုန်သည်များလည်း ဆန်ဗန်းတွင်းမှ ဆန်ကို နှိုက်၍ လက်ဝါးပေါ်သို့တင်ကာ စိန်ကျောက်ကြည့်သည့်အလား မျက်လုံးများကိုဖြဲ၍ ကြည့်ကြလေ၏။ မဥ္ဇူသာလည်း ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာလေ၏။ ကျွန်ုပ်က. .

"သမီးရေ. . ။ ဟောဒီလူငယ်က ဆန်ကုန်သည်လူသစ်ပဲ ကွယ့်။ တစ်ခါမှတော့ မလုပ်ဖူးဘူးတဲ့။ တို့စက်ကဆန်ကို ဝယ်ပြီး ကုန်ကူးချင်လို့ဆိုပဲ"

ဟုပြောလိုက်ရာ သမီးကလေးမဥ္ဇူသာက. .

"ဩော်. . ဟုတ်ကဲ့။ ရပါတယ်"

ဟု ပြောဆိုကာ ထိုသူငယ်အား အကဲခတ်လေ၏။ ထိုသူငယ်သည် ကုန်သည်ဂိုက်မပေါက်ဘဲ ကောင်းဘွိုင်ဂိုက်ပေါက်နေခြင်းအတွက် ကျွန်ုပ်၏သမီးက အံ့ဩသကဲ့သို့ ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကုန်သည်ကြီးများလည်း ဆန်များကိုကြည့်ပြီးနောက် မန်နေဂျာ ကိုစိန်ညိုဘက်သို့လှည့်ကာ. .

"မန်နေဂျာကြီး. . . ဒီတစ်ခါကြိတ်တာ သိပ်ကောင်းတာ ပဲဗျ"

ဟု ချီးမွမ်းကြကုန်၏။

ထိုအခါ ကောင်းဘွိုင်ဂိုက်ပေါက်နေသော ဆန်ကုန်သည် လူသစ်သည် ဆန်ဗန်းအတွင်းမှဆန်အချို့ကို နှိုက်ယူ၍ အနည်းငယ်မျှ ကြည့်ရှုပြီးလျှင် မန်နေဂျာကိုစိန်ညိုဘက်သို့လှည့်ကာ. .

"မိတ်ဆွေကြီး. .။ ခင်ဗျားစက်က ငါးပုံကျော်ဟာ မညီဘူးဗျ။ နှုတ်ခမ်းသားတွေ တောင်ပံခတ်နေတယ်။ ဒါကြောင့် ဆန်ခွဲတာ သိပ်ကြမ်းနေတယ်"

ဟု ပြောလိုက်ရာ မောင်စိန်ညိုက. .

"မှန်ပါတယ်ခင်ဗျ. .။ ပထမ ငါးပုံကျော်ထိုင်တဲ့သူက ခွင့်ယူသွားလို့ သူ့သားကလေးက ဝင်ပြီးလုပ်နေပါတယ်။ ဒါကြောင့် နည်းနည်းချွတ်ယွင်းတာပါ"

ဟု ပြန်၍ဖြေလေ၏။

ထိုအခါ လူငယ်လည်း ဆန်များကို ဗန်းထဲသို့ပြန်ချရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ဘိလပ်ဆန်ခါက 'အဆင်းထရစ်' လည်း သိပ်ပြီး မြန်နေတယ်။ ဒါကြောင့် ဆန်ကွဲတွေမစင်ဘူး။ ဆန်နဲ့အတူ ဆန်ကွဲတွေပါ လိုက်ပါနေတယ်"

ဟု ပြောလိုက်ရာ မန်နေဂျာမောင်စိန်ညိုက. .

"မှန်ပါတယ်ခင်ဗျ။ ဘိလပ်ဆန်ခါလည်း မနေ့ကမှ ပျက်လို့ ပြန်ပြီးပြုပြင်ထားရပါတယ်"

ဟု ဖြေလေ၏။

လူငယ်သည် သူ၏ စက္ကူစော်နံနေသော ပွတ်ချွန်းကို ရှိုက်ဖွာပြန်လေ၏။ ပြီးလျှင်. .

"အဆိုးဆုံးကတော့ ဆန်ဖြူကျောက်ပဲဗျ။ ဆန်ဖြူဖွပ်တာ နည်းနည်းလိုနေတယ်။ ဟောဒီ ဆန်လုံးကလေးကို ကြည့်စမ်းပါ။ အနီစင်းကလေး ငါးစင်းကို ခင်ဗျားမြင်လိမ့်မယ်။ ဒီအနီစင်းမျိုးဟာ သုံးစင်းထက် ပိုပြီးမပါရဘူး "

ဟု ပြောလိုက်ရာ မန်နေဂျာမောင်စိန်ညိုက. .

"ဟုတ်ပါတယ်ခင်ဗျာ။ အဲဒါလည်း ကျွန်တော်တို့ပြင်နေပါတယ်"

ဟု ပြောလေ၏။

ထိုအခါ လူငယ်သည် ညှော်စော်နံသော ပွတ်ချွန်းဆေးလိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်ပြာခွက်၌ထိုးခြေရင်း. .

"စပါးတွေပုံထားတာကလည်း တစ်ပုံနဲ့တစ်ပုံ သိပ်ပြီးနီး နေတယ်ထင်တယ်။ ဒါကြောင့် စပါးကျုံးတဲ့အခါမှာ ငကျွဲပုံ ထဲ ငစိန်ရောက်လိုရောက် ဖြစ်နေတာ။ ဒီဆန်ဟာ ငကျွဲ ဆန်ပဲ။ ငစိန်တွေကို အများကြီးတွေ့နေရတယ်"

ဟုပြောလိုက်ရာ မန်နေဂျာမောင်စိန်ညိုက. .

"မှန်ပါတယ်ခင်ဗျာ။ စပါးပုံတွေ နီးနေပါတယ်။ နဝလီ ကြိတ်တဲ့လူတွေက စုပုံပြီးရောက်လာလေတော့ ရတဲ့နေရာ မှာ ပုံခိုင်းရတာပဲခင်ဗျ"

ဟု ပြောလေ၏။

ထိုအခါ၌ ကျွန်ုပ်သည် ဆန်ကုန်သည် ယခုမှလုပ်မည်ဆိုသည့် လူငယ်၏ ဆန်ကျွမ်းကျင်ပုံကို အံ့သြရလေတော့၏။ ထို့ကြောင့် ကျွန်ုပ် က. .

"ဆန်ကိုကြည့်ပြီး ဘယ်လိုစပါးမျိုးတွေ ရောနေတယ်ဆို တာတောင် မောင်ရင်ကသိတယ်နော်။ ပြီးတော့ ဆန်ကို မြင်ရုံနဲ့ စက်ရဲ့ချွတ်ယွင်းချက်ကိုပြောလိုက်တာများ လွဲ တယ်လို့ကို မရှိပါလား။ တယ်တော်ပါလား မောင်ရင်"

ဟု ပြောလိုက်ရာ လူငယ်က. .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဘာဟုတ်သေးလို့တုံး။ ကျွန်တော့်ဆရာက မှ တကယ်တော်တာခင်ဗျ"

ဟု ပြောလေ၏။

"အင်းလေ. .။ ဆန်စပါးပညာကလည်း အခက်ကြီး ကွယ့်။ စပါးမျိုးတွေက များလိုက်တာကွယ်။ ဘယ်နှစ်မျိုး တောင်ရှိမှန်း ကျုပ်ဖြင့် မသိပါဘူး။ မောင်စိန်ညို ဘယ်နှစ် မျိုးရှိသလဲကွယ့်"

ဟု မေးလိုက်ရာ မန်နေဂျာမောင်စိန်ညိုလည်း. .

"အင်း. . ငစိန်ရယ်၊ မီးဒုံးရယ်၊ ငကြွဲရယ်၊ အဲ. . ငစိန်ရယ်၊ တောင်ပျံရယ်၊ အင်း. . မီးဒုံးရယ်။ အများကြီးပဲ ဦးလေး ရယ်"

ဟု မြောက်မြားစွာသော 'အင်း' 'အဲ' များ ထည့်လျက် ငစိန် နှင့် မီးဒုံးကို နှစ်ခါပြန်၍ ပြောဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း. .

"မောင်စိန်ညိုရယ်။ မင်းကိုမေးလို့တော့ ရှင်းမှာမဟုတ် ပါဘူးကွယ့်။ ဟောဒီက ကုန်သည်တွေကိုပဲ မေးမှပဲ"

ဟု ဆိုကာ ဆန်ကုန်သည်များဘက်သို့ လှည့်၍. .

"ကဲ. . လုပ်စမ်းပါဦး ကုန်သည်တို့ရေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရာ ဆန်ကုန်သည်များလည်း မောင်စိန်ညိုနည်းတူ 'အင်း' 'အဲ' ဖြင့် ကိုးရိုးကားရား ဖြေဆိုကြလေတော့၏။

ထို့ကြောင့် ကျွန်ုပ်သည် ကောင်းဘွိုင်ဇာတ်လိုက်ဘက်သို့လှည့်၍. .

"လုပ်စမ်းပါဦး ငါ့တူရာ"

ဟု မေးလိုက်ရာ ထိုလူငယ်က ၎င်း၏လွယ်အိတ်အတွင်းမှ မျက်နှာသုတ်ပဝါကြမ်းတစ်ထည်ကိုထုတ်၍ မျက်နှာသုတ်ရင်း. .

"စပါးမျိုးက ကျွန်တော်တို့နိုင်ငံမှာ အများကြီးပဲခင်ဗျာ. .။ စာနဲ့ပေနဲ့ အထောက်အထားနဲ့ပြောရရင်တော့ သက္ကရာဇ် (၁၂၂၉)ခုနှစ်မှာ စိန္တကျော်သူဦးဩရေးတဲ့ မဟာအထိကရ ကန်တော်ကြီးမော်ကွန်းနဲ့ ပြောရမှာပဲ။ အဲဒီမော်ကွန်းမှာ ကောက်ကြီးစပါးမျိုး (၁၂၆) မျိုးကို ပြထားတယ်။ ကောက်လတ် (၁၀) မျိုး၊ ကောက်လျှင်က (၁၁) မျိုး၊ ကောက်ညှင်းက (၃၄) မျိုး၊ မုရင်းစပါးမျိုးက (၆) မျိုး၊ စုစုပေါင်း (၁၈၇) မျိုး၊ ဒါကြောင့် 'ထွက်ယူမှန်စွာ၊ ကောက်ကြီးမှာသော်၊ တစ်ရာက မောက်၊ နှစ်ဆယ့်ခြောက်တည့်၊ ကောက်လတ် တစ်ဆယ်၊ တစ်သွယ်ကောက်လျှင်၊ ဆယ့်တစ်ပင်တည့်၊ ခြောက်လျှင်မုရင်း၊ ကောက်ညှင်းသုံးဆယ်၊ စွန်းကယ်



www.burmeseclassic.com

www.burmeseclassic.com



လေးခု၊ စုစုပေါင်းမှာ၊ တစ်ရာကသော်၊ ရှစ်ဆယ်ကျော်၏'
လို့ စပ်ဆိုထားတယ်ခင်ဗျ"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်ကလည်း ထပ်၍ပညာစမ်းလိုသောကြောင့် . .

"ကောက်ကြီးစပါးမျိုး တစ်ရာနှစ်ဆယ့်ခြောက်မျိုးဆိုတာတော့ သိရပါပြီ မောင်ရင်ရယ်။ အဲဒီ တစ်ရာနှစ်ဆယ့်ခြောက်မျိုးကိုကော မောင်ရင် ပြောပြနိုင်ပါသလား"

ဟု မေးလိုက်မိလေ၏။

"ဟုတ်ကဲ့ . . ပြောပြနိုင်ပါတယ်"

ဟု အစချီကာ . .

"တစ်ဆစ်လှ၊ ကြောင်ငို၊ တိမ်လုံးညို၊ စပါးနက်၊ ကြွက်သွား၊ လင်ဗန်းချော၊ စံပယ်ဖူး၊ ခွန်နီ၊ ငစိန်"

စသည်ဖြင့် တစ်ရာနှစ်ဆယ့်ခြောက်မျိုးသာမက ကောက်လျှင်မျိုး၊ ကောက်ညှင်းမျိုးတို့၏ အမည်များကိုပါ ရွတ်ဆိုပြလေတော့၏။

ကျွန်ုပ်သာလျှင်မဟုတ်။ ကျန်သော ဆန်ပွဲစားများနှင့် ကျွန်ုပ်၏သမီးလေး မဥူသာကပါ ထိုလူငယ်အား အံ့သြရလေတော့၏။

ထို့ကြောင့် ကျွန်ုပ်က . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်က အကုန်လုံး အလွတ်ရနေတာပဲကိုး။ တယ်ပြီး တော်တာပဲကွယ်"

ဟု ချီးမွမ်းလိုက်ရာ. .

"ကျွန်တော်က ဒီလောက်မဟုတ်ပါဘူး။ ကျွန်တော့်ဆရာ ကမှ တကယ်တော်တာခင်ဗျ"

ဟု ပြောလေ၏။

ထို့နောက် ဆန်ကုန်သည်များသည် ဆန်တင်းပေါင်းမည်မျှ ယူမည်ဟုပြောဆိုကာ မိမိတို့ပေးရမည့်ဆန်ဖိုးငွေများကို ဗလာစာအုပ်များထုတ်၍ တွက်ကြလေသည်။

ကျွန်ုပ်၏သမီးကလေးကလည်း တွက်လေ၏။ ဤသို့တွက်ကြပြီးလျှင် ဆန်ကုန်သည်များတွက်သောအဖြေနှင့် ကျွန်ုပ်သမီးတွက်သော အဖြေမှာ တစ်မျိုးစီဖြစ်၍နေလေ၏။

ထိုအခါ ကောင်းဘွိုင်နှင့်တူသောလူငယ်က. . 'နောဧကနော'၊ 'သတ်ဧကသတ်'၊ 'သောဧကသော' စသော ကိုးကြောင်းလကၤာကို နှစ်ခွန်း သုံးခွန်းမျှရေရွတ်၍ တိကျသောဆန်ဖိုးအဖြေကို တွက်ပေးလိုက်လေ၏။ ထိုအခါ၌ ဆန်ကုန်သည်များနှင့် ကျွန်ုပ်သမီးတို့သည် ပြန်လည်၍ တွက်ကြည့်ကြရာ လူငယ်၏အဖြေက မှန်ကန်ကြောင်း တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က လူငယ်အား. .



www.burmeseclassic.com

www.burmeseclassic.com



"ကိုးကြောင်းတယ်ပြီးကျေတာကိုး။ အတွက်အချက်လည်း ကောင်းပါပေ့ကွယ်"

ဟု ပြောလိုက်ရာ လူငယ်က. .

"ကျွန်တော်က ဒါလောက်မဟုတ်သေးပါဘူး။ ကျွန်တော့် ဆရာကမှ တကယ်တော်တာခင်ဗျာ့"

ဟု ပြောလိုက်လေတော့၏။

*****

ကျွန်ုပ်၏သမီး မဥ္စူသာသည် ထိုသူငယ်အား တည်းခိုရန် အတွက် တည်းခိုဆောင်၌ နေရာပေးရလေ၏။

"လွတ်လွတ်လပ်လပ်နေပါ မောင်ရင်။ အပြင်ကိုလည်း ထွက်ချင်တဲ့အချိန် ထွက်ပါ။ လည်ချင်ပတ်ချင်လည်း လျှောက်ပြီးလည်ပါ။ ကိုယ့်အခန်းနဲ့ကိုယ်ဆိုတော့ ညဉ့် နက်လည်း ကိစ္စမရှိပါဘူး။ ခြံစောင့်ဒလဝမ်က တံခါးဖွင့် ပေးမှာပါ။ အိပ်ခန်းသော့ကတော့ ကိုယ်စီပေးထားတာ ဆိုတော့ ကိုယ့်ဟာကိုယ် ဖွင့်ပြီးဝင်လိုက်ရုံပါပဲ။ ဪ. . ဒါနဲ့ မောင်ရင့်နာမည်က ဘယ်လိုများခေါ်ပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်သည် လူငယ်အား နေရာထိုင်ခင်းပေးရင်း နာမည် မေးလိုက်လေ၏။

"ကောင်းတုံလို့ခေါ်ပါတယ်ခင်ဗျ"

လူငယ်က ပြန်၍ပြောလေ၏။

"တရုတ်လားကွယ်"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော့်ဆရာပေးထားတဲ့နာမည်ပါ။ ကျွန်တော်က မြန်မာအစစ်ပါပဲ"

ဟု လူငယ်က ပြန်၍ပြောလေ၏။

"ဒါဖြင့်ရင် မောင့်ရင့်ဆရာကတော့ တရုတ်ထင်တယ်ကွယ့်"

ဟု ကျွန်ုပ်ကမေးလိုက်ရာ လူငယ်က. .

"တရုတ်ကပြားပါခင်ဗျ။ ဦးလောစံလို့ ခေါ်ပါတယ်"

ဟု လူငယ်က ပြန်၍ပြောလေ၏။

"အေး. . အေး. . ကောင်းပြီကွယ်။ မင်းအခန်းမှာ မင်းသွားပြီးအနားယူပေဦး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

လူငယ်လည်း လေးလံလှသော ၎င်း၏လွယ်အိတ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



လွယ်လျက် မဥ္ဇူသာနှင့်အတူ တည်းခိုဆောင်သို့ လိုက်ပါသွားလေတော့၏။ ကျွန်ုပ်လည်း လူငယ်၏လွယ်အိတ်တွင် ချိတ်ဆွဲထားသော အုန်းမှုတ်ခွက်တွင် လွန်စွာရှည်လျားသော လက်ကိုင်မှုတ်တပ်ထားသည့် သောက်ရေမှုတ်ကို သတိပြုမိလေ၏။

မဥ္ဇူသာသည် မောင်ကောင်းတုံအား နေရာချထားပေးပြီးနောက် ပြန်လည်ရောက်ရှိလာလေ၏။ ထိုအခါ ကျွန်ုပ်က. .

"သမီးရေ. . ဟိုသူငယ်ကတော့ ခပ်ဆန်းဆန်းပဲကွယ့်။ သူ့လွယ်အိတ်မှာ ချိတ်ထားတဲ့ ရေမှုတ်ကြီးကလည်း လက်တံရိုးရှည်လှချည်လားကွယ်။ ဘယ်လိုအဓိပ္ပာယ်နဲ့များ ဒီရေမှုတ်ကြီးကိုဆောင်ထားရပါလိမ့်"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကျွန်ုပ်သမီးကလည်း. .

"ဟုတ်တယ်ဖေဖေ။ သမီးလည်း မြင်လိုက်မိသလိုပဲ"

ဟု ပြောလေ၏။

မောင်ကောင်းတုံသည် ၎င်း၏အခန်း၌ လွယ်အိတ်ကြီးနှင့် ရေမှုတ်ကြီးကိုထားခဲ့ပြီးလျှင် အပြင်သို့ ထွက်သွားလေ၏။ ညနေစောင်းသည့်တိုင်အောင် ပြန်၍မလာဘဲရှိသည်ကို ကျွန်ုပ် ကောင်းစွာသတိပြုမိလေ၏။ ကျွန်ုပ်လည်း ညဥ့်ဦးပိုင်းသို့ရောက်သောအခါ၌ ဘုရားဝတ်တက်လေ၏။ ပြီးလျှင် သမီးကလေးနှင့်အတူ စကားစမြည်ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရှေ့၌ အညောင်းပြေလမ်းလျှောက်နေလေ၏။ ညကိုးနာရီထိုးသော အခါ၌ သမီးဖြစ်သူက. .

"ဖေဖေ. . သိပ်ပြီးအေးတယ်။ နှင်းတွေလည်း ကျနေတယ်။ အိမ်ထဲဝင်တော့လေ"

ဟု ပြောဆိုသဖြင့် ကျွန်ုပ်လည်း အိမ်ထဲသို့ ဝင်ရလေ၏။ ထို့နောက် ကျွန်ုပ်၏သမီးသည် ထုံးစံအတိုင်း အိပ်ရာဝင်ကော်ဖီတစ်ခွက် ဖျော်၍ လာပေးလေ၏။ ထိုအချိန်၌မှာပင် လွန်စွာသာယာနာပျော်ဖွယ်ကောင်းသော တယောသံကို ကြားရလေတော့၏။

"ဟော့. . သမီး။ တယ်ကောင်းတဲ့ လက်သံပါလား။ ဘယ်က များလဲကွယ်"

ဟု ပြောဆို၍ နားစွင့်လိုက်ရာ တယောသံသည် တည်းခိုဆောင်ဘက်မှလာကြောင်း သိရလေတော့၏။ ထိုအခါ ကျွန်ုပ်တို့သားအဖသည် အိမ်ပေါ်ထပ်သို့တက်၍ နောက်ဖေးတံခါးကိုဖွင့်ကာ တည်းခိုဆောင်ဘက်သို့ လှမ်း၍မျှော်ကြည့်မိလေ၏။

မောင်ကောင်းတုံသည် ၎င်း၏အခန်းရှေ့ရှိ ကွပ်ပျစ်ကလေး၌ထိုင်ကာ တယောထိုးနေခြင်းဖြစ်၏။ ကျွန်ုပ်တို့သားအဖ နံနက်က ရေမှုတ်ဟုထင်ခဲ့သောအရာမှာ ရေမှုတ်မဟုတ်ဘဲ တယောဖြစ်ကြောင်း သိရလေတော့၏။ မောင်ကောင်းတုံ၏တယောမှာ အခြားသောတယော



www.burmeseclassic.com

www.burmeseclassic.com



များကဲ့သို့ ပခုံး၌တင်၍ ထိုးရခြင်းမဟုတ်ဘဲ ကြမ်းပြင်ပေါ်၌ထောင်၍ ထိုးရသော တယောမျိုးဖြစ်၏။ ကျွန်ုပ်တို့သည် မောင်ကောင်းတုံ တယောထိုးနေသည်ကို လရောင်၌ ကောင်းစွာမြင်ရလေ၏။

မောင်ကောင်းတုံသည် ခန့်ညားသော မြန်မာသီချင်းကြီး တစ်ပုဒ်ကို သူ၏ရေမှုတ်သဏ္ဌာန်တယောဖြင့် လက်စွမ်းပြနေဘိသည့် အလား နားအရသာရှိလှပေတော့၏။ ကျွန်ုပ်တို့သားအဖလည်း အိမ်တွင်းသို့ ပြန်၍ဝင်ကြပြီးလျှင် ကော်ဖီသောက်ကြလေ၏။

"လူကတော့ ခပ်ဆန်းဆန်းပဲ သမီးရဲ့"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကျွန်ုပ်သမီးက. .

"တစ်မျိုးတော့တစ်မျိုးပဲ ဖေဖေ။ သူသောက်တဲ့ ဆေးလိပ်ကလည်း ညှော်စော်နံလိုက်တာ မပြောပါနဲ့တော့"

ဟု ပြောလေ၏။

"ဆေးလိပ်မဟုတ်ဘူး သမီးရဲ့။ အဲဒါ 'ပွတ်ချွန်း' လို့ခေါ်တယ်။ ဆေးလိပ်လည်းကြိုက်၊ အများနည်းတူ ဆိုင်မှာလည်း ဝယ်ပြီးမသောက်နိုင်တဲ့လူတွေ သောက်တဲ့ဟာမျိုးပါကွယ်။ သူ့ခမျာ ဆင်းတောင့်ဆင်းရဲရှာနဲ့ တူပါရဲ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ သမီးလေးက. .

"ဟုတ်ပါတယ်ဖေဖေ။ သူ့အကျႌတွေကလည်း စုတ်ပြဲနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ”

ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်လည်း. .

“အိပ်တော့သမီးရေ။ ညဉ့်နက်လာပြီ”

ဟု ဆိုကာ အိပ်ရာဝင်လေတော့၏။

မောင်ကောင်းတုံသည် တည်းခိုဆောင်၌ (၅) ရက်ခန့်တည်းခို ပြီးလျှင် ဆန်တင်းပေါင်းများစွာဝယ်ယူ၍ ဆန်ဖိုးငွေကိုလည်း အပြည့် ပေးချေကာ ထွက်သွားလေတော့၏။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ် ဓားပြတိုက်ခံရခြင်း

ရက်နှစ်ဆယ်ခန့်ကြာလျှင် မောင်ကောင်းတုံသည် ပြန်လည်ရောက်ရှိလာပြန်၏။ တည်းခိုဆောင်ကလေး၌ တည်းခို၍ ၎င်းအလိုရှိသော ဆန်တင်းအရေအတွက်ရရှိရန်အတွက် စောင့်ဆိုင်းရရှာပြန်၏။ ညသို့ရောက်လျှင် တယောထိုး၏။ နေ့ခင်းတိုင်၌ အပြင်ထွက်၍လည်ပတ်၏။ ထမင်းကိုလည်း အပြင်၌ပင်ဝယ်စားရ၏။ ယခု တစ်ပတ်မောင်ကောင်းတုံရောက်ရှိလာသည့်အခါ၌မူ အခြားသောဆန်ကုန်သည်များမရှိဘဲ မောင်ကောင်းတုံတစ်ဦးတည်းသာလျှင် တည်းခိုနေရ၏။ မောင်ကောင်းတုံရောက်ပြီး လေးရက်မြောက်သောနေ့၌ ကျွန်ုပ်၏ခြံစောင့်ဒလဝမ်သည် ဝမ်းသွားသဖြင့် မလာနိုင်ဘဲ ခွင့်ယူလေ၏။ ကျွန်ုပ်လည်း တစ်ညတလေဖြစ်သောကြောင့် ဒလဝမ်အစားမရှာတော့ဘဲ နေလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ညဆယ်နာရီထိုးသောအခါ၌ မောင်ကောင်းတုံသည် တယော ထိုးခြင်းကိုရပ်၍ အိပ်ရာတွင်းသို့ဝင်လေ၏။ ညဆယ့်တစ်နာရီခန့်တွင် အိမ်တံခါးကို တစ်စုံတစ်ယောက် လာ၍ခေါက်သဖြင့် ကျွန်ုပ်က. .

"ဘယ်သူလဲ"

ဟုမေးရာ အပြင်မှလူက. .

"ကျွန်တော် ဆရာကြီးစက်မှာ နဝလီလာကြိတ်တဲ့လူပါ။ ဆရာကြီးတို့မန်နေဂျာ ကိုစိန်ညိုတစ်ယောက် စက်သားရေ ကြိုးထဲပါသွားလို့ ပေါင်ပြတ်သွားပြီ။ လူလည်း အခုထက် ထိ စကားမေးမရသေးဘူး"

ဟု ပြောလျှင် ကျွန်ုပ်လည်း သမီးအား နှိုးရလေတော့၏။

သမီးနိုးသည်နှင့် သားအဖနှစ်ယောက်သည် အပြင်မှလူကို တံခါးဖွင့်ပေးလေ၏။ တံခါးချက်ပြုတ်၍ အနည်းငယ်ဟသည်နှင့် တစ်ပြိုင်နက် အပြင်မှလူသည် အတွင်းသို့ တအားတိုးဝင်ပြီးလျှင် ကျွန်ုပ် တို့သားအဖအား ဆောင့်တွန်းလိုက်လေ၏။ ကျွန်ုပ်တို့သားအဖလည်း အခန်းထောင့်ဆီသို့ ရောက်သွားလေ၏။ ထိုအခါ၌ ထိုသူ၏နောက်မှ လူလေးဦးထပ်၍ဝင်လာလေ၏။ ထိုဝင်လာသောလူများ၏လက်၌လည်း ငှက်ကြီးတောင်ဓားများ၊ ဓားမြှောင်များ ကိုယ်စီပါ၏။ ရှေ့ဆုံးလူ၌မူ ခြောက်လုံးပြူးတစ်လက်ပင် ပါသေး၏။ ကျွန်ုပ်သည် ထိုလူများအား

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကြောက်နှင့်ပင် ကြည့်လိုက်လေ၏။ ထိုသူတို့သည် မျက်နှာကို မျက်နှာဖုံးများ စည်းထားကြလေ၏။ ခြောက်လုံးပြူးကိုင်ထားသောသူသည် ခေါင်းဆောင်ဖြစ်ဟန်တူ၏။

"အော်မယ်မကြံနဲ့။ ပစ်သတ်လိုက်မယ်"

ဟု ဆိုကာ ကျွန်ုပ်အား ခွေ၍ကိုင်ထားသော လိပ်ကျောက်မြီးနှင့် ရွှမ်းခနဲရိုက်လိုက်လေ၏။ ကျောကုန်းကိုရိုက်မိသဖြင့် အင်္ကျီစုတ်ပြဲကာ သွေးများယိုထွက်လာလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ငွေတွေအားလုံးဘဏ်မှာ အပ်ထားတာပါ။ ကျုပ်တို့လက်ထဲမှာ မရှိပါဘူး"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်၏သမီးကလေးကလည်း. .

"ဖေဖေ့ကိုတော့ ရိုက်လား၊ နှက်လား မလုပ်ပါနဲ့။ ကျွန်မလက်ဝတ်လက်စားတွေ ကျွန်မအခန်းထဲမှာ ရှိပါတယ်။ သွားယူပါ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ခေါင်းဆောင်လုပ်သူက. .

"ငွေလည်း မလိုချင်ဘူး။ ရွှေလည်း မလိုချင်ဘူး။ ကျုပ်တို့သတင်းသေသေချာချာရထားလို့လာတာ။ ခင်ဗျားဆီမှာ သံသေတ္တာအနီလေးတစ်လုံး ရှိတယ်မဟုတ်လား။ အဲဒါပဲ လိုချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. .

"ကျုပ်မလိမ်ပါဘူး။ အဲဒီသေတ္တာကလေး ရှိပါတယ်။ ဒါပေမယ့် ဒီမှာမဟုတ်ပါဘူး။ အစိုးရငွေတိုက်မှာ အပ်ထားတယ်"

ဟု ပြောလိုက်ရာ ဓားပြခေါင်းဆောင်လုပ်သူက. .

"ဒီလိုပဲလုပ်လိမ့်မယ်လို့ ကျုပ်လည်း ထင်ပါတယ်။ ဒါက လွယ်ပါတယ်။ ခင်ဗျားသမီးကို ကျုပ်တို့ခေါ်သွားမယ်။ အဲဒီ သေတ္တာနီလေးနဲ့ လာပြီးရွေးယူပေ့ါ"

ဟုဆိုကာ လူဆိုးခေါင်းဆောင်သည် သူ၏တပည့်များအား ကျွန်ုပ်ကို ပါးစပ်ပိတ်၍ ကြိုးဖြင့်တုပ်ရန် အမိန့်ပေးလိုက်လေ၏။ ထိုအချိန်၌ပင် မည်သို့ဖြစ်သည်မသိ။ ဓားပြခေါင်းဆောင်သည် ရှေ့သို့ ငိုက်စိုက်ကျ၍ သေနတ်လွတ်ကျသွားလေ၏။ တစ်စုံတစ်ယောက်သည် ဓားပြခေါင်းဆောင်၏နေရာ၌ ဘွားခနဲထွက်ပေါ်လာလေ၏။

ကျွန်ုပ်တို့သားအဖသည် ထိုသူအားကြည့်လိုက်ပြီးလျှင်. .

"မောင်ကောင်းတုံ. . "

ဟု ကျွန်ုပ်က အော်လိုက်လေ၏။ ကျွန်ုပ်၏သမီးကလည်း. .

"ကိုကောင်းတုံ. . "

ဟု အော်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကြီးတောင်ဓားကိုကိုင်ထားသော ဓားပြလေးဦးသည် မောင်ကောင်းတုံအား တရမန်းကြမ်း ဝင်၍ ဓားနှင့်ခုတ်ကြလေ၏။ မောင်ကောင်းတုံလည်း ထိုသူတို့၏ ဓားချက်များကို ရှောင်တိမ်း၍ ကျင်လည်စွာသတ်ပုတ်တိုက်ခိုက်ပြီးလျှင် ဓားရှည်တစ်လက်ကို လုယူ၍ လူဆိုးခေါင်းဆောင်၏လည်ပင်းသို့ ထောက်လိုက်လေ၏။ ထိုအချိန်၌ လူဆိုးတစ်ဦးသည် ကြမ်းပြင်ပေါ်သို့ကျသွားသော သေနတ်ကို ကောက်ယူ၍ မောင်ကောင်းတုံ၏ရင်ဝသို့ ချိန်လိုက်လေ၏။ ထိုသို့ ချိန်လိုက်ပြီး နောက်. .

"ဟေ့ကောင်. . ဓားကိုချလိုက်။ ပစ်ထည့်လိုက်မယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ကောင်းတုံက. .

"ဟေ့ကောင်တွေ. . ။ မင်းတို့က လူတွေကို လူအ,တွေများ အောက်မေ့နေသလား။ မင်းတို့သေနတ်က ပစ်လို့ရတဲ့သေနတ်မှ မဟုတ်ဘဲ။ မရှက်ဘူးလားကွာ"

ဟု ပြောဆို၍ ၎င်းတို့၏ခေါင်းဆောင်အား ဓားဖြင့် နာရုံမျှလေးထိုးလိုက်ရာ ခေါင်းဆောင်လုပ်သူလည်း. .

"အား. . "

ဟု အော်ဟစ်လိုက်လေ၏။

လူဆိုးများသည် မောင်ကောင်းတုံအနီးသို့ တိုးမည်လုပ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မောင်ကောင်းတုံက. .

“နည်းနည်းလေးမှ မတိုးနဲ့နော်။ မင်းတို့တိုးလာတာနဲ့ လက်ထဲက ဓားဟာ မင်းတို့ဆရာရဲ့လည်ပင်းကို တအားတိုးဝင်သွားလိမ့်မယ်”

ဟု ပြောကာ ဓားကိုအနည်းငယ်ဖိလိုက်ရာ ၎င်းတို့၏ခေါင်းဆောင်လုပ်သူလည်း. .

“အား”

ခနဲ ထပ်၍အော်လိုက်ပြန်လေ၏။ ထိုအော်သံနှင့်အတူ လူဆိုးလေးဦးတို့သည် ထွက်ပြေးကြလေတော့၏။ ထိုအခါ၌ လူဆိုးခေါင်းဆောင်လုပ်သူအား မောင်ကောင်းတုံက လက်ပြန်ကြိုးတုပ်ကာ. .

“ကဲ. . ဦးလေး။ ဂါတ်ကိုအကြောင်းကြားပေတော့”

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ဂါတ်သို့အကြောင်းကြားလိုက်ရာ ဂါတ်မှ ရာဇဝတ်အုပ်နှင့်ပုလိပ်များ ရောက်ရှိလာပြီးလျှင် ဓားပြခေါင်းဆောင်အား ဖမ်းဆီးသွားလေတော့၏။

ထို့နောက် ညတွင်းချင်းပင် ဓားပြခေါင်းဆောင်အားစစ်ဆေးသဖြင့် ဓားပြခေါင်းဆောင်လည်း ၎င်း၏နောက်လိုက်တပည့်များကို ဖော်ပြောလိုက်ရာ လက်လွတ်ထွက်ပြေးသွားသော ဓားပြလေးဦးအားပုလိပ်များသည် ညတွင်းချင်းပင် ဖမ်းဆီးနိုင်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်များနှင့်အတူ ကျွန်ုပ်တို့လည်း ဂါတ်သို့လိုက်သွားရလေ၏။ အဖြစ်အပျက်ကို ပြောပြရ၏။ ပုလိပ်များလည်း ကျွန်ုပ်တို့ပြောပြချက်များကို ရေးမှတ်ရလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် ဂါတ်မှပြန်လာခဲ့ကြလေ၏။ အိမ်သို့ရောက်သောအခါ၌ ကျွန်ုပ်၏သမီးက အမေပြေပြေဟုဆိုကာ ကော်ဖီဖျော်၍ မုန့်များနှင့်တိုက်ကျွေးလေ၏။

ကျွန်ုပ်လည်း မောင်ကောင်းတုံအား. .

"ကျေးဇူးတင်လိုက်တာ မောင်ကောင်းတုံ။ ကော်ဖီလေးသောက်လိုက်ပါဦး"

ဟု ပြောလိုက်လေ၏။ မောင်ကောင်းတုံလည်း ကော်ဖီမသောက်သေးဘဲ ညှော်စော်နံသော ၎င်း၏ပွတ်ချွန်းဆေးလိပ်ကိုထုတ်၍ မီးညှိလေ၏။

"မင်းနှယ်ကွယ်. .။ ခါးပြတွေနဲ့ တိုက်ခိုက်လိုက်တာကြည့်ရတာများ ကျွမ်းကျင်လိုက်တာ မပြောပါနဲ့တော့။ ဟိုကောင်တွေကလည်း မောင်ရင့်ကို ငှက်ကြီးတောင်ဓားနဲ့အသေဝိုင်းခုတ်တာပဲ။ ဒါပေမယ့် မင်းကလည်း ရှောင်လိုက်၊ တိမ်းလိုက်တာ တစ်ချက်မှကို မထိပါဘူးကွယ်။ ဇန်တိုဇန်ရှည်အတတ်ဘက်ကလည်း တယ်လည်းကျွမ်းကျင်တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်ကပြောလိုက်ရာ မောင်ကောင်းတုံက. .

"ကျွန်တော်က ဒါလောက်မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော့်ဆရာကမှ တကယ်ကျွမ်းကျင်တာ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်၏သမီး မဥ္ဆူသာက. .

"ကိုကောင်းတုံက ဘယ်ကနေ ဘယ်လိုလုပ်ပြီး အိမ်ထဲကိုရောက်လာတာလဲ"

ဟု ဝင်၍မေးလိုက်လေ၏။

"ကျုပ်. . ခင်ဗျား တံခါးမပိတ်ခင်ကတည်းကိုက အိမ်ထဲမှာဝင်ပြီး ကပ်နေတာ။ ဘာဖြစ်လို့ ဝင်ပြီးကပ်နေရသလဲဆိုတော့ ခင်ဗျားတို့သားအဖကို ဒီကနေ့ ဓားပြတိုက်လိမ့်မယ် ထင်လို့ပဲ။ ကျုပ် ဟိုတစ်ခေါက်လာတုန်းက ဒီအိမ်ထဲမှာတွေ့ခဲ့တဲ့ ဆန်ကုန်သည်တစ်ယောက်ကို မနက်က ဈေးချိုထဲမှာ အမှတ်မထင်တွေ့လိုက်ရတယ်။ သူဟာ မန္တလေးမှာ တည်းခိုစရာမရှိလို့ ခင်ဗျားတို့ဆောက်ထားတဲ့ တည်းခိုဆောင်မှာ တည်းခဲ့တဲ့ လူတစ်ယောက်ပဲ။ အခုသူဟာ မန္တလေးကိုရောက်နေပါလျက် ခင်ဗျားတို့တည်းခိုဆောင်မှာလာပြီးမတည်းဘူးဆိုကတည်းက သူ့မှာ တခြား



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုရမယ့်အိမ်ရှိတယ်လို့ အစပ်ပွာယ်ရနေတယ်။ ဒီကြားထဲ ညနေက ကျုပ်ပြန်လာတော့ ဒလဝမ်ကုလား ဝမ်းသွားလို့ ဒီညမလာဘူးဆိုတာ သိရတယ်။ ဒါနဲ့ ဒလဝမ်ကုလားအိမ်ကို မြင်းလှည်းနဲ့ ကျုပ်သွားပြီးကြည့်တယ်။ အမှန်ပဲ ဝမ်းတွေသွားပြီး အိပ်ရာထဲမှာလဲနေတာ တွေ့ရတယ်။ အဲဒါနဲ့ ကျုပ်က ဘာဖြစ်တာလဲလို့မေးတော့ မနက်က ဆန်ကုန်သည် ကိုဟန်စိန်ဆိုတဲ့လူက သူ့ဆီကို ရောက်လာတယ်တဲ့။ အရက်ကောင်းကောင်းရယ်၊ ကြက်သားဟင်းနဲ့ ထမင်းလည်း ချက်ပါဆိုပြီး ငွေငါးဆယ်ပေးတယ်တဲ့။ ဒါနဲ့ သူလည်း ချက်အရက်တစ်လုံး ဝယ်တယ်တဲ့။ ကြက်တစ်ကောင်လည်းဝယ်ပြီး သူကိုယ်တိုင် မဆလာနိုင်နိုင်နဲ့ ချက်တယ်တဲ့။ ဟင်းကျက်တဲ့အခါမှာ အရက်နဲ့ ကြက်သားဟင်းနဲ့ မြည်းကြတယ်တဲ့။ အဲဒါတွေလည်း စားသောက်ပြီးရော သူလည်း ဝမ်းတွေသွားတော့တာပဲတဲ့။ ဆန်ကုန်သည် ကိုဟန်စိန်လည်း ပြန်ဦးမယ်ဆိုပြီး ဒယီးဒယိုင်နဲ့ ပြန်သွားတယ်တဲ့။ အဲဒီတော့ ဒလဝမ်ကုလား ဝမ်းသွားတာဟာ ရိုးရိုးမဟုတ်နိုင်ဘူး။ ဆန်ကုန်သည် ကိုဟန်စိန်ရဲ့လက်ချက်ပဲ ဖြစ်ရမယ်။ ခြံလုံတဲ့ ဒလဝမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသွားပြီး အိပ်ရာထဲလဲနေအောင် လုပ်ထားတဲ့အချက်ဟာ ဒီအိမ်ကြီးကို ဓားပြတိုက်ဖို့ကလွဲပြီး ဘာမှမရှိပါဘူး။ တကယ်လို့ ဒီအိမ်ကြီးကို ဓားပြတိုက်ရင် ဝင်ပြီးကူညီနိုင်အောင်ဆိုပြီး ညဦးကတည်းက တယောထိုးပြီးတာနဲ့ ခင်ဗျားတို့တံခါးမပိတ်ခင်ကလေးတင်မှာပဲ အိမ်ထဲကို ဝင်ပြီး အောင်းနေလိုက်တာ။ ကျုပ်ထင်တဲ့အတိုင်းပါပဲ။ ဓားပြတွေရောက်လာတော့တာပါပဲ”

ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်သည်. .

“မောင်ရင်က ဘယ်အချိန်ကများ ဒလဝမ်ရဲ့အိမ်ကို သိနေရတာလဲ”

ဟု မေးလိုက်လေ၏။

“ဟိုတစ်ခေါက်လာကတည်းက လိုရမည်ရ စုံစမ်းထားတာပါဦး”

ဟု မောင်ကောင်းတုံကဖြေလေ၏။ ထိုအခါ ကျွန်ုပ်က. .

“တယ်လည်းစေ့စပ်ပါလား မောင်ရင်ရယ်”

ဟု ပြောလိုက်ရာ မောင်ကောင်းတုံက. .

“ကျွန်တော် စေ့စပ်တာတို့၊ ကွက်ကျော်မြင်တာတို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆရာနဲ့နှိုင်းစာလိုက်ရင် ကျွန်တော်ဟာ အများကြီးလိုပါသေးတယ်ဦး”

ဟု မောင်ကောင်းတုံက ဖြေလေ၏။

ထို့နောက် ၎င်းသည် ကော်ဖီသောက်၍ တည်းခိုဆောင်သို့ ပြန်သွားလေ၏။ ကျွန်ုပ်တို့သားအဖနှစ်ဦးသာလျှင် မောင်ကောင်းတုံ စားပြများနှင့် တိုက်ခိုက်သတ်ဖြတ်ပုံကို ဘိုင်စကုတ်ဇာတ်လမ်းပြော သကဲ့သို့ တစ်ဦးမပြင်သည့်အကွက်ကို တစ်ဦးကပြောဆိုခြင်းဖြင့် အရုဏ်တက်ချိန်သို့ ရောက်ခဲ့လေတော့သတည်း။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်၏တည်းရိုဆောင်မီးလောင်ခြင်း

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်၏သမီးကလေး မဥ္ဇူသာက. .

"ညက ဓားပြတွေက ဖေဖေ့ဆီမှာတောင်းတဲ့ သံသေတ္တာ အနီကလေးဆိုတာ ဘာလဲဖေဖေ"

ဟု မေးလေ၏။

"ဒီလိုကွယ့်. . အဲဒီပစ္စည်းကလေးက သမီးကလေး အသက် အစိတ်တင်းတင်းပြည့်တဲ့နေ့မှာ အမွေရမယ့်ပစ္စည်းကလေး ကွယ့်။ အခုတော့ သမီးကြည့်လို့မဖြစ်သေးဘူး။ အသက် အစိတ်ပြည့်မှပဲကြည့်ရမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"အဲဒီအထဲမှာက ဘာတွေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သမီးကလေးက မေးပြန်လေ၏။

"အဲဒီအထဲမှာ ဘာတွေလဲဆိုတာ ဖေဖေလည်း မသိဘူး ကွယ့်"

"မဟုတ်တာဘဲဖေဖေရယ်။ ဖေဖေပေးမယ့် အမွေပစ္စည်း ပဲ။ ဖေဖေ သိရမှာပေါ့"

ဟု သမီးလေးက ပြောလေ၏။

"သမီးလေး အသက်အစိတ်ပြည့်မှပဲ ပြောပြပါမယ်။ အခု တော့နေပါဦး"

ဟု သမီးကလေးအား တောင်းပန်ရလေတော့၏။ သမီး ကလေးလည်း ကျွန်ုပ်၏စကားကို နားထောင်သောအားဖြင့် နောက်ထပ် မေးမြန်းခြင်းမပြုတော့ဘဲ ငြိမ်၍သွားလေတော့၏။

ထိုအချိန်၌ပင် မောင်ကောင်းတုံသည် အပြင်သို့ထွက်လေ၏။ ကျွန်ုပ်လည်း မောင်ကောင်းတုံကို မြင်သဖြင့်. .

"ဟော့. . သူငယ်။ လာပါဦးကွယ့်"

ဟုခေါ်ကာ ကော်ဖီနှင့်မုန့်များ တိုက်ကျွေးညွှေ့ခံလေ၏။ မောင်ကောင်းတုံလည်း ကျွန်ုပ်တို့နှင့်အတူ ကော်ဖီသောက်ပြီးနောက် အပြင်သို့ ထွက်၍သွားလေ၏။ နောက်နှစ်ရက်ခန့်အကြာတွင် မောင်ကောင်းတုံသည် ဂုဏ်အလိုရှိသောဆန်များ ရရှိသဖြင့် ဆန်များ



www.burmeseclassic.com

www.burmeseclassic.com



သယ်ယူကာ ပြန်သွားလေတော့၏။

ဤသို့နှင့်ပင် မောင်ကောင်းတုံသည် ကျွန်ုပ်တို့၏ထံသို့ လာလိုက်သွားလိုက် အခေါက်ပေါင်းများစွာပြုလုပ်ခဲ့သဖြင့် တစ်စတစ်စ ရင်းနှီးခြင်းသို့ ရောက်ခဲ့လေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်တို့ဆောက်လုပ်ထားသော တည်းခိုဆောင်သို့ အခြားသော ဆန်ကုန်သည်များလည်း ရောက်ရှိနေ၏။ မောင်ကောင်းတုံလည်း ရောက်ရှိနေလေ၏။ ထိုအချိန်၌ပင် အခြားသော ဆန်ကုန်သည်တို့သည် ကျွန်ုပ်တို့အိပ်သောကာလ၌ အောက်လင်းမီးကိုထွန်းညှိ၍ အကြီးအကျယ် ဖဲကစားကြလေတော့၏။ ၎င်းတို့သည် ဖဲ၌မွဲနေကြစဉ် အောက်လင်းမီးတောက်သည် အုတ်ကွပ်တန်းကို စွဲ၏။ ထိုမှတစ်ဆင့် ခေါင်သို့စွဲ၏။

ထို့နောက် မီးသည် အရှိန်ရလာပြီးလျှင် တည်းခိုဆောင်ကို လောင်ကျွမ်းလေတော့၏။ ဖဲသမားများလည်း ထိုအခါကျမှပင် အိမ်အောက်သို့ ဆင်း၍ပြေးကြ၏။ အနီးပတ်ဝန်းကျင်မှ လူများလည်း "မီး . . မီး" ဟု အလန့်တကြားအော်ကြ၏။ ကျွန်ုပ်တို့သားအဖလည်း အိပ်ရာမှလန့်နိုးပြီးလျှင် နောက်ဖေးဝရန်တာသို့ထွက်၍ တည်းခိုဆောင်အားကြည့်လိုက်ရာ မီးလောင်နေသည်ကို တွေ့ရလေတော့၏။

ဖဲသမားများလည်း ရေဖလားများဖြင့် မီးကိုငြိမ်းသတ်၏။ သို့ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် ၎င်းတို့ပက်သောရေများမှာ မီးလောင်ရာသို့မရောက်ဘဲ မြေကြီး၌သာ ရွှဲရွှဲစိုလေတော့၏။ ကျွန်ုပ်၏သမီးကလေး မဍ္ဍူသာသည်. .

"လုပ်ကြပါဦးရှင်. .။ တိုက်ကိုပါ ကူးလိမ့်မယ်"

ဟု အော်ဟစ်လေ၏။

ထိုအချိန်၌ ကောင်းဘွိုင်ဇာတ်လိုက်နှင့်တူသော မောင်ကောင်းတုံသည် ရေတွင်းမှ စက်သီးကြိုးကိုဖြုတ်၍ အိမ်ခေါင်၏အပြင်တွင် အစွန်းထွက်နေသော သစ်သားတန်း၌ ထိုစက်သီးကြိုးကို ချိတ်ပြီးလျှင် ရေပီပါကြီးတစ်လုံးအား ကြိုးဖြင့်သိုင်းချည်၍ စက်သီးနှင့် အိမ်ခေါင်ပေါ်သို့ အရောက်တင်လေ၏။

ထို့နောက် ပီပါကိုလှဲ၍ အိမ်ခေါင်တစ်ခုလုံးအား ရွှဲရွှဲစိုသည်အထိ သွန်းချပက်ဖျန်းလေတော့၏။ ပြီးလျှင် အောက်သို့တစ်ဖန် ဆင်းလာပြန်ကာ အခြားသော ရေပီပါတစ်လုံးကို ဆွဲတင်ပြန်၏။ ရှေးနည်းအတိုင်း သွန်ချပြန်လေ၏။ သုံးကြိမ်ခန့် ဤကဲ့သို့ပြုလုပ်လိုက်ရာ တည်းခိုဆောင်အမိုးတစ်ခုလုံးသည် ရွှဲရွှဲစို၍သွားသည်ဖြစ်ရာ မီးသည် ကောင်းဘွိုင်အား အရှုံးပေးရရှာလေတော့၏။ ကျန်သောဆန်ပွဲစားများမှာ ကောင်းဘွိုင်နှင့်တူသော မောင်ကောင်းတုံ ပြုလုပ်နေသည်ကို ငေးမောကြည့်ရှုနေရုံမှအပ အခြား မည်သို့မျှမလုပ်တတ်ကြပေ။

မောင်ကောင်းတုံသည် ခေါင်မိုးပေါ်မှ ဆင်းလာပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



စက်သီးကိုဖြုတ်၍ ရေတွင်း၌ ပြန်လည်၍ချိတ်ဆွဲထားပေးလိုက်၏။ ပီပါများကိုလည်း နေရာတကျပြန်၍ထားပြီးလျှင် ရေများပင် ပြန်၍ ခပ်ထည့်ထားပေးလိုက်သေး၏။

ကျွန်ုပ်တို့ သားအဖသည် မောင်ကောင်းတုံအား အိမ်အတွင်းသို့ခေါ်ယူ၍ အမောပြေသဘောနှင့် ကော်ဖီနှင့်မုန့်များ တိုက်ကျွေးရပြန်လေ၏။ ကျွန်ုပ်ကလည်း ကျေးဇူးတင်သောကြောင့်. .

"မောင်ကောင်းတုံရေ. . မင်းရှိလို့သာပေါ့ကွယ်။ မဟုတ်ရင် တည်းခိုဆောင်သာမဟုတ်ဘူးကွယ့်။ တိုက်ကိုပါ ကူးလိမ့်မယ်။ မင်းကတော့ အကြံဉာဏ်လည်းကောင်းပါပေ့ကွာ။ ရေပီပါကြီးတွေကို အိမ်ခေါင်ပေါ်အထိ တင်သွားလိုက်ပုံများ ကျွမ်းကျင်ပါပေ့ကွာ။ ဖျတ်လည်း အလွန်ဖျတ်လတ်တာကိုး "

ဟု ချီးမွမ်းလိုက်ရာ မောင်ကောင်းတုံက ညှော်စော်နံသောဂင်း၏ပွတ်ချွန်းဆေးလိပ်ကို မီးညှိ၍. .

"ကျွန်တော်က ဒါလောက် မလျင်သေးဘူးခင်ဗျ။ ကျွန်တော့်ဆရာကမှ တကယ်လျင်တာ "

ဟု ပြောပြန်လေ၏။

ထို့နောက်တွင်ကား ကျွန်ုပ်၏သမီးလေး မဥျသာသည် တည်းခို



www.burmeseclassic.com

www.burmeseclassic.com



ဆောင်အတွင်း၌ ဖဲမရိုက်ရဟူသော အမိန့်ကို ထုတ်ရလေတော့၏။ ထိုသို့ဖြစ်ပွားပြီး နှစ်ရက်မျှအကြာ၌ မောင်ကောင်းတို့လည်း ၎င်းအလို ရှိသောဆန်များကိုရရှိသဖြင့် ပြန်သွားလေတော့၏။

မောင်ကောင်းတို့ပြန်သွားပြီး ရက်အနည်းငယ်အတွင်း၌ပင် ရှမ်းပြည်နယ်တောင်ပိုင်းဘက်မှ ဆန်ကုန်သည်အသစ် လင်မယားစုံတွဲ ရောက်ရှိလာလေ၏။ ရှမ်းပြည်နယ်ကလာသည်ဆိုသော်လည်း ထို လင်မယားသည် ရှမ်းအမျိုးသားများ မဟုတ်ကြပေ။ မြန်မာများသာ လျှင် ဖြစ်ကြ၏။ မိန်းမလုပ်သူ၏အမည်မှာ မသန်းဆင့်ဟူ၍ဖြစ်၏။ ၎င်းတို့နှစ်ဦးစလုံးသည် ဆန်အကြောင်းကို ကောင်းစွာနားလည်ကြ လေ၏။

၎င်းတို့၏ပြောပြချက်အရ ၎င်းတို့တွင် ဆန်ကုန်သည်ပြိုင်ဘက် တစ်ဦးရှိနေသဖြင့် ဆန်ကောင်းဆန်သန့်များလိုချင်ကြောင်း တဖွဖွပြော လေ၏။ ကျွန်ုပ်၏သမီးကလည်း အလိုရှိသော ဆန်ကောင်းဆန်သန့် ရမည်ဖြစ်ကြောင်း အာမခံ၍ ၎င်းတို့လင်မယားအား တည်းခိုဆောင်၌ တည်းခိုနေထိုင်ခွင့် ပေးလိုက်လေ၏။

၎င်းတို့လင်မယားလည်း အထုပ်အပိုးများယူ၍ တည်းခိုဆောင် သို့သွားကြလေ၏။ တည်းခိုဆောင်သို့ရောက်လျှင် မီးကျွမ်းလျက်ရှိသော ခေါင်ကိုတွေ့လျှင် မသန်းဆင့်ဆိုသော ဆန်ကုန်သည်မိန်းမက. .



www.burmeseclassic.com

www.burmeseclassic.com



"ဆောက်ထားတာ အသစ်ကြီးရှိသေးတယ်။ ဘယ်လိုလုပ်ပြီး မီးလောင်ပါလိမ့်"

ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်၏သမီးက. .

"တစ်နေ့ကပဲ လောင်တာ အဒေါ်ရေ။ ကိုကောင်းတုံဆိုတဲ့လူ ရောက်နေပေလို့ပေါ့။ မဟုတ်ရင်တော့ အကုန်လုံးပြာဖြစ်ကုန်မှာ"

ဟု ပြောလိုက်ရာ မသန်းဆင့်ဆိုသော မိန်းမက. .

"အဲဒီ ကောင်းတုံဆိုတာက ဆန်ကုန်သည်လား တူမကြီးရဲ့"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်၏သမီး မဥ္ဇူသာကလည်း. .

"ဟုတ်ပါတယ်အဒေါ်။ သူကလည်း ဆန်ကုန်သည်ပါပဲ"

ဟု ပြောလိုက်လျှင် မသန်းဆင့်က ၎င်း၏ယောကျ်ား ကိုကျော်အေးဘက်သို့လှည့်ကာ. .

"လက်စသတ်တော့ သင်းက ဒီစက်က ဆန်ကို လာပြီးယူတာကိုး"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်၏သမီးက. .

"အဒေါ်က အဲဒီကောင်းတုံကို သိလို့လား"

ဟုမေးလိုက်ရာ ဒေါ်သန်းဆင့်ဆိုသောမိန်းမက. .

www.burmeseclassic.com

www.burmeseclassic.com



"သိပါသော်ကောတူမကြီးရယ်။ သူဟာ အဒေါ်တို့ရဲ့ရန်သူပေါ့။ အဒေါ် တစ်ခုပြောမယ် တူမကြီး။ သားမယားရှိလို့ သားစာ မယားစာ ရှာတာဖွေတာဆိုရင် အဒေါ်တို့က မပြောပါဘူး။ သမုဒ္ဒရာရေပဲကွယ်။ ကိုယ်တစ်ယောက် တည်းသောက်လို့လည်း ဖြစ်တာမျိုးမှမဟုတ်ဘဲ။ အခုဟာကတော့ ဒီလိုမဟုတ်ဘူးကွယ့်။ သူ့မှာ သားလည်းမရှိ မယားလည်းမရှိ တစ်ကိုယ်ရေ တစ်ကာယသမား။ အဒေါ်တို့နေတဲ့ ရွှေညောင်မြို့နားက 'နောင်ဘို' ဆိုတဲ့ရွာမှာနေတယ်။ အနယ်နယ်အရပ်ရပ်က မိမရှိ ဖမရှိ ကလေကဝလေးတွေကို အကုန်လုံးခေါ်ပြီး သူက မွေးထားတယ်။ ကလေးတွေကို စာသင်ပေးတယ်။ အဝတ်လည်း သူက ချုပ်ပေးတယ်။ အင်္ကျီချုပ်တာများ တော်တော့်စက်သမားက သူ့ကိုမမီဘူး။ အခု သူက ဆန်တွေကို ဒီကလာယူပြီး သူ့ဆီက မွေးစားကလေးတွေနဲ့ ဆန်ရောင်းတယ်။ ရောင်းတာကလည်း ဆိုင်ဖွင့်ရောင်းတာမဟုတ်ဘူး။ နွားလှည်းတစ်စီးနဲ့ ရွာစဉ်လျှောက်ရောင်းတာ။ အဲဒီကလေးတွေ စားဖို့ သူရှာနေတာ။ အဒေါ်တို့နဲ့ ဈေးချင်းအတူတူပဲ ရောင်းတယ်။ သူ့ဆန်က အဒေါ်တို့ဆန်ထက် ပိုကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူက အကြွေးလည်း ပေးတယ်ဆိုတော့ အဒေါ်
တို့မှာ ဖောက်သည်တွေပျက်ကုန်တာပေါ့။ အဒေါ်လေ သူ့
ကို နုပ်နုပ်စဉ်းလို့ရရင် စဉ်းပစ်ချင်တယ်”

ဟု မဲ့ကာရွဲ့ကာ ပြောလေ၏။

ထိုဆန်ကုန်သည်လင်မယားလည်း လေးငါးရက်ခန့် တည်းခို ဆောင်၌နေပြီးလျှင် အလိုရှိသော ဆန်များကိုစုဆောင်း၍ရသောအခါ ၌ ပြန်သွားကြလေတော့၏။ ၎င်းတို့လင်မယား ပြန်သွားပြီး နောက် တစ်ရက်၌ပင် ကောင်းဘွိုင်ဇာတ်လိုက်နှင့်တူသော လူငယ် ရောက်ရှိလာ လေတော့၏။ ထိုအခါ ကျွန်ုပ်က. .

“မောင်ကောင်းတုံရေ. .။ မင်းနဲ့ ပြိုင်ဘက်ဖြစ်တဲ့ ဆန် ကုန်သည် လင်မယားတော့ မနေ့ကပဲ ပြန်သွားလေရဲ့ ကွယ်”

ဟု ပြောရာ မောင်ကောင်းတုံက တစ်စုံတစ်ရာ ပြန်လည် ပြောခြင်းမပြုဘဲ နားထောင်၍သာနေလေ၏။

ထိုအခါ ကျွန်ုပ်၏သမီးက. .

“ရှင့်ကိုတော့ ဆန်ကုန်သည် ဒေါ်သန်းဆင့်ဆိုတဲ့ မိန်းမ ကြီးက တော်တော့်ကိုမုန်းနေတာပဲ။ နုပ်နုပ်စဉ်းလို့ရရင် စဉ်းပစ်ချင်တယ်တဲ့”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ မောင်ကောင်းတို့က ပြုံးလိုက်လေ၏။ ၎င်း၏အပြုံးသည် သရော်သောအပြုံးမဟုတ်။ ကျေနပ်နှစ်သိမ့်သောအပြုံးမျိုးဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်က. .

"မင်းပြုံးပုံက ဆန်းလှချည်လား။ ဘာကိုပြုံးတာလဲကွ"

ဟု မေးလိုက်လေ၏။

"ကျွန်တော့်ရဲ့ဆရာကြီးပြောတဲ့စကားဟာ သိပ်ပြီးမှန်တာကိုတွေ့ရလို့ ကျေနပ်ပြီးပြုံးတာပါ ဦးရယ်"

ဟု ပြန်၍ပြောလိုက်လေ၏။

"မင်းရဲ့ဆရာကြီးက ဘယ်လိုများပြောလို့တုံး"

ဟု ထပ်၍မေးရလေ၏။

"ကျွန်တော့်ဆရာကြီးပြောတာက ဒီလိုပါ။ ကိုယ်စားဖို့အတွက်သက်သက် ထမင်းအိုးတည်တဲ့လူတွေဟာ ရန်လုပ်တတ်တယ်တဲ့"

ဟု လူငယ်က ပြောလေ၏။

"ဘယ်လိုလဲကွ။ ထမင်းအိုးတည်တာ ကိုယ်စားဖို့ တည်ကြတာပဲ မဟုတ်လား"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူမျိုးတွေဟာ ရန်လုပ်တတ်တာပေါ့"

ဟု လူငယ်က ပြောလေ၏။

"ဘယ်လိုလူမျိုးတွေက ရန်မလုပ်တတ်ဘူးလဲကွယ့်"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"အများစားဖို့ ထမင်းချက်တဲ့လူတွေက ရန်မလုပ်တတ်ပါဘူး"

ဟု လူငယ်က ပြန်၍ပြောလေ၏။

"အခု မောင်ရင်က အများစားရဖို့ လုပ်နေတာပဲမဟုတ်လား"

ဟု ကျွန်ုပ်ကမေးရာ ကောင်းဘွိုင်နှင့်တူသော လူငယ်သည် ညှော်စော်နံသောဆေးလိပ်ကို မီးညှိပြီးလျှင်. .

"ကျွန်တော့်အတွက်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော် ဘာမှ မလုပ်ဘူး။ ကျွန်တော့်ဆရာကလည်း ကိုယ့်တစ်ဦးတည်းအတွက် အလုပ်လုပ်ရတာ ရှက်ဖို့ကောင်းပါတယ်လို့ ပြောဖူးတယ်။ ဒါကြောင့် ကျွန်တော်တော့ ကျွန်တော့်အတွက် ကျွန်တော် ဘာမှမလုပ်ဘူး။ ကျွန်တော် အသက်ရှင်နေတာကလည်း ကျွန်တော့်အတွက်မဟုတ်ဘူး။ ကူညီဖို့၊ လိုအပ်တဲ့လူတွေကိုကူညီဖို့ အသက်ရှင်နေတာပါ။ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကလည်း ဒီလိုပဲသင်ကြားပါတယ်။ ကျွန်တော်ကလည်း ဒီလိုပဲ ကျင့်သုံးပါတယ်။ ကျွန်တော်တည်တဲ့ ထမင်းအိုးက ကျွန်တော့်အတွက် မဟုတ်ပါဘူး။ သက်ရှိသတ္တဝါအားလုံးနဲ့ ဆိုင်ပါတယ်။ ကျွန်တော့်ရဲ့ထမင်းအိုးမှာ အားလုံးစားခွင့်ရှိပါတယ်"

ဟု လူငယ်ကပြောလိုက်ရာ. .

"နေစမ်းပါဦး သူငယ်ရဲ့။ မင်းဟာကလည်း မင်းမိဘဆွေမျိုးအကြောင်းလည်း မပါဘူး။ တစ်ခါလာလည်း ဆရာ၊ တစ်ခါလာလည်း ဆရာနဲ့။ မင်းဆရာအကြောင်း သေသေချာချာပြောစမ်းပါဦးကွာ။ မင်းပြောတာနဲ့ မင်းဆရာကို သိချင်စမ်းပါဘိ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ လူငယ်က. .

"ကျွန်တော့်ဆရာအကြောင်းမပြောခင် ကျွန်တော့်ဆရာက ကျွန်တော့်ကို သင်ပေးခဲ့တဲ့ စကားကလေးနှစ်ခွန်းကို အရင်ပြောပြပါရစေ။ အဲဒါက ဘာလဲဆိုတော့ လူရဲ့သက်တမ်းဟာ အလွန်ပဲတိုတောင်းပါတယ်တဲ့။ လူ့လောကကြီးမှာရှိနေတဲ့ ပကာသနအဆောင်အယောင်တွေဆိုတာဟာလည်း အရူးတစ်ယောက် ဆင်မြန်းထားတဲ့ နို့ဆီခွက်



www.burmeseclassic.com

www.burmeseclassic.com



စုတ်နဲ့ ပုလင်းကွဲတွေလိုပါပဲတဲ့။ ဘာမှတန်ဖိုးမရှိသလို ဘာမှလည်း မတည်မြဲပါဘူးတဲ့။ ကိုယ့်အတွက်ကိုယ် ရှာဖွေနေတဲ့သူတွေဟာ တစ်နည်းတစ်ဖုံအားဖြင့် ဥစ္စာရူးတွေပါပဲတဲ့။ ဒီလိုလူမျိုးတွေ ရှိနေသည်ဖြစ်စေ၊ သေဆုံးသွားသည်ဖြစ်စေ၊ ကမ္ဘာလောကကြီးအတွက် ဘာမှ မထူးပါဘူးတဲ့။ ကမ္ဘာလောကကြီးက အလိုရှိနေတာဟာ အဲဒီလိုတစ်ကိုယ်ကောင်းသမားတွေမဟုတ်ဘူးတဲ့။ သူတစ်ပါးအတွက် ပြုမူဆောင်ရွက်ပေးတဲ့ အဓိပ္ပာယ်ပြည့်ဝတဲ့ လူသားသာလျှင်ဖြစ်တယ်တဲ့။ ဤကမ္ဘာလောကကြီးအတွက် အမြင့်ဆုံး၊ အနက်ရှိုင်းဆုံးဖြစ်တဲ့ လျှို့ဝှက်ချက်ဟာ ကိုယ်ကျိုးစွန့်ခြင်းအပေါ်မှာ တည်နေပါတယ်တဲ့။ ထမင်းငတ်ပြီးလဲနေတဲ့ မိဘမဲ့ကလေးတစ်ဦးကို မုန့်ကလေးတစ်ဖွဲ့တောင်ကျွေးဖော်မရရင် ဘယ်လောက်ကြီးကျယ်တဲ့ လူကိုပဲဖြစ်ဖြစ် အောက်တန်းကျတဲ့ အောက်တန်းစားလူလို့သတ်မှတ်ရမှာပဲတဲ့။ ဒါကြောင့် မောင်ကောင်းတုံ အသက်ရှိသရွေ့ ကိုယ့်အတွက်ကိုယ်မလုပ်နဲ့။ ဒုက္ခသည်တွေ၊ ဒုက္ခရောက်နေတဲ့လူတွေအတွက် အလုပ်လုပ်။ အဲဒါဟာ အဓိပ္ပာယ်ရှိစွာ အလုပ်လုပ်ခြင်းဖြစ်တယ်လို့ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ဆုံးမဖူးတယ်။ အဲဒါတွေဟာ ကျွန်တော့်ဆရာရဲ့ သွန်သင်ချက်တွေပဲ”

ဟု လူငယ်က ပြောလိုက်လေ၏။

“မင်းဆရာကလည်း အဆန်းပဲကွယ်။ သူ့အကြောင်း ပြောပြစမ်းပါဦး”

ဟု ကျွန်ုပ်ကပြောလျှင် လူငယ်က. .

“သူ့အကြောင်းဟာ ကျွန်တော့်အကြောင်းပါပဲ ဦးလေး။ ကျွန်တော့်အကြောင်းကို ကျွန်တော်ပြောဖို့ အလိုမရှိဘူး”

ဟု ပြောလိုက်လေ၏။

“မင်းအလိုမရှိပေမယ့် ဦးလေး နားထောင်ချင်တယ်ကွယ်။ အဲဒီတော့ ပြောပြစမ်းပါ”

ဟု ကျွန်ုပ်က တောင်းပန်ရလေ၏။ ထိုအခါ ကျွန်ုပ်၏သမီး မဥ္စူသာကလည်း. .

“ဟုတ်ပါရဲ့ ကိုကောင်းတုံးရယ်။ ကျွန်မလည်း ရှင့်ဆရာကြီးရဲ့အကြောင်းကို သိပ်ပြီးသိချင်တာပဲ။ ရှင့်ဆရာကြီးဟာ တကယ့်ကိုတော်ပြီး တကယ့်ကိုဆန်းတဲ့ လူကြီးပဲနော်။ ပြောပြပါရှင်ရယ်. . ”

ဟု တောင်းပန်လိုက်ရာ ကောင်းဘွိုင်ဇာတ်လိုက်နှင့်တူသော



www.burmeseclassic.com

www.burmeseclassic.com



မောင်ကောင်းတုံသည် ညှော်စော်နံသော ၎င်း၏ဆေးလိပ်ကို မီးသတ်လိုက်ပြီးနောက် ၎င်း၏ဆရာကြီးအကြောင်းကို စိတ်ရှည်လက်ရှည် ပြောပြလေတော့၏။

ထို့ကြောင့်၎င်းပြောပြချက်များအား ကျွန်ုပ်၏မှတ်တမ်းကြီး၌ ပြည့်စုံစွာမှတ်တမ်းတင်ရပေတော့အံ့။

အောက်တွင်ရေးသားဖော်ပြလတ္တံ့သော အကြောင်းအရာတို့မှာ မောင်ကောင်းတုံနှင့် ၎င်း၏ဆရာကြီး ဦးလောစံတို့ တွေ့ဆုံကြပုံများ၊ ၎င်းဆရာကြီး ဦးလောစံက ၎င်းအား စောင့်ရှောက်ကျွေးမွေး၍ ပညာသင်ကြားပေးခဲ့ပုံများကို အသေးစိတ်ပြောပြသဖြင့် ကျွန်ုပ်အနေနှင့်လည်း တိကျစွာ မှတ်တမ်းတင်နိုင်ခဲ့ပေ၏။

*ဦးကံသာ*

*(အငြိမ်းစားစက်ရှင်တရားသူကြီးဟောင်း)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကျောင်းဆရာ ဦးလောစံ

တစ်ခါက လွန်စွာလူစည်ကား၍ လွန်စွာမှလည်း စီးပွားရေး အချက်အချာကျသော မြစ်ဝကျွန်းပေါ်မြို့ကလေးတစ်မြို့၌ 'ဦးလောစံ' ဟုခေါ်သည့် ကျောင်းဆရာတစ်ဦးရှိခဲ့ဖူးလေ၏။ ကျောင်းဆရာကြီး ဟုဆိုသော်လည်း ၎င်း၌ စာသင်ရန် ကျောင်းရှိသည်မဟုတ်ပေ။ ကျောင်းသားမိဘများက ၎င်းတို့၏သားသမီးများ ကျောင်းတွင် စာတော်စေရန် အတွက် အိမ်သို့ခေါ်ယူပြခိုင်းသော ကျူရှင်ဆရာမျိုးဖြစ်ပေသည်။

ဦးလောစံသည် ၎င်းမြို့ကလေး၏ ရပ်ကွက်တိုင်း၌ ၎င်း၏ ကျောင်းသားများ ရှိပေ၏။ ငွေကြေးတတ်နိုင်သော ကျောင်းသားမိဘ များက ဦးလောစံအား လခပေး၍ ၎င်းတို့၏သားသမီးများကို ကျောင်း တွင် ညွှံသည့်ဘာသာရပ်များကို ဖိ၍သင်ခိုင်းတတ်လေ၏။ ဦးလောစံ ထံ၌ ကျူရှင်ယူသောကျောင်းသားများမှာ ၎င်းတို့၏နေ့ခင်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် ပထမ၊ ဒုတိယ စသည်ဖြင့် ရကြသဖြင့် ဆရာတို့၏ချီးကျူးခြင်းကို ခံကြရကုန်၏။ ထို့ကြောင့် ငွေကြေးတတ်နိုင်သော ကျောင်းသားမိဘများက ဦးလောစံအား ‘ဟိုက လာပါ၊ ဒီကလာပါ’ နှင့် ငှားရမ်းကြကုန်၏။ အချို့ မရှိဆင်းရဲသားများကမူ ကျောင်းသား လေးငါးဦးစပ်၍ ဦးလောစံအား ငှားရမ်းလေ၏။

ဦးလောစံသည် ဖာထေးထားသော ဘောင်းဘီပွပွကြီးနှင့် အင်္ကျီပွပွကြီးကို ဝတ်ဆင်ကာ လွယ်အိတ်ကြီးတစ်လုံးကိုလွယ်လျက် ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း တစ်မြို့လုံးကို လှည့်၍ စာပြလေ၏။ ဦးလောစံသည် ကျောင်းသားကလေးများကို စာပြရင်းနှင့်ပင် ကျောင်းသားမိဘများနှင့် ရင်းနှီးလေ၏။

အထူးသဖြင့် ဆင်းရဲသော ကျောင်းသားမိဘများနှင့် ပိုမို၍ ရင်းနှီးလေ၏။ ထိုသို့ရင်းနှီးသည်နှင့်အမျှ ကျောင်းသားမိဘများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးတတ်လေ၏။

တစ်ခါက ကျောင်းသားကလေးတစ်ဦး၏မိခင်သည် ကလေးမီးဖွားပြီးနောက် သွေးသားမသန့်စင်သောကြောင့် ရောဂါများရရှိလေ၏။ အခြားသောဆရာများနှင့်လည်း ကုသကြည့်၏။ မသက်သာခဲ့ပေ။ တစ်နေ့သ၌ ဦးလောစံသည် ထိုလူနာအား တွေ့မြင်သဖြင့် . .

“ခင်ဗျား ဒုက္ခဖြစ်နေပါလား။ ကျုပ်ကုပေးမယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ဦးလောစံသည် ဆေးဝါးများဖော်စပ်၍ ကုသပေးလိုက်ရာ ထိုလူနာလည်း ပျောက်ကင်းချမ်းသာလေတော့၏။ ထိုအခါ၌ ကျောင်းသားမိဘများက. .

"ဦးလောစံ ဆေးကုတတ်တာကိုး"

ဟုပြောရာ ဦးလောစံက. .

"ကျုပ်က တရုတ်သမားတော်ကြီး လောစံချိမ့်ရဲ့ ပညာအမွေတွေရခဲ့တာဗျ"

ဟု ပြောလေ၏။

ထို့ကြောင့် ကျောင်းသားမိဘတို့သည် ၎င်းတို့၌ အကြောင်းကိစ္စရှိလျှင် ဆရာကြီးဦးလောစံအား မျှော်ကြလေ၏။ အထူးသဖြင့် ဆင်းရဲသူဆင်းရဲသားများသည် ဦးလောစံကြီးအား ပို၍အားကိုးခြင်း ပြုကြလေ၏။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မြွေဆိုးမြွေဟောက်နှင့်တူသော ဦးလောစံ

တစ်နေ့သ၌ ထိုမြို့တွင်နေထိုင်သော ဦးပြည့်ဝဆိုသူသည် အရေးပိုင်ရာထူးကိုရရှိသဖြင့် အလှူကြီးတစ်ခု ကျင်းပလေ၏။ အလှူသို့လည်း လူအမြောက်အမြားကို ဖိတ်ထားလေ၏။ ဦးပြည့်ဝသည် မိန်းမနှစ်ယောက်ရှိသည့်အပြင် ထိုမိန်းမများမှာလည်း တစ်အိမ်တည်းနေကြသောကြောင့် မိန်းမနှစ်ယောက်စလုံး၏မိတ်ဆွေများကိုလည်း ဖိတ်ကြားထားလေ၏။ ဦးပြည့်ဝ၏မယားအကြီး၌ သားသမီးသုံးယောက်ရှိ၏။ မယားအငယ်၌ လေးငါးနှစ်အရွယ် သားကလေးတစ်ယောက်သာလျှင် ရှိလေ၏။ မယားအကြီး၏ သားသမီးများသည် ဦးလောစံ၏ တပည့်များ ဖြစ်ကြကုန်၏။ ဦးလောစံသည် နေ့စဉ်နေ့တိုင်းလိုလိုပင် ဦးပြည့်ဝ၏ကားဂိုဒေါင်အတွင်း၌ ကျောက်သင်ပုန်းတစ်ချပ်နှင့် ဦးပြည့်ဝ၏မယားကြီးသားများကို စာသင်ရသည် ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဦးပြည့်ဝ၏မယားကြီးကရော၊ မယားကြီး၏ သားသမီးများကပါ ဦးလောစံအား. .

"အခုလာမယ့် စနေနေ့ကျရင် ဒီအိမ်ရှေ့မှာ မဏ္ဍပ်ကြီးထိုးပြီး အလှူကြီးလုပ်မှာ။ လာဖြစ်အောင် လာနော်။ ရန်ကုန်က ဟိုတယ်မှာချက်တဲ့ ထမင်းချက်တွေကိုငှားပြီး ချက်ခိုင်းတာ။ ဆရာဦးလောစံ လာဖြစ်အောင်လာနော်"

ဟု ဖိတ်မန္တကပြုကြကုန်၏။ ဦးလောစံကလည်း လာခဲ့မည်ဖြစ်ကြောင်း ပြောလေ၏။

ဦးလောစံသည် ထိုနေ့မှာစ၍ သူ၏တပည့်များအား စာသင်ခြင်းကိုရပ်၍ အနားပေးခဲ့လေ၏။

"သန်ဘက်ခါကျမှပဲ အလှူကိုလာတော့မယ်"

ဟု ပြောဆိုကာ ပြန်သွားလေတော့၏။ ကျောင်းသားကလေးများလည်း နောက်တစ်နေ့မှစ၍ ၎င်းတို့၏အိမ်ရှေ့တွင်ထိုးထားသော မဏ္ဍပ်ကြီးအတွင်း၌ ခုန်ပေါက်ဆော့ကစား၍ နေကြလေ၏။

စနေနေ့သို့ရောက်သောအခါ အရေးပိုင်မင်း ဦးပြည့်ဝ၏အိမ်၌ ကြီးစွာသောအလှူကြီးကျင်းပလေတော့၏။ ထိုမြို့၏ လူကုံထံများသာမက အခြားသောမြို့များမှ လူကုံထံများပါ ကြွရောက်ချီးမြှင့်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးလောစံလည်း ဂုင်း၏တပည့်များနှင့် အရေးပိုင်ဦးပြည့်ဝ၏ မယားကြီးက သေချာစွာဖိတ်ထားသဖြင့် ထိုအလှူသို့သွား၏။

အလှူသို့ရောက်လျှင် လူရှင်းသောနေရာမှ ကုလားထိုင်တွင် ထိုင်၏။ ထိုကုလားထိုင်၏ရှေ့၌ကား လေးထောင့်စားပွဲရှိ၏။ ပြီးလျှင် အခြားသောကုလားထိုင်များလည်းရှိလေ၏။ ဦးလောစံ ထိုင်လိုက်သည့် တစ်ခဏ၌ပင် ဦးလောစံ၏ရှေ့သို့ ဒံပေါက်ထမင်းတစ်ပန်းကန်ရောက်၍လာလေ၏။ ဒံပေါက်ထမင်းနှင့်အတူ သခွားသီး၊ ဗာလချောင်နှင့် သရက်သီးသနပ် စသောပန်းကန်များလည်း ရောက်လာလေ၏။ ဦးလောစံလည်း စတင်၍စားလေတော့၏။

ထိုအချိန်၌ ဦးလောစံရှိရာစားပွဲသို့ မိန်းမနှစ်ယောက်နှင့် ယောကျ်ားတစ်ယောက် ရောက်ရှိလာလေ၏။ ယောကျ်ားမှာလည်း ဥရောပတိုက်သားကဲ့သို့ ဝတ်ဆင်ထား၏။ မိန်းမများမှာလည်း စိန်ရွှေလက်ဝတ်ရတနာများကို မျက်စိကျိန်းလောက်အောင် ဝတ်ထားလေ၏။

ယောကျ်ားလုပ်သူသည် အင်္ကျီစုတ်၊ ဘောင်းဘီစုတ်၊ လွယ်အိတ်စုတ်ကြီးနှင့် ထမင်းစားလျက်ရှိသော ဦးလောစံကိုမြင်လျှင် မနှစ်မြို့သောလက္ခဏာနှင့် နှာခေါင်းရှုံ့လေ၏။ မိန်းမများကမူ ရွံရှာသဖြင့် နှာခေါင်းများကို လက်ကိုင်ပဝါဖြင့်အုပ်ထားကြလေ၏။

ထိုအချိန်၌ပင် အရေးပိုင်မင်းဦးပြည့်ဝသည် ဧည့်ခံရင်း ဂုင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ ရောက်ရှိလာလေ၏။ အရေးပိုင်မင်းသည် ထမင်းပန်းကန်များ လိုက်၍ချပေးသော လူငယ်ကလေးတစ်ဦးအား. .

"ဟော့. . ဒီမှာ လာပို့ပါဦးကွ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဥရောပဝတ်စုံဝတ်ထားသော သူက အရေးပိုင်မင်း ဦးပြည့်ဝအား အောက်ပါအဓိပ္ပာယ်ရသောစကား ကို အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်၏။

"အရေးပိုင်မင်း. .။ ကျုပ်တို့ကို သူတောင်းစားတစ်ယောက်နဲ့အတူ ထမင်းကျွေးမလို့လား"

အရေးပိုင်မင်းလည်း ထိုသူ၏စကားကြောင့် ဦးလောစံအား ကြည့်လိုက်ပြီးလျှင် မျက်လုံးပြူး၍သွားလေ၏။ အဝတ်အစားတောက်တောက်ပြောင်ပြောင်များကြားဝယ် ဤမျှစုတ်ပြတ်ဟောင်းနွမ်းသော အဝတ်အစားနှင့်လူသည် ဒံပေါက်ထမင်းကို မြိန်ရည်ရှက်ရည် စားသောက်နေခြင်းကို အံ့လည်း အံ့သြမိ၏။ ဒေါသလည်း ထွက်မိသည်။ ထိုကြားထဲတွင် မိန်းမနှစ်ယောက်ကပါ. .

"ကျွန်မတို့ကို သက်သက်နှိမ်လိုက်တာလား ဦးပြည့်ဝ"

ဟု ပြောလိုက်ရာ ဦးပြည့်ဝသည် စိတ်ဆိုး၍ အိမ်တွင်းသို့ဝင်သွားပြီးလျှင် ကျယ်လောင်သောအသံဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ဒီလောက်ကျက်သရေမရှိတဲ့လူကို ဘယ်သူက ဖိတ်မန္တကပြုလိုက်တာလဲ"

ဟု အော်၍မေးလိုက်လေ၏။ ထိုအခါ ဦးပြည့်ဝ၏မယားအငယ်က ထွက်လာပြီးလျှင်. .

"ကိုကို. .။ အဲဒါ မသန်းတင် ဖိတ်လိုက်တာလေ။ မသန်းတင်က သူ့သားတွေကို စာပြတဲ့ဆရာဆိုတော့ ဖိတ်လိုက်တာပေါ့"

ဟု မခိုးမခန့်မျက်နှာနှင့် ပြောလေ၏။

မသန်းတင်ဆိုသည့် ဦးပြည့်ဝ၏မယားအကြီးလည်း ထွက်၍လာပြီးလျှင်. .

"ကျွန်မဖိတ်တာပါ။ ဘာဖြစ်လို့လဲ"

ဟု မေးလေ၏။ ဦးပြည့်ဝလည်း မသန်းတင်အား စားတော့ဝါးတော့မည်ကဲ့သို့ကြည့်ရင်း. .

"ဘာဖြစ်လို့လဲ. . ဟုတ်လား။ ဟိုမှာကြည့်စမ်း. .။ မင်းဖိတ်တဲ့လူက အင်္ကျီအဖာတစ်ရာ၊ ဘောင်းဘီအစုတ်နဲ့ ဘယ်လောက် ကျက်သရေယုတ်သလဲ။ အခု သွားပြီး မောင်းထုတ်လိုက်စမ်း"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ရှင်။ အလျှုပဲ ဥစ္စာ။ ပြီးတော့ ဒီဆရာကြီးက အလွန်စိတ်ကောင်းရှိတာပါ။ ရှင့်သားတွေကို စာသင်ပေးနေတာ။ မလုပ်ပါနဲ့ရှင်"

ဟု မသန်းတင်က ပြောလေ၏။ သို့ရာတွင် ဦးပြည့်ဝသည် ဦးလောစံ၏စားပွဲအနီးသို့ ဒေါ်နှင့်မောနှင့်လျှောက်သွားလေ၏။ ထိုအချိန်၌ ၎င်းစားပွဲတွင် ဒံပေါက်ပန်းကန်များ ရောက်ရှိနေပြီဖြစ်သော်လည်း မိန်းမနှစ်ဦးနှင့် ဥရောပဝတ်စုံဝတ်ထားသော ယောက်ျားတို့မှာ စားသောက်ခြင်းမပြုဘဲ ထိုင်၍နေကြလေ၏။

ဦးပြည့်ဝသည် ဦးလောစံအနီးသို့ သွား၍. .

"ဒီမှာ ဟေ့ကောင်. . ။ အခုထွက်သွားစမ်း။ ငါက လူတွေကိုဖိတ်တာကွ"

ဟု ပြောလိုက်လေတော့၏။ အလျှုမဏ္ဍပ်ကြီးတစ်ခုလုံးလည်း ဦးပြည့်ဝ၏အသံကြောင့် ရုတ်ရုတ်သဲသဲဖြစ်သွားလေတော့၏။ ဦးလောစံသည် အူကြောင်ကြောင်မျက်နှာနှင့် ဦးပြည့်ဝအား မော့၍ကြည့်၏။ အမှန်စင်စစ် ဦးလောစံသည် ၎င်းအနီး၌ ရောက်ရှိနေကြသော ဥရောပဝတ်စုံဝတ်လူနှင့် မိန်းမနှစ်ဦးသည် ၎င်းအား မနှစ်မြို့ခြင်းဖြစ်နေသည်ကို သိရန်မဆိုထားနှင့်။ ၎င်းအနီးသို့ မည်သူမည်ဝါတို့ ရောက်ရှိနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုပင် အသိအမှတ်မပြုခဲ့ပေ။ ယခုမူ အလျှုရှင်ကိုယ်တိုင်က ဤကဲ့သို့ပြောလိုက်ခြင်းအတွက် အံ့သြ၍ပင်သွားရလေ၏။ ထို့ကြောင့် ဦးလောစံက. .

"လူတွေကို ဖိတ်ထားလို့ လူတွေလာကြပြီမဟုတ်လား။ ကျုပ်ကို လူမဟုတ်ဘူးလို့ ဆိုချင်တာလား။ ကျုပ်ကလည်း ခင်ဗျားမိန်းမ မသန်းတင်က ဖိတ်လို့လာတာပါ။ ဒီလို ဆက်ဆံတာတော့ မကောင်းပါဘူး"

ဟု ပြောလိုက်ရင်း မတ်တတ်ရပ်လိုက်လေ၏။

"မလိုချင်ဘူး။ အခုထွက်သွား. . "

ဟု ဦးပြည့်ဝက အော်လိုက်လေ၏။

"သွားရမှာပေါ့ဗျာ။ ခင်ဗျားအလျှုပဲ။ ခင်ဗျားက သွားဆိုရင် သွားရမှာပေါ့။ ဒါပေမယ့် ဖိတ်ထားလို့လာတဲ့သူကို အခုလိုအရှက်ခွဲတာတော့ အရေးပိုင်မင်း သိပ်ကိုလွန်သွားပြီ"

ဟု ဦးလောစံက ရှက်ရှက်နှင့်ပြောလိုက်လေ၏။

"မသွားဘူးလား. . သွားမလား။ ဟော့. . စံထူးတို့၊ စိန်လှတို့ လာကြစမ်း။ ဆွဲထုတ်သွားကြစမ်း"

ဟု အော်လိုက်လေ၏။ ဦးပြည့်ဝ၏တပည့်ဖြစ်သော စံထူး



www.burmeseclassic.com

www.burmeseclassic.com



နှင့် စိန်လှဆိုသူတို့လည်း ဦးလောစံအား ဆွဲထုတ်ရန် ရောက်ရှိလာကြကုန်၏။

ဦးလောစံလည်း ဆွဲမထုတ်မီ၌ပင် ထွက်လာခဲ့ပြီး မဏ္ဍပ်ဝသို့ ရောက်သောအခါ၌ အောက်ပါအတိုင်း အသံနက်ကြီးဖြင့် ကြွေးကြော်လိုက်လေတော့၏။

**"အရေးပိုင်မင်း ပူပူနွေးနွေး ဦးပြည့်ဝ. . .။ မင်းဟာ ငါ့အရှက်ကို အကြောင်းမဲ့ ခွဲတယ်။ မင်းရဲ့ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲစေရမယ်။ တစ်သက်ပတ်လုံး ရင်ထဲမှာ ပူလောင်နေစေရမယ်။ လောစံဆိုတဲ့နာမည်ကို မှတ်ထားလိုက်ပေါ့"**

*****



www.burmeseclassic.com

www.burmeseclassic.com



# ဦးလောစံကြုံပြီ

ဦးလောစံသည် ထိုမြို့၌ပင်မနေတော့ဘဲ ပျောက်ခြင်းမလှ ပျောက်၍သွားလေတော့၏။ ဦးလောစံအား ခင်မင်ကုန်သော ဆင်းရဲသားကျောင်းသားမိဘတို့သည်လည်း ဦးလောစံအတွက် စိတ်မကောင်းဖြစ်ကြကုန်၏။ အရေးပိုင်မင်း ဦးပြည့်ဝအား ကျိန်ဆဲကြကုန်၏။ သက်သက်မဲ့ ဦးလောစံကြီးအား အရှက်ခွဲရလေခြင်းဟူ၍လည်း စိတ်မကောင်းဖြစ်ကြကုန်၏။

အချို့သောသူတို့ကလည်း. .

"ကြည့်ပါ. . ကြည့်ပါ။ အဲဒီအရေးပိုင် ဘယ်လိုဖြစ်သွားမယ်ဆိုတာ ကြည့်စမ်းပါ။ ဦးလောစံက ဒီလိုနေမှာ မဟုတ်ဘူး။ သူ့ကို ဒုက္ခလှလှကြီးပေးဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ပြောကြကုန်၏။

သို့ရာတွင် ဦးလောစံကြီးက ပေါ်မလာတော့။ လုံးဝ စုံးစုံးမြုပ် ပျောက်ကွယ်သွားလေတော့၏။ ထို့ကြောင့် ထိုသူတို့သည် ဦးလောစံကြီးအား မေ့လျော့ခြင်းသို့ ရောက်လေတော့၏။

တစ်နေ့သ၌ အရေးပိုင်မင်း ဦးပြည့်ဝ၏လမ်းတွင် ဝက်ဝံကြီး တစ်ကောင်သည် ကပြလျက် ပိုက်ဆံတောင်းလေ၏။ ပိုက်ဆံထည့်သူတို့က ထည့်လိုက်လျှင် ဝက်ဝံကြီးက. .

"ကျေးဇူးတင်ပါတယ်"

ဟု ပြန်၍ပြောလေ၏။ ကလေးများသည် ဤသည်ကို သဘောကျ၍ ဝက်ဝံကြီးအနားသို့ချဉ်းကပ်၍ ငှက်ပျောသီးများ၊ ပိုက်ဆံများ ထည့်ကြကုန်၏။ ဝက်ဝံကြီးကလည်း. .

"ကျေးဇူးတင်ပါတယ်"

ဟု ပြောမြဲပြောလေ၏။ ပြီးလျှင် ကပြ၏။ ကပြီးနောက် ဝက်ဝံကြီး၏ရင်ဘတ်သည် နှစ်ခြမ်းကွဲလေ၏။ ထို့နောက် လူတစ်ယောက် ထွက်လာလေ၏။ ထိုလူသည် ပိုက်ဆံကို ရှိုးရှိုးမတောင်းဘဲ ဝက်ဝံရေကိုခြုံ၍ ကလေးများနှစ်သက်စေရန် ကပြပြီးမှတောင်းလေ၏။

ဤသို့နှင့်ပင် ဝက်ဝံကြီးသည် ဦးပြည့်ဝ၏အိမ်ရှေ့ဆီသို့ ရောက်လာလေ၏။ ဦးပြည့်ဝ၏ကလေးအကြီးများမှာ ကျောင်းသို့သွားနေချိန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ မယားအငယ် မသန်းရွှေမှမွေးသော လေးနှစ်သားအရွယ်ကလေး သာလျှင် ထွက်၍ကြည့်၏။ ဝက်ဝံကြီးသည် ကလေးငယ်အား ငှက်ပျော သီးပေး၏။ ကလေးငယ်လည်း လှမ်း၍ယူ၏။ ထို့နောက် လွန်စွာနီရဲ သော ကျီးအာသီးကလေး ပေး၏။ ကလေးက နှစ်သက်သဘောကျစွာ လှမ်း၍ယူ၏။ ထိုအခါ ဝက်ဝံကြီးက. .

"ယူဦးမလား. . အများကြီးပေးမယ်။ လိုက်ခဲ့ရင် အများ ကြီးရဦးမယ်"

ဟုပြောရာ ကလေးက ခေါင်းညိတ်လေ၏။ ထိုအခါ ထိုအိမ် ကြီး၌ ထမင်းချက်သူကချက်၊ အပြင်သွားသူကသွားနှင့် လူရှင်းနေချိန် ဖြစ်၏။ ခြံဝတွင် ကလေးနှင့် ဝက်ဝံကြီး မိတ်ဆွေဖြစ်နေသည်ကို မသိ ကြပေ။ ဝက်ဝံကြီးသည် ကပြပြီး၍ ပြန်သွားသည့်အခါတွင်မှ ကလေး ငယ်ပါ ပျောက်ဆုံးနေသည်ကို မည်သူမျှသတိမပြုမိခဲ့ချေ။

အရေးပိုင်မင်းသည် ကလေးငယ်ပျောက်ဆုံးကြောင်းကို သိ သောအခါ၌ ထိုသူနှင့် ထိုကလေးသည် အခြားမြို့တစ်မြို့ရှိ လွန်စွာ ကျယ်ဝန်းသော ခြံကြီးတစ်ခြံအတွင်းရှိ အိမ်ကြီးတစ်အိမ်သို့ရောက် ရှိနေပြီဖြစ်၏။ ကလေးငယ် ငို၏။ ထိုသူက ကလေးအား မုန့်ကျွေး၍ ချော့၏။ ထူးဆန်းအံ့ဩဖွယ်ကောင်းသော မျက်လှည့်တို့ကို ပြသ၍

www.burmeseclassic.com

www.burmeseclassic.com



ချော့၏။ ကလေးငယ်သည် ဤသို့နှင့်ပင် ၎င်း၏အိမ်ကို တစ်စထက် တစ်စ မေ့လျော့နေတော့သည်။

ထိုဝက်ဝံရေခြံလူကြီးကား ဦးလောစံဖြစ်ကြောင်း အထူး ဖော်ပြရန်ပင် မလိုတော့ပေ။

ဦးလောစံသည် အရေးပိုင်၏သားလေးကို ခေါ်ယူ၍ အမြို့မြို့ အနယ်နယ်သို့ ပြောင်းရွှေ့နေထိုင်လေ၏။ အရေးပိုင်မင်း ဦးပြည့်ဝ လည်း ၎င်း၏တန်ခိုးဩဇာအရှိန်အဝါတို့ကို အသုံးပြု၍ သားပျောက်ကို ရှာဖွေ၏။ သို့ရာတွင် ၎င်း၏တန်ခိုးအရှိန်အဝါတို့မှာ ဦးလောစံ၏ ဉာဏ်ကို အရှုံးပေးရလေတော့၏။ ဦးလောစံကား ဦးပြည့်ဝ၏ကလေး ကို ကောင်းစွာမွေးမြူလေ၏။

ဤသို့နှင့်ပင် ဦးပြည့်ဝ၏သားကလေး မောင်ရွှေထွန်းသည် ဦးလောစံ၏မွေးစားကလေးဘဝသို့ ရောက်ရှိပြီးလျှင် ဦးလောစံကို သာ ခင်မင်သွားလေတော့၏။ ဦးလောစံကြီးက ၎င်းအား 'ဆရာကြီး' ဟူ၍ခေါ်ရန် သင်၏။ ကလေးလည်း ဆရာကြီးဟူ၍သာ ခေါ်လေ၏။ ထို့အပြင် ထိုကလေး၏နာမည်ကိုလည်း မောင်ကောင်းစံဟူ၍ အမည် မှည့်လိုက်လေတော့၏။

အရေးပိုင်မင်းဦးပြည့်ဝမှာမူ သားကလေးပျောက်ဆုံးသွားခြင်း အတွက် တနုံ့နုံ့ခံစားနေရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးလောစံနှင့် မောင်ကောင်းစံကလေးတို့သည် အမြို့မြို့ အနယ်နယ်သို့ လှည့်လည်ရွှေ့ပြောင်း၍နေလေတော့၏။

မောင်ကောင်းစံကလေးလည်း ဦးလောစံနှင့်နေရသည်ကို လွန်စွာ ပျော်ပိုက်သွားလေတော့၏။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နောက်တစ်ယောက်တိုး၍လာခြင်း

တစ်နေ့သ၌ ဦးလောစံနှင့် မောင်ကောင်းစံလေးတို့သည် မြေလတ်ပိုင်းမြို့တစ်မြို့သို့ ရောက်ရှိနေလေ၏။ ဦးလောစံသည် မြေပဲလိပ်များပြုလုပ်၍ ထိုမြို့၌လှည့်လည်ရောင်းချကာ အသက်မွေးလေ၏။ တစ်နေ့သ၌ မြို့၌လှည့်လည်၍ မြေပဲလိပ်ရောင်းရင်း စိတ်မကောင်းဖွယ်ရာအခြင်းအရာကို တွေ့မြင်ရလေတော့၏။ ထိုအခြင်းအရာကား အောက်ပါအတိုင်းဖြစ်၏။

အသက်အားဖြင့် ခြောက်နှစ်အရွယ်ခန့်သာရှိသော ကလေးသူငယ်တစ်ဦးအား လူကြီးတစ်ယောက်က ရေတွင်းမှ ရေငင်ခိုင်းပြီးလျှင် အိမ်ပေါ်သို့ ရေသယ်ခိုင်းလေ၏။ ကလေးငယ်သည် ပင်ပန်းကြီးစွာ သယ်ယူလေ၏။ ရေအနည်းငယ်မျှဖိတ်လျှင် လူကြီးသည် ကျာပွတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ရိုက်လေ၏။ ထို့နောက် ကလေးငယ်အား နွားစာများကို စဉ်းခိုင်းပြန်၏။ ပြီးလျှင် တစ်ဖန် လူကြီးက ရေတွင်းဘေး၌ထိုင်၏။ ကလေးငယ်က ရေငင်၍ လောင်းပေးရလေ၏။ ထိုသို့ပြုလုပ်ပြီးကာမှ ကလေးငယ်အား သံပန်းကန်အစုတ်တစ်ချပ်တွင် ထမင်းအနည်းငယ်နှင့် ငရုတ်သီးတောင့်တစ်တောင့်၊ ဆားကလေး တစ်ကော်ဖြင့် ကျွေးမွေးလေ၏။ ကလေးငယ်လည်း ထိုမျှညံ့ဖျင်းသောအာဟာရကိုပင် မြိန်ရှက်စွာ စားသောက်လေ၏။ ထမင်းမဝသော်လည်း မတောင်းရဲသဖြင့် ရေတွင်းမှ ရေကိုသာ သောက်ရလေ၏။ ရေသောက်ပြီး မျှားမကြာမီ၌ပင် ကလေးငယ်သည် ရှေးနည်းအတိုင်း ရေတွင်းမှရေကိုငင်၍ နွားခြံသို့သယ်ရပြန်၏။ ရေဖိတ်လျှင် ကျာပွတ်ဖြင့်ရိုက်နှက်ခြင်း ခံရပြန်လေ၏။

ဦးလောစံနှင့် မောင်ကောင်းစံတို့သည် ထိုအခြင်းအရာအား တစ်နေရာမှ စိတ်ရှည်လက်ရှည်ကြည့်ရှုပြီး စိတ်မကောင်းဖြစ်ကြလေ၏။ (ထိုအချိန်၌ မောင်ကောင်းစံမှာလည်း ခြောက်နှစ်ကျော်ပြီဖြစ်၍ ၎င်းကလေးနှင့် ရွယ်တူခန့်ပင် ဖြစ်ပေသည်။)

ဦးလောစံသည် ထိုကလေးအား ကျာပွတ်ဖြင့် ရိုက်နှက်နိုပ်စက်နေသူထံသို့ သွားရောက်၍. .

"မိတ်ဆွေကြီးကိုကြည့်ရတာ ဒီကလေးဟာ ခင်ဗျားကလေး မဟုတ်ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

"အဲဒါ ဘာဖြစ်လဲ"

ဟု ထိုသူက ပြန်၍မေးလေ၏။

"ကျုပ်ကို ရောင်းပါလားဗျာ"

ဟု ဦးလောစံက ပြောလေ၏။

"အင်း. . အတော်ပဲ။ ကျုပ်လည်း အခုအခါမှာ ဖဲရှုံးလို့ ငွေလိုနေတုန်း။ ကဲ. . ဒီကောင်ကလေးက ကျုပ်မှာ ငွေပေါတုန်းက ဝယ်ထားတာပါ။ ငါးဆယ်ပေးရတယ်။ သူ့ကို ကျွေးထားတာ တစ်နှစ်ရှိပြီ။ တစ်ရာရရင် ခေါ်သွားလေ"

ဟု ထိုသူက ပြောလေ၏။

ဦးလောစံက. .

"တစ်ရာ့ငါးဆယ်ပေးပါတယ်ဗျာ"

ဟုပြောဆိုကာ ငွေတစ်ရာ့ငါးဆယ်ပေးလေ၏။

ထိုအခါ ကျာပွတ်ဆရာက. .

"ကောင်းကောင်းမွန်မွန်မွေးပါဗျာ။ နှိပ်စက်ညှဉ်းပန်းမှု မပြုပါနဲ့"

ဟု မှာလေ၏။ ထို့ကြောင့် ဦးလောစံကလည်း. .

"ခင်ဗျားလောက်တော့ သားသမီးချင်းစာနာတတ်တဲ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မှာမရှိဘူးဆိုတာ ဝန်ခံရမှာပဲ။ ဒါကြောင့် ခင်ဗျားလို တော့ ကလေးကို ကျာပွတ် ခဏခဏမကျွေးနိုင်ပါဘူး မိတ်ဆွေ”

ဟု ပြောလိုက်လေ၏။

ထိုအခါ ကျာပွတ်ဆရာလည်း. .

“ကလေးကိုရိုက်တာ မုန်းလို့မဟုတ်ဘူး။ လိမ္မာရေးခြား ရှိအောင် လုပ်ရတာဗျ”

ဟု ပြောလေ၏။

“ဒီလိုစေတနာရှင်မျိုးနဲ့ ဒီကလေး ဆက်ပြီးမနေရတော့ တာ ကလေးကံဆိုးတာပေ့ါဗျာ”

ဟု ဦးလောစံက ပြောလေ၏။ ထို့နောက် ဦးလောစံသည် ကျာပွတ်ဆရာအား တစ်နေရာသို့ ခေါ်သွားပြီးလျှင် စကားအနည်းငယ် ပြောလေ၏။ ကျာပွတ်ဆရာကလည်း ဦးလောစံမေးသည်များကို ဖြေ လေ၏။ ကလေးနှစ်ဦးကမူ ဦးလောစံနှင့် ကျာပွတ်ဆရာတို့ ပြောဆို ကြသောစကားများကို မကြားရပေ။ ၎င်းတို့အချင်းချင်း စကားပြောနေ ကြလေ၏။

မောင်ကောင်းစံက ထိုကလေးအား. .

“မင်း ငါတို့နဲ့လိုက်လာရင် သိပ်ပြီးပျော်မှာကွ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရာ ထိုကလေးက. .

"မင်းကော ငါ့လိုရေသယ်ရသလား"

ဟု မေးလေ၏။

"မသယ်ရဘူးကွ"

ဟု မောင်ကောင်းစံက ဖြေလေ၏။

"ကျောပွတ်နဲ့ကော အရိုက်ခံရသလား"

ဟု ထိုကလေးက မေးလေ၏။

"မခံရဘူးကွ"

ဟု မောင်ကောင်းစံက ဖြေလေ၏။

"ထမင်းကော ဝအောင် စားရသလား"

ဟု ထိုကလေးက မေးပြန်လေ၏။

"စားရတာပေါ့ကွ။ ဝက်သားဟင်း၊ ဘဲသားဟင်း၊ ဆယ့်နှစ်မျိုးဟင်းချို စုံနေတာပဲ။ ဆရာကြီးက ကောင်းကောင်းကျွေးတယ်ကွ"

ဟု မောင်ကောင်းစံက ဖြေပြန်လေ၏။

"ကောင်းကောင်းအိပ်ရသလား"

ဟု ကလေးငယ်က မေးပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ရတာပေါ့ကွ။ အိပ်ခါနီးတိုင်း ဆရာကြီးက ပုံပြောပြ သေးတယ်ကွ"

ဟု မောင်ကောင်းစံက ဖြေပြန်လေ၏။

"အဲဒီဆရာကြီးက မင်းအဖေလား"

ဟု မေးပြန်လေ၏။

"ငါ့အဖေမဟုတ်ဘူးလို့ ဆရာကြီးက ပြောတာပဲ"

ဟု မောင်ကောင်းစံက ဖြေပြန်လေ၏။

"မင်းနဲ့ဘာတော်သလဲ"

ဟု ကလေးငယ်က မေးပြန်လေ၏။

"ဆရာကြီးတော်တယ်ကွ"

ဟု မောင်ကောင်းစံကဖြေပြန်လေ၏။

ထိုအချိန်၌ပင် ဦးလောစံကြီးလည်း ရောက်ရှိလာပြီးလျှင် ကလေးငယ်နှစ်ဦးအားလက်ဆွဲ၍ ထွက်သွားလေ၏။ ထိုအခါ ကျောင်းပွတ် ဆရာက သူ၏ကောင်ကလေးအား. .

"ဟေ့. . မောင်နီ။ မင်းက ငါ့ကိုတောင် နှုတ်မဆက်တော့ ဘူးလားကွ"

ဟု မေးလိုက်လေ၏။ မောင်နီကလည်း ခေါင်းကိုခါ၍ပြရင်း ပြုံးလိုက်လေ၏။ ၎င်း၏အပြုံးသည် မည်သည့်အဓိပ္ပာယ်ရှိကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



၎င်းကိုယ်တိုင်မှပင် သိလိမ့်မည်ဖြစ်၏။

ဦးလောစံသည် မောင်နီဟုဆိုသည့် ကလေးသစ်တစ်ယောက်ကိုရရှိသည့်နေ့၌ပင် ထိုမြို့ကို စွန့်ခွာလေတော့၏။ ၎င်းတို့သုံးဦးသည် အမိုးမပါသော ဆန်တင်ကားကြီးဖြင့် အခြားသောမြို့တစ်မြို့သို့ လိုက်ပါခဲ့ကြလေတော့၏။

ဦးလောစံက ကလေးသစ်အား. .

"မင်းနာမည်ဘယ်လိုခေါ်သလဲ"

ဟု မေးလိုက်လေ၏။

"မောင်နီပါခင်ဗျ"

"ဒီလိုလုပ်ကွာ. . ။ သူ့နာမည်က မောင်ကောင်းစံတဲ့။ အဲဒီတော့ နာမည်ချင်း ဆင်တူသွားအောင် မင်းနာမည်ကိုလည်း မောင်ကောင်းတုံ လို့ခေါ်မယ်။ သဘောတူရဲ့လား"

ဟု ဦးလောစံက မေးလေ၏။

"ဟုတ်ကဲ့"

ဟု မောင်နီက ဖြေလေ၏။

"ကဲ. . ဒီလိုဆိုရင် နာမည်အသစ်ကို ခေါ်ကြည့်မယ်။ မောင်ကောင်းတုံရေ. . "

ဟု ဦးလောစံကြီးကခေါ်လိုက်လျှင် ကလေးသစ်က. .



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ဆရာကြီး"

ဟု ပြန်၍ထူးလိုက်ရာ ဦးလောစံကြီးသည် သဘောကျလွန်း၍ တဟားဟားရယ်မောကာ. .

"မင်းက လူလည်ပဲ။ ငါ့ကိုဘယ်လိုခေါ်ရမယ်ဆိုတာတောင် မောင်ကောင်းစံဆီမှာ မေးထားပြီးပြီပဲ"

ဟု ပြောလိုက်လေ၏။

ဤသို့နှင့်ပင် အငြိုးကြီးလှသော ဦးလောစံကြီးနှင့် ကလေးနှစ်ယောက်တို့သည် အတူတကွ နေထိုင်လာခဲ့ကြလေတော့သတည်း။

*****



www.burmeseclassic.com

www.burmeseclassic.com



# သစ်ပင်လိုကျင့် မြစ်လိုကျင့်

ဦးလောစံသည် မြို့တစ်မြို့၌နေထိုင်၍ တရုတ်ဆေးဆိုင်ကြီး ဖွင့်၏။ မောင်ကောင်းတုံနှင့် မောင်ကောင်းစံတို့အား ကျောင်းမထား သော်လည်း အိမ်၌ပင် ၎င်းကိုယ်တိုင် ပညာသင်ပေးလေ၏။ ပညာသင် ပေးသည်ဆိုရာ၌ စာချည်းသက်သက် သင်၍ပေးသည်မဟုတ်ပေ။ တတ် သင့်တတ်ထိုက်သောပညာများကို အကုန်သင်၍ပေးလေ၏။ ထိုသို့ သင်ပေးသော ပညာရပ်ထဲတွင် ဗန်တိုဗန်ရှည်ပညာလည်း ပါဝင်၏။ ကျွမ်းကျင်သည်အထိ လေ့ကျင့်ပေးခဲ့၏။

တစ်နေ့သ၌ မောင်ကောင်းတုံနှင့် မောင်ကောင်းစံတို့သည် သိုင်းကစားနေကြ၏။ မောင်ကောင်းတုံအား မောင်ကောင်းစံက တုတ် ဖြင့်ဝင်၍ရိုက်မည်ပြု၏။ မောင်ကောင်းတုံက မရှောင်ဘဲ ပြန်၍ရိုက်သ

www.burmeseclassic.com

www.burmeseclassic.com



ရန်ပြင်လိုက်ရာ မောင်ကောင်းစံသည် အနည်းငယ်တွန့်၍ နောက်ဆုတ်သွား၏။ ထို့ကြောင့် အနေအထား ပျက်၍သွား၏။ ထိုအခါ မောင်ကောင်းတုံ့ရိုက်ချလိုက်သော တုတ်ချက်ကိုမရှောင်နိုင်ဘဲ ထိသွားလေတော့၏။

ထိုအခါ ဦးလောစံက. .

"ကောင်းစံ. . မင်းရဲ့အပြစ်ပဲ။ မင်းရဲ့အပြစ်ဆိုတာက 'ကြောက်လန့်တတ်ခြင်း' ဆိုတဲ့ မကောင်းဆိုးဝါးက ဝင်ပြီးပူးကပ်လိုက်တာကိုးကွ။ ဒီတော့ မင်းရှုံးသွားတာပေါ့။ မင်းတို့ မြဲမြဲမှတ်ထားကြ။ **'အကြောက်တရား'** ဆိုတာက ဘယ်ကလာတယ်မှတ်သလဲ။ သူဟာ မိမိကိုယ်ကို မယုံကြည်ခြင်းဆိုတဲ့ စိတ်ကလာတယ်။ အဲဒီစိတ်ဟာ ဒွိဟာသံသယစိတ်ပဲ။ လောကမှာ အနိုင်ယူချင်ရင်၊ အောင်မြင်ချင်ရင်၊ ကြီးပွားချင်ရင် ဒွိဟာသံသယစိတ်ကို ဖျောက်ပစ်ရမယ်။ မိမိကိုယ်ကိုမိမိယုံကြည်ခြင်းဆိုတဲ့အရာဟာ ဘယ်လောက်အဖိုးတန်တဲ့အရာမှတ်သလဲ။ အဲဒီအရာဟာ ကမ္ဘာလောကကြီးကို တည်ထောင်နိုင်တယ်။ ဖျက်လိုကလည်း ဖျက်ပစ်နိုင်တယ်။ သူဟာ ဣစ္ဆာသယပြဒါးရှင်လုံးထက်တောင် တန်ဖိုးရှိတယ်။ ဒါကို မြဲမြဲမှတ်ထားကြ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုဆုံးမလေ၏။

ဦးလောစံသည် ၎င်းတို့နှစ်ဦးအား အတတ်မျိုးစုံ သင်၍ပေး၏။ ထိုအတတ်မျိုးစုံ သင်ပေးရင်းနှင့်လည်း ထူးဆန်းသော ဩဝါဒစကားများကို ပြောလေ၏။

တစ်ခါကလည်း ဦးလောစံသည် သူ၏မွေးစားသားနှစ်ယောက်အား လက်သမားပညာကို သင်၍ပေးနေ၏။ ၎င်း၏သားနှစ်ယောက်လည်း ဦးလောစံပြထားသည့်အတိုင်း လွန်စွာမာသည့် ပျဉ်းကတိုးသားနှစ်ချောင်းကို ရွှေပေါ်ထိုး၍ နေရလေ၏။ ရွှေပေါ်ထိုးပြီး၍ ဦးလောစံအားပြလျှင် ဦးလောစံက. .

"လိုသေးတယ်"

"မကြိုက်သေးဘူး"

ဟုသာ ပြောနေသဖြင့် ၎င်း၏သားများကလည်း ချွေးဒီးဒီးကျအောင် ကြိုးစား၍လုပ်ကိုင်ကြရာ နောက်ဆုံး၌ ဦးလောစံလက်ခံသောအဆင့်သို့ ရောက်ရှိလေတော့၏။ ထိုအခါ၌ ဦးလောစံက. .

"ကဲ. . မင်းတို့ကို ငါ တစ်ခုမေး မယ်။ မင်းတို့ဟာ ငါ့ဆီမှာ ပညာသင်ကြတယ်။ သိပ်ကို အပင်ပန်းခံပြီး သင်ကြတယ်။ အဲဒီပညာတွေတတ်ပြီဆိုပါတော့ကွာ။ ဘယ်သူ့အတွက် အသုံးချဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလေ၏။ ထိုအခါ မောင်ကောင်းစံက. .

"ဆရာကြီးကလည်းဗျာ. .။ ကျွန်တော်တို့ အပင်ပန်းခံပြီးသင်တဲ့ ဥစ္စာ။ ဘယ်သူ့အတွက် အသုံးချရမှာလဲ။ ကျွန်တော်တို့အတွက်ပဲ အသုံးချရမှာပေါ့"

ဟု သွက်လက်စွာဖြေလေ၏။

ထိုအခါ ဦးလောစံက. .

"လူဟာ သစ်ပင်လိုကျင့်ရတယ်။ မြစ်လိုကျင့်ရတယ်ကွ။ ဒါမှ လောကကြီးက လိုအပ်တဲ့ လူအစစ်ဖြစ်မှာ"

ဟု ပြောလေ၏။

"သစ်ပင်လိုကျင့်ရမယ်ဆိုတာက ဘယ်လိုလဲဆရာကြီး။ ကျွန်တော်တို့ နားမလည်ဘူး"

ဟု မောင်ကောင်းတုံက မေးလေ၏။

"အေးလေ နားမလည်တော့လည်း ရှင်းပြရတာပေါ့။ ဟိုးရှေ့ကသရက်ပင်ကို ကြည့်စမ်း။ ဘာတွေဖြစ်နေသလဲ"

ဟု ဦးလောစံက မေးလေ၏။

"သရက်ပင်က သရက်သီးတွေ သီးနေတာပေါ့"

ဟု မောင်ကောင်းစံက ဖြေလေ၏။

"အဲဒီသရက်သီးတွေကို ဘယ်သူကစားတာတုံး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးလောစံက မေးလေ၏။

"အဲဒီသရက်သီးတွေကို လူတွေကလည်း စားတယ်။ ငှက်တွေ၊ လင်းဆွဲတွေလည်း စားတာပါပဲ"

ဟု မောင်ကောင်းတုံက ဖြေလေ၏။

"အေး. . ဟုတ်တာပေါ့ကွ။ သရက်ပင်က သရက်သီးတွေ သီးသီးပေးနေတယ်။ အဲဒီအသီးကို သရက်ပင်ကိုယ်တိုင်ကတော့ မစားရှာဘူးကွ။ လူတွေ၊ ငှက်တွေ၊ လင်းဆွဲတွေကပဲ စားနေရတယ်။ သရက်ပင်ဟာ သူကိုယ်တိုင် သီးပေးနေရတဲ့အသီးတွေကို သူမစားရကောင်းလားလို့လည်း တစ်ခါမှ မငြိုငြင်ခဲ့ပါဘူး။ ကျေကျေနပ်နပ်ကြီးကိုပဲ အချိန်မှန်မှန်သီးပေးရှာခဲ့တယ်။ ဒါက သရက်ပင်တစ်ခုတည်း ကို ဥပမာထားပြီးပြောတာ။ တခြားအပင်တွေလည်း ဒီလိုပဲ။ အုန်းပင်က အုန်းသီးကို မစားပါဘူး။ အုန်းသီးကို လူတွေကသာ စားတာပါ။ လူမှာလည်း ဒီလိုပဲကွ။ ကိုယ့်အတွက်သက်သက် ဘာကိုမှ မလုပ်သင့်ဘူး။ ကိုယ်လုပ်သမျှ အကျိုးအမြတ် အသီးအပွင့်ဟာ တခြားလူအတွက် ဖြစ်စေရမယ်ကွ။ အဲဒါ အပင်လို ကျင့်တဲ့လူပဲ။ တကယ့်လူအစစ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးလောစံက ပြောလေ၏။

ထိုနေ့ ညနေပိုင်း၌လည်း ၎င်းတို့သုံးဦးသည် ဧရာဝတီမြစ် အနီးသို့ အညောင်းပြေလမ်းလျှောက်ကြလေ၏။ မြစ်ဆိပ်၌ လူအများ သောက်ရေခပ်နေကြ၏။ ကျွဲ၊ နွား၊ တိရစ္ဆာန်များလည်း ရေဆင်း၍ သောက်နေကြ၏။ ထိုအခါ ဦးလောစံက. .

"ဟိုမှာ မြင်ကြလား။ မြစ်ရေကို လူတွေ၊ တိရစ္ဆာန်တွေ က သောက်နေကြတယ်။ ဒီမြစ်ကြီးကတော့ သူ့ရဲ့ရေ ကို သူဟာ တစ်ခါမှမသောက်ပါဘူးကွ။ သူ့ပစ္စည်းဟာ တစ်ပါး သူတွေအတွက်ပဲ ဖြစ်နေရတယ်။ ဒါကိုလည်း သူက ကျေကျေနပ်နပ်နဲ့နေလာတဲ့နှစ်ဟာ ထောင်သောင်းမက ရှိနေပါပြီ။ လူမှာလည်း ဒီလိုပဲ။ ကိုယ်လုပ်သမျှ၊ ရှာသမျှ ဟာ ကိုယ့်အတွက် မဖြစ်စေနဲ့ကွ။ သူများအတွက် ဖြစ်ရ မယ်။ ဒီလိုကျင့်တဲ့လူကို မြစ်လိုကျင့်တယ်လို့ ပြောနိုင်တာ ပေါ့ကွာ။ အဲဒီလိုလူမျိုးမှ တကယ့်လူအစစ်ဖြစ်တာကွ"

ဟု ပြောပြပြန်လေ၏။

၎င်း၏ မွေးစားသားလည်းဖြစ်၊ တပည့်များလည်းဖြစ်ကြကုန် သော မောင်ကောင်းတုံနှင့် မောင်ကောင်းစံတို့သည် ၎င်းတို့၏ဆရာကြီး ပြောသမျှကို ကောင်းစွာမှတ်သားကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင်လည်း ဦးလောစံ၏အိမ်ရှေ့သို့ သူတောင်းစားမိသားစု ရောက်လာ၏။ ထိုအခါ ဦးလောစံသည် ချက်ပြီးသားထမင်းဟင်းများကို ထိုသူတောင်းစားမိသားစုအား အကုန်လှူလိုက်လေ၏။ ထိုအချိန်၌ မောင်ကောင်းတုံနှင့် မောင်ကောင်းစံတို့လည်း မြို့အစွန်ဘောလုံးကွင်းကြီးအတွင်း၌ မြင်းစီးလေ့ကျင့်နေကြချိန်ဖြစ်လေ၏။ ၎င်းတို့နှစ်ဦး ပြန်ရောက်လာပြီးနောက် ထမင်းဆာသဖြင့် ထမင်းအိုး၊ ဟင်းအိုးများကိုဖွင့်ကြရာ ဗလာနတ္ထိဖြစ်နေကြောင်းတွေ့ရလျှင် မောင်ကောင်းစံက. .

"ဆရာကြီး. .။ ကျွန်တော်တို့ချက်သွားတဲ့ ထမင်းဟင်းတွေ ဘယ်ရောက်ကုန်ပြီလဲ"

ဟု မေးလိုက်လေ၏။

ထိုအခါ ဦးလောစံက. .

"ထမင်းငတ်ပြီး ဆာလောင်နေတဲ့ သူတောင်းစားမိသားစု လာလို့ လှူလိုက်ပြီကွ။ ထပ်ပြီးချက်စားပေါ့ကွာ"

ဟုပြောရာ မောင်ကောင်းစံက. .

"ဒုက္ခပါပဲဗျာ။ ဆရာကြီးကလည်း ကိုယ်မှ မစားရသေးတာ။ ဘာဖြစ်လို့ လှူလိုက်ရတာလဲ"

ဟု ဆူပူလေ၏။ ထိုအခါ ဦးလောစံက ၎င်းကိုယ်တိုင် ဆိုင်၌



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ကာ ချက်ပြီးသားထမင်းနှင့်ဟင်းများကို ဝယ်ယူကာ ကျွေးမွေးပြီးလျှင် အောက်ပါအတိုင်းပြောလေ၏။

"မင်းတို့မှာ ထပ်ပြီးချက်စားရင်လည်း ရပါတယ်။ ဒီလို ဝယ်စားရင်လည်း ရတာပါပဲ။ သူတို့မှာက တကယ့်ကို ဆာလောင်မွတ်သိပ်နေကြရှာတာပါ။ ဝယ်စားဖို့ရော၊ ချက်စားဖို့ရော ငွေမရှိရှာကြဘူး။ သူတို့ဟာ တကယ့်ကို လိုအပ်နေတဲ့လူတွေ ဖြစ်တယ်။ လိုအပ်နေတာကို ဖြည့်စွမ်းရတာလောက် အဓိပ္ပာယ်ရှိတဲ့အလုပ် ဘယ်မှာရှိမှာတုံး။ တစ်ပါးသူလိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်တာ အရည်အချင်းတစ်ခုပဲကွ။ အဲဒီအရည်အချင်းမျိုးဟာ လူတိုင်း မှာ မရှိနိုင်ဘူး။ **တစ်ပါးသူအတွက်** ဆိုတဲ့ အတွေးမျိုး ပေါ်လာတိုင်း အဲဒီအတွေးဟာ ကျယ်ပြန့်နက်ရှိုင်းသွားတယ်။ လေးနက်သွားတယ်။ **ငါ့အတွက်** ဆိုတဲ့ အတွေးမျိုးပေါ်လာတိုင်း အဲဒီအတွေးဟာ ကျဆုံးသွားတယ်။ သေးသိမ်သွားတယ်။ လောကမှာ အသက်ရှင်ဖို့အတွက် အမြဲ အသက်ရှူနေရသလို တစ်ပါးသူအတွက်ဆိုတဲ့ အတွေးမျိုး အမြဲတမ်းပေါ်နေစမ်းပါကွာ"

ဟူ၍ ဆုံးမဖူးလေ၏။ ၎င်း၏ မွေးစားသားများလည်းဖြစ်၏



www.burmeseclassic.com

www.burmeseclassic.com



တပည့်များလည်းဖြစ်ကြကုန်သော မောင်ကောင်းတုံနှင့် မောင်ကောင်းစံတို့သည် ၎င်းတို့၏ဆရာကြီးစကားကို မှတ်သားနာယူကြကုန်၏။

ထိုနေရာမှတစ်ဖန် ဦးလောစံသည် စည်ပင်သော မြို့ကြီးတစ်မြို့သို့ ပြောင်းရွှေ့ပြန်လေ၏။ ထိုနေရာသို့ရောက်လျှင် ဦးလောစံသည် ရွှေပန်းထိမ်ဆိုင်ဖွင့်၍ ပန်းထိမ်လုပ်ငန်းကို လုပ်ကိုင်လေ၏။ ဦးလောစံ၏လက်ရာသည် ကောင်းလွန်းသောကြောင့် ပန်းထိမ်အပ်သူများ ပေါများလေ၏။ ဝတ်ဆင်ရန်အလို့ငှာလည်းကောင်း၊ ရတနာဆိုင်ဖွင့်၍ ရောင်းချရန်အလို့ငှာလည်းကောင်း၊ ဦးလောစံထံ၌ ရွှေငွေရတနာပစ္စည်းများ အပ်နှံကြကုန်၏။ ဦးလောစံသည် လက်ဝတ်ရတနာပစ္စည်းများ ပုံသစ်ပုံဆန်းများကိုလည်း လုပ်၏။ ပုံဟောင်းပုံရိုးများကိုလည်း လုပ်၏။ ထိုသို့လုပ်ရင်းနှင့်ပင် ၎င်း၏မွေးစားသားများဖြစ်သော မောင်ကောင်းစံနှင့် မောင်ကောင်းတုံတို့အား ရွှေပန်းထိမ်အတတ်နှင့်တကွ ကျောက်မျက်ရတနာကြည့်နည်း၊ အကဲဖြတ်ခြင်း အတတ်ကိုပါ ဦးလောစံက သင်ပြပေးလေ၏။

ထိုသို့သင်ပြပေးနေသည့် အတောအတွင်း၌ပင် မောင်ကောင်းစံသည် ရှေးခေတ် ကဗျာ၊ ပျို့ လင်္ကာများကိုလည်း အငမ်းမရ ကျက်မှတ်လေ၏။ ထို့နောက် ၎င်း၏စိတ်၌ခံစားရသော အကြောင်းအရာတစ်ခုကို ဖွဲ့နွဲ့သီကုံး၍ လင်္ကာတစ်ပုဒ်ရေးစပ်လေ၏။ ထိုသို့ရေးစပ်ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



မောင်ကောင်းတို့နှင့် ဦးလောစံတို့အား ၎င်း၏လက်ာ ကောင်း-မကောင်းကို ရွတ်ဆိုပြလေ၏။ ထိုအခါ မောင်ကောင်းတို့က တစ်စုံတစ်ရာ အပြစ်ပြောဆိုခြင်းမပြုသော်လည်း ဦးလောစံကမူ. .

"ဟေ့. . . မောင်ကောင်းစံ။ ထုံးမပါတဲ့ ကွမ်းယာဟာ အရသာမရှိဘူးကွ။ ပိုက်ဆံတစ်ပြားမှမရှိဘဲ မွဲတေနေတဲ့လူက သူတစ်ပါးဆီက ငှားပြီး အဝတ်အစားကောင်းတွေဝတ်ရင်လည်း ဘာမှအဓိပ္ပာယ်မရှိဘူးကွ။ ငမွဲဟာ ငမွဲပဲ။ အဝတ်အစားသစ်တွေ ငှားပြီးဝတ်လို့ လူချမ်းသာဖြစ် မလာနိုင်ဘူးကွ။ ပြီးတော့ ဘယ်လောက်ကောင်းတဲ့ဟင်းကိုပဲချက်ချက် ဆားမပါရင် အရသာမရှိဘူးကွ။ အဲဒီလိုပဲ ဗဟုသုတမရှိတဲ့ လူတစ်ယောက်ရဲ့ ကဗျာလင်္ကာဖွဲ့ခြင်းဟာလည်း ဘယ်မှာ အရသာရှိမှာတုံးကွ။ အဲဒီအတတ်ကိုတတ်ဖို့ဆိုရင် စာပေဗဟုသုတတွေအများကြီးလိုမယ်။ အခု မင်းကို ငါကသင်နေတာက ပန်းထိမ်ပညာ၊ မင်းလေ့လာနေတာက ကဗျာလင်္ကာ။ တခြားစီ ဖြစ်နေတယ်။ အတတ်ပညာဆိုတာ တစ်ခုပြီးမှတစ်ခု ကျကျနနလေ့လာရတယ်ကွ။ တစ်ချိန်တည်းမှာ လောဘကြီးပြီး ဟိုပညာသင်လိုက်၊ ဒီပညာသင်လိုက် လုပ်တဲ့သူဟာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ပညာကိုမှ ပြည့်ပြည့်စုံစုံတတ်မှာမဟုတ်ဘူး။ ဟိုဟာသိသလိုလို၊ ဒီဟာတတ်သလိုလိုနဲ့ပဲ အချိန်ကုန်သွားလိမ့်မယ်။ သူအ, အိပ်မက်မက်သလို ဖြစ်လိမ့်မယ်။ စိတ်ထဲကတော့ သိတယ်၊ ပြန်မပြောတတ်ဘူးဆိုတာ အဲဒါမျိုးပေါ့ကွာ”

ဟု ရှည်လျားစွာဆုံးမလေ၏။ ထိုအခါ မောင်ကောင်းစံက. .

“ဆရာကြီးရဲ့ပန်းထိမ်ပညာက မကြီးပွားနိုင်ဘူးလို့ထင်တယ်။ ဒါကြောင့် ကျွန်တော်လည်း ဝါသနာပါတာတွေ လျှောက်ပြီးသင်နေတာ”

ဟု ပြန်လည်၍ ချေပပြောဆိုလေ၏။ ထိုအခါ ဦးလောစံက. .

“ဘယ်ပညာမျိုးကိုမှ သေးငယ်တယ်၊ ကြီးပွားနိုင်တာမဟုတ်ပါဘူးလို့ မထင်နဲ့ကွ။ ဘယ်အတတ်ပညာမျိုးပဲဖြစ်ဖြစ် သေသေချာချာ ဂဃနဏတတ်ပြီဆိုရင် ကြီးပွားအောင် လုပ်လို့ရပါတယ်ကွာ”

ဟု ဆုံးမရပြန်လေ၏။ ထိုအခါ မောင်ကောင်းစံက. .

“ဒီလိုဆိုလည်း ဆရာကြီးသင်ပေးတဲ့အတတ်ပညာကိုပဲ တတ်အောင်သင်ရမှာပေါ့ဗျာ”

ဟု မောင်ကောင်းစံက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးလောစံသည်. .

"ဒီလောကကြီးမှာ အနီးကပ်ဆုံးရန်သူဟာ အနာရောဂါဖြစ်တယ်ကွ။ အနီးကပ်ဆုံးမိတ်ဆွေဟာ အတတ်ပညာဖြစ်တယ်ကွ။ အနီးကပ်ဆုံးချစ်သူဟာ ကိုယ့်ကိုယ်ကိုယ်ချစ်ခြင်းပဲဖြစ်တယ်ကွ။ အနီးကပ်ဆုံးအင်အားဟာ ကံကြမ္မာပဲ။ ဒါကြောင့် ငါသင်ပေးတဲ့ အတတ်ပညာတွေကို ကျကျနနတတ်အောင်သင်ထားမှဖြစ်မယ်"

ဟု ပြောလေ၏။

မောင်ကောင်းစံနှင့် မောင်ကောင်းတုံတို့သည် အရွယ်ရောက်ခဲ့ကြလေတော့၏။ ၎င်းတို့နှစ်ဦး၌ မောင်ကောင်းစံသည် ပန်းထိမ်လုပ်၍ဆင်းဆင်းရဲရဲအသက်မွေးရသည်ကို စိတ်ပျက်လေ၏။ ထို့ကြောင့် ၎င်း၏စိတ်၌ အမြန်ဆုံးကြီးပွားချမ်းသာရေးကိုသာလျှင် တွေးတော၍နေလေ၏။

မောင်ကောင်းတုံမှာမူကား ထိုသို့မဟုတ်ပေ။ ဦးလောစံကိုကူညီ၍လုပ်ကိုင်ပေးသည်။ ဦးလောစံကဲ့သို့ပင် ရသမျှ တင်းတိမ်ရောင့်ရဲ၍ ဦးလောစံတတ်သမျှသော အတတ်ပညာပေါင်းစုံတို့ကို အေးအေးဆေးဆေးနှင့် တစ်ခုချင်း၊ တစ်ခုချင်း သင်ယူခဲ့လေ၏။

မောင်ကောင်းစံသည် ဦးလောစံကိုလည်း ကူညီခြင်းမပြုသဲ

www.burmeseclassic.com

www.burmeseclassic.com



ထိုမြို့၌ရှိကြကုန်သော သုံးနိုင်ဖြုန်းနိုင်သည့် ကာလသားများနှင့်တွဲကာနေလေ၏။

တစ်နေ့သ၌ ထိုမြို့၌ မဖြစ်စဖူး ကြီးမားသော ဓားပြတိုက်မှုကြီး ဖြစ်လေတော့၏။ ဓားပြခေါင်းဆောင်လုပ်သူသည် မျက်နှာဖုံးကိုစည်းထား၏။ အိမ်ရှင်ထံမှ စိန်ရွှေလက်ဝတ်ရတနာပစ္စည်းများကိုစာရင်းနှင့်တောင်းလေ၏။ မပေးလျှင် အိမ်ရှင်အား နှိပ်စက်လေ၏။ နာကျင်လွန်းသဖြင့် အိမ်ရှင်သည် လက်ဝတ်လက်စားတစ်ခုကို ထုတ်၍ပေးလျှင် ဓားပြခေါင်းဆောင်လုပ်သူက. .

"စိန်အလုံး ၃၀ ပါတဲ့ လက်ကောက်နှစ်ရံ ဘယ်မှာလဲ"

ဟု မေး၍ နှိပ်စက်ပြန်လေ၏။ အိမ်ရှင်လည်း မခံနိုင်သောအခါ၌ ထုတ်၍ပေးရလေ၏။ ထိုအခါ ဓားပြခေါင်းဆောင်လုပ်သူက. .

"ပတ္တမြား ၂၇ လုံးပါတဲ့ ဆွဲကြိုး ဘယ်မှာလဲ"

ဟု မေး၍ နှိပ်စက်ပြန်လေ၏။ အိမ်ရှင်လည်း ထုတ်ပေးရပြန်လေ၏။ ဓားပြခေါင်းဆောင်လည်း. .

"အလယ်က စိန်ကြီးတစ်ပွင့်ကို စိန်ကလေးကိုးပွင့် ရံထားတဲ့ ခြယ်လက်စွပ်ဘယ်မှာလဲ"

ဟုမေး၍ နှိပ်စက်ပြန်လေ၏။ အိမ်ရှင်လည်း မတတ်သာသည့်အဆုံး၌ ထုတ်ပေးရပြန်လေ၏။ ထိုအခါ၌လည်း ဓားပြခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ၎င်း၏နောက်လိုက်များသည် ၎င်းတို့အလိုရှိသောပစ္စည်းများကို ရရှိပြီဖြစ်သည့်အလျောက် မြင်းများကိုစီး၍ ထွက်သွားကြကုန်၏။ ဓားပြများထွက်သွားသောအခါ၌ အိမ်ရှင်သည် ဂါတ်သို့ တိုင်၏။ ဂါတ်မှ ရာဇဝတ်အုပ်နှင့် ဂါတ်စာရေးတို့သည် ဓားပြတိုက်ခံရပုံအသေးစိတ်ကို မေးမြန်းလေ၏။ အိမ်ရှင်လည်း ပြည့်ပြည့်စုံစုံပြောကြားလေ၏။ ထိုအခါ ရာဇဝတ်အုပ်က အိမ်ရှင်အား. .

"ခင်ဗျားတို့ရဲ့လက်ဝတ်ရတနာတွေကို ဘယ်ပန်းထိမ်ဖိုမှာ အပ်သလဲ"

ဟု မေးမြန်းလေ၏။ အိမ်ရှင်ကလည်း ဦးလောစံ၏ပန်းထိမ်ဖို၌အပ်နှံကြောင်း ပြောပြလိုက်ရာ ရာဇဝတ်အုပ်နှင့် ပုလိပ်သားငါးယောက်တို့သည် ဦးလောစံ၏ပန်းထိမ်ဖိုသို့ သွားရောက်၍ ဦးလောစံနှင့် မောင်ကောင်းတုံကို ဖမ်းဆီးကာ ဂါတ်သို့ခေါ်ခဲ့ကြလေ၏။ မောင်ကောင်းစံမှာကား ထိုအချိန်မှစ၍ ပျောက်ခြင်းမလှ ပျောက်သွားလေတော့၏။

ရာဇဝတ်အုပ်သည် ဦးလောစံနှင့် မောင်ကောင်းတုံအား အချုပ်ခန်းတွင်း၌ ရက်အတန်ကြာ ချုပ်နှောင်ထားလေ၏။ သို့ရာတွင် နောက်ဆုံး၌ ၎င်းတို့အား ပြန်၍လွှတ်လိုက်လေ၏။ မောင်ကောင်းစံကိုမူ ပုလိပ်ဘက်မှ ဓားပြမှုဖြင့် ဝရမ်းထုတ်ထားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ အရေးပိုင်မင်း ဦးပြည့်ဝ၏ သားကလေးသည် ပုလိပ်ဘက်မှအလိုရှိသော ဓားပြခေါင်းဆောင်ကြီးတစ်ဦးဖြစ်သွားလေတော့၏။ ဦးလောစံ၏ ပန်းထိမ်ဖိုသည်လည်း မိမိထံ လာရောက်အပ်နှံသော ရွှေငွေလက်ဝတ်လက်စားပိုင်ရှင်တို့အား ဓားပြတိုက်ရန်အတွက် အတိအကျသတင်းပေးတတ်သည်ဟူ၍ တစ်မြို့လုံးပျံ့နှံ့သွားရာ ထိုမြို့၌ အလုပ်လုပ်စား၍ မဖြစ်တော့သဖြင့် ၎င်းတို့နှစ်ဦးသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့သွားရလေတော့သတည်း။

*****



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ရန်ကုန်သို့အသွား

ဦးလောစံနှင့် မောင်ကောင်းတုံတို့သည် ကုန်တင်လော်လီကား ပက်လက်ကြီးပေါ်၌ စီးနင်းလိုက်ပါခဲ့ကြလေ၏။ ညအခါဖြစ်သော ကြောင့် ကောင်းကင်မှကြယ်တာရာများကို တွေ့မြင်ရလေ၏။ မောင် ကောင်းတုံသည် ပက်လက်လှန်၍လိုက်ပါရင်း ကြယ်တာရာများကို တွေ့မြင်ရသောအခါ၌ ဦးလောစံအား. .

"ဆရာကြီး. .။ မောင်ကောင်းစံဟာ သူခိုးနက္ခတ်နဲ့များ ယှဉ်ပြီး မွေးခဲ့သလား မဆိုနိုင်ဘူး"

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ဦးလောစံက. .

"မင်းကလည်းကွာ. .။ တောက်တီးတောက်တဲ့။ ဘယ် ကလာ သူခိုးနက္ခတ်နဲ့ယှဉ်ပြီး မွေးရမှာတုံးကွ။ ခိုးချင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ချင်တဲ့စိတ်ကပေါ်လာလို့ သူဟာ သူခိုးဓားပြဖြစ်သွားတာပါကွာ”

ဟု ပြောလေ၏။

“လူမှာ အဲဒီလိုပဲ ခိုးချင်တိုက်ချင်တဲ့စိတ်မျိုး ပေါ်လာတတ်သလား ဆရာကြီးရဲ့”

ဟု မောင်ကောင်းတိုးက မေးလိုက်လေ၏။

“ခိုးချင်တိုက်ချင်တဲ့စိတ်လည်း ပေါ်လာတတ်တာပေါ့။ တစ်ခါတလေ ကချင်ခုန်ချင်တဲ့စိတ်လည်း ပေါ်လာတတ်တာပေါ့။ တစ်ခါတလေတော့လည်း ကဗျာရေးချင်သလိုလို၊ လက်ာစပ်ချင်သလိုလိုစိတ်မျိုး ပေါ်လာတတ်သေးတယ်ကွ။ တစ်ခါတလေများ ဟိုလူ့အော်ချင်၊ ဒီလူ့ငေါက်ချင်တဲ့စိတ်တောင် ပေါ်လာတတ်ပါသေးရဲ့ကွာ”

ဟု ဦးလောစံက ပြောလေ၏။

“အဆန်းပါလား ဆရာကြီးရယ်”

ဟု မောင်ကောင်းတိုးကပြောလိုက်ရာ ဦးလောစံက. .

“ဆန်းဆို စိတ်ကိုကွ. . ။ စိတ်ဟာ ဆန်းဆန်းကြယ်ကြယ်သဘောရှိတယ်ကွ”

ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဖြင့် အဓိပ္ပာယ် နားမပေါက်ပါဘူး ဆရာကြီးရယ်။ ရှင်းပြစမ်းပါဦး"

ဟု မောင်ကောင်းတိုက ပြောလိုက်လေ၏။

ဦးလောစံသည် ဆေးတံကိုမီးညှိလေ၏။ မောင်ကောင်းတိုလည်း စက္ကူဖြင့်ပြုလုပ်သော ပွတ်ချွန်းဆေးလိပ်ကို မီးညှိလေ၏။ ထို့နောက် ဦးလောစံက. .

"ဒီလိုကွ။ ဟိန္ဒူရှေးဟောင်းကျမ်းစာတွေမှာ လူရဲ့စိတ်ကို ဂုဏ်သုံးပါးနဲ့ တိုင်းတာပြတယ်ကွ။ ရာဇဂုဏ်၊ တသွဂုဏ်၊ တမဂုဏ်လို့ ဆိုတယ်။ မင်းစိတ်စိုးစိတ်ရယ်၊ ကုန်သည်စိတ်ရယ်၊ ဒွန်းစဏ္ဍားစိတ်ရယ်လို့ အကြမ်းဖျင်းနားလည်ထားပေါ့ကွာ။ အဲဒါမျိုးပဲကွ။ မြန်မာလူမျိုးတွေကလည်း ဘီလူးနက္ခတ်၊ လူနက္ခတ်၊ နတ်နက္ခတ် ရယ်လို့ စိတ်သုံးမျိုးကို သရုပ်ဖော်ပြန်တယ်။ အေး. . ငါအခု ရှင်းပြမှာကလည်း အဲဒီသုံးမျိုးသုံးစားပဲကွ။ ကာမရယ်၊ ဆန္ဒရယ်၊ ဓမ္မရယ် လို့ နာမည်ပေးထားတယ်။ နာမည်လို့ပဲ သဘောထားပေါ့ကွာ။ အဲဒီနာမည်သုံးမျိုးကို အရောင်တွေနဲ့ ဖလှယ်လိုက်မယ်ကွာ။ အကြမ်းဖျင်းနားလည်ဖို့ကတော့ စိတ်ကို သုံးမျိုးခွဲတယ်ပေါ့ကွာ။ အမြတ်၊ အလတ်၊ အယုတ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အသွဂုဏ်ဆိုတာ အမြတ်၊ ရာဇဂုဏ်ဆိုတာ အလတ်၊ တမဂုဏ်ဆိုတာ အယုတ်ပေါ့ကွာ”

ဟု ပြောလေ၏။

“ဆေးရောင်တွေနဲ့ဖလှယ်ပြီး ရှင်းပြမယ်ဆို ဆရာကြီးရဲ့”

ဟု မောင်ကောင်းတုံက ဆိုလေ၏။

“အေး. . ဟုတ်တယ်။ အမြတ်ကို အဝါရောင်လို့မှတ်ထားကွ။ အလတ်ကို အနီရောင်လို့မှတ်ထား။ အယုတ်ကိုတော့ အပြာရောင်လို့မှတ်ထား။ အမှန်ကတော့ အရောင်မရှိပါဘူးကွ။ အရောင်နဲ့အစားထိုးပြီး ရှင်းပြတော့ မင်းအနေနဲ့ နားလည်လွယ်တာပေါ့ကွာ။ အဝါရောင်သန့်သန့်ကလေးဟာ တသွဂုဏ်နဲ့တူတယ်။ ငါပြောတဲ့ ‘ဓမ္မ’ ဆိုတာနဲ့လည်း တူတယ်။ အဲဒီစိတ်ဖြစ်ပေါ်တဲ့လူတွေဟာ ရသေ့၊ ရဟန်း၊ သူတော်စင်စိတ် ဖြစ်ပေါ်တာပေါ့ကွာ။ တစ်ခါတလေ အရက်သမားလူရမ်းကားတွေတောင်မှ ဘုရားသွားချင်တဲ့စိတ်၊ ဘုရားဝတ်ပြုချင်တဲ့စိတ်တွေ၊ ကြီးတဲ့သူတွေကို ရိုသေကိုင်းရှိုင်းချင်တဲ့စိတ်တွေ ဖြစ်ပေါ်တတ်တယ်။ အဲဒီအခါမှာ အဝါရောင်လွှမ်းမိုးနေပြီ။ ဂုဏ်အားဖြင့် တသွဂုဏ်လွှမ်းမိုးနေပြီပေါ့။ အေး. . အနီရောင်ကတော့ သတ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်ဖြတ်ချင်တဲ့စိတ်တွေ၊ ဒေါသဖြစ်နေတဲ့အခါတွေမှာ လွှမ်းမိုးတယ်ကွ။ အတော်အသင့်အနီရောင်ကတော့ သူတစ်ပါးကို အုပ်ချုပ်ချင်တယ်။ အမိန့်ပေးချင်တယ်ပေါ့ ကွာ။ သူက ရာဇဂုဏ်ရှိတာကိုး။ အေး. . တမဂုဏ်က တော့ အပြာရောင်ရှိတယ်ကွ။ သူက ပစ္စည်းလုမယ်။ ဖျက်ဆီးမယ်။ သူတစ်ပါးရဲ့ကာမကို ခိုးယူမယ်။ မုဒိမ်း ကျင့်မယ်။ ယုတ်မာမှု တွေလုပ်မယ်။ ရိုးရိုးလူကောင်းတွေ မှာလည်း တစ်ခါတလေ အပြာရောင်လွှမ်းမိုးခံရတဲ့အတွက် မကောင်းမှုတွေစိတ်မှာ ဖြစ်ပေါ်လာတတ်တယ်။ လူကြီး လူကောင်းပါလို့ဆိုတဲ့လူတွေမှာတောင် အပြာရောင် လွှမ်းမိုးခံရတဲ့ အချိန်အခါမျိုးမှာ အိမ်စေမိန်းကလေးကို မတော်မတရားကြံတာတို့ဘာတို့ ဖြစ်ကုန်တာပေါ့ကွာ”

ဟု ဦးလောစံက ပြောလေ၏။

“အဆန်းပါပဲလား ဆရာကြီးရဲ့”

ဟု မောင်ကောင်းတုံက ပြောလေ၏။

“အေး. . ။ ဆန်းတာပေါ့ကွာ။ မကောင်းတဲ့အပြာရောင် စိတ်နဲ့ အလွန်ကောင်းတဲ့ အဝါရောင်စိတ် ပေါင်းစပ်လိုက် ရင် အစိမ်းရောင် ဖြစ်သွားတယ်မဟုတ်လား။ အဲဒီ အစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်စိတ်ကျတော့ နူးညံ့တဲ့စိတ်ရယ်၊ အာရုံခံတဲ့စိတ်ရယ် ပေါင်းစပ်ထားတာ မဟုတ်လား။ အဲဒီအစိမ်းရောင်စိတ်ဖြစ်ပေါ်တဲ့အခါမှာ လူတွေဟာ အနုပညာကို ခံစားချင်လာတယ်။ သိပ်ပြီး သန့်ရှင်းတဲ့ အစိမ်းရောင်စိတ်ဖြစ်ပေါ်လာရင်တော့ ကိုယ်တိုင်အနုပညာ ဖန်တီးချင်တာပေါ့။ အလွန်ကောင်းတဲ့ တေးသီချင်းတွေစပ်မယ်။ ပန်းချီကားတွေရေးမယ်။ ဝတ္ထုရှည်ကြီးတွေရေးသားမယ်။ တချို့များ ကမ္ဘာကျော်တဲ့အထိ စွမ်းဆောင်ခဲ့တော့တာပဲ။ အဲဒါဟာ 'အစိမ်းရောင်' လွှမ်းမိုးတဲ့ လအခါမျိုးမှာ ဖြစ်နိုင်တာ။ ဒါကြောင့် လူအပေါင်းနှစ်သက်တဲ့ အနုပညာလက်ရာမျိုး ဖန်တီးချင်တဲ့လူဟာ သူ့ရဲ့စိတ်ကို နူးညံ့မှုတသွဂုဏ်နဲ့ အကြမ်းစားအာရုံခံစားချင်တဲ့ တမဂုဏ်တို့ ပေါင်းစပ်ပြီး ရောထွေးသွားတဲ့အချိန်ကို စောင့်ရလိမ့်မယ်။ အဲဒီအခါမျိုးမှာ အစွမ်းထက်ပြီး အနုပညာအရည်အသွေးတွေ နိုးကြားလာပြီပေါ့ကွ။ အဲဒီလိုပဲ နူးညံ့သိမ်မွေ့တဲ့ အဝါရောင် (တသွ) နဲ့ အနီရောင် (ရာဇ) ပေါင်းစပ်ခဲ့ရင် လိမ္မော်ရောင်ဖြစ်တယ်မဟုတ်လား။ အဲဒီအခါမျိုးမှာ လူရဲ့စိတ်ကို လိမ္မော်ရောင်ခြယ်ထားပြီဆိုတော့ ပညာသင်



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်တဲ့ ဆရာသမားစိတ်၊ ပြဿနာကိုဖြေရှင်းပေးချင်တဲ့စိတ်၊ စေ့စပ်ဆွေးနွေးပေးချင်တဲ့ အောင်သွယ်စိတ်၊ သံတမန်စိတ်တွေ ဖြစ်ပေါ်လာတော့တာပေါ့ကွာ. . ။ ပြီးတော့ နူးညံ့မှုနဲ့ရဲရင့်မှုကို ပေါင်းစပ်ထားတာဆိုတော့ ရဲရင့်စွာ သူတစ်ပါးအကျိုးဆောင်လိုစိတ်တွေ ဖြစ်ပေါ်လာတော့တာပေါ့ကွာ။ ပြီးတော့ အလွန်ယုတ်ညံ့တဲ့ အပြာရောင်(တမ) နဲ့ ရဲရင့်တဲ့အနီရောင်(ရာဇ) ပေါင်းစပ်တဲ့အခါမှာ ခရမ်းရောင်ဖြစ်တာပေါ့ကွာ။ ယုတ်ညံ့တဲ့လူမှာ ရဲရင့်တဲ့စွမ်းရည် ပေါင်းစပ်ပေးလိုက်တော့ လုချင် ယက်ချင်တဲ့စိတ်တွေ ပေါ်လာတာပေါ့၊ အဲဒီမှာ ရဲရင့်မှု အနီရောင်ကနည်းပြီး ယုတ်ညံ့တဲ့ အပြာရောင်ကများနေရင် မရမ်းစေ့ရောင်ဖြစ်မယ်။ အဲဒီအခါမှာ ယုတ်ညံ့တဲ့စိတ်ကြောင့် လုယက်ချင်ပေမယ့် ရဲရင့်မှုအနီရောင်က နည်းနေလေတော့ မလုရဲတော့ဘူး။ အဲဒီအခါမှာ ခိုးတော့တာပဲ။ အဲဒီအရောင်သုံးမျိုးကနေ အပြန်ပြန်အလှန်လှန် ဆက်စပ်ပြီး လူတွေရဲ့စိတ်ကို နားလည်ကြည့်စမ်းပါကွာ။ မရေမတွက်နိုင်အောင်များပြားတဲ့ အရောင်တွေဖြစ်လာလိမ့်မယ်။ အဲဒီလို စပ်သမျှအရောင်မှာ အပြာချည်းပဲ မပြတ်ပါစေ



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ နောက်ဆုံး အနက်ဖြစ်သွားလိမ့်မယ်။ မကောင်းမှု အဆုံးစွန်ဖြစ်သွားပြီ။ အဝါရောင်နဲ့ချည်း ထပ်တလဲလဲစပ်သွားရင်တော့ အရောင်ဟာ နုသွားလိမ့်မယ်။ အချိန်ကြာလာရင် ဖြူချင်ရင်တောင် ဖြူသွားလိမ့်မယ်။ အဲဒီအခါမှာ ကောင်းမှုရဲ့အဆုံးစွန်ကို ရောက်သွားပြီပေါ့ကွာ။ ကဲ. . နားလည်ပြီလား”

ဟု ဦးလောစံက ရှည်လျားစွာပြောလေ၏။

“ဒီလိုဆိုရင် အပြာရောင်ဟာ နဂိုကတည်းကမရှိရင် ကောင်းမှာပဲနော်”

ဟု မောင်ကောင်းတုံကပြောလိုက်ရာ ဦးလောစံက. .

“အဲဒီစကားကို ပန်းချီဆရာတစ်ယောက်ရဲ့ရှေ့မှာ သွားပြီး ပြောရင် အရိုက်ခံရဖို့ရှိတယ်ကွ။ ဟဲ. . ဟဲ. . ။ လောကမှာ မရှိသင့်ဘူးဆိုတာ ဘာမှကိုမရှိဘူးကွ။ ဒါကြောင့် ရှိနေတာပေါ့ကွာ၊ အပြာရောင်ကလည်း မကောင်းဘူး ဆိုပေမယ့် လိုအပ်သေးတယ်ကွ”

ဟု ဦးလောစံကပြောရာ မောင်ကောင်းတုံက. .

“မကောင်းတာပဲ ဆရာကြီးရယ်။ ဘာဖြစ်လို့ လိုရမှာလဲဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ဟု စောဒကတက်လေ၏။

"ကဲ. . ဒါဖြင့်ရင် မင်းကိုမေးမယ်။ ပူတာနဲ့အေးတာ ဘယ်ဟာကောင်းသလဲ"

ဟု ဦးလောစံက မေးလေ၏။

"အေးတာ ကောင်းတာပေါ့။ ပူတာဟာ မကောင်းဘူး"

ဟု မောင်ကောင်းတုံက ပြန်၍ဖြေလေ ၏။

"ကောင်းပြီ. . ။ ချိုတာနဲ့စပ်တာ ဘယ်ဟာကောင်းသလဲကွာ"

ဟု ဦးလောစံက မေးပြန်လေ၏။

"ချိုတာကောင်းတာပေါ့ ဆရာကြီးရဲ့။ စပ်တာဟာ ဘယ်ကောင်းပါ့မလဲ"

ဟု မောင်ကောင်းတုံက ဖြေပြန်လေ၏။

"အဲဒီလိုဆိုရင် ပူလည်းပူပြီး စပ်လည်းစပ်တဲ့ ငရုတ်သီးဟာ လောကမှာ မရှိသင့်ဘူးပေါ့ကွာ"

ဟု ဦးလောစံက ပြောလေ၏။

"ငရုတ်သီးမရှိလို့မဖြစ်ဘူး ဆရာကြီးရဲ့။ တစ်ခါတလေ အဲဒီအရသာဟာ လိုအပ်တယ်။ ငရုတ်သီးစပ်စပ်၊ ပူပူကလေးနဲ့ချက်ထားတဲ့ဟင်းများ စားလို့မြိန်ပ့ါ ဆရာကြီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်ကောင်းတုံက ပြောပြန်လေ၏။

"အေး. . ဒါကြောင့်ပြောတာပေါ့ကွာ။ မကောင်းတာလည်းရှိမှဖြစ်မယ်ကွ။ ဒါမှလည်း လောကကြီးဟာ ပြည့်စုံမှာ"

ဟု ဦးလောစံကပြောလိုက်ရာ မောင်ကောင်းတုံက. .

"မှန်ပါတယ် ဆရာကြီး"

ဟု သဘောတူလိုက်လေတော့၏။

ထို့နောက် ၎င်းတို့သည် ရောက်တတ်ရာရာစကားများ ပြောဆိုခဲ့ကြရာ နံနက်ပိုင်း၌ ရန်ကုန်သို့ရောက်ကြလေတော့၏။

*****



www.burmeseclassic.com

www.burmeseclassic.com



# ရန်ကုန်သို့ရောက်ပြီ

ရန်ကုန်သို့ရောက်လျှင် ဗဟန်းကြေးသွန်းဘုရားကြီးအနီးရှိ မြေစိုက်အခန်းလေးတစ်ခန်း၌ ဆင်းရဲချို့တဲ့စွာ ငှားရမ်းနေထိုင်ကြလေသည်။ ထိုသို့နေထိုင်ပြီးနောက် ဦးလောစံသည် မဂိုလမ်းရှိ ပန်းထိမ်ဆရာတစ်ဦးနှင့် ဆက်သွယ်လေ၏။ ထိုပန်းထိမ်ဆရာမှာ မဂိုလမ်း ဘာဘူစိန်တိုက်ကြီးတစ်တိုက်မှ လက်ဝတ်ရတနာများကို လုပ်ပေးသူဖြစ်သည်။ ထိုပန်းထိမ်ဆရာသည် အလုပ်များလွန်းသောကြောင့် ဦးလောစံအား အလုပ်များ လွှဲ၍အပ်လေ၏။ ထိုပန်းထိမ်ဆရာသည် ဦးလောစံအား လက်ခလျှော့၍ပေးလေ၏။ ဦးလောစံလည်း ကျေနပ်စွာဖြင့် လုပ်လေ၏။

ဦးလောစံနှင့် မောင်ကောင်းတုံတို့သည် ၎င်းတို့၏မြေစိုက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



ကလေး၌ပင် ဖားဖိုကြီးကိုတပ်ဆင်ကြလေ၏။ ထိုကဲ့သို့တပ်ဆင်ရင်း ဦးလောစံက. .

"ဟိုပန်းထိမ်ဆရာကြီးက ငါတို့ကိုပေးခဲ့တဲ့လက်ခဟာ အတော့်ကို နည်းတယ်ကွ။ ဒါပေမယ့် ငါတို့က ထမင်းငတ်နေကြတာဆိုတော့လည်း ဘယ်လောက်ပဲနည်းနည်း လုပ်ရတော့မှာပေ့ါကွာ။ ဒါပေမယ့် အလုပ်ရှင်နဲ့ တိုက်ရိုက်ဆက်သွယ်မိရင်တော့ ငါတို့လုပ်ခဟာ ထိုက်ထိုက်တန်တန် ရပါပြီကွ"

ဟု ပြောလေ၏။

"အလုပ်ရှင်နဲ့ တိုက်ရိုက်ဆက်သွယ်မိအောင် ဘယ်လိုလုပ်မလဲ ဆရာကြီးရဲ့"

ဟု မောင်ကောင်းတုံက မေးလေ၏။

"လွယ်ပါတယ်ကွ။ ဟိုပန်းထိမ်ဆရာကြီးထက် လက်ရာကောင်းအောင် လုပ်ပေးရုံပေ့ါကွာ"

ဟု ဦးလောစံက ဖြေလေ၏။

အမှန်ပင် ဖြစ်၏။ ဦးလောစံကြီးသည် လက်ဝတ်ရတနာများကို စိတ်ရှည်လက်ရှည်ဖြင့် လွန်စွာလက်ရာကောင်းအောင် ပြုလုပ်ပေးလေ၏။ ပန်းထိမ်ဆရာကြီးလည်း ထိုပစ္စည်းများကို မဂိုလမ်းသို့ ပို့သော



www.burmeseclassic.com

www.burmeseclassic.com



အခါ၌လည်း မဂိုလမ်းမှ စိန်ဘာဘူတို့သည် လွန်စွာသဘောကျ၍ ရွှေပန်းထိမ်ဆရာကြီးအား . .

"ဆရာကြီး . . ။ ခင်ဗျားပစ္စည်းတွေ အရင်လိုမဟုတ်ဘူး။ အလွန်လက်ရာကောင်းလာတယ်။ ဒီလိုမှပေါ့ဗျာ"

ဟု ပြောဆိုချီးမွမ်းကြလေ၏။

ဤသို့လျှင် ဦးလောစံသည် လက်ရာကောင်းများကိုထုတ်လုပ်ပြီး ခြောက်လခန့်ကြာသောအခါ၌ မောင်ကောင်းတုံအား . .

"မောင်ကောင်းတုံရေ . . ။ ငါတို့ နှစ်ယောက် နောက်ထပ် ခြောက်လလောက် ထမင်းစားဖို့ စုဆောင်းမိရဲ့လား"

ဟု မေးလေ၏။

"မရှိဘူး ဆရာကြီး။ ခြစ်ခြစ်ခြုတ်ခြုတ်စားမယ်ဆိုရင် နှစ်လစာလောက်တော့ ရှိပါတယ်"

ဟု မောင်ကောင်းတုံက ပြောလေ၏။

"အေး . . ဒီလိုဆိုရင် လက်ခငွေကို မတန်တဆနည်းပြီး ရတာကို တိုက်ပွဲဝင်ရမယ်ကွ"

ဟု ပြောဆိုကာ ပန်းထိမ်ဆရာကြီးထံ သွားရောက်၍ အလုပ်များမယူဘဲ နေလေ၏။

ထိုအခါ ပန်းထိမ်ဆရာကြီးသည် ဦးလောစံထံသို့ လာရောက်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြောင့် အလုပ်လာမယူတာလဲ။ ခင်ဗျားမအား ရင်လည်း ခင်ဗျားသားကလေးကို လွှတ်လိုက်ရောပေ့ါဗျာ။ ခုတော့ ကျုပ်မှာ တမျှော်မျှော်နဲ့"

ဟု ပြောလေတော့၏။

"ဒီလိုပါဗျာ. . ။ လုပ်ခသိပ်ပြီးနည်းလေတော့ မလုပ်တော့ ဘူးလို့ ဆုံးဖြတ်ထားပါတယ်"

ဟု ဦးလောစံက ပြောလေ၏။

ထိုအခါ ပန်းထိမ်ဆရာကြီးက. .

"တစ်နေ့မှာ ခင်ဗျား ဒီစကားပြောလာမယ်ဆိုတာ ကျုပ်သိ ပါတယ်။ ခင်ဗျားတို့လိုလူတွေရှိလို့ **'ပန်းထိမ်တောက် တောက် မစားလောက်'** ဆိုတဲ့စကားပေါ်လာတာပဲ"

ဟု ပန်းထိမ်ဆရာကြီးက ဒေါနှင့်မောနှင့်ပြောလေ၏။

"မှန်တာပေ့ါဗျာ. . မှန်ပေတာပေ့ါ။ ဆရာကြီးတို့လို ကြား ကဖြတ်စားတဲ့လူတွေကများလေတော့ **'ပန်းထိမ်တောက် တောက် မစားလောက်'** ဖြစ်ရတာပေ့ါဗျာ။ အလုပ် ရှာ ပေးတဲ့အတွက် စားတော့စားပေ့ါဗျာ။ ဒါပေမယ့် ဆရာ ကြီးဉစ္စာက စိန်လက်ကောက်ကြီးတစ်ကွင်းလုံးရိုက်ခမှ တစ်မတ်ပဲပေးတယ်ဆိုတော့ ဆရာကြီးပဲစဉ်းစားကြည့်



www.burmeseclassic.com

www.burmeseclassic.com



လေ။ ကျွန်တော်တို့မှ မငတ်ရင် ဘယ်သူငတ်မတုံး ဆရာကြီးရာ"

ဟု ဦးလောစံက ပြောလေ၏။ ပန်းထိမ်ဆရာကြီးလည်း စိတ်ဆိုး၍ ပြန်သွားလေတော့၏။ ထိုပန်းထိမ်ဆရာကြီး ပြန်ထွက်သွားသောအခါ၌ ဦးလောစံသည် ထိုဆရာကြီးကဲ့သို့ မဂိုလမ်းမှအလုပ်များကိုလက်ခံ၍ တစ်ပါးသူအား လုပ်ခကို မတရားခေါင်းပုံဖြတ်၍ စားတတ်သော အခြားသော ပန်းထိမ်ဆရာကြီးတစ်ဦးထံသို့ ဆက်သွယ်၍လုပ်ကိုင်ပြန်လေ၏။ ထိုအခါ မောင်ကောင်းတုံက ဦးလောစံအား. .

"ဆရာကြီး. . အခုနောက်လုပ်တဲ့ ပန်းထိမ်ဆရာကြီးကကော လုပ်ခပိုပေးသလား"

ဟု မေးလေ၏။

"ဘယ်ပေးမတုံးကွ။ ဟိုလူကြီးထက်တောင် ဆိုးသေးတယ်။ ဟိုလူကြီးကမှ လက်ကောက်တစ်ကွင်းကို တစ်မတ်ပေးသေးတယ်။ သူက သုံးပဲ ပဲပေးတယ်ကွ"

ဟု ပြောလေ၏။

"ဒါနဲ့များ ဆရာကြီးရယ်. . ။ ဟိုလူကြီးနဲ့ပဲ ဆက်လုပ်နေရင် ပြီးရောပေါ့ ဆရာကြီးရာ"

ဟု မောင်ကောင်းတုံကပြောလျှင် ဦးလောစံက. .

www.burmeseclassic.com

www.burmeseclassic.com



"မင်းမသိပါဘူးကွ. .။ မကြာခင် အဖြေပေါ်လာပါလိမ့်မယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက် ဦးလောစံသည် နောက်ဆက်သွယ်သော ပန်းထိမ်ဆရာကြီးအပ်သည့် လက်ဝတ်ရတနာများကို ကောင်းမွန်သပ်ရပ်စွာ လုပ်လေ၏။ ထိုပန်းထိမ်ဆရာကြီးလည်း လက်ဝတ်ရတနာများအား မဂိုလမ်းရှိ ရတနာတိုက်များသို့ သွားရောက်အပ်နှံသောအခါ၌ အလုပ်အပ်သော ရွှေဘာဘူ၊ စိန်ဘာဘူ ကုလားတို့သည် ထိုဆရာကြီး၏လက်ရာများအား ချီးမွမ်းကြကုန်၏။

"ဆရာကြီးရဲ့လက်ရာဟာ အရင်နဲ့မတူဘူး။ အတော်ကို ကောင်းလာတယ်"

ဟု ပြောဆိုလေ၏။ ထိုအခါ၌ ပထမဆရာကြီး၏လက်ရာသည် နဂိုအတိုင်း ညံ့မြဲတိုင်းညံ့သွားလေ၏။

ထိုအခါ အလုပ်အပ်သော ဘာဘူကုလားတို့သည် ပန်းထိမ်ဆရာကြီးများ၌ ၎င်းတို့ကိုယ်စား နောက်မှနေ၍ လုပ်ကိုင်ပေးလျက်ရှိသော လွန်စွာလက်ရာကောင်းသည့် ပန်းထိမ်ဆရာတစ်ဦး ရှိနေသည့်အဖြစ်ကို ရိပ်မိသွားကြကုန်၏။ ထိုလက်ရာကောင်းသော ပန်းထိမ်ဆရာသည် ပထမလူနှင့်မတည့်သောကြောင့် ဒုတိယလူထံရောက်သွားသည့်အဖြစ်ကို သဘောပေါက်ကြကုန်၏။ ထို့ကြောင့် ဘာဘူ



www.burmeseclassic.com

www.burmeseclassic.com



ကုလားတို့သည် ဒုတိယပန်းထိမ်ဆရာကြီး၏ အသွားအလာကို လူလွှတ်၍ တစေ့တစောင်းချောင်းမြောင်းကြည့်ရှုရာ ဦးလောစံနေထိုင်ရာ ကြေးသွန်းဘုရားကြီးအနီး တဲပုတ်ကလေးတစ်ခုကို တွေ့ရှိကြလေတော့၏။

ထိုအခါ၌ ရွှေဘာဘူ၊ စိန်ဘာဘူကုလားတို့သည် ဦးလောစံထံသို့ တိုက်ရိုက်ဆက်သွယ်ကာ အလုပ်များအပ်ကြလေတော့၏။ ထိုအခါ မှစ၍ ဦးလောစံနှင့် မောင်ကောင်းတုံတို့နှစ်ယောက်သည် ချောင်လည် ခြင်းအဖြစ်သို့ ရောက်ကြကုန်လေတော့၏။ ၎င်းတို့သည် ဘာဘူကုလား တို့ထံမှ ကြိုတင်ငွေများယူ၍ ရေကျော်ဘက်တွင် ပေ(၄၀)၊ ပေ (၆၀) ကျယ်သော မြေကွက်ပေါ်၌ ဆောက်လုပ်ထားသည့် ပျဉ်ထောင်အိမ် ကလေးတစ်လုံးကိုပင် ဝယ်ယူခဲ့ကြလေ၏။

ထိုအချိန်၌ မောင်ကောင်းတုံမှာလည်း ပန်းထိမ်ပညာကို ကောင်းစွာတတ်ကျွမ်းပြီဖြစ်၏။ ထို့ကြောင့် ဦးလောစံကြီးအား ကူညီလုပ်ကိုင်ပေးခဲ့လေ၏။

ဦးလောစံသည် မောင်ကောင်းတုံအား လွန်စွာချစ်ခင်သကဲ့သို့ လွန်စွာမှလည်း အားကိုးလေ၏။ မောင်ကောင်းတုံမှာလည်း ထိုနည်း အတိုင်းပင် ဖြစ်လေ၏။

တစ်နေ့သ၌ ၎င်းတို့၏အလုပ်ရှင် ဘာဘူကုလားက ၎င်းတို့

www.burmeseclassic.com

www.burmeseclassic.com



၏အလုပ်တိုက်တွင် တရုတ်အမျိုးသား ဦးလောစံကိုယ်တိုင် လက်ရာကောင်းလက်ရာသန့်များကို ကောင်းမွန်သေသပ်စွာပြုလုပ်ပေးလျက်ရှိကြောင်း သတင်းစာနှင့် မဂ္ဂဇင်းစာအုပ်များတွင် ကြော်ငြာထည့်လိုကြောင်း၊ ထို့ကြောင့် ဦးလောစံအား ၎င်း၏ပန်းထိမ်လက်ရာ အရည်အချင်းကိုဖော်ပြသည့် ကြော်ငြာတစ်စောင် ရေးသားပေးစေလိုကြောင်း ဦးလောစံအား လာရောက်ပြောကြားလေ၏

ထိုအခါ ဦးလောစံသည် ရေးပေးမည်ဟု တာဝန်ခံပြီးလျှင် မောင်ကောင်းတုံအား ကြော်ငြာရေးခိုင်းလေ၏။ မောင်ကောင်းတုံလည်း 'ကြော်ငြာသင့်၍ ကြော်ငြာရသူတစ်ဦး' ဟူ၍ ခေါင်းစဉ်တပ်ကာ ကြော်ငြာစာကိုရေးလေ၏။

*****



www.burmeseclassic.com

www.burmeseclassic.com



# ရောင်းတယ်၊ ဝယ်တယ်

တစ်နေ့သ၌ ဦးလောစံနှင့် မောင်ကောင်းတုံတို့သည် သိမ်ကြီးဈေးသို့သွားရောက်၍ ချက်ပြုတ်စားသောက်ရန်အတွက် အာလူး၊ ကြက်သွန်၊ ငရုတ်သီး စသည့် ကုန်ခြောက်များကို ဝယ်ယူကြလေ၏။ ထို့နောက် ဖရေဇာလမ်း၌ရှိသော ကုလားဆိုင်တစ်ဆိုင်မှ ငရုံမီး၊ ဘော်ချောင်း စသည့် ၎င်းတို့၏ ပန်းထိမ်လုပ်ငန်း၌ အသုံးပြုသော ကုန်ကြမ်းပစ္စည်းများကို ဝယ်ယူကြပြန်လေ၏။ ဤသို့နှင့် ကြွေပန်းကန်လုံး၊ ကြွေပန်းကန်၊ ကြွေကရားများရောင်းသော တရုတ်ဆိုင်တစ်ဆိုင်ရှေ့သို့ရောက်သောအခါ၌ ဦးလောစံက. .

"ဟေ့. . မောင်ကောင်းတုံ။ ဆိုင်ထဲဝင်ကြည့်ကြရအောင်ကွာ။ ဒီဆိုင်မှာက ပြည်ကြီးကလာတဲ့ ကြွေကရားအကောင်းစားတွေ ရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ မောင်ကောင်းတုံက. .

"ဆရာကြီးကလည်းဗျာ. . ။ အိမ်မှာ ရေနွေးကြမ်းသောက်နေတဲ့ကရားကြီးက အကောင်းကြီး ရှိသေးတာပဲ မဟုတ်လား။ အလကား ပိုက်ဆံကုန်ခံလို့ ဆရာကြီးရာ"

ဟု တားမြစ်လေ၏။

"ငါတို့ စောစောကဝယ်လာတဲ့လက်ဖက်ခြောက်က သိပ်ကောင်းတယ်ကွ။ ပြည်ကြီးကလာတဲ့ မျောက်ခြောက်အကောင်းစားကွ။ အဲဒီတော့ အိမ်မှာရှိတဲ့ကရားကြီးနဲ့ ထည့်သောက်လို့ မဖြစ်သေးဘူး။ ကြွေကရားလှလှပပလေးတစ်လုံးဝယ်ပြီး သောက်မှ ပိုပြီးအရသာရှိမှာပေါ့"

ဟု ဦးလောစံက ပြန်၍ပြောလေ၏။

"ဆရာကြီးကလည်းဗျာ။ တောက်တီးတောက်တဲ့။ လက်ဖက်ခြောက်ကောင်းဖို့ပဲ လိုပါတယ်။ ကရားလှဖို့ မလိုပါဘူး။ လက်ဖက်ခြောက်မကောင်းလို့ရှိရင် ကရားက ဘယ်လောက်လှလှ သောက်လို့မကောင်းပါဘူးဗျာ"

ဟု မောင်ကောင်းတုံက ပြန်ပြောလိုက်ရာ. .

"ဟေ့ကောင် ကောင်းတုံရ။ တရုတ်စကားပုံတစ်ခု ရှိတယ်ကွ။ ငါပြောပြမယ်။ သေသေချာချာမှတ်ထားဦး။ 'သင့်အိမ်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ဧည့်သည်ကို ကရားလှလှလေးနဲ့ ရေနွေးကြမ်း
တိုက်လိုက်ပါ။ ထိုသူက သင့်အိမ်က လက်ဖက်ခြောက်
ကောင်းကြောင်းကို ချီးမွမ်းသွားပါလိမ့်မည်' တဲ့။ ဒီတော့
တို့လည်း အိမ်လာလည်တဲ့ဧည့်သည်တွေကို လက်ဖက်
ခြောက် ဘယ်လောက်ကောင်းကောင်းနဲ့တိုက်တိုက်၊ တို့
တိုက်တဲ့လက်ဖက်ခြောက်ကို အကောင်းပြောမှာ မဟုတ်
ဘူး။ ဒါကြောင့် ကြွေကရားလှလှလေးနဲ့တိုက်မှ ဖြစ်လိမ့်
မယ်ကွ"

ဟုဆိုကာ ဦးလောစံသည် တရုတ်ဆိုင်ထဲသို့ ဝင်သွားလေ၏။ ထိုအခါ မောင်ကောင်းတုံလည်း ဦးလောစံ၏နောက်မှ လိုက်ပါဝင်သွားရလေတော့၏။ ၎င်းတရုတ်ဆိုင်အတွင်း၌ ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးရှိသော ကြွေကရားအိုးများကို တန်းပေါ်၌တင်၍ ပြထားလေ၏။ ဦးလောစံသည် ၎င်းကြွေကရားအိုးများကို တစ်လုံးချင်းလိုက်၍ ကိုင်တွယ်ကြည့်ရှုစစ်ဆေးနေလေ၏။ စိန်ဝယ်မည့်သူတစ်ဦးက စိန်များကို ကြည့်ရှုစစ်ဆေးနေသည်နှင့်တူလှပေ၏။ မောင်ကောင်းတုံလည်း စိတ်ရှည်စွာဖြင့် စောင့်၍နေလေ၏။

ထို့နောက် ဦးလောစံသည် တရုတ်နဂါးရုပ်ပုံပါသည့် ကြွေကရားအိုးလေးတစ်လုံးအား ၎င်း၏လက်ညှိုးဖြင့် နေရာလပ်မကျန်

www.burmeseclassic.com

www.burmeseclassic.com



အောင်တီးခေါက်ကာ အသံကိုနားထောင်၍ကြည့်ပြီးလျှင်. .

"ဒီကရားလေးက ဘယ်လောက်ရောင်းသလဲ"

ဟု ဆိုင်ရှင်တရုတ်ကြီးအား လှမ်း၍မေးလိုက်လေ၏။ ဆိုင်ရှင်တရုတ်ကြီးက 'သုံးကျပ်' ဟု ပြန်၍ပြောလေ၏။ ဦးလောစံက 'နှစ်ကျပ်ရလျှင်ယူမည်' ဟု ပြောပြန်လေ၏။ ထိုအခါ ဆိုင်ရှင်တရုတ်ကြီးက 'နှစ်ကျပ်ခွဲရမှသာ ရောင်းနိုင်မည်' ဖြစ်ကြောင်းကို စီကာပတ်ကုံးပြောလေတော့၏။ ဦးလောစံကလည်း ၎င်းကရားအိုးလေးမှာ နှစ်ကျပ်သာတန်ကြောင်း၊ လမ်းကြုံ၍ ဝယ်ခြင်းဖြစ်ကြောင်း၊ တခြားဆိုင်များတွင်လည်းဝယ်၍ရနိုင်ကြောင်း စီကာပတ်ကုံး ပြန်၍ပြောလေ၏။ ဤသို့နှင့်နောက်ဆုံး၌ ၎င်းကရားအိုးကလေးအား နှစ်ကျပ်နှင့် ဈေးတည့်သွားကြလေတော့၏။

ဆိုင်ပြင်သို့ရောက်သောအခါ၌ မောင်ကောင်းတုံက ဦးလောစံအား. .

"ဆရာကြီးကလည်းဗျာ. . ဒီကရားအိုးလေးဟာ နှစ်ကျပ်မတန်ပါဘူး။ သိပ် ဈေးများတာပဲ။ အလွန်ဆုံးပေးရလှတစ်ကျပ်ပေါ့။ ဒီတရုတ်အဘိုးကြီးက အလကား ဈေးတင်ထားတာပါဗျာ။ ဆရာကြီးက လိုချင်နေမှန်းသိလို့ သူကသက်သက်မဲ့ဈေးကိုင်နေတာ။ အဲဒါကို ဆရာကြီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



မရိပ်မိဘူး။ နှစ်ကျပ်နဲ့ သွားဆစ်လိုက်တာကိုးဗျ။ အဲဒီကတည်းကိုက သူကရောင်းချင်နေပြီ။ ဒါတောင် မူလိုက်သေးတယ်။ နောက်ဆုံး ရောင်းမှာပဲ”

ဟု မကျေမနပ်ဖြင့် ပြောလေ၏။

“နှစ်ကျပ်တော့ တန်ပါတယ်ကွာ။ ဒီ့ထက်တော့လျော့မယ် မထင်တော့ဘူးကွ”

ဟု ဦးလောစံက ပြန်၍ပြောလေ၏။ ထိုအခါ မောင်ကောင်းတို့က. .

“ဆရာကြီးကလည်း သဘောမပေါက်သေးဘူးကိုး။ ရန်ကုန်က ဈေးသည်တွေက သိပ်လည်တယ်ဗျ။ သူတို့ပစ္စည်းတွေကို ဝယ်သူတွေ မဆစ်ခင်ကတည်းက ကြိုပြီးဈေးတင်ထားကြတာ။ ဒါမှ ဝယ်သူက ဆစ်တာတောင် သူရောင်းနိုင်တဲ့ဈေးထက်တောင် ပိုပြီးရကြတာပေါ့။ နှစ်ကျပ်တန်တဲ့ ပစ္စည်းကို လေးကျပ်ပြောမယ်။ ဒီတော့ ဝယ်သူက သုံးကျပ်ဆစ်တော့ သူ့အဖို့ တစ်ကျပ်တောင် ပိုမြတ်သွားတာပေါ့ ဆရာကြီး”

ဟု ဦးလောစံအား ရှင်းပြလေ၏။ ထိုအခါ ဦးလောစံသည် ဟက်ဟက်ပက်ပက်ရယ်မောပြီးလျှင်. .



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . ဟား. . ဟား. . ။ ဒါက မဆန်းပါဘူးကွာ။ ငါလည်း သဘောပေါက်ပါတယ်။ ရန်ကုန်ကဈေးသည်တွေ တင်မကပါဘူး။ တစ်ကမ္ဘာလုံးမှာရှိတဲ့ဈေးသည်တွေ အားလုံးဟာ ဒီအတိုင်းပါပဲ။ သူတို့ရဲ့ပစ္စည်းတွေကို မဝယ်ခင်ကတည်းက အဆမတန် ဈေးတင်ထားကြတာပဲ။ အဲဒီလိုပဲ ကမ္ဘာပေါ်မှာရှိတဲ့ ဝယ်သူအားလုံးဟာလည်း ရောင်းသူတွေရဲ့ပစ္စည်းတွေကို မဝယ်ခင်ကတည်းက ဈေးဆစ်ထားကြတာပဲမဟုတ်လား ကောင်းတုံရ"

ဟု ပြန်၍ပြောလေ၏။

"ဘယ်လိုလဲဆရာကြီး။ ကျွန်တော်တော့ နားမလည်ပါဘူး။ ဝယ်သူတွေက ရောင်းသူတွေရဲ့ ပစ္စည်းတွေကို မဝယ်ခင်ကတည်းက ဈေးဆစ်ထားကြတယ်ရယ်လို့။ ဆရာကြီးရာ. . တစ်ခါဖူးမျှ မကြားဖူးပါဘူး"

"အေးလေ. . မကြားဖူးသေးတာလည်း ကြားဖူးသွားအောင် နားထောင်ပေါ့ကွာ။ ငါပြောမယ်. . ။ ဈေးသည်တိုင်းဟာ သူတို့ရဲ့ပစ္စည်းတွေကို အမြင့်တကာ့ အမြင့်ဆုံးဈေးနဲ့ ရောင်းချင်ကြတာပဲမဟုတ်လား။ အင်္ဂလိပ်လိုတော့ (Highest Price) ပေါ့ကွာ။ အမြင့်ဆုံးဈေးပေါ့။ ရောင်း



www.burmeseclassic.com

www.burmeseclassic.com



သူဟာ သူ့ပစ္စည်းအတွက် (Highest Price) လို့ခေါ်တဲ့ အမြင့်ဆုံးဈေးကို လိုချင်သလို ဝယ်သူကလည်း အဲဒီ ပစ္စည်းကို အနိမ့်ဆုံးဈေးနဲ့ လိုချင်ကြတာပဲ။ အင်္ဂလိပ်လို တော့ (Lowest Price) ပေါ့ကွာ။ ဒါပေမယ့် ပစ္စည်းတစ်ခု အတွက် ရောင်းသူလိုချင်တဲ့ (Highest Price) အမြင့် ဆုံးဈေးနဲ့ ဝယ်သူလိုချင်တဲ့ (Lowest Price) အနိမ့်ဆုံး ဈေးဟာ ဘယ်တော့မှမဖြစ်နိုင်ကြဘူးကွ။ ဘာဖြစ်လို့လဲ ဆိုတော့ ဥပမာတစ်ခုထားပြီးပြောပြမှ မင်းသဘောပေါက် လိမ့်မယ်ထင်တယ်။ ဒီလိုကွ. . ။ စောစောက တရုတ်အဘိုး ကြီးက ဒီကြွေကရားအိုးလေးကို တို့ကို ဘယ်လောက်နဲ့ ရောင်းချင်သလဲ ကောင်းတို့"

"သုံးကျပ်နဲ့ပေါ့ ဆရာကြီးရ။ သူက သုံးကျပ်လို့ပြောတယ် မဟုတ်လား"

"ဟုတ်တယ်လေ။ သုံးကျပ်လို့ သူပြောတာပဲ။ အဲဒါက (Resonable Price) လို့ ခေါ်တဲ့ အဖြစ်နိုင်ဆုံးဈေးကို ပြောတာကွ။ သူလိုချင်တဲ့ (Highest Price) ကို ပြောတာ မဟုတ်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူလိုချင်တဲ့ (Highest Price) လို့ခေါ်တဲ့ အမြင့်ဆုံးဈေးက ဘယ်လောက်လဲဆရာကြီး"

"သူလိုချင်တဲ့ အမြင့်ဆုံးဈေးက တစ်သိန်း၊ နှစ်သိန်း၊ တစ်ကုဋေ၊ နှစ်ကုဋေပေါ့ကွာ။ ဒီထက်မကလည်း လိုချင်ဦးမှာပေါ့။ မဟုတ်ဘူးလား ကောင်းတို့။ သေသေချာချာ စဉ်းစားကြည့်လေကွာ"

ဟု ဦးလောစံကပြောလိုက်ရာ မောင်ကောင်းတို့သည် မည်သို့မျှ ပြန်၍မပြောတော့ဘဲ ၎င်း၏ပွတ်ချွန်းဆေးလိပ်ကို မီးညှိဖွာရှိုက်၍ စဉ်းစားတွေးတောနေလေတော့၏။ ထို့နောက်. .

"ဟုတ်တယ်ဆရာကြီး. . ဟုတ်တယ်။ ကျွန်တော်သဘောပေါက်ပြီ။ တရုတ်အဘိုးကြီးက ဒီကြွေကရားအိုးလေးကို ဖြစ်နိုင်ရင် ရွှေဒင်္ဂါးအမြောက်အမြားနဲ့ ရောင်းချင်မှာပဲနော်"

ဟု ပြန်၍ပြောလေ၏။

"အေးပေါ့ကွာ။ ဒို့ထက်မကတောင် ပိုပြီးလိုချင်ဦးမှာပေါ့ကွ။ ဒါပေမယ့် သူလိုချင်တဲ့ (Highest Price) အမြင့်ဆုံးဈေးကို ပြောလို့မဖြစ်ဘူးလေ။ သူ အရှုံးဖြစ်သွားမှာပေါ့။ ဒီတော့ (Resonable Price) လို့ ခေါ်တဲ့ ဖြစ်နိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စျေးနှုန်းကို ပြောရတာပေါ့ကွ။ ဝယ်သူဖြစ်တဲ့ တို့ကလည်း ကြွေကရားအိုးလေးကို တစ်ပြားတည်းနဲ့ မလိုချင်ဘူးလား”

“လိုချင်တာပေါ့ ဆရာကြီးရ”

“အေး. . ဖြစ်နိုင်ရင် အလကားကော မယူချင်ဘူးလား ကောင်းတို့”

“အလကားရရင် ပိုကောင်းတာပေါ့ ဆရာကြီးရ”

“ဟား. . ဟား. . ။ အလကားရရုံတင်မကသေးဘူး။ ဒီ ကြွေကရားအိုးလေးအပြင် ရွှေဒင်္ဂါးတွေကိုပါ အလိုက်ပေး ရင်ကော ပိုမကြိုက်ဘူးလား ကောင်းတို့”

ဦးလောစံ၏စကားကြောင့် မောင်ကောင်းတိုးသည် သဘောကျစွာ တဟားဟားနှင့် ရယ်မောပြီးလျှင်. .

“ဟား. . ဟား. . ဟား. . ။ ဟုတ်တယ်ဆရာကြီး. . ဟုတ် တယ်. . ဟုတ်တယ်။ ဝယ်သူတွေက ရောင်းသူတွေရဲ့ ပစ္စည်းကိုပေးချင်တဲ့ (Lowest Price) လို့ခေါ်တဲ့ အနိမ့် ဆုံးစျေးဆိုတာကို သဘောပေါက်သွားပြီ ဆရာကြီး”

ဟု ပြန်၍ပြောလေ၏။

“အေးပေါ့ကွာ။ ဒီတော့ ငါက သူ့ ကြွေကရားအိုးလေးကို ငါလိုချင်တဲ့ (Lowest Price) အနိမ့်ဆုံးစျေး သွားပြော



www.burmeseclassic.com

www.burmeseclassic.com



ရင် အရိုက်ခံရမှာပေါ့ကွာ။ ဒီတော့ ဖြစ်နိုင်တဲ့ (Resonable Price) ကို ပြောရတာပေါ့ကွာ။ အဲဒါကြောင့် ပြောတာပေါ့ကွာ။ ရောင်းသူ၊ ဝယ်သူတွေရဲ့ ရောင်းဝယ်မှုသဘောကို နားလည်သွားရင် ကိုယ်က ဈေးရောင်းနေလို့ ဝယ်သူကဆစ်ရင်လည်း ဒေါသမဖြစ်တော့ဘူး။ ကိုယ်က ဝယ်သူဖြစ်လို့ ရောင်းသူက ဈေးတင်ထားရင်လည်း ဒေါသမဖြစ်တော့ဘူးကွ။ ဝယ်ချင်ရင်ဝယ်၊ ရောင်းချင်ရင် ရောင်းရုံပဲရှိတယ်။ ဘာမှ အာဃာတဖြစ်နေစရာ မလိုတော့ဘူး”

ဟု ဦးလောစံက ရှင်းပြလေ၏။

ထိုအခါ မောင်ကောင်းတုံက. .

“ဆရာကြီးကတော့ လူတွေရဲ့သဘောကို တော်တော်နားလည်တာပဲနော်။ ကျွန်တော်တော့ဖြင့် ဒီလောက်မတွေးမိပါဘူး။ ကျွန်တော်လည်း ဆရာကြီးလိုပဲ လူတွေရဲ့သဘောကို နားလည်အောင် စာတွေဖတ်ရဦးမယ်”

ဟု ပြောလေရာ ဦးလောစံက. .

“ဟား. . ဟား. . ဟား။ သိပ်ဟုတ်တာပေါ့ ကောင်းတုံရာ။ လူတွေရဲ့သဘောကို နားလည်ချင်ရင် စာဖတ်ရမှာပေါ့ကွ။ ဒါပေမယ့် စာအုပ်တွေအများကြီး ဖတ်စရာမလိုပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တစ်အုပ်တည်းပဲ ဖတ်ဖို့လိုပါတယ်ကွာ”

ဟု ပြန်၍ပြောလေ၏။

“စာအုပ်တစ်အုပ်တည်းပဲ ဖတ်ဖို့လိုတယ်. . ဟုတ်လား ဆရာကြီး။ ဘယ်လိုစာအုပ်မျိုးလဲ ဆရာကြီး”

“ဘယ်တော့မှ ဖတ်လို့မကုန်နိုင်တဲ့ သဘာဝလောကကြီး ဆိုတဲ့ စာအုပ်လေကွာ ကောင်းတုံရ။ မင်းအတွက် သဘာဝ လောကကြီးဟာ ဖတ်စရာစာအုပ်ကြီးတစ်အုပ်အဖြစ် သဘောထားလိုက်ပါ။ ပြီးတော့ မင်းကြုံတွေ့ခဲ့၊ ကြုံတွေ့ နေဦးမယ့် မင်းရဲ့ကျင်လည်ရာပတ်ဝန်းကျင်ဟာ အဲဒီ သဘာဝလောကကြီးဆိုတဲ့ စာအုပ်ကြီးထဲက စာမျက်နှာ တွေပဲ။ နောက်ပြီး မင်းတွေ့ကြုံခဲ့၊ တွေ့ကြုံရဦးမယ့် ရန်သူ တွေ၊ မိတ်ဆွေတွေ၊ ဆရာတွေ၊ တပည့်တွေ၊ ချစ်သူတွေ၊ သားသမီးတွေ၊ အလုပ်ရှင်တွေ၊ အလုပ်သမားအားလုံးဟာ အဲဒီသဘာဝစာအုပ်ကြီးရဲ့ ပတ်ဝန်းကျင်စာမျက်နှာတွေ မှာပါတဲ့ စာလုံးတွေ၊ စာကြောင်းတွေပေါ့ကွာ”

ဟု ဦးလောစံက ပြောလိုက်လေ၏။ မောင်ကောင်းတုံလည်း ပွတ်ချွန်းဆေးလိပ်တိုကိုဖွာရှိုက်၍လမ်းလျှောက်ရင်း ဦးလောစံ၏စကား အား သေချာစွာစဉ်းစားပြီးနောက်. .



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ ဆရာကြီးရယ်။ သဘာဝလောကကြီး ဆိုတဲ့ စာအုပ်ကိုပဲ ဖတ်ရမယ်။ ထိတွေ့ရင်း ဆက်ဆံနေရတဲ့ ပတ်ဝန်းကျင်စာမျက်နှာတွေကို ဂရုစိုက်ပြီးဖတ်ရမယ်။ ပြီးတော့ စာကြောင်းတွေ၊ စာလုံးတွေဖြစ်တဲ့ လူတွေနဲ့ သူတို့ရဲ့အမူအကျင့်တွေ၊ စရိုက်တွေကို မှတ်သားရမယ်"

ဟု ပြောလိုက်ရာ ဦးလောစံက. .

"ဒီလိုဆိုရင် မင်း တကယ်စာတတ်ပြီ လူကလေး"

ဟု ကျေကျေနပ်နပ်ကြီး ပြောလိုက်လေတော့သတည်း။

*****



www.burmeseclassic.com

www.burmeseclassic.com



# မောင်ကောင်းတုံ မျှော်ရပြန်ပြီ

အထက်ကဆိုခဲ့သည့်အတိုင်း ဦးလောစံနှင့် မောင်ကောင်းတုံတို့ ဆရာတပည့်နှစ်ယောက်သည် အေးချမ်းစွာနေထိုင်ခဲ့ကြလေတော့၏။ မဂိုလမ်းမှ စိန်ဘာဘူကုလားများလည်း ဦးလောစံတို့၏ ပန်းထိမ်လက်ရာများကို လွန်စွာသဘောကျသည့်အပြင် ရိုးသားခြင်းကိုလည်း လွန်စွာ အသိအမှတ်ပြုကြလေ၏။

မောင်ကောင်းတုံက မဂိုလမ်းသို့သွားကာ လက်ဝတ်ရတနာလုပ်ရမည့် စိန်များနှင့် ရွှေများကို အချိန်အတွယ်အရေအတွက်နှင့် တကွ လက်ခံယူခဲ့၏။ လက်ဝတ်ရတနာများလုပ်ကိုင်ပြီးသောအခါ၌ မောင်ကောင်းတုံပင် သွားရောက်အပ်နှံ၏။ ၎င်းတို့အတွက် လုပ်ခများကိုလည်း မောင်ကောင်းတုံကပင် ဦးလောစံကိုယ်စား ထုတ်ယူခဲ့တတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ မဂိုလမ်းမှ စိန်ဘာဘူတစ်ဦးသည် ဦးလောစံတို့၏ထံသို့ ကိုယ်တိုင်လာ၍. .

"ဆရာကြီးဦးလောစံရေ။ ဟောဒီပစ္စည်းတွေကတော့ လက်ရာဆန်းမှဖြစ်မယ်။ ဘိလပ်ကိုပို့မယ့်ဟာတွေ။ အားလုံး သုံးသောင်းဖိုးလောက်ရှိမယ်။ လက်ရာဆန်းချင်တယ်။ သေသေသပ်သပ်ဖြစ်စေချင်တယ်။ ပြီးတော့ မြန်ချင်တယ်"

ဟုဆိုကာ ပန်းထိမ်လုပ်ခများကိုပါ နှစ်ဆပေး၍ ရှင်းသွားလေ၏။

ထိုအခါ ဦးလောစံကလည်း. .

"အရေးကြီးတော့လည်း ကြီးသလို လုပ်ပေးရမှာပေါ့ ဘာဘူကြီးရယ်"

ဟု ပြောဆိုကာ နေ့ရောညပါ ဆရာတပည့်နှစ်ဦးသည် ကြိုးစား၍လုပ်ကိုင်ခဲ့လေ၏။ တစ်ပတ်ခန့်ကြာသောအခါ၌ စိန်ဘာဘူအပ်နှံသွားသော သုံးသောင်းဖိုးမျှ လက်ဝတ်ရတနာပစ္စည်းများအား လုပ်ကိုင်၍ ပြီးစီးသွားလေ၏။

ထိုအခါ ဦးလောစံက. .

"မောင်ကောင်းတုံရေ. .။ ပစ္စည်းတွေ သွားပြီးပို့ကွာ။

www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားနဲ့မသွားနဲ့ကွ။ ခါးပိုက်နှိုက်စာမိသွားဦးမယ်။ အဲဒီတော့ ရထားလုံးတစ်စီးသွားပြီးငှားကွာ။ အဲဒါနဲ့ သွား။ စိတ်အချရဆုံးပဲ"

ဟု ဆိုလေ၏။

မောင်ကောင်းတုံလည်း ရထားလုံးတစ်စီးကို သွား၍ငှားလေ၏။ ရထားလုံးရလျှင် . .

"ကဲ . . ဆရာကြီး။ သွားမယ်"

ဟုဆိုကာ စိန်ထည်ပစ္စည်းများအား ဘူးအတွင်းသို့ ထည့်လေ၏။ ပြီးလျှင် ထိုဘူးအား လွယ်အိတ်နှင့်ထည့်ပြန်၏။ ထို့နောက် မောင်ကောင်းတုံလည်း ရထားလုံးပေါ်သို့ တက်လေ၏။ ရထားလုံးမောင်းသော ကုလားကိုလည်း မဂိုလမ်းသို့မောင်းရန်ပြောလေ၏။

*__မှတ်ချက်။__ ။ ရထားလုံးဆိုသည်ကို ယခုခေတ် အသက်နှစ်ဆယ်အောက်လူငယ်များ မမြင်ဖူးကြပေ။ ရထားလုံးသည် မြင်းလှည်းကဲ့သို့မဟုတ်။ မောင်းသောသူက အမိုးပေါ်တွင် ထိုင်၍ မောင်းရလေ၏။ စီးသောနေရာမှာ လေးထောင့်စပ်စပ်ပုံသဏ္ဌာန်ဖြစ်၏။ ပြတင်းပေါက်များပါ၏။ ပြတင်းပေါက်အပြင် တရုတ်ကတ်တံခါးများလည်းပါ၏။ ခရီးသည်များ*



www.burmeseclassic.com

www.burmeseclassic.com



*ကြည့်ရန်အတွက် အတွင်းဘက်၌ ကြည့်မှန်ကလေးတစ်ချပ် ထည့်၍ထားတတ်သေး၏။ ဘီးလေးဘီးရှိ၏။ နောက်ဘီးက ကြီး၏။ ရှေ့ဘီးက အနည်းငယ်ငယ်၏။ ရထားလုံးမောင်းသမားသည် မြင်းနှင့်လူ လွန်စွာဝေးသောကြောင့် ကျာပွတ်ရှည်ကြီးကို အသုံးပြုရ၏။ ထိုရထားလုံးကို ရန်ကုန်မြို့၌ ရှေးအခါက အိမ်တွင်းပုန်းကုလားမများ လွန်စွာစီးလေ့ရှိတတ်၏။*

**စာရေးသူ**

မောင်ကောင်းတို့သည် ရထားလုံးအတွင်းသို့ရောက်သောအခါ တံခါးများကို ပိတ်လိုက်ပြီးလျှင် သက္ကဋဘာသာဖြင့်ရေးထားသော ဆုံးမစာ စာအုပ်တစ်အုပ်ကို ဖတ်ရှုရင်း လိုက်ပါလာခဲ့လေ၏။ ရထားလုံးသည် ရေကျော်လမ်းမကြီးအတိုင်း သာယာနာပျော်ဖွယ်ကောင်းသော ခြူသံများ၊ ခွာသံများကို ဖြစ်ပေါ်စေလျက် မောင်းနှင်ခဲ့လေ၏။

မောင်ကောင်းတို့လည်း စာအုပ်၌ စိတ်ဝင်စားစွာ ဖတ်ရှုလေ၏။ တစ်အောင့်မျှကြာလျှင် မောင်ကောင်းတို့သည် တရုတ်ကတ်မှနေ၍ အပြင်ဘက်သို့ကြည့်လိုက်ရာ ရထားလုံးသည် တည့်တည့်သွားရမည့်အစား စက်ဆန်းမှဖြတ်၍ ငမိုးရိပ်ချောင်းဘက်သို့မောင်းနှင်လာကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိရသဖြင့် ပြတင်းပေါက်တံခါးကိုဖွင့်ကာ ခေါင်းကိုအပြင်သို့ထုတ်၍ အမိုးပေါ်မှ ရထားလုံးမောင်းသောကုလားအား. .

"ဟေ့ကောင် လမ်းမှားလာပြီ။ ဘာဖြစ်လို့ ဒီဘက်ကို ချိုးတာတုံး"

ဟု အော်၍ပြောလေ၏။ ထိုအချိန်၌ပင် ရထားလုံးနောက်၌ တွယ်ကပ်၍ ခိုစီးလာသော တစ်စုံတစ်ယောက်သောသူက မောင်ကောင်းတုံ၏မျက်နှာအား လက်ကိုင်ပဝါဖြင့် လှမ်း၍အုပ်ကိုင်လိုက်လေ၏။ မောင်ကောင်းတုံလည်း ထိုသူ၏လက်ကို ဖမ်းဆွဲလိမ်ကာ တံခါးပေါက်နှင့်ညှပ်၍ 'ဂွတ်'ခနဲချိုးပစ်လိုက်လေ၏။

ထိုအချိန်၌ပင် အခြားတစ်ယောက်သည် ရထားလုံးတံခါးကို ဖွင့်၍ဝင်လာပြီးလျှင် မောင်ကောင်းတုံ၏မျက်နှာအား လက်ကိုင်ပဝါဖြင့်အုပ်ပြန်၏။ မောင်ကောင်းတုံလည်း ထိုသူ၏ဝမ်းဗိုက်အား ခြေဖြင့်ကန်၏။ သို့ရာတွင် ၎င်း၏ဦးခေါင်းအတွင်းမှ နောက်ကျိကျိဖြစ်သော ဝေဒနာတစ်မျိုးသည် ရုတ်တရက်ခံစားလာရပြီးနောက် နောက်သို့ လန်ကျကာ သတိလစ်မေ့မြောသွားလေတော့၏။

ထိုအချိန်၌ ရထားလုံးမောင်းသောကုလားက. .

"ဟေ့. . လှမြင့်။ ဟိုမှာ ပေါစံလက်ကျိုးသွားပြီကွ။ ရထားပေါ် မြန်မြန်တင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အမိန့်ပေးလိုက်လေ၏။

ထိုအခါ လှမြင့်အခေါ်ခံရသူက ရထားလုံးမောင်းသော ကုလားအား . .

"ဆရာ ကိုကောင်းစံ။ ဒီလမ်းအတိုင်း မောင်းလို့ ဖြစ်ပါ့မလား"

ဟု မေးလေ၏။

"ငါပြောတဲ့အတိုင်းသာ လုပ်စမ်းပါကွာ"

ဟု ဆိုသဖြင့် လှမြင့်လည်း လက်ကျိုးသွားသော ပေါ်စံအား ရထားလုံးပေါ်သို့ ဆွဲတင်ပြီးလျှင် ၎င်းကိုယ်တိုင်လည်း ရထားလုံးအတွင်းသို့ဝင်ကာ တံခါးများကိုပိတ်လိုက်လေ၏။ အမိုးပေါ်မှ ရထားလုံးကုလားဟန်ဆောင်ထားသော ကောင်းစံလည်း ဘီဒီဆေးလိပ်ကိုခဲလျက် ရထားကို ကြည့်မြင်တိုင်လှိုင်မြစ်ဘက်ဆီသို့ ဣန္ဒြေရစွာ မောင်းနှင်သွားလေတော့၏။

လှိုင်မြစ်သို့ရောက်လျှင် လူရှင်းရာနေရာ၌ ရထားကိုရပ်လေ၏။ ထို့နောက် အလွတ်ဆိုက်ကပ်ထားသော လှေတစ်စင်းပေါ်သို့ သတိမေ့နေသော ကောင်းတုံအား ပွေ့၍တင်ပြီးလျှင် ကောင်းတုံ၏ကိုယ်ပေါ်သို့ လှမြင့်ဆိုသူက အရက်များလောင်းချလေ၏။ ပြီးလျှင် ကောင်းစံက လှေကြိုးကိုဖြုတ်လျက် . .



www.burmeseclassic.com

www.burmeseclassic.com



"သွားပေဦးတော့ သူငယ်ချင်း မောင်ကောင်းတုံရေ"

ဟုပြောဆိုကာ ရေစီးကြောင်းအတွင်းသို့ လှေအား တွန်းထိုးလိုက်လေတော့၏။

လှေကလေးသည် ရေစီးကြောင်းအတိုင်း တည့်မတ်စွာ မျောပါ၍ သွားလေတော့၏။ သို့ရာတွင် လှေပေါ်တွင် သတိမေ့လျက်လိုက်ပါသွားသော မောင်ကောင်းတုံ၏အဖြစ်ကား ရေစီးကြောင်း ပြောင်း၍ သွားပြီဖြစ်ပေသတည်း။

*****

ထိုနေ့ညနေပိုင်းတွင်ကား ဦးလောစံ၏အိမ်သို့ စိန်ဘာဘူ ကုလားနှင့်အတူ ပုလိပ်များရောက်ရှိလာပြီးလျှင် ဦးလောစံအား ဖမ်းဆီးကြလေတော့၏။ ပုလိပ်များက လည်းကောင်း၊ စိန်ဘာဘူက လည်းကောင်း မောင်ကောင်းတုံသည် စိန်ထည်များယူ၍ ထွက်ပြေးသွားကြောင်း၊ ထိုသို့ထွက်ပြေးသွားခြင်းမှာ ဦးလောစံနှင့် တိုင်ပင်၍ ပြုလုပ်ကြောင်း စွပ်စွဲကြကုန်၏။

ဦးလောစံကမူ မောင်ကောင်းတုံသည် မိမိအား ဒုက္ခရောက်စေမည့်အလုပ်ကို မည်သည့်အခါမျှ လုပ်လိမ့်မည်မဟုတ်ကြောင်း ပြောဆိုလေ၏။ သို့ရာတွင် ပုလိပ်များကမူ ဦးလောစံအား ဂါတ်သို့ ဖမ်းဆီး

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်သွားကြလေတော့၏။

ဤနေရာတွင် သတိလစ်၍ လှေကလေးပေါ်၌ မျောပါသွားရရှာသော မောင်ကောင်းတို့၏အကြောင်းကို ဖော်ပြရန်လိုပေသည်။

မောင်ကောင်းတို့၏လှေကလေးသည် ရေစီးကြောင်းအတိုင်း မျောပါသွားလေ၏။ မြစ်ထဲတွင်သွားလာနေသော သမ္ဗာန်အချို့သည် ထိုလှေကလေးကိုတွေ့သဖြင့် အနီးသို့ကပ်၍ကြည့်ရှုရာ အရက်နံ့လည်းရ၊ တုံးလုံးလဲနေသောလူကိုလည်း တွေ့သဖြင့် . .

"လှေသမားတစ်ဦး အရက်မူးပြီး မျောချင်ရာ မျောလာတာပါ။ တော်တော်ကြာ အမူးပြေတော့မှ သူ့ဘာသာသူ ထပြီးလှော်လိမ့်မယ်"

ဟု ပြောဆိုကာ ရှောင်ခွာသွားကြကုန်၏။

ဤသို့နှင့်ပင် မောင်ကောင်းတို့သည် မျောချင်တိုင်း မျောရရှာလေတော့၏။

ညပိုင်းသို့ရောက်သောအခါ၌ မြစ်ရိုးတစ်လျှောက်လုံးသည် ပိန်းပိတ်အောင် မှောင်လျက်ရှိလေ၏။ လှေသမ္ဗာန်များလည်း အသွားအလာ နည်းလေ၏။ မောင်ကောင်းတို့၏လှေကလေးမှာမူ မည်သည့်နေရာတွင်မှ ငြိကပ်ခြင်းမရှိဘဲ ဆက်လက်၍မျောခဲ့လေ၏။

ထိုအချိန်မှာပင် လူလေးဦးစီးနင်းလိုက်ပါလာသော သမ္ဗာန်



www.burmeseclassic.com

www.burmeseclassic.com



တစ်စင်းသည် မောင်ကောင်းတုံ၏လှေအနီးသို့ ရောက်ရှိလာလေ၏။ သမ္ဗာန်ခတ်သူက. .

"လှေတစ်စီး မျောလာပါလား"

ဟု ပြောဆိုလေ၏။ ထိုအခါ တစ်ယောက်သောသူက ကျား မျက်လုံးမီးခွက်ကိုမီးညှိ၍ မောင်ကောင်းတုံ၏လှေအား ထိုးကြည့်လေ၏။ ထိုသို့ထိုးကြည့်ပြီးနောက်. .

"ဟ. . လှေပေါ်မှာ လူပါတယ်ဟ။ ဘယ်လိုဖြစ်တာပါလိမ့်"

ဟု ပြောဆိုကာ မောင်ကောင်းတုံ၏လှေကို ဖမ်းဆွဲလိုက်လေ၏။ ထိုသို့ဖမ်းဆွဲပြီးနောက် မောင်ကောင်းတုံ၏လှေမှ အရက်နံ့ရသဖြင့်. .

"မူးပြီး မျောချင်ရာမျောလာတာကိုး"

ဟု ပြောဆိုလေ၏။ ထိုအခါ တစ်ယောက်သောသူက. .

"ဟိုဘက်ဆက်မျောသွားရင် မြစ်ခွဆုံရှိတယ်။ ဒီလူ ဒုက္ခရောက်သွားလိမ့်မယ်။ ခေါ်လာခဲ့ပါကွာ"

ဟု ပြောသဖြင့် တစ်ယောက်သောသူက မောင်ကောင်းတုံ၏ လှေမှ ကြိုးကိုကောက်ကိုင်၍ ၎င်းတို့၏သမ္ဗာန်၌ချိတ်ဆွဲကာ ခေါ်လာခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဖင်းသမ္မာန်သည် ချောင်းကွေ့ကလေးအတွင်းသို့ ဝင်သွားပြီးလျှင် ခနိတောကလေးတစ်တောကိုဖြတ်၍ တဲအိမ်ကလေးတစ်လုံးရှေ့၌ ဆိုက်ကပ်လေ၏။

ထို့နောက် ဖင်းတို့သည် သမ္မာန်ပေါ်မှ တဲအိမ်ဆီသို့ သွားကြလေ၏။ တစ်ယောက်သောသူက. .

"လှေပေါ်က အရက်သမားကိုလည်း နှိုးပြီးခေါ်ခဲ့ပါကွာ"

ဟုဆိုသဖြင့် သမ္မာန်သမားသည် မောင်ကောင်းတုံအား နှိုးလေ၏။ ထိုသို့နှိုးကြည့်ပြီးနောက် ပါးစပ်ကိုနမ်းကြည့်ရာ မောင်ကောင်းတုံ၏ပါးစပ်မှ အရက်နံ့မရဘဲ အကျီအဝတ်အစားများ၌သာ အရက်နံ့ရ၍ နေသောကြောင့် ဖင်းလူများအား. .

"ဒီကောင်က အရက်မူးလာတာ မဟုတ်ဘူး။ ပါးစပ်မှာ အရက်နံ့မရဘူး။ အကျီအဝတ်အစားမှာသာ အရက်နံ့ထွက်နေတာ။ ဘယ်လိုဖြစ်တာလဲမသိဘူး။ သတိမေ့နေတာနဲ့တူတယ် "

ဟု ပြောလိုက်လျှင် ဖင်းတို့အနက်မှ ဩဇာရှိပုံရသော လူတစ်ဦးက. .

"လူ့အသက်ဆိုတာ ကယ်ကောင်းပါတယ်ကွာ။ ဒီအတိုင်းပစ်မထားပါနဲ့။ အပေါ်ကို မ,ခဲ့ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသဖြင့် လူနှစ်ယောက်က မောင်ကောင်းတုံအား ပွေ့ချီ၍ တဲဆီသို့မ,သွားကြလေတော့၏။

တဲသို့ရောက်လျှင် မောင်ကောင်းတုံအား မီးခွက်ထွန်း၍ အသေအချာကြည့်ကြကုန်၏။ ပြီးလျှင် မျက်နှာကိုရေဖြင့်တောက်ပေးကြကုန် ၏။ ထိုအခါ မောင်ကောင်းတုံသည် ပြန်လည်၍ သတိရလာလေတော့ ၏။

ထိုသူများက. . .

"ဘယ်လိုဖြစ်တာတုံး ကိုယ့်လူ"

ဟု မေးကြလေ၏။

မောင်ကောင်းတုံကလည်း. .

"ညနေသုံးနာရီလောက်ကတည်းက သတိမေ့သွားတာဆိုပါတော့ မိတ်ဆွေတို့ရာ။ ဒါနဲ့ နေပါဦး. . ။ ကျုပ် အခု ဘယ်ကိုရောက်နေတာတုံး"

ဟု မေးလေ၏။

ထိုအခါ ထိုသူတို့က. .

"ရန်ကုန်နဲ့ သိပ်မဝေးသေးပါဘူး"

ဟု ပြောလေ၏။

ထို့နောက် ထိုသူတို့သည် ထမင်းဟင်းချက်ပြုတ်ကာ ဧင်းတို့



www.burmeseclassic.com

www.burmeseclassic.com



နှင့် အသင့်ပါလာသော အရက်ပုလင်းများကိုဖွင့်၍ အရက်သောက်ခြင်း၊ ထမင်းစားခြင်း ပြုကြကုန်၏။ မောင်ကောင်းတုံကမူ ၎င်းတို့ကျွေးသော်လည်း ထမင်းမစားဘဲ ရေနွေးကြမ်းနှင့် ထန်းလျက်ခဲကိုသာ သောက်၍ နေလေ၏။ မောင်ကောင်းတုံက. .

"ကျုပ် ဘယ်ကိုရောက်နေတာတုံးဗျ။ ပြောပြစမ်းပါဦး"

ဟု မေးလေ၏။ ထိုအခါ တစ်ယောက်သောသူက. .

"ရှေ့ကိုဆက်ပြီးသွားရင် ထန်းတစ်ပင်မြို့ကို ရောက်ပြီဗျ။ ကျုပ်တို့သိချင်တာက ခင်ဗျား ဘယ်လိုလုပ်ပြီး သတိလစ်လာတယ်ဆိုတာကို သိချင်တာပဲ"

ဟု ဆိုလေ၏။

"ကျုပ်လည်း အဲဒါကိုပြောမလို့ စဉ်းစားနေတာပဲ။ ကျုပ်ခေါင်းထဲမှာ နောက်ကျိုကျိုဖြစ်နေလို့ ဘာက စ,ပြောရမယ်ဆိုတာ စဉ်းစားလို့မရဘူး။ ကျုပ်မျက်စိတွေလည်း မကြည်ဘူးဗျ။ ခင်ဗျားတို့ကိုကြည့်ရတာ ရေငုပ်ပြီး ရေထဲမှာ ကြည့်နေရသလိုပဲဗျ"

ဟု မောင်ကောင်းတုံက ပြောလိုက်လေ၏။

ထိုအခါ တစ်ယောက်သောသူက. .

"မြမောင်ရာ. .။ ဆေးမိလာတာနဲ့ တူပါတယ်။ မေးမနေ

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါနဲ့။ မနက်ကျမှ သေသေချာချာမေးစမ်းပါ။ အိပ်ပါစေတော့"

ဟု ပြောလိုက်လေ၏။ မောင်ကောင်းတို့လည်း အနီးရှိကွပ်ပျစ်ပေါ်တွင် ဝါးဘိုးဝါးကို ခေါင်းအုံးလျက် အိပ်စက်လေတော့၏။

နံနက်မိုးလင်းသောအခါ၌ သမ္မာန်တစ်စီး ထိုတဲရှေ့သို့ ရောက်ရှိလာပြီးလျှင် သမ္မာန်သမားသည် သတင်းစာကိုကိုင်၍ တဲပေါ်သို့ တက်လာလေ၏။

ပြီးလျှင် တစ်စုံတစ်ယောက်အား ထိုသတင်းစာကို ပေးလိုက်လေ၏။ ထိုတစ်စုံတစ်ယောက်ဆိုသူမှာ ထိုလူစုတွင် အကြီးအကဲလုပ်သူဖြစ်၏။ ထိုသူသည် သတင်းစာမှ ဓာတ်ပုံတစ်ပုံနှင့် ခေါင်းစဉ်ကို ဖတ်ပြီးနောက် မျက်လုံးပြူး၍သွားလေ၏။ ပြီးလျှင် ၎င်း၏လူများအား တိုးတိုးတိတ်တိတ် လှမ်း၍ခေါ်လိုက်လေ၏။ ၎င်း၏လူများလည်း အနီးသို့ ရောက်လာပြီးလျှင်. .

"ဘာလဲဆရာ"

ဟု မေးကြကုန်၏။

"ဒီမှာ တွေ့လားကွ။ သုံးသောင်းဖိုးခန့် စိန်ထည်ပစ္စည်းများဖြင့် ပျောက်နေသူတဲ့။ ဓာတ်ပုံကို သေသေချာချာကြည့်စမ်း။ ညကအကောင်နဲ့ မတူဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု အကြီးအကဲလုပ်သူက ပြောလိုက်လေ၏။ ထိုအခါကျမှ ပင် တစ်ယောက်သောသူက. .

"အစစ်ပါပဲဆရာရယ်။ စိုင်ကော်လို့ ချုပေါ်ရောက်ဆိုတာ ဒါမျိုးပဲ။ ဒီကောင်နဲ့အတူ ဒီပစ္စည်းတွေဟာ ရှိကိုရှိရမယ်။ ကဲ. . ဆရာရေ။ အချိန်ဆွဲနေလို့ မရဘူး။ ဒီကောင့်ကို စစ်မှပဲ"

ဟု ဆိုလေ၏။ ထိုအခါ အကြီးအကဲလုပ်သူက. .

"ပထမတော့ အကြမ်းမကိုင်နဲ့ဦး။ ချော့ကြည့်ပါဦး။ မရမှ ဘဲ အကြမ်းကိုင်ပါ မြမောင်"

ဟု ပြောလေ၏။

ထို့ကြောင့် မြမောင်ဆိုသူသည် ၎င်းတို့လူတစ်ဦးအား သမ္ဘာန် ဖြင့်စေလွှတ်၍ စားဖွယ်သောက်ဖွယ်များ စီမံလေ၏။ ထိုသူသည် သမ္ဘာန် ဖြင့်ထွက်သွားပြီးနောက် တစ်နာရီခန့်အကြာတွင် စီးကရက်ဘူးများ၊ ငါးရံ့ခြောက်မီးဖုတ်များ၊ ကောက်ညှင်းပေါင်းများ၊ လက်ဖက်ရည်အချို့ များ၊ မျက်နှာသုတ်ပဝါနှင့် ဆပ်ပြာမွှေးကိုပါ ယူ၍လာလေ၏။

ထို့နောက် ထိုစားဖွယ်သောက်ဖွယ်များကို ကွပ်ပျစ်ကြီးတစ်ခု ပေါ်၌ သွား၍တင်ထားလေ၏။ ထိုအချိန်၌ပင် မောင်ကောင်းတုံလည်း အိပ်ရာမှ နိုး၍လာလေ၏။ ထိုအခါ မြမောင်က. .

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း အိပ်ရေးဝရဲ့လား။ ခေါင်းတွေကော ကြည်လာပြီလား။ ဟောဟိုမှာ မျက်နှာသစ်ဖို့ ရေခပ်ထားတယ်။ ဆပ်ပြာမွှေးလည်း ရှိတယ်။ မျက်နှာသုတ်ပဝါကလည်း အသစ်ပဲကွ။ သွားတိုက်ဖို့တော့ ဆားပဲရှိတယ်။ ပန်းကန်ထဲမှာ ထည့်ထားပေးတယ်။ မျက်နှာသစ်လိုက်ပါဦး။ ပြီးတော့ စားကြသောက်ကြတာပေါ့"

ဟု ပြောလေ၏။ မောင်ကောင်းတုံလည်း အိပ်ရာမှထ၍. .

"အိပ်ရေးဝပါပြီဗျာ"

ဟု ပြောဆိုကာ မြမောင်တို့ခပ်ထားသော ရေပုံးအနီးသို့သွားကာ ဆားဖြင့် သွားတိုက်၏။ ဆပ်ပြာမွှေးဖြင့်မျက်နှာသစ်၏။ ပြီးလျှင် မျက်နှာသုတ်ပဝါဖြင့် အကျအနသုတ်၍ မျက်နှာသုတ်ပဝါကို ပခုံးပေါ်တင်ကာ ကွပ်ပျစ်ပေါ်သို့ ပြန်လာ၍ တင်ပါးလွှဲထိုင်လေ၏။ ထိုအခါ အကြီးအကဲလုပ်သူက. .

"စားပါသူငယ်ချင်း။ ကောက်ညှင်းပေါင်းကလည်း ပူပူနွေးနွေး၊ ငါးရံ့ခြောက်နီနီလေး၊ ဆီမွှေးမွှေးလေးနဲ့ကွ။ ပြီးတော့ ဟောဟိုမှာ လက်ဖက်ရည်အချို။ အဲဒါကလေးတွေသုံးဆောင်ပြီးရင် မြင်းဖြူတံဆိပ်စီးကရက်ဖွာပြီး ငါတို့ဆီမှာ စိတ်ချမ်းသာသလောက်နေစမ်းပါ သူငယ်ချင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်ကောင်းတုံက ကောက်ညှင်းပေါင်းကို လက်ဖြင့် ဆုပ်ရင်း. .

"ခင်ဗျားတို့လောက်သဘောကောင်းတဲ့လူတွေကို ကျုပ်တစ်သက်မှာဖြင့် မတွေ့ဖူးပေါင်ဗျာ။ ခင်ဗျားတို့ဟာ ဘယ်သူဘယ်ဝါတွေ ဖြစ်ကြတယ်ဆိုတာလည်း ကျုပ်ကို ပြောကြပါဦး"

ဟု မောင်ကောင်းတုံကမေးလိုက်ရာ အကြီးအကဲလုပ်သူက. .

"စားစမ်းပါဦး သူငယ်ချင်းရာ။ ပြောပါ့မယ်. . ပြောပါ့မယ်။ ကျုပ်နာမည်က ကိုညိုကြီးတဲ့။ ဟောဒါတွေကတော့ ကျုပ်ရဲ့ညီအစ်ကိုလိုနေတဲ့ တပည့်တွေပါပဲ။ သူကတော့ မောင်မြမောင်တဲ့။ ဟောဒီနှစ်ယောက်ကတော့ မောင်လတ်ကြီးတဲ့။ တစ်ယောက်က မောင်လတ်ကလေးတဲ့။ နှစ်ယောက်စလုံး မျက်လုံးတစ်ဖက်စီလပ်နေတာကိုအကြောင်းပြုပြီး မှည့်ထားတဲ့ နာမည်တွေပါပဲ သူငယ်ချင်းရာ"

ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်ကောင်းတုံကလည်း ကောက်ညှင်းပေါင်းကို စားရင်း. .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည်က ကောင်းတုံလို့ ခေါ်တယ်ဗျ "

ဟု ပြောလိုက်လေ၏။ ထိုအခါ အကြီးအကဲလုပ်သူက. .

"သူငယ်ချင်း. .။ ဒီလို ပစ္စည်းတွေတစ်ပုံတစ်ခေါင်းကြီး နဲ့ လျှောက်ပြီးပြေးနေလို့မရဘူး။ မကြာခင် ပုလိပ်လက် ရောက်သွားလိမ့်မယ်။ အဲဒီတော့ ကျုပ်တို့က ကူညီစောင့် ရှောက်ပေးမယ်။ ကျုပ်တို့ကိုလည်း ပေးတန်သလောက်ပေး ပေါ့။ မတရားမလုပ်ပါဘူး။ မျှမျှတတလုပ်မှာပါ"

ဟု ညိုကြီးက ပြောလိုက်လေ၏။ မောင်ကောင်းတုံက. .

"ဗျာ. . . ပစ္စည်းတွေ။ ဟုတ်လား"

ဟု ပြန်၍ မေးလိုက်လေ၏။ ထိုအခါ မြမောင်က. .

"ဒီအမူအရာမျိုးတွေ လုပ်ပြမနေပါနဲ့ သူငယ်ချင်းရာ။ မင်း ဆီမှာ စိန်ထည်သုံးသောင်းဖိုးလောက် ပါလာတယ်ဆိုတာ ငါတို့သိပါတယ်။ အဲဒီတော့ ငါတို့ကို အေးအေးဆေးဆေး အပ်ရင် ငါတို့က ခြောက်ပုံ အညီအမျှ ပုံမယ်။ တစ်ပုံကို မင်းကိုပြန်ပေးမှာပါ။ ငါတို့နဲ့လည်း တစ်သက်လုံး လက်တွဲ သွားနိုင်ပါတယ်။ ငါတို့ပြောတာကို နားမထောင်ဘူးဆို ရင်တော့ မင်းအတွက်ဝေစုလည်း မရတဲ့အပြင် မင်းဒုက္ခ ရောက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်နှာထားတည်တည်ဖြင့် ပြောလိုက်ရာ မောင်ကောင်းတို့က မြမောင်၏မျက်နှာကို မော့၍ကြည့်ပြီးလျှင်. .

"ဒုက္ခရောက်သွားမယ်. . ဟုတ်လား။ ဒုက္ခဆိုတာ ဘာများဆန်းလို့တုံး ငါ့လူရာ။ ဒုက္ခမှာ ခြေထောက်လည်းမရှိလို့ ငါ့ကို မကန်နိုင်ဘူး။ လက်လည်းမရှိလို့ ငါ့ကို မရိုက်နိုင်ဘူး။ သွားလည်းမရှိလို့ ငါ့ကိုမကိုက်နိုင်ဘူးကွ။ မင်းပြောတဲ့စိန်ထုပ်ဟာ ငါ့ဆီမှာမရှိတော့ဘူး။ မင်းတို့လို လူဆိုးမျိုးတွေပဲ ငါ့ဆီက မေ့ဆေးနဲ့တို့ပြီး လုယူသွားကြပြီလေကွာ။ အခုလောက်ဆိုရင် ငါ့ဆရာကြီးတောင် အဖမ်းခံနေရလောက်ပြီ။ အခုနေ ငါက မြို့ကိုပြန်သွားပြီး အမှန်ဖြစ်ခဲ့တာတွေကို ပြောပြရင်လည်း ယုံကြမှာမဟုတ်ဘူး။ အဲဒီတော့ ငါ့အနေနဲ့က နောက်ကို ပြန်ပြီးဆုတ်လို့မရတော့ဘူး။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရှေ့ကိုတိုးရတော့မှာပဲ မြမောင်ရေ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ခေါင်းဆောင်လုပ်သူက ညိုကြီးက. .

"မြမောင်ရေ. . ဒီကောင်က အနုနည်းနဲ့ရမယ့်ကောင်စားမဟုတ်ဘူးကွ။ သူကလည်း စိန်သုံးသောင်းဖိုးတောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြောင်လာတဲ့ကောင်ဆိုတော့ ကျားတစ်ကောင်ပဲကွ။ အဲဒီ
တော့ မင်းရဲ့သင်ခန်းစာလေးပြလိုက်ပါကွာ”

ဟု အမိန့်ပေးလိုက်လျှင် မြမောင်လည်း တစ်စုံတစ်ရာပြောဆိုခြင်းမပြုတော့ဘဲ ကောင်းတုံ၏မျက်နှာအား ခြေထောက်ဖြင့် တအားလွှဲ၍ ကန်လိုက်လေတော့၏။

ထိုအခါ ကောင်းတုံက မြမောင်၏ခြေထောက်ကိုဖမ်းကိုင်၍ ဆတ်ခနဲလိမ်ကာ ဆောင့်တွန်းလိုက်လေ၏။ မြမောင်လည်း အရှိန်ဖြင့် နောက်သို့လန်လဲပြီးလျှင် ထရံ၌ ခေါင်းစိုက်နေလေ၏။ ထိုအခါ မျက်စိတစ်ဖက်လပ်နှစ်ဦးက ဝင်၍တိုက်ခိုက်ပြန်လေ၏။ ကောင်းတုံသည် ထိုသူနှစ်ဦးအားလည်း ခြေဖြင့် ခပ်ပေ့ါပေ့ါကလေး ကန်လိုက်ရာ ထိုသူနှစ်ဦးလည်း လွင့်၍သွားပြန်၏။ ထို့နောက် ခေါင်းဆောင်လုပ်သူညိုကြီးကိုယ်တိုင် အနီးရှိ ငှက်ကြီးတောင်ဓားဖြင့် ကောင်းတုံအား တအားပိုင်းချလိုက်လေတော့၏။

ကောင်းတုံက အသာကလေးရှောင်၍ ကန်၏။ ညိုကြီးက ဓားဖြင့်တွက်၏။ ကောင်းတုံက တံတောင်ဆစ်ကိုတွန်း၏။ ညိုကြီးက ဓားဖြင့် ထိုး၏။ ကောင်းတုံက ဖယ်၏။ ညိုကြီးက ကပ်၏။ ကောင်းတုံက ရှောင်၏။ ညိုကြီးက ခုတ်၏။ တွက်၏။ ထိုး၏။ ကောင်းတုံက လက်သီးဖြင့်ထု၏။ ထောင်း၏။ နှံ၏။ နောက်ဆုံးတွင် ညိုကြီးအား ကောင်းတုံ

www.burmeseclassic.com

www.burmeseclassic.com



သည် ခဝါဖွပ်သကဲ့သို့ စိစိညက်ညက်ဖွပ်၍ လွှင့်ပစ်လိုက်လေတော့၏။

ထို့နောက် ကောင်းတုံသည် စီးကရက်တစ်လိပ်ကို ဆေးစာများခြွေချ၍ အနီးရှိ သတင်းစာစက္ကူကိုဆွဲယူကာ ပွတ်ချွန်းလိပ်ရန်အတွက် ဖြဲလိုက်လေ၏။ ထိုသို့ဖြဲရင်း သတင်းစာ၌ပါသော ၎င်း၏ဓာတ်ပုံနှင့် သတင်းကို ဖတ်မိလေတော့၏။ ထိုအခါ ကောင်းတုံသည် သတင်းစာကို ဖြဲလိုက်ပြီးနောက် စီးကရက်ဆေးစာများကို သတင်းစာစက္ကူ၌ ထည့်၍လိပ်လေ၏။ ထိုသို့လိပ်နေစဉ်၌ပင် မြမောင်က အနီးရှိ သံတုတ်ကိုဆွဲ၍ ကောင်းတုံ၏ဦးခေါင်းကို ရိုက်ချလိုက်လေ၏။ ကောင်းတုံက အသာကလေးငုံ့၍ ရှောင်လိုက်ပြီးလျှင် ၎င်း၏ ပွတ်ချွန်းဆေးလိပ်ကို ပါးစပ်၌တေ့ကာ မီးတို့လိုက်သေး၏။

ထိုအခါ ညိုကြီးသည် ငှက်ကြီးတောင်ဓားဖြင့် ထလာလေ၏။ ကောင်းတုံက ပွတ်ချွန်းဆေးလိပ်ကိုခဲရင်း ညိုကြီး၏မျက်နှာအားပမာမခန့် ကြည့်၍နေလေ၏။ ညိုကြီးက လက်ကိုမြှောက်၍ ခုတ်ရန်ကြံစည်လိုက်ရာ ကောင်းတုံက အနီးရှိရေနွေးကြမ်းပန်းကန်ဖြင့် ညိုကြီး၏မျက်နှာအား ပစ်ပေါက်လိုက်လေ၏။ ညိုကြီး၏မျက်နှာတွင် သွေးများ ခြင်းခြင်းနီသွားလေ၏။

သို့ရာတွင် ညိုကြီးက နောက်မဆုတ်ဘဲ ဓားဖြင့် ခုတ်ဖြစ်အောင် ခုတ်၏။ ထိုအခါ ကောင်းတုံက ညိုကြီး၏ဓားကိုဆွဲယူလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် ညိုကြီး၏ရင်ဝကို ခြေထောက်ဖြင့်ကန်ချလိုက်ရာ ညိုကြီးသည် လဲကျသွားလေတော့၏။ ကောင်းတုံသည် ဆေးလိပ်ပြာကိုခြွေရင်း. .

"ဟေ့ကောင်. .။ မင်းက လူဆိုးခေါင်းဆောင်လား။ ခေါင်းဆောင်မလုပ်တတ်ဘဲ ခေါင်းဆောင်လုပ်တာကိုးကွ။ သတင်းစာထဲမှာပါတဲ့ သတင်းကိုဖတ်ပြီး မင်းက တကယ်ယုံနေတာကိုး။ ငါ့ဆီမှာ စိန်နဲ့တူတာဆိုလို့ ငါးခူတောင်မရှိဘူးကွ။ ငါ့ဆီက တခြားလူတွေ လုသွားကြပြီ။ ငါက မင်းတို့လို လူဆိုးလည်း မဟုတ်ဘူး။ လူမိုက်လည်းမဟုတ်ဘူး။ ငါဟာ ငါ့ဆရာကြီးနဲ့အတူ ပန်းထိမ်လုပ်နေတာပဲ။ အဲဒီစိန်ထည်ပစ္စည်းတွေကို မဂိုလမ်းကို သွားအပ်တာပဲ။ အဲဒီမှာ ငါအလုခံလိုက်ရတယ်။ အဲဒီကြားထဲ မင်းတို့က ငါ့ဆီမှာ စိန်တွေတောင်းနေတယ်။ ငါမပေးနိုင်ဘူးကွ။ ဒါပေမယ့် စိန်ထက်အဖိုးတန်တဲ့ ငါ့ရဲ့တိုက်ကွက်တိုက်နည်းတွေကို မင်းတို့ကို ပေးနေတာပဲ။ ဒါပေမယ့် မင်းတို့ကို အသေမသတ်ပါဘူး။ ငါ့ကို ဟိုကောင်တွေက မေ့ဆေးပေးပြီး ရေထဲမျှောလိုက်တာ။ မင်းတို့ကယ်လို့ ငါဒီရောက်လာတာ။ မင်းတို့ကျေးဇူး ရှိပါတယ်။ ပြီးတော့ လှေမျှောရင် လှေနဲ့လိုက်တဲ့။ ငွေမျောရင် ငွေနဲ့လိုက်တဲ့။ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



စကားရှိတယ်။ အခု ငါဟာ ဟိုလူဆိုးလူမိုက်တွေကြောင့် မျောခဲ့ရပြီ။ ငါကလည်း ပြန်ပြီးမိုက်ရမယ်။ မင်းတို့ ငါနဲ့ ပူးပေါင်းပါ။ ငါ့ဆီကလုသွားတာ ဘယ်သူတွေဖြစ်တယ် ဆိုတာ စုံစမ်းပါ။ ငါတိုက်ပြီးယူမယ်။ မင်းတို့နဲ့ ငါနဲ့ ပူးပေါင်းတဲ့နေရာမှာ ငါဟာ မင်းတို့ရဲ့ခေါင်းဆောင်အဖြစ် နေရာယူမယ်။ ငါ့သတ္တိနဲ့ လုပ်ရည်ကိုင်ရည်ကို မင်းတို့ စမ်းသပ်ပြီးမှ ငါပြောတဲ့စကားကို မင်းတို့လက်ခံပါ။ ငါ ကတော့ မိုက်ဖို့ ဆုံးဖြတ်လိုက်ပြီးပြီ”

ဟု ရှည်လျားစွာ ပြောလိုက်လေ၏။ ညိုကြီးအပါအဝင် လူဆိုး လူမိုက်များလည်း မောင်ကောင်းတုံအား. . .

“စမ်းကြည့်မယ်။ သဘောကျရင် ခေါင်းဆောင်တင်မယ်”

ဟု ပြောလိုက်လေ၏။ မောင်ကောင်းတုံကလည်း. .

“စိန်လိုက်လေ”

ဟု ပြောလိုက်လေ၏။ များမကြာမီရက်အတွင်း၌ပင် ညိုကြီး နှင့် မြမောင်တို့သည် ချစ်တီးသူဌေး၏တိုက်ကို ဓားပြတိုက်ရန်အတွက် မောင်ကောင်းတုံအား တိုင်ပင်လေ၏။ မောင်ကောင်းတုံက. .

“ချစ်တီးကိုမတိုက်ချင်ဘူး။ အင်္ဂလိပ်အစိုးရငွေတိုက်ကို တိုက်ချင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုကာ တိုက်ကြီးမြို့ငွေတိုက်အားလေ့လာ၍ ငွေတိုက်တည်ရှိပုံ၊ အစောင့်အကြပ်များ စောင့်ကြပ်ပုံကို မြေပုံဆွဲပြီးလျှင် ၎င်းတို့၏တဲကလေး၌ပင် မြမောင်တို့လူစုအား မည်သူက မည်သည့်အချိန်တွင် မည်သည့်နေရာသို့ရောက်၍ မည်သည့်အစောင့်ကို မည်သို့တိုက်ခိုက်ရမည်။ ပြီးလျှင် မည်သူ့ထံသို့ အရောက်သွားရမည် စသည်ဖြင့် မိနစ်၊ စက္ကန့်မတိမ်းရအောင် လေ့ကျင့်ခန်းဆင်းခိုင်းလေ၏။ ၎င်းကိုယ်တိုင်ကမူ ခက်ခဲသော၊ အသက်ဘေးနှင့် အနီးကပ်ဆုံးသောအပိုင်း၌ တာဝန်ယူလေ၏။

ဤသို့ တစ်လခန့် ကြေကြေညက်ညက်ဖြစ်သည်အထိ လေ့ကျင့်ခန်းများဆင်းပြီးနောက် တိုက်ကြီးမြို့ရှိ အင်္ဂလိပ်အစိုးရငွေတိုက်အား မောင်ကောင်းတုံခေါင်းဆောင်သော လူဆိုးအဖွဲ့သည် ဝင်ရောက်စီးနင်းတိုက်ခိုက်လေတော့၏။ အောင်လည်း အောင်မြင်ခဲ့၏။ ရရှိသမျှသော ငွေတို့ကို အညီအမျှခွဲဝေယူခဲ့ကြ၏။ ထိုအခါ လူဆိုးတို့သည် ကောင်းတုံအား လွန်စွာသဘောကျကုန်၏။

"ငါကတော့ ငွေသုံးသောင်းရအောင် တိုက်မယ်။ ငါ့ဆရာကြီးကို အဲဒီငွေတွေပေးမယ်။ ငါ တစ်ပြားမှမစားဘူး။ ငါ့ကြောင့် ငါ့ဆရာကြီး ဒုက္ခရောက်သွားတာ။ အဲဒီတော့ နောက်ထပ် ချစ်တီးသူဌေးတိုက်တစ်တိုက်ကိုကြံစည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင် မင်းတို့လည်း ရင်းနှီးစားလို့ရပြီ။ ငါလည်း ဆရာကြီး
ကို အကြွေးဆပ်နိုင်ပြီ။ အဲဒီအခါမှာ လုပ်ငန်းရပ်မယ်”

ဟု ကောင်းတုံက ပြောလိုက်လေ၏။

ထို့နောက် အချိန်သိပ်မကြာမီ၌ပင် ချစ်တီးတိုက်တစ်တိုက်၏ ပုံစံအနေအထားကို ရပြန်လေ၏။ ထိုအခါ၌လည်း မောင်ကောင်းတုံသည် ၎င်း၏လူများနှင့် လေ့ကျင့်ခန်းဆင်းပြန်၏။ လေ့ကျင့်ခန်း ကြေညက်သောအခါ၌ ချစ်တီးတိုက်တစ်တိုက်ကို လုပ်ကြံပြန်၏။

ထိုအခါတွင်လည်း အောင်မြင်ပြန်လေ၏။ ရရှိသမျှသော ရွှေ၊ ငွေ၊ ရတနာတို့ကို ဝေစုခွဲကြပြန်လေ၏။ ထိုသို့ ဝေစုခွဲရာတွင် မောင်ကောင်းတုံက မောင်လတ်ကြီးနှင့် မောင်လတ်ကလေးဟုဆိုသော မျက်စိတစ်ဖက်လပ်နေကြသော ၎င်း၏ဓားပြနှစ်ဦးအား. .

“မင်းတို့မျက်လုံးတွေ ဘာကြောင့်လပ်သလဲတော့ ငါမသိဘူး။ ဒါပေမယ့် မင်းတို့ဟာ ငါ့တို့အထဲမှာ ဒုက္ခိတတွေဖြစ်ကြတယ်။ မင်းတို့ကို ဝေစုပိုပြီးပေးရမယ်”

ဟုဆိုကာ ဝေစုများဝေ၍ပေးလေ၏။ ထိုအခါ မျက်စိတစ်ဖက်လပ်နှစ်ဦးက. .

“ကျွန်တော်တို့မျက်စိတစ်ဖက်လပ်တာ ဆရာကိုကောင်းတုံ မသိသေးဘဲကိုး။ အရင်တစ်ခါ ဒီကောင်နဲ့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျကြသေးတယ်ဗျ။ ထောင်ထဲမှာ ထွားကျိုင်းတဲ့ ကောင်ကြီးတစ်ကောင်နဲ့ ရန်ဖြစ်တယ်။ သူက ကျုပ်တို့ထက် အသက်နှစ်ဆလောက်ကြီးတယ်။ အသက်ကြီးပေမယ့် အတော်သန်တဲ့လူကြီးဗျ။ သူနဲ့ ကျုပ်တို့နှစ်ယောက်နဲ့ ရန်ဖြစ်တယ်။ ရန်ဖြစ်ကြတော့ သူက ကျုပ်တို့နှစ်ယောက်ရဲ့ မျက်လုံးတစ်လုံးစီကို ထိုးဖောက်လိုက်တယ်လေ။ ကျုပ်တို့လည်း နောက်မှသိတာဗျ။ ဒီလူကြီးဟာ လူမိုက်ကြီးပဲဗျ။ သူ့ကို အားလုံးက ဘယ်သန်ကြီးလို့ ခေါ်ကြတယ်။ သူ့နာမည်က ဦးဘမှန်တဲ့။ ဗန်တိုဗန်ရှည်အတတ်ကလည်း ကိုကောင်းတုံလိုပဲ အတော့်ကိုကျွမ်းကျင်တယ်။ သူ့အကြောင်းသိတဲ့ ထောင်သားအချို့က ပြောတယ်။ ဘယ်သန်ကြီးဟာ အတော့်ကို အတိုက်အခိုက်၊ အသတ်အပုတ်ကောင်းတယ်တဲ့။ သူနဲ့ယှဉ်ပြိုင်ခဲ့တဲ့လူတွေအားလုံးဟာ မျက်လုံးတစ်လုံးတော့ ဆုံးရှုံးစမြဲပဲတဲ့။ ကျုပ်တို့လည်း သူ့ကို ကြောက်လိုက်ရတာဗျာ။ နောက်ထပ် သူနဲ့ မဖြစ်ဝံ့တော့ဘူး။ နောက်တစ်ခါဆိုရင် စုံလုံးကန်းမှာဗျ”

ဟု ရှင်းပြကြလေ၏။

ထိုနေ့၌ပင် မောင်ကောင်းတုံသည် ဝေစုများခွဲပြီးဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ရင်း၏တပည့်များအား. .

"ငါကတော့ ငါ့အတွက် ငါ့ဆရာကြီးဆုံးရှုံးသွားတဲ့ ငွေကို ရပြီ။ ငါ့ဆရာကြီးဆီရောက်အောင် တစ်နေ့မှာ ဒီငွေကိုပို့ လိုက်မယ်။ ဆုံးရှုံးသွားတဲ့ပစ္စည်းတန်ဖိုးတော့ ပြန်ရှာလို့ ရပြီ။ ငါ့အနေနဲ့ ဆောင်ရွက်ဖို့အလုပ်က တစ်ခုပဲရှိတော့ တယ်။ အဲဒါက ဘာလဲဆိုတော့ ငါ့ရဲ့နှာခေါင်းကို မေ့ဆေး နဲ့ပိတ်ပြီး ငါ့ကို လူဆိုးဘဝရောက်အောင် ပို့လိုက်တဲ့ လူ တော်လူကောင်းတွေကိုရှာပြီး လက်စားချေဖို့ပဲ။ ဒါပေ မယ့် တကူးတက မရှာပါဘူး။ တွေ့မှ လက်စားချေမှာပါ။ မတွေ့ခင်ကလေးအတွင်းကတော့ ကောင်းကောင်းမွန်မွန် နေမယ်။ လူတွေရဲ့ကောင်းကျိုးကို ဆောင်ရွက်မယ်။ ငါ့ တာဝန်က ဒါပဲ"

ဟု ပြောဆိုကာ လူဆိုးလူမိုက်များကို အပြီးအပိုင် လမ်းခွဲခဲ့ လေတော့သတည်း။

*****

www.burmeseclassic.com

www.burmeseclassic.com



# ဦးလောစံကြီး ထောင်ကျပေပြီ

ဦးလောစံမှာမူ စိန်ထည်ပစ္စည်းများ လိမ်လည်အပျောက်ရိုက်မှုဖြင့် ထောင်တစ်နှစ်ခွဲ အပြစ်ဒဏ်ကျခံရလေ၏။ ထောင်ကျသည့်အချိန်အထိပင် "မောင်ကောင်းတုံဟာ ကျုပ်ကို ဒုက္ခရောက်အောင်ဘယ်တော့မှမလုပ်ပါဘူး" ဟု ယုံကြည်စွာ ပြောလေ့ရှိ၏။

ထို့ပြင် ထောင်ဒဏ်ကိုလည်း မညည်းမညူ ကျေကျေနပ်နပ်ကြီး ခံယူခဲ့လေ၏။ ထောင်မှထွက်သောနေ့၌မူ ဂုင်းထံသို့ အထုပ်တစ်ထုပ် ရောက်လာလေ၏။ ထိုအထုပ်တွင် ငွေသုံးသောင်းနှင့် စာတစ်စောင် ပါလာလေ၏။ စာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ကျေးဇူးရှင် ဆရာကြီးခင်ဗျား . .**

စိန်ထည်ပစ္စည်းတွေ သွားပြီးအပ်တဲ့နေ့က ကျွန်တော့်ကို လူဆိုးတစ်စုဟာ မေ့ဆေးနဲ့အနိုင်ယူပြီး ပစ္စည်းတွေလုယူသွားပါတယ်။ ပြီးတော့ လှေတစ်စီးနဲ့ ကျွန်တော့်ကိုလည်း မြစ်ထဲမျှောခဲ့ပါတယ်။ မြစ်ထဲမှာပဲ ဓားပြအဖွဲ့တစ်ဖွဲ့ဟာ ကျွန်တော့်အသက်ကို ကယ်ခဲ့ပါတယ်။ အဲဒီမှာ သူတို့နဲ့ပေါင်းပြီး ဒီငွေကိုရအောင် ပြန်ရှာခဲ့ပါတယ်။ ရတဲ့နေ့မှာ ကျွန်တော်ဟာ သူတို့နဲ့လက်တွဲဖြုတ်ပြီး ရေကြည်ရာမြက်နုရာဆိုသလို လှည့်လည်နေထိုင်ခဲ့ပါတယ်။ ဆရာကြီးဆီ ကျွန်တော်မလာတာကတော့ ကျွန်တော့်နောက်က အရိပ်မည်းကြီးဟာ ဆရာကြီးအပေါ် မထိုးစေချင်ဘူး။ ပြီးတော့ ဆရာကြီးရဲ့ကျေးဇူးနဲ့ ကျွန်တော်ဟာ လူ့လောကမှာ အတောင်အလက်စုံခဲ့ပါပြီ။ ဒါကြောင့် တတ်နိုင်သလောက် လူတွေရဲ့ကောင်းကျိုးကိုလုပ်ရင်း ဆရာကြီးနဲ့ကျွန်တော့်ကို ဒုက္ခပေးသွားတဲ့ လူတစ်စုကို ရှာဖွေစုံစမ်းနေပါတယ်။

ရိုသေလေးစားစွာဖြင့် . .

**တပည့်**

**မောင်ကောင်းတုံ**

www.burmeseclassic.com

www.burmeseclassic.com



ဦးလောစံသည် အထက်ပါစာကို ဖတ်ပြီးနောက်. .

"ငါထင်တဲ့အတိုင်းပါပဲ။ ငါ့ကို မောင်ကောင်းတုံဟာ ဘယ်တော့မှ မဟုတ်တာမလုပ်ဘူး"

ဟု ရေရွတ်လိုက်လေတော့၏။ မောင်ကောင်းတုံမှာမူ 'ရမ်းဘို' ဟူ၍အမည်ပြောင်းကာ မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်နေထိုင်ခဲ့လေ၏။ နောက်ဆုံးတွင် ကျောက်တန်းမြို့၌နေထိုင်သော သမားတော်ကြီးဦးမူဝံထံသို့ရောက်ရှိပြီးလျှင် ဦးမူဝံအား ကူညီလုပ်ကိုင်ပေးရင်း ဇာတ်မြှုပ်၍ နေလေတော့၏။

ထိုအချိန်၌ပင် ၎င်းတို့နှင့်အတူ အခိုက်အတန့်အားဖြင့် လက်တွဲခဲ့သော မြမောင်တို့လူစု သည် ၎င်းတို့ဘာသာ ဓားပြများတိုက်ကြည့်ရာ မအောင်မြင်ဘဲ ၎င်းတို့၏ခေါင်းဆောင်လုပ်သူ ညိုကြီးပင် ထောင်ကျသွားလေတော့၏။

ထိုအခါ ညိုကြီး၏လက်ထောက်ဖြစ်သော မြမောင်က တစ်ဖက် လပ်နှစ်ဦးအား. .

"ငါတို့ချည်းပဲ အလုပ်လုပ်လို့ မဖြစ်ဘူး။ ဒီအလုပ်မျိုးဆိုတာက ကြံရည်ဖန်ရည်၊ တိုက်ရည်ခိုက်ရည်ကောင်းတဲ့ ကိုကောင်းတုံတို့လို လူမျိုးရှိမှ ကောင်းတာ။ ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကောင်းတုံကိုရှာရမှာပဲ။ ပြီးတော့ တို့လုပ်ငန်းထဲကို မရ, ရအောင် ရတဲ့နည်းနဲ့ ခေါ်ရမှာပဲ"

ဟု ပြောလေ၏။

ထိုအခါ တစ်ဖက်လပ်နှစ်ဦးက. .

"သူက မလိုက်ဘူးဆိုရင် ဘယ့်နဲ့လုပ်မလဲ ကိုမြမောင်"

ဟု စောဒကတက်ကြလေ၏။

"ဒီလိုလေကွာ. .။ သူ့ကို မရ,ရတဲ့နည်းနဲ့ ခေါ်ရမယ်လို့ ပြောပြီးပြီပဲ။ ပြီးတော့ သူ့ဆီက စိန်ထည်တွေလုသွားတဲ့ အကြောင်းကို ငါတို့ သေသေချာချာသိပြီပဲကွာ။ သူ့ကို အဲဒီအကြောင်းပြောပြလိုက်ရင် သူဟာ ငါတို့နဲ့ပူးပေါင်းမှာပါ။ အဲဒီတော့ ငါတို့ ဒီကနေ့ကစပြီး လူခွဲပြီး မြန်မာပြည်အရပ်ရပ်မှာ ကိုကောင်းတုံကို ရှာမယ်။ တွေ့တာနဲ့ သူ့ကို ငါ့တို့အထဲ ရအောင်ခေါ်ရမယ်"

ဟု မြမောင်က ပြောဆိုကာ မြမောင်နှင့် တစ်ဖက်လပ်နှစ်ဦး တို့သည် ထိုနေ့မှစ၍ သုံးနှစ်တိုင်တိုင် ၎င်းတို့၏ခေါင်းဆောင် ကိုကောင်းတုံအား မြန်မာပြည်အနှံ့ ပိုက်စိပ်တိုက်၍ ရှာဖွေကြလေ တော့၏။ မောင်ကောင်းတုံမှာမူ 'ရမ်းဘို' ဟူ၍အမည်ပြောင်းပြီးနောက် ပုံဖျက်ကာ ရှောင်တိမ်းခဲ့သောကြောင့် မတွေ့ခဲ့ကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ မြမောင်တို့လူစုသည် မောင်ကောင်းတုံနေထိုင်ရာ ကျောက်တန်းမြို့ သမားတော်ကြီး ဦးစူဝံ၏ အာရောဂျံဂေဟာခေါ် ဦးစူဝံ ဆေးရုံကို သိရှိသွားကြလေတော့၏။

***မှတ်ချက်။*** ။ *မြမောင်နှင့် တစ်ဖက်လပ်နှစ်ဦးသည် အာရောဂျံဂေဟာတွင် ရမ်းဘိုဟူသည့်အမည်ဖြင့် အလုပ်လုပ်နေသော မောင်ကောင်းတုံအား ညတစ်ညတွင် ဘာဏ်ဆင်၍ ဖမ်းဆီးခဲ့ကြလေ၏။ ၎င်းတို့ဖမ်းဆီးပုံမှာ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ကျွန်ုပ်၏စာဖတ်ပရိသတ်အား အဆောတလျင်ဖတ်ရှုစေလိုသောစေတနာကြောင့် ဤဝတ္ထု၏ ရှေ့ပိုင်းစာမျက်နှာတွင် 'သန်းခေါင်ယံလူဖမ်းပွဲ' ဟူသောခေါင်းစဉ်ဖြင့် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပေသည်။*

**စာရေးသူ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသောသေတ္တာကြီးတစ်လုံး

မောင်ကောင်းတုံသည် မြမောင်တို့နှင့် လိုက်ပါခဲ့ရလေ၏။ မြမောင်တို့က လှေပေါ်သို့ တက်ခိုင်းလေ၏။ မောင်ကောင်းတုံလည်း တက်ရလေ၏။ မျက်စိတစ်ဖက်လပ်နှစ်ဦးက လှေကိုလှော်လေ၏။ မြစ်လယ်သို့ရောက်သောအခါ၌ မြမောင်က မောင်ကောင်းတုံအား စီးကရက်တစ်ဘူး ပေးလေ၏။ မောင်ကောင်းတုံသည် စီးကရက်ဆေးစာများခြွေ၍ ၎င်း၏အိတ်ကပ်ထဲတွင်ပါသော စက္ကူဖြတ်ပိုင်းကလေးဖြင့် ပွတ်ချွန်းတစ်လိပ်ကို လိပ်လေ၏။ ပြီးလျှင် မီးတို့လိုက်လေ၏။ မီးတို့ပြီးနောက် အနည်းငယ်ရှိုက်ဖွာကာ မီးခိုးများကိုမှုတ်ထုတ် ရင်းကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်လေ၏။ ထိုအချိန်၌ လသည် တိမ်တိုက်ကြားမှ ထွက်ပြူစပြုနေပြီဖြစ်၏။ လှိုင်းကလေးများသည်



www.burmeseclassic.com

www.burmeseclassic.com



လရောင်အောက်၌ ဖွေးဖွေးကလေးလှုပ်၍နေ၏။ မြစ်ကိုဖြတ်၍ တိုက်ခတ်လာသောလေသည် နူးညံ့သိမ်မွေ့ဘိလှ၏။ မောင်ကောင်းတံုက ကောင်းကင်ကိုမော့ကြည့်ရင်း. .

"သဘာဝတရားကြီးက လှပလိုက်တာကွာ။ မင်းရဲ့သေနတ်ကြီးက အကျည်းတန်လွန်းလှပါတယ် မြမောင်ရာ။ ငါ့ကို ဘာကြောင့် မင်းတို့ဖမ်းလာတယ်ဆိုတာ ပြောပြပါဦး"

ဟု မေးလိုက်လေ၏။

"ဆရာကိုကောင်းတံုကို ကျွန်တော်တို့သုံးယောက်စလုံးက ကြည်ညိုလွန်းလို့ ဖမ်းလာတာပါဗျ။ ခင်ဗျားမရှိရင် ကျွန်တော်တို့ အလုပ်လုပ်လို့မရဘူး။ အဲဒါကြောင့် ကျွန်တော်တို့ကိုသနားသောအားဖြင့် အုပ်ချုပ်ပြီး ခေါင်းဆောင်လုပ်စမ်းပါကို ကောင်းတံုရယ်။ အဲဒါကိုခင်ဗျားငြင်းမယ်ဆိုရင် ကျုပ်တို့လည်း ထောင်ကျချင်ကျပါစေ။ အင်္ဂလိပ်အစိုးရငွေတိုက်ကို ဖောက်ခဲ့တဲ့အမှုအတွက် ကျုပ်တို့ကတော့ သွားပြီး အဖမ်းခံလိုက်မှာပဲ။ အဲဒီအခါမှာ ခင်ဗျားလည်း မလွတ်တော့ဘူး"

ဟု မြမောင်က ပြောလိုက်လေ၏။

"ငါဟာ ဟက်ဟက်ပက်ပက်မရယ်ရတာ ကြာပြီ မြမောင်။



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့တွေ့မှပဲ ရယ်ရတော့တယ်။ မင်း ငါ့ကို ခြိမ်းခြောက်တာလား။ ဒါမှမဟုတ်ရင် အကူအညီတောင်းနေတာလား။ ရှင်းရှင်းလုပ်စမ်းပါကွာ"

ဟုမောင်ကောင်းတုံကပြောလိုက်လေ၏။ ထိုအခါ မြမောင်က. .

"ခင်ဗျားဟာ ဘာကိုမှမမှုဘူးဆိုတာ ကျုပ်တို့သိတယ်။ ကျုပ်တို့ကတော့ ကျုပ်တို့နဲ့ ခင်ဗျားလက်မတွဲဘူးဆိုရင် ခင်ဗျားဆရာကြီးဦးလောစံဆိုတာကိုလည်း ကျုပ်တို့ ကောင်းကောင်းသိပြီ။ သူ့ကို ဒုက္ခပေးရမှာပဲ။ ပြီးတော့ ခင်ဗျားအတွက် အရေးအကြီးဆုံးသတင်းတစ်ခုကတော့ ခင်ဗျား နဲ့ ခင်ဗျားဆရာကြီးကို ဒုက္ခပေးသွားတဲ့ လက်သည်ကို ကျုပ်တို့သိပြီ"

ဟု မြမောင်ကပြောလိုက်ရာ မောင်ကောင်းတုံက. .

"ဟေ. . ဟုတ်လား။ ဘယ်သူတွေလဲကွ"

ဟု မေးလိုက်လေ၏။

"ဘယ်သူရမှာတုံး ဆရာကိုကောင်းတုံရဲ့။ ကောင်းစံပေါ့"

ဟု မြမောင်ကပြောလိုက်ရာ. .

"ဟုတ်ပဲ့မလား မြမောင်ရယ်။ ဒီကောင်နဲ့ငါဟာ ညီအစ်ကိုအရင်းလိုနေခဲ့ကြတာ။ သူက ငါ့ကို ဒီလိုလုပ်ရက်မတဲ့



www.burmeseclassic.com

www.burmeseclassic.com



လား။ ငါ့အပေါ်မှာ လုပ်ရက်တယ်ထားဦး။ ငါတို့ဆရာကြီး ဦးလောစံအပေါ်မှာကော လုပ်ရက်ပါ့မလား”

ဟု မောင်ကောင်းတုံက မေးလိုက်လေ၏။

“အဲဒါ ခင်ဗျားခက်တာပေါ့. . ။ ခင်ဗျားက ခင်ဗျားစိတ်နဲ့ နှိုင်းပြီး ပြောနေတာ။ ဟိုက လုပ်ရက်လို့ပဲ ခင်ဗျားဆရာကြီးလည်း ထောင်ကျခဲ့ရ ပြီ။ ခင်ဗျားလည်း လူဆိုးဖြစ်ခဲ့ရပြီ”

ဟု မြမောင်က ပြောလိုက်လေ၏။

“ဒီလိုဆိုရင်တော့ ကောင်းစံကို အပြစ်ပေးရမှာပဲ။ ကျေးဇူးရှင်ကိုပြစ်မှားတဲ့ပုဒ်မနဲ့ ထောင်ဒဏ်ပေးမှ တော်လိမ့်မယ်။ ဒီကောင်တွေအဖွဲ့ ဘယ်မှာတုံးကွ”

ဟု မောင်ကောင်းတုံက မေးလိုက်လေ၏။

“ဒီမှာ ကိုကောင်းတုံ။ ကောင်းစံရဲ့အဖွဲ့ဟာ ကျွန်တော်တို့ရဲ့အဖွဲ့လို လူလေးငါးယောက်နဲ့ ဖွဲ့ထားတဲ့ အဖွဲ့မဟုတ်ဘူး။ လူတစ်ရာနီးပါးလောက်ရှိတယ်။ အနယ်နယ် အရပ်ရပ်မှာ သူ့လူတွေချည်းပဲ။ ဒါပေမယ့် ကိုကောင်းတုံက တိုက်ခိုက်ချင်တယ်ဆိုရင် ကျွန်တော်တို့သုံးယောက်ကတော့ ကိုကောင်းတုံရဲ့ သစ္စာရှိတပည့်တွေအဖြစ် ကူညီဖို့ အဆင်သင့်ပါပဲဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ဟု မြမောင်က ပြောလိုက်လေ၏။

ဌင်းတို့လှေကလေးသည် တရွေ့ရွေ့နှင့် ခရီးနှင်ခဲ့ကြရာ နံနက် အရုဏ်တက်ခါနီးတွင် မြမောင်စီစဉ်ထားသော စခန်းသစ်တစ်ခုသို့ ရောက်ရှိကြလေ၏။ ဌင်းတို့အားလုံးသည် လှေဆိုက်သည့်အခါ၌ အဆာ ပြေသဘောဖြင့် အကြော်နှင့် ရေနွေးကြမ်းများကို စားသောက်ကြပြီး နောက် တစ်ညလုံးအိပ်ရေးပျက်လာသည့် အားလျော်စွာ စခန်းသစ်၌ အိပ်စက်ကြလေတော့၏။ အိပ်ခါနီး၌ မောင်ကောင်းတုံက မြမောင် အား. .

"ဘယ်လိုလဲမြမောင်။ စခန်းအခြေအနေ လုံခြုံမှုရှိရဲ့လား"

ဟု မေးလိုက်လေ၏။ မြမောင်ကလည်း. .

"စိတ်ချပါဆရာ။ လုံခြုံမှုကတော့ ပထမတန်းစားပါပဲ။ ဒီကနေ အရှေ့ဘက်တည့်တည့်ကိုသွားမှ အိမ်ကလေး သုံး လေးလုံးကို တွေ့ရမယ်။ အဲဒီအိမ်တွေကလည်း ကျွန်တော့် လူတွေပါ"

ဟုပြောသဖြင့် မောင်ကောင်းတုံလည်း စိတ်ချစွာ အိပ်လေ တော့၏။

ဌင်းတို့သည် (၁၀) နာရီခန့်လောက်တွင် အိပ်ရာမှ နိုးကြလေ ၏။ ထိုနေ့တစ်နေ့လုံး မည်သည့်လုပ်ငန်းကိုမှ တိုင်ပင်ဆွေးနွေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



မပြုဘဲ အပန်းဖြေသကဲ့သို့နေကြလေ၏။ ညနေပိုင်းသို့ ရောက်သော အခါ၌ ဟင်းချက်ကောင်းသော မောင်လတ်ကြီးက ကြက်သားကို ကာလသားချက် ချက်၍ ငါးပိစိမ်းစားကောင်းကောင်းဖြင့် ငါးပိထောင်း ပြုလုပ်လေ၏။ ထို့ကြောင့် ၎င်းတို့လေးဦးသည် ညနေစာကို မြိန်ရှက်စွာ စားသောက်ကြလေ၏။ ထမင်းစားပြီးနောက် မြမောင်နှင့် တစ်ဖက်လပ် နှစ်ဦးသည် ဖဲထုပ်တစ်ထုပ်ဖြင့် 'ဘူကြီး' ရိုက်ကြလေ၏။ မောင်ကောင်းတုံမှာမူ တဲအပြင်သို့ထွက်ကာ ကောင်းကင်၌သာနေသော လမင်းကြီးကိုကြည့်ရင်း မြမောင်တို့အား. .

"အခုနေများ တယောကလေးတစ်လက်လောက်ရရင် ကောင်းမယ်ကွာ"

ဟုပြောလိုက်လေ၏။ ထိုအခါ မြမောင်က. .

"ဆရာသမားက တယောထိုးတတ်သလား"

ဟု မေးလိုက်လေ၏။

"ထိုးတတ်တယ်ကွ။ ငါ့ဆရာကြီး ဦးလောစံက ငါတို့ကို အကုန်သင်ပေးထားတာ။ ဆရာကြီးသင်ပေးထားတုန်းက ကြိုးနှစ်ချောင်းတည်းတပ်တဲ့ တရုတ်တယောကွ။ သီချင်းကြီးသီချင်းခန့်တွေကို တော်တော်သင်ပေးထားတာ။ ငါ့ဆရာကြီးက မြန်မာစာသင်တဲ့အခါမှာ ပျို့တွေ၊ တောလား

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ အိုင်ချင်းတွေ၊ တျာချင်းတွေကိုပါ အဆိုနဲ့တကွ သင်ပေးတာကွ။ အဲဒီတော့ အတီးအမှုတ် တစ်ခုခုတတ်ရမယ်ဆိုပြီး ရွေးချယ်ခိုင်းတော့ ငါက တယောသင်ချင်တယ်လို့ပြောတာ။ အဲဒီမှာ ငါ့ဆရာကြီးက ကြိုးနှစ်ချောင်းတပ်တဲ့ တရုတ်တယောကလေးက စပြီးသင်ပေးတာပဲ။ နောက်တော့မှ ဟွန်းတယောတစ်လက် ဝယ်ပေးတယ်”

ဟု မောင်ကောင်းတုံကပြောလိုက်ရာ မြမောင်က. .

“ဟိုးရှေ့ဘက်က တဲစုကလေးကိုသွားရင် ကျုပ်လူတွေရှိပါတယ်ဗျာ။ အဲဒီလူတွေကို ရှာခိုင်းလိုက်ရင် အနီးအနားရွာတစ်ရွာရွာမှာတော့ တယောတစ်လက် ရတန်ကောင်းပါရဲ့။ ကဲ. . ပြောနေကြာရော့မယ်။ အခုပဲသွားရှာလိုက်မယ်ဗျာ”

ဟုပြောဆိုကာ မြမောင်သည် ကိုယ်တိုင်လေ့လျှော်၍ ထွက်သွားလေ၏။ တစ်နာရီကျော်ကျော်ခန့်ကြာလျှင် မြမောင်ပြန်ရောက်လာလေ၏။ ၎င်းနှင့်အတူ ဟွန်းတယောတစ်လက်လည်း ပါလာလေ၏။

“ကဲ. . ဆရာသမား။ ဟောဒီမှာ တယော”

ဟုဆိုကာ မောင်ကောင်းတုံအား တယောအပ်လိုက်လေ၏။ မောင်ကောင်းတုံလည်း ကြိုးများကို ပြင်၍ညှိ၏။ ဘိုးတံတို



www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးဆီပွတ်၏။ ထို့နောက် အနည်းငယ် လက်သံစမ်းလိုက်ပြီးလျှင် လွန်စွာ လွမ်းဆွေးဖွယ်ရာကောင်းသော သီချင်းကြီးတစ်ပုဒ်ကို ကိုယ်တိုင် ဆို၍ တယောထိုးလေတော့၏။ မြမောင်တို့လူစုလည်း ဖဲမရိုက်တော့ဘဲ လသာသောည၏ သဘာဝနှင့် ဂီတအရသာကို ရောစပ်နယ်ဖတ်၍ ခံစားမိန်းမောနေကြလေ၏။ သီချင်းပြီးဆုံးသွားသည့်အခါ၌ မြမောင်နှင့် တစ်ဖက်လပ်နှစ်ဦးက လက်ခုပ်သြဘာပေးကြလေ၏။ ထို့နောက် မြမောင်က. .

"မပဟုတ်မှလွဲရော ဆရာကိုကောင်းတုံရေ။ ခင်ဗျားကတော့ ဆရာကြီး ဦးစူဝံရဲ့သမီး မမြသွေးကို လွမ်းနေပြီနဲ့တူတယ်"

ဟုပြောလိုက်ရာ တစ်ဖက်လပ်နှစ်ဦးက သဘောကျစွာရယ်မောလေ၏။ ထိုအခါ မောင်ကောင်းတုံက. .

"မင်း ငါ့ကိုအကဲခတ်တာ မှားသွားပြီ မြမောင်။ ငါ့မှာ ဘယ်မိန်းမကိုမှ ချစ်တတ်တဲ့စိတ်မရှိသေးဘူးကွ။သဘာဝ အလှကိုပဲချစ်တယ်။ မိန်းမတွေကို မချစ်တတ်တာပဲ ကောင်းပါတယ်ကွာ။ သူတို့က စိတ်ကောက်ချင် ကောက်ဦးမှာကွ။ သဘာဝအလှကြီးက စိတ်မကောက်တတ်ပါဘူးကွာ။ အဲဒီတော့ သဘာဝအလှကြီးကိုပဲ ချစ်နေတာ ကောင်းပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ တစ်ဖက်လပ်နှစ်ဦးက. .

"ဒီမှာဆရာကိုကောင်းတုံ။ ခင်ဗျားလိုလူချည်းပဲဆိုရင်တော့ မြန်မာပြည်ကြီး လူညွန့်တုံးသွားလိမ့်မယ်ဗျို့"

ဟု ပြောဆိုကာ ရယ်မောကြလေ၏။ အတော်အတန်ညဥ့်နက်သောအခါ၌ ၎င်းတို့လေးဦးသည် တဲအတွင်းသို့ဝင်ကာ အိပ်စက်ကြလေတော့၏။

၎င်းတို့အိပ်မောကျလောက်သည့်အချိန်တွင် တဲရှေ့သို့ လှေရှစ်စီးဆိုက်ကပ်လာလေ၏။ ပြီးလျှင် လှေများပေါ်မှလူများသည် လက်နက်ကိုယ်စီဖြင့် ဆင်းလာကြလေ၏။ ထို့နောက် တဲအပြင်မှ ဝိုင်းသူကဝိုင်း၍ တဲအတွင်းသို့ ဝင်သူကဝင်ပြီးလျှင် ရေနံဆီမီးခွက်များကိုထွန်းလိုက်ကာ အိပ်ပျော်နေသော မြမောင်တို့လူစုအား. .

"ဟေ့ကောင်တွေ ထ. .။ အကုန်သေကုန်မယ်"

ဟု တစ်စုံတစ်ယောက်က ကြိမ်းလိုက်လေ၏။ မြမောင်တို့လည်း အိပ်ရာမှထပြီးလျှင် ထိုသူများအား ခပ်ကြောင်ကြောင်မျက်နှာထားဖြင့် ကြည့်ရှုကြကုန်၏။

ထို့နောက် ထိုသူတို့အနက်မှ အကြီးအကဲလုပ်သူက. .

"ကောင်းတုံ ဘယ်မလဲ"

ဟု မေးလေ၏။ ထိုအခါကျမှပင် မြမောင်တို့လည်း ကောင်းတုံ



www.burmeseclassic.com

www.burmeseclassic.com



၏အိပ်ရာဆီသို့ ကြည့်လိုက်ရာ ကောင်းတုံသည် အိပ်ရာ၌မရှိပေ။ ထိုအခါ မြမောင်က. .

"အိပ်တုန်းက အတူအိပ်တာပဲဗျ၊ အခုဘယ်ရောက်သွားပြီလဲ မပြောတတ်ဘူး"

ဟု ပြောလိုက်လေ၏။

အကြီးအကဲလုပ်သူလည်း ၎င်း၏မျက်နှာ၌ ရုပ်ပျက်စေခြင်း အလို့ငှာ ချည်နှောင်ထားသောပိုးပဝါစကို ဖြုတ်ချလိုက်ပြီးလျှင်. .

"မင်းတို့ ငါ့နာမည်ကို ကြားဖူးတယ်မဟုတ်လား။ ကောင်းစံဆိုတာ ငါပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မြမောင်က. .

"အဲဒါ ဘာဖြစ်သလဲဗျာ။ ခင်ဗျားလည်း ဓားပြ၊ ကျုပ်တို့လည်း ဓားပြ။ အချင်းချင်း ရန်မူမလို့လား။ ဇာတ်တူသားချင်းစားလို့ ဟင်္သာကိုးသောင်းပျက်တယ်ဆိုတာ ခင်ဗျားကြားဖူးတယ်မဟုတ်လား"

ဟု မြမောင်ကပြောလိုက်ရာ ကောင်းစံက. .

"အဲဒါကြောင့် ပြောတာပေါ့ကွာ။ မင်းတို့ဆရာ ကောင်းတုံဆိုတဲ့သူက သူ့ကို ဓားပြတစ်ခါ ငါတို့တိုက်ဖူးတယ်။ ဒါကိုသူက မကျေမနပ်ဖြစ်ပြီး ငါ့ကိုလက်စားချေဖို့ ကြံနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ငါကရိပ်မိတယ်။ ငါ့လူတစ်ယောက် ထောင်က လွတ်လာတာ မကြာသေးဘူး။ ထောင်ထဲမှာ မင်းတို့အဖွဲ့က ညိုကြီးဆိုတဲ့အကောင်နဲ့ အတူနေခဲ့ရတယ်။ ညိုကြီးပြောပြချက်အရတော့ ကောင်းတုံရဲ့ အင်မတန်ကြီးမားတဲ့ ရည်ရွယ်ချက်ဟာ ငါ့ကိုလက်စားချေဖို့ပဲဆိုတာ ငါတို့သိရတယ်။ မင်းတို့ တစ်ခုစဉ်းစားကြည့်ပါ။ မင်းတို့လည်း ခားပြတွေပဲ။ ခားပြတိုက်လို့ရတဲ့ အခွင့်အရေးပေါ်လာ ရင် တိုက်တာပဲကွ။ ဘယ်သူဘယ်ဝါ ဒုက္ခရောက်ပါစေဆိုတာမျိုးတော့ဘယ်ရှိပါ့မတုံး။ ငါတို့ကြောင့် သူ့ဆရာကြီး ဦးလောစံ ထောင်ကျသွားတယ်ဆိုတာ ငါမငြင်းပါဘူး။ အဲဒီဆရာကြီးဟာ သူ့ဆရာကြီးဖြစ်သလို ငါ့ဆရာကြီးလည်းဖြစ်တယ်။ ငါ့တို့ အဲဒီတုန်းက လုပ်လိုက်တာတော့ မှားတယ်လို့ဝန်ခံပါတယ်။ ဒါပေမယ့် ငါ့ကိုလက်စားချေဖို့ လိုက်ရှာနေတဲ့ ကောင်းတုံကိုတော့ ဆုံးမရမှာပဲ”

ဟုပြောဆိုကာ ကောင်းစံသည် သူ၏အိတ်အတွင်းမှ ကျည်ဆံတစ်တောင့်ကို ထုတ်၍. .

“ဒါ. . ကောင်းတုံကိုပစ်ဖို့ ကျည်ဆံ”

ဟုပြောဆိုကာ အိတ်တွင်းသို့ ပြန်၍ထည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကောင်းစံက. .

"ဒီတစ်ခါတော့ ဒီကောင်က သိပ်ပြီး လည်လွန်းအားကြီးသွားတယ်။ မင်းတို့လူစု ဒီမှာရောက်နေတယ်ဆိုတာ သတင်းရလို့ ငါတို့က ဟိုဘက်ရွာမှာ ဝင်ပြီးနေရာယူထားတာပဲ။ ကောင်းတုံတစ်ယောက် ဒီမှာရှိ-မရှိ သေချာအောင် ငါတို့စုံစမ်းနေတာ။ ရှိတယ်လို့ ပိုပြီးသေချာသွားတာကတော့ ကောင်းတုံအတွက် မင်းတို့ တယောလာပြီး ငှားကြတယ်။ အဲဒီတယောဟာ ငါတို့ရွာပေးလိုက်တဲ့ တယောပဲ။ ဒီခနိုတောတစ်ဝိုက်မှာ မြေလှန်ပြီးရှာရင် ကောင်းတုံကို တွေ့ပါတယ်။ ဒါပေမယ့် မရှာတော့ပါဘူး။ နောက်မှပဲတွေ့ကြတာပေါ့"

ဟုဆိုကာ ကောင်းစံတို့လူစုလည်း ပြန်၍ထွက်သွားကြလေ၏။ ထိုအခါ မြမောင်သည် ခေါင်းအုံးအောက်တွင်ထားသော သူ၏ သေနတ်ကိုစမ်းကြည့်ရာ သေနတ်မရှိတော့ကြောင်း သိရလေတော့၏။

"ဆရာကိုကောင်းတုံကလည်း ပျောက်သွားတယ်။ ခေါင်းအုံးအောက်က ငါ့သေနတ်လည်း ခြေထောက်ပေါက်ပြီး သူနဲ့လိုက်သွားတယ်"

ဟု မြမောင်က ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဂုဏ်တို့သုံးဦးသည် ပြန်၍အိပ်ကြသော်လည်း အိပ်၍မပျော်တော့သဖြင့် ရေနွေးအိုးတည်ကာ ရေနွေးကြမ်းသောက်ရင်း ဖဲကစားနေကြလေတော့၏။

နံနက်အရုဏ်တက်ခါနီးလောက်တွင် ကောင်းတုံသည် လှေတစ်စင်းနှင့်အတူ ပြန်၍ရောက်လာ၏။ ထိုအခါ မြမောင်နှင့် တစ်ဖက်လပ်တို့က. .

"ဆရာသမား ဘယ်ကိုပျောက်သွားတာတုံး။ ညက အတူအိပ်နေကြရင်း ခင်ဗျားက ဘယ်ကိုရောက်သွားရတာလဲ"

ဟု မေးလိုက်လေ၏။

"မနေ့ နေ့လယ်က လှေတစ်စီးဟာ ဟောဟိုက ဓနိချုံတွေနား လာဆိုက်ပြီး လှေပေါ်ကလူက ငါတို့တဲကို မယောင်မလည်နဲ့ လာပြီးချောင်းတယ်။ အဲဒါကို ငါစဉ်းစားတယ်။ ပုလိပ်ဘက်ကဆိုရင် ဒီမှာလူဆိုးတွေရှိတယ်လို့ သံသယရှိတာနဲ့ လာပြီးဝိုင်းမှာပဲ။ အဲဒီလိုလည်း မဝိုင်းဘူးဆိုတော့ ဒီအနီးအနားရွာတစ်ရွာမှာ ငါတို့အရိပ်အခြည်ကို စောင့်ကြည့်နေတဲ့ လူတစ်စုရှိမယ်လို့ ခန့်မှန်းမိတယ်။ အဲဒီလူတစ်စုဆိုတာကလည်း တခြားလူမဖြစ်နိုင်ဘူး။ ကောင်းစံပဲဖြစ်လိမ့်မယ်လို့ ငါထင်တယ်။ ကောင်းစံဟာ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ပြောပြချက်အရ အုပ်စုတောင့်တယ်ဆိုတော့ ရွာတစ်ရွာကို ဝင်ပြီးအောင်းရင်တောင်မှ ရွာသေးသေးကို ဝင်ပြီးအောင်းလို့ မရဘူး။ ရွာကြီးကြီးကို ဝင်ရလိမ့်မယ်။ အဲဒါကြောင့် ငါတို့ရှိတဲ့နေရာကို သိချင်သိပါစေဆိုပြီး မင်းတို့ကို တယောဌားခိုင်းလိုက်တာပဲ။ မြမောင်ဟာ သူတို့ရှိတဲ့ရွာမှာပဲ တယောကိုရှာယူခဲ့တယ်။ မြမောင် မင်းကိုကောင်းစံမသိပေမယ့် ကောင်းစံလူတွေထဲက တစ်ယောက်ယောက်ဟာ မင်းကိုသိလိမ့်မယ်ဆိုတာ ငါယုံတယ်။ မင်းတယော သွားပြီးရှာတယ်ဆိုကတည်းကိုက အဲဒီရွာမှာအောင်းနေတဲ့ ကောင်းစံဟာ မင်းတို့နဲ့အတူ ငါရှိနေမယ်ဆိုတာ ခန့်မှန်းနိုင်လိမ့်မယ်။ ဒါကြောင့် မင်းတို့လည်းအိပ်ရေး ငါလည်း သေနတ်ယူပြီး တခြားကို ရှောင်နေလိုက်တာ"

ဟု ကောင်းတုံက ပြောပြလိုက်ရာ. .

"ခင်ဗျား သိပ်ပြီး ပါးရည်နပ်ရည်ရှိတယ် ကိုကောင်းတုံ။ မဟုတ်ရင် ခင်ဗျား ဒီညသေပြီ။ ခင်ဗျားကိုသတ်ဖို့ ကျည်ဆံကိုတောင် ကျုပ်တို့ကို ထုတ်ပြီးပြသွားသေးတယ်"

ဟု မြမောင်ကပြောလိုက်ရာ ကောင်းတုံက ပြုံး၍. .



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေ ဒီည လူစုကွဲပြီကွ"

ဟု ပြောလိုက်လေ၏။

"ဘယ်လိုကြောင့်တုံးဗျ"

ဟု တစ်ဖက်လပ်နှစ်ဦးက မေးလိုက်လေ၏။

"ဘယ်လိုကြောင့်မှ မဟုတ်ဘူးဟေ့။ ဒီကောင်တွေ ထွက်မယ့်လမ်းတွေကို ပုလိပ်တွေဆီ သတင်းပေးလိုက်ပြီ။ တစ်နေရာရာမှာ ပုလိပ်တွေနဲ့တိုက်ပွဲဖြစ်မှာပဲ။ အဲဒီအခါမှာ လူစုကွဲပြီပေါ့"

ဟု ကောင်းတုံက ပြောလိုက်လေ၏။ ထိုအခါ မြမောင်က. .

"ကြံလိုက်ပုံကဖြင့် တယ်လည်းအကွက်စေ့ပါလား ကိုကောင်းတုံရယ်"

ဟု ပြောလိုက်လေ၏။

"ဒို့ထက် အကွက်စေ့တာ ရှိသေးတယ်။ ပုလိပ်တွေကို လမ်းကြောင်းသုံးကြောင်းကနေ ပိတ်နိုင်အောင် သတင်းပေးလိုက်တာ။ ဒီဘက်က မြစ်လက်တက်ကလေးတစ်ခုပဲ ပြေးပေါက်ရှိတယ်။ ကောင်းစံရဲ့လူတွေကတော့ ပုလိပ်တွေနဲ့ တိုက်ပွဲဖြစ်မယ်။ နောက်ဆုံးတော့ လက်ရဖမ်းမိလိမ့်မယ်။ ကောင်းစံကတော့ လူလည်မဟုတ်လား။ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်ကူကူနဲ့ ပိတ်ဖမ်းလို့တော့ မိမှာမဟုတ်ဘူး။ ဒီဘက်ကလွတ်နေတဲ့ မြစ်လက်တက်ဘက်ကနေ ထွက်မှာပဲ။ အဲဒီမြစ်လက်တက်ကနေ ဒီကောင် လှိုင်မြစ်ထဲကို ဝင်မယ်။ အဲဒီကနေပြီး အရင်ငါတို့အောင်းခဲ့တဲ့ဘက်ကို ခြေဦးလှည့်မှာပဲ။ ပုလိပ်တွေကတော့ ဒီကောင်သွားမယ့် လမ်းကြောင်းကို ရိပ်မိမှာမဟုတ်ဘူး။ အဲဒီတော့ ငါတို့ ဒီကောင်သွားမယ့် လမ်းကြောင်းကို လိုက်သွားရုံပဲ။ ဒီကောင့်ကို ငါကိုယ်တိုင်ဖမ်းနိုင်လိမ့်မယ်။ ငါ အခုပြန်လာတာ မင်းတို့ကို ဒီအကြောင်းလာပြောတာပဲ။ မင်းတို့ လွတ်ရာကို ရှောင်သွားကြပါ။ ငါကတော့ ဒီကောင့်နောက်ကို လိုက်မယ်"

ဟု ကောင်းတုံက ပြောလိုက်လေ၏။ ထိုအခါ မြမောင်က. .

"ခင်ဗျားသဘောအတိုင်းပဲဗျာ။ ဒါကတော့ ခင်ဗျားရဲ့ ကိုယ်ပိုင်ကိစ္စကိုးဗျ။ ခင်ဗျားကြိုက်သလို စီစဉ်ပါ။ အဲဒီကိစ္စပြီးရင်သာ ကျွန်တော်တို့ဆီ ပြန်လာပါ။ သေနတ်လည်း ခင်ဗျားပဲယူသွားပါ"

ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်ကောင်းတုံသည် မြစ်တစ်ဖက်ကမ်းသို့ လှေ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ကူးပြီးလျှင် တစ်ဖက်ကမ်းသို့ရောက်သောအခါ ကုန်းလမ်းခရီးဖြင့် ကောင်းစံပြေးမည့်လမ်းကို လိုက်လေ၏။

ကောင်းစံမှာလည်း ကောင်းတုံတွေးထင်သည့်အတိုင်းပင် ဖြစ်၏။ ပုလိပ်များနှင့် မြစ်ခွဆုံတွင် တိုက်ပွဲဖြစ်၏။ မမျှော်လင့်ဘဲ ဖြစ်ရသော တိုက်ပွဲဖြစ်သောကြောင့် ကောင်းစံသည် သူ၏လူများအား ကောင်းစွာပင် ကွပ်ကဲခြင်းမပြုနိုင်တော့ပေ။ ကောင်းစံတို့၏ လှေရှစ်စင်းသည် ဖရိုဖရဲ တကွဲတပြားစီ ဖြစ်ကုန်ကြ၏။ ကောင်းစံ၏လှေတွင် ပါလာသော ကောင်းစံ၏ညာလက်ရုံးသည်ပင် သေနတ်ထိမှန်၍ ရေထဲသို့ကျသွား၏။ ပုလိပ်များက မော်တော်ဘုတ်များ၊ မီးဆလိုက်များဖြင့် ရှာဖွေတိုက်ခိုက်၏။ ကောင်းစံသည် ပုလိပ်များမထင်မှတ်သော ချောင်းရိုးကလေးအတွင်းသို့ လှေကိုလှော်၍ ပုန်းအောင်းနေ၏။ ထိုမှတစ်ဆင့် မြစ်လက်တက်ကလေးအတွင်းမှ လှိုင်မြစ်အတွင်းသို့ ရေစီးဖြင့်ဝင်လေ၏။ ၎င်း၏လက်မောင်း၌လည်း ပုလိပ်များပစ်လိုက်သော ဒဏ်ရာကြောင့် လှေကို ကောင်းစွာမလှော်ခတ်နိုင်ပေ။ သို့ရာတွင် ရေစီး၏ အားပေးကူညီမှုကြောင့် လှိုင်မြစ်သို့ရောက်လေ၏။ လှိုင်မြစ်သို့ရောက်လျှင် ရေစီးအတိုင်း လှေကိုမျှောချ၍သွား၏။ တစ်ခါတစ်ရံ ပုန်းအောင်း၏။ တစ်ခါတစ်ရံ၌ မျှော၏။

ဤသို့နှင့်ပင် တစ်ခါက ကောင်းတုံတို့နေခဲ့သော ခနိတော



www.burmeseclassic.com

www.burmeseclassic.com



ကြီးအနီးသို့ ရောက်ရှိလေ၏။ ထိုခနိတောအတွင်း၌ကား ကုန်းလမ်းမှ လာသော ကောင်းတုံသည် ကြိုတင်၍ရောက်ရှိနေပြီဖြစ်၏။ ကောင်းစံသည် ခနိတောစပ်သို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ကောင်းတုံက ခြေထောက်နေရာသို့ မှန်းဆ၍ သေနတ်ဖြင့်လှမ်းပစ်၏။ ထိုအခါ ကောင်းစံကလည်း ပြန်လှန်ပစ်ခတ်လေ၏။ ထိုသို့ပစ်ခတ်ပြီးနောက် ခနိတောအတွင်းသို့မဝင်တော့ဘဲ လှေဖြင့်ပင်လှော်ခတ်၍ တစ်ဖက်ကမ်းသို့ကူးကာ သုတ်ခြေတင်လေ၏။ ကောင်းတုံသည် ၎င်းနောက်မှ လိုက်၏။ အချိန်မှာ နေလုံးပျောက်နေပြီဖြစ်၏။ တစ်ညလုံး တိုက်ပွဲဖြစ်၍ တစ်နေ့လုံး မြစ်ကြောင်းအတိုင်း ဆင်းရဲပင်ပန်းစွာ ခရီးဆက်ခဲ့ရသော ကောင်းစံသည် လွန်စွာ မောဟိုက်နေပြီဖြစ်၏။ ကောင်းတုံကလည်း ၎င်း၏နောက်မှ ထက်ကြပ်မကွာလိုက်၏။ ကောင်းစံသည် တစ်ဖက်ကမ်းသို့ရောက်လျှင် ကားလမ်းရှိရာသို့ သုတ်ခြေတင်၏။ ကားလမ်းသို့ရောက်သည်နှင့်တစ်ပြိုင်နက် လော်ရီကားကြီးတစ်စီး မောင်းလာသည်ကို အဆင်သင့်တွေ့ရလေ၏။ ထိုလော်ရီကားကို ရပ်ခိုင်းသော အခါ လော်ရီကားလည်း ရပ်ပေးရလေတော့၏။ ထိုအခါ ကောင်းစံသည် ထိုလော်ရီကားကြီးနှင့်ပင် ရန်ကုန်သို့ ပြန်လည်၍လိုက်ပါလာခဲ့လေတော့၏။

ထိုသို့လိုက်ပါလာခဲ့ရာ မှော်ဘီမြို့အဝင်သို့ရောက်လျှင် ကား

www.burmeseclassic.com

www.burmeseclassic.com



ကိုရပ်ခိုင်း၍ ကားပေါ်မှဆင်းလေ၏။ ထို့နောက် တစ်ခါက ၎င်းရောက်ခဲ့ဖူးသော လွန်စွာကျယ်ပြန့်သည့် မရမ်းတောကြီးဘက်ဆီသို့ ဝင်သွားလေတော့၏။

ကောင်းတုံလည်း ကောင်းစံနှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် မော်တော်ကားတစ်စီးကိုတား၍ လော်ရီကားကြီးအား မီအောင် မောင်းခိုင်းလေ၏။ မှော်ဘီမြို့အထွက် ရထားလမ်းအလွန်လောက်တွင် လော်ရီကားကြီးကို မီလေတော့၏။ ထိုအခါ လော်ရီကားကို ရပ်ခိုင်း၍ ကောင်းစံကိုရှာဖွေရာ လော်ရီကားဒရိုင်ဘာက. .

"ဟိုဘက် မြို့အဝင်မှာ ဆင်းနေခဲ့ပြီဗျာ"

ဟု ပြောလေ၏။ ထို့ကြောင့် မောင်ကောင်းတုံလည်း ကောင်းစံဆင်းသွားသည်ဆိုသောနေရာသို့ မော်တော်ကားကိုပို့ခိုင်းပြီးလျှင် ကားကိုလွှတ်လိုက်၍ မရမ်းတောကြီးဘက်ဆီသို့ ဝင်လေ၏။

ကောင်းစံမှာမူကား မရန်းတောအတွင်းသို့ ရောက်သည့်အခါ၌ ၎င်း၏သေနတ်အား ကျည်ဆံစစ်ကြည့်ရာ ကျည်ဆံကုန်နေပြီ ဖြစ်ကြောင်း သိလေ၏။ ထို့ကြောင့် မောင်ကောင်းတုံအားသတ်ရန် သီးသန့်ဖယ်ထားသော ကျည်ဆံတစ်တောင့်ကို နှိုက်ကြည့်ပြန်လေ၏။ ထိုကျည်ဆံမှာလည်း ပြေးလွှားစဉ်က ကျခဲ့ပြီဖြစ်၏။

ကောင်းစံသည် လွန်စွာမှောင်မိုက်သော မရမ်းတောကြီး

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ဝင်ခဲ့ပြီးနောက် မရမ်းရွက်များအကြား ပြောက်တိပြောက်ကျားကျလျက်ရှိသော လရောင်ကိုအားကိုးကာ မရမ်းခြံ၏ တစ်ဖက်အစပ်ဆီသို့သွားခဲ့လေ၏။ တစ်ဖက်အစပ်သို့ရောက်သောအခါ၌ ပျဉ်ထောင်အိမ်ကလေးတစ်လုံးကို တွေ့ရလေ၏။ ထိုပျဉ်ထောင်အိမ်ကလေး၏ပြတင်းပေါက်မှ အောက်လင်းဓာတ်မီးအလင်းရောင်သည် အတော်ဝေးသော နေရာဆီသို့တိုင်အောင် ဖြာ၍ကျနေလေ၏။

ထိုအခါ မောင်ကောင်းစံလည်း. .

"ဩော်. . ဒီအိမ်ကလေးကို ငါသိသားပဲ။ ဒီအိမ်ကလေးမှာနေတာ ကောလိပ်ကျောင်းသား မောင်လူဝ ဆိုတာပဲ။ တစ်ခါက သူ့ကိုတောင် ငါဟာ မိန်းမခိုးပေးဖူးသားပဲ။ အတော်ပဲ. .။ သူ့ဆီသွားရမယ်၊ ဘာပဲဖြစ်ဖြစ် သူဟာ ငါ့ကိုတော့ ကူညီမှာပဲ"

ဟု တစ်ကိုယ်တည်းရေရွတ်ရင်း ထိုအိမ်ကလေးဆီသို့သွားလေ၏။ အိမ်ပေါ်သို့တက်လိုက်သည်နှင့်တစ်ပြိုင်နက် ပက်လက်ကုလားထိုင်ပေါ်တွင် အကျအနထိုင်လျက် အင်္ဂလိပ်သတင်းစာကြီးတစ်စောင်ကို ဖတ်ရှုနေသော ကောလိပ်ကျောင်းသားမောင်လူဝအား တွေ့ရလေ၏။ ကောင်းစံက. .

"မောင်လူဝ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အားရဝမ်းသာ ခေါ်လိုက်လေတော့၏။ မောင်လူဝလည်း အသံလာရာဆီသို့ 'ဆတ်ခနဲ' လှည့်ကြည့်ပြီးလျှင်. .

"အောင်မယ်လေး"

ဟု အော်လိုက်လေ၏။

"မကြောက်ပါနဲ့ဗျာ။ ကျုပ်ပါဗျ"

ဟု ကောင်းစံက ပြောလေ၏။

"အဲဒီကျုပ်ဆိုတာ ဘယ်သူတုံးဗျ"

ဟု မောင်လူဝက ကြောက်ကြောက်လန့်လန့်နှင့်ပင် ပြန်၍ မေးလေ၏။

"သြော်. . ခင်ဗျားနှယ်။ ခက်တော့တာပဲဗျာ။ ကျုပ်ကို တောင် မေ့သွားပြီလား။ ပြည်က မမြနွယ်ကိုမရရင် သေမလောက် ခင်ဗျားဖြစ်နေတုန်းက ကျုပ်ပဲ သွားပြီးခိုးပေးခဲ့တာပဲ"

ဟု ကောင်းစံကပြောလိုက်မှပင် မောင်လူဝလည်း. .

"စိတ်မဆိုးပါနဲ့ဗျာ။ ဖြူန်းခနဲဆိုတော့ မမှတ်မိဘူး။ အပေါ် ကိုကြွပါ"

ဟု ခေါ်ပြီးလျှင် အိမ်တွင်းဘက်သို့လှည့်ကာ. .

"နွယ်ရေ. . ကိုလူဝတို့မိတ်ဆွေကြီးရောက်နေပြီဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ မိန်းမတစ်ဦး အိမ်ခန်းတွင်းမှ ထွက်လာလေ၏။ ထိုမိန်းမလည်း အူကြောင်ကြောင်မျက်နှာနှင့် ကောင်းစံအား ကြည့်လေ၏။

"နွယ်က မမှတ်မိဘူးလား။ နွယ့်ကို ကိုလူဝဆီ ခိုးလာပေးတဲ့ ကိုကောင်းစံကြီးလေ"

ဟု မောင်လူဝကပြောလိုက်သောအခါ၌ မောင်လူဝ၏မိန်းမ မမြနွယ်က နှုတ်ခမ်းကလေးစူ၍. .

"ဟွန်း. . လူစွမ်းကောင်းကြီး။ ရှင့်ကိုတော့ ကျွန်မက မကျေနပ်ပေါင်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်လူဝက တဟားဟား ရယ်မော၍. .

"ခင်ဗျားရဲ့ကျေးဇူးကြောင့် နွယ်လည်း သူချစ်သူ ဒေါက်တာမျိုးသန့်ရဲ့ အထင်လွဲခြင်းကို ခံရတယ်။ ပြီးတော့ ဒေါက်တာမျိုးသန့်ကို အရွဲ့တိုက်တဲ့အနေနဲ့ ကျုပ်ကို လက်ထပ်လိုက်တယ်။ ကျုပ်ကလည်း ဘယ်လိုပဲရရ ကျုပ်လိုချင်တဲ့မိန်းမကို ရတယ်ဆိုတော့ ပြည်မှာကို မင်္ဂလာအကြီးအကျယ် ဆောင်ပြီး ယူခဲ့တာဗျ"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ နောက်မှပြောစမ်းပါ မောင်လူဝရယ်။ ကျုပ်မှာက အခုအခါမှာ အသက်လုပြီး ပြေးလာရတာဗျ။ ကျုပ်နောက်ကလည်း ရန်သူတစ်ယောက်က ထက်ကြပ်မကွာ လိုက်လာ တယ်။ အရေးထဲ ကျုပ်သေနတ်ကလည်း ကျည်ဆံကုန် သွားတယ်။ ကျုပ်နောက်ကလိုက်လာတဲ့ ရန်သူမှာက သေနတ်ပါတယ်ဗျ။ တကယ်လို့ အဲဒီလူက ဒီဘက်ကို ကျုပ်လာတာရိပ်မိလို့ လိုက်လာမယ်ဆိုရင် ကျုပ်ကို တဆိတ်လောက် ဝှက်ထားပေးစမ်းပါ။ ကျုပ်ကိုမိရင် အဲဒီလူက သတ်မယ့်လူဗျ။ ဝှက်ပေးထားစမ်းပါ မောင်လူဝရယ်"

ဟုကောင်းစံက ပြောလိုက်လေ၏။ မောင်လူဝကလည်း. .

"ဝှက်ပေးရမှာပေါ့ဗျာ။ မဝှက်ဘဲနေလို့ ဖြစ်ပါ့မလား။ ခင်ဗျားဟာ ကျုပ်ရဲ့ဖူးစာရေးနတ်ကြီးပဲ"

ဟု မောင်လူဝက အားတက်သရော ပြောလေ၏။

"ကျုပ်လေ တစ်ညလုံး၊ တစ်နေ့လုံး ပြေးနေရတာ။ ဘာမှကို မစားရသေးဘူး။ ထမင်းလေးဘာလေး ကျွေးစမ်းပါ မောင်လူဝရယ်"

ဟု ကောင်းစံကပြောလိုက်ရာ မောင်လူဝက. .



www.burmeseclassic.com

www.burmeseclassic.com



"ကျွေးရမှာပေါ့ဗျာ။ မကျွေးလို့ဖြစ်မလားဗျ။ ခင်ဗျားဟာ ကျုပ်ရဲ့ ဖူးစာရေးနတ်ကြီးပဲ"

ဟု ပြောလိုက်ပြီးလျှင် . .

"နွယ်ရေ . . ။ ကိုလူဝရဲ့ ဖူးစာရေးနတ်ကြီးကို ထမင်းကျွေး ပါဦးကွယ်"

ဟု လှမ်း၍ပြောလိုက်လေ၏။ မမြနွယ်ကလည်း . .

"ထမင်းက ပြီးတော့စားတာပေါ့။ အနာကို ရေနွေးတွေ၊ စပရစ်တွေနဲ့ ဆေးရမယ်လေ။ ပြီးတော့ ဆေးလေးဘာ လေးထည့်ပြီး ပတ်တီးစည်းထားရမယ်"

ဟု ဆိုကာ ရေနွေးဇလုံ၊ ဂွမ်းလိပ်၊ စပရစ်ပုလင်း၊ တင်ချာပုလင်းတို့ကိုယူကာ မမြနွယ်သည် ကောင်းစံ၏လက်မောင်းမှဒဏ်ရာအား ဆေးကြောသုတ်သင်ကာ ဆေးထည့်ပေးပြီးလျှင် ပတ်တီးစည်းပေးလေ၏။ ထိုသို့ပတ်တီးစည်းရင်းနှင့် . .

"ရှင်ဟာ အမြဲတမ်း စွန့်စားနေတဲ့လူပဲ။ ယောက်ျားတော့ ပီသပါပေတယ်။ ဒါပေမယ့် ရှင့်ကိုတော့ ကျွန်မ မကျေဘူး"

ဟုမမြနွယ်ကပြောရာ မောင်ကောင်းစံက ပြုံးလေ၏။ မောင်လူဝကမူ တဟဲဟဲနှင့် ရယ်မောနေလေ၏။ ထို့နောက် မမြနွယ်သည် မောင်ကောင်းစံအား ထမင်းများခူးခပ်ကျွေးမွေးလေ၏။ မောင်လူဝကလည်း . ,,

www.burmeseclassic.com

www.burmeseclassic.com



"အားမနာနဲ့ . . စားနော်။ ဒီအိမ်ကလေးမှာက ကျုပ်တို့နှစ်ယောက် တစ်ပတ်တစ်ခါလာပြီး အပန်းဖြေတာဆိုတော့ စားစရာသောက်စရာတွေ အပြည့်အစုံကိုရှိတယ်ဗျ။ မနေ့ကများ ခင်ဗျားဒီကိုရောက်လာရင် ကျုပ်တို့နဲ့ မတွေ့ရဘူး။ ခင်ဗျားတော့ ဒုက္ခပဲ။ ကျုပ်တို့က ဒီမနက်မှ ရောက်လာတာ"

ဟု ပြောလိုက်လေ၏။ မောင်ကောင်းစံလည်း ထမင်းကို စားလေ၏။ စားပြီးသောအခါ၌ပင် မရမ်းတောကြီးတစ်ဖက်အစပ်ဆီလောက်မှ ခွေးဟောင်သံကို ကြားလိုက်ရသဖြင့် မောင်ကောင်းစံက . .

"ကျုပ်ရန်သူတော့ ကျုပ်လာတဲ့လမ်းကြောင်းကို ရိပ်မိသွားပြီဗျ။ ကျုပ်ကိုဝှက်ပေးပါဦး ကိုလူဝရယ်"

ဟု ပြောလိုက်ရာ မောင်လူဝက . .

"ဝှက်မပေးလို့ ဘယ်ဖြစ်မတုံး။ ခင်ဗျားဟာ ကျုပ်ရဲ့ဖူးစာရေးနတ်ကြီးပဲ။ လာ . . လာ . . "

ဟုဆိုကာ မောင်ကောင်းစံ၏လက်ကိုဆွဲ၍ မီးဖိုတွင်းသို့ခေါ်သွားလေ၏။ မီးဖိုတွင်းသို့ရောက်သောအခါ၌ . .

"ဒီနေရာမကောင်းသေးဘူး။ လာ . . လာ . . "



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ အိမ်ရှေ့သို့ခေါ်လာပြန်၏။ အိမ်ရှေ့သို့ရောက်သော အခါ၌လည်း. .

“ဒီမှာလည်း ဘယ်ကောင်းမလဲ။ လာ. . လာ. . ”

ဟုဆိုကာ ၎င်းတို့လင်မယားအိပ်သော အိပ်ခန်းဆီသို့ ခေါ် သွားပြန်လေ၏။ တစ်ဖန် အခန်းတွင်းမှဆွဲထုတ်လာပြန်၏။ ထိုအခါ မမြနွယ်က. .

“ကိုလူဝရယ်. . ရှင်လုပ်နေတာနဲ့ မိတော့မှာပဲ”

ဟု ပြောလိုက်ရာ မောင်လူဝက ခေါင်းကိုကုတ်၍. .

“ဘယ်မှာဝှက်ရမလဲမသိပါဘူး”

ဟုပြောပြီးနောက် အိပ်ခန်းအဝင်ဝတွင်ချထားသော ကျွန်း သေတ္တာကြီးကို သတိရကာ. .

“ဟုတ်ပြီ. . ဟုတ်ပြီ. . ။ ဒီသေတ္တာကြီးထဲမှာ ဘာမှမရှိဘူး။ အဲဒီအထဲ ခဏဝင်နေပေတော့။ အသက်ရှူဖို့လည်း ဘာမှမခက်ဘူး။ သေတ္တာရဲ့ဟိုဘက်နားမှာ ကြွက်ကိုက်လို့ ပေါက်နေတဲ့ အပေါက်တစ်ပေါက်လည်း ရှိတယ်။ ခင်ဗျား အသက်ရှူဖို့ လေကောင်းကောင်းဝင်နိုင်ပါတယ်”

ဟု ပြောဆိုကာ သေတ္တာအဖုံးကိုဖွင့်လိုက်လေ၏။

မောင်ကောင်းစံလည်း သေတ္တာအတွင်းသို့ ငုံ့၍ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရာ လွန်စွာကြီးမားသော ပိုက်ဆံကြိုးကြီးကိုတွေ့သဖြင့် ကောက်ယူပြီး လျှင်. .

"ဘာလုပ်တဲ့ကြိုးကြီးတုံးဗျ"

ဟုပြောဆိုကာ ဘေးသို့ပစ်ချလိုက်လေ၏။

ထိုအခါ မောင်လူဝက. .

"ဖူးစာရေးနတ်ကြီးက မမှတ်မိဘူးလား။ မမြနွယ်ကို မရလို့ ဆွဲကြိုးချသေမယ်လုပ်တဲ့ ကြိုးကြီးလေဗျာ"

ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ မမြနွယ်က. .

"ကိုလူဝရေ. . မြန်မြန်လုပ်။ ဟောဟိုမှာ လူတစ်ယောက်လာနေတယ်။ လရောင်ပြောက်တိပြောက်ကျားကလေးတွေအောက်မှာ သူ့ကို နွယ်ကောင်းကောင်းမြင်နေရတယ်။ ဒီကိုလာနေတာပဲ"

ဟု ပြောလိုက်ရာ မောင်ကောင်းစံသည် ကျွန်းသေတ္တာကြီးအဖုံးကို ဖုံးချလိုက်လေ၏။

များမကြာမီ၌ပင် မောင်ကောင်းတုံသည် မောင်လူဝ၏အိမ်ပေါ်သို့ တက်လာလေတော့၏။ ထိုအခါ မောင်လူဝက. .

"ခင်ဗျား ဘာလဲ. . ။ ပုလိပ်ဘက်ကလား၊ စုံထောက်ဘက်ကလား။ ဒီအိမ်မှာ လူဆိုးမရှိဘူး။ သူဌေးသား မောင်လူဝ



www.burmeseclassic.com

www.burmeseclassic.com



တို့လင်မယား ငြိမ်းချမ်းစွာအနားယူတဲ့ 'အေးရိပ်သာ ဂေဟာ' ကို ခင်ဗျားလာပြီး မနှောင့်ယှက်ပါနဲ့။ ပုလိပ်မင်းကြီးကိုတိုင်လိုက်ရင် ခင်ဗျားအလုပ်ပြုတ်သွားမယ်"

ဟု ဆီး၍ဟောက်လေတော့၏။

"မဟုတ်ပါဘူးမိတ်ဆွေကြီးရယ်. . ။ လက်မောင်းမှာ ဒဏ်ရာရထားတဲ့ လူတစ်ယောက်ဒီဘက်ကိုများလာသလားလို့ မေးမလို့ပါ"

ဟု မောင်ကောင်းတုံက ချေငံစွာ ပြောလေ၏။

ထိုအခါ မောင်လူဝက. .

"အဲဒီလူက ဘာတုံး။ လူဆိုးလား၊ ဓားပြလား"

ဟု ပြန်၍မေးလိုက်လေ၏။

"ဟုတ်တယ်. . လူဆိုးဓားပြပဲ။ သူ့ကိုဖမ်းဖို့ ကျုပ်လိုက်လာတာ"

ဟု မောင်ကောင်းတုံက ပြန်၍ပြောလိုက်လေ၏။

"အဲဒါကြောင့် ကျုပ်ပြောတာပေါ့။ လူဆိုးဓားပြကိုဖမ်းဖို့ အရပ်ဝတ်နဲ့ လိုက်လာတယ်ဆိုတော့ ဧကန်မုချ ခင်ဗျားဟာ စုံထောက်ဘက်ကဖြစ်ရမယ်။ အဲဒီတော့ စုံထောက်ကြီး။ ကိုယ့်လမ်းကိုယ်သွားပါ။ ဒီအိမ်ဟာ လူဆိုးဓားပြတို့

www.burmeseclassic.com

www.burmeseclassic.com



ဝှက်ပေးတဲ့အိမ်မျိုးမဟုတ်ဘူး။ သူဌေးသား မောင်လူဝတို့ လင်မယားအနားယူတဲ့ 'အေးရိပ်သာဂေဟာ' ဖြစ်တယ်။ ကဲ. . သွားပေတော့။ ကျုပ်တို့လည်း အိပ်မယ်။ ဆက်ပြီး မေးလားစမ်းလားလုပ်ရင် ပုလိပ်မင်းကြီးကို ကျုပ်ကိုယ်တိုင် တိုင်မယ် စုံထောက်ကြီး"

ဟု ပြောလေတော့၏။ ထိုအခါ မောင်ကောင်းတုံက. .

"မရှိဘူးဆိုလည်းပြီးတာပါပဲ မိတ်ဆွေကြီးရာ။ ဒါပေမယ့် ကျုပ်ဟာ စုံထောက်မင်းကြီးကိုတိုင်လို့ ကြောက်မယ့်လူစားမျိုး မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျုပ်ကလည်း လူဆိုးဓားပြတစ်ယောက်ပဲ မိတ်ဆွေကြီးရ။ ခင်ဗျားကို ကြုံတုန်း ကျုပ်က ဓားပြတိုက်မသွားတာကိုပဲ ကျေးဇူးတင်ပေဦးတော့"

ဟု ပြောလိုက်လေ၏။ ထိုအခါတွင် မမြနွယ်သည်. .

"ဩော်. . ဒီလိုလား"

ဟုဆိုကာ မောင်ကောင်းတုံ၏လက်ကိုဆွဲ၍ ကျွန်းသေတ္တာကြီးဆီသို့ခေါ်သွားပြီးလျှင်. .

"ဟောဒီမှာ ရှင်အလိုရှိနေတဲ့ ကိုကောင်းစံဆိုတာရှိလေရဲ့"

ဟု ပြောလိုက်ရာ အတွင်းမှ မောင်ကောင်းစံလည်း ခုန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ရန် ကြိုးစားလိုက်လေ၏။ သို့ရာတွင် လျင်မြန်လှသောကောင်းတုံက သေတ္တာပေါ်သို့ ခုန်၍တက်ထိုင်လိုက်ပြီးလျှင် အနီးရှိ သော့ခလောက်ကြီးဖြင့် ကျွန်းသေတ္တာကြီးအား 'ချောက်' ခနဲ သော့ခတ်ချလိုက်လေတော့၏။

"ဘယ်လိုလုပ်လိုက်တာလဲ နွယ်ရယ်"

ဟု ကိုလူဝကဝင်၍ပြောရာ မမြနွယ်က. .

"အခုမှ ကျွန်မရင်ထဲမှာရှိတဲ့အလုံးကြီးကျသွားတော့တယ် ကိုလူဝရေ။ ကဲ. . ကဲ. . ဒီသေတ္တာကြီးကို ယူသွားဖို့ ကျွန်မကိုယ်တိုင်ပဲ လှည်းငှားပေးလိုက်မယ်"

ဟုဆိုကာ မမြနွယ်သည် အိမ်ပေါ်မှဆင်းသွားပြီးလျှင် အနီးအနားရှိ ခြံသမားကြီးတစ်ဦးထံမှ နွားလှည်းတစ်စီးကို ငှားလာခဲ့လေ၏။ နွားလှည်းရောက်သောအခါ၌ လှည်းသမားနှင့် မောင်ကောင်းတုံတို့သည် သေတ္တာကြီးအား နှစ်ယောက်မ,၍ လှည်းပေါ်သို့တင်ကြလေ၏။ လှည်းသမားက. .

"လေးလှချည်လား။ အထဲမှာ ဘာတွေတုံး"

ဟု မေးလေ၏။

"အဖိုးတန်ပစ္စည်းတစ်ခုပါတယ်"

ဟု မောင်ကောင်းတုံက ပြောလေ၏။ ထိုအခါတွင် မောင်လူဝ



www.burmeseclassic.com

www.burmeseclassic.com



လည်း အိမ်ပေါ်မှဆင်းလာပြီးလျှင် သေတ္တာကြီးအနီးသို့ကပ်ကာ. .

"မိတ်ဆွေရယ်. .။ ကျုပ်ကိုတော့ စိတ်မဆိုးပါနဲ့ဗျာ။ ကျုပ်လည်း ခင်ဗျားအတွက် စိတ်မကောင်းဖြစ်မိပါတယ်ဗျာ"

ဟု ဝမ်းနည်းသံကြီးဖြင့် မောင်လူဝကပြောရာ သေတ္တာအတွင်းမှ မောင်ကောင်းစံက. .

"ရက်စက်လှချည်လား မမြနွယ်ရယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ လှည်းသမားလည်း သေတ္တာအတွင်းမှ လူသံကြားသဖြင့် ထိတ်လန့်ကာ. .

"ဘာကြီးတုံး"

ဟုပြောကာ နောက်သို့ဆုတ်လိုက်လေ၏။ မောင်လူဝကလည်း. .

"နွယ်က ခင်ဗျားကို ရက်စက်ရပေမပေါ့။ မရက်စက်လို့လည်း ဘယ်ဖြစ်မလဲ ကိုယ့်လူရယ်။ ခင်ဗျားက ကျုပ်ရဲ့ ဖူးစာရေးနတ်ကြီးကိုးဗျ"

ဟုပြောလေ၏။ မောင်ကောင်းတုံကမူ မမြနွယ်အား ကျေးဇူးတင်စကားပြောကြားပြီး. .



www.burmeseclassic.com

www.burmeseclassic.com



"လှည်းဆရာရေ. . လှည်းပေါ်တက်ဗျာ။ ပြီးရင် မှော်ဘီ ဂါတ်ကိုမောင်းပေတော့"

ဟု ပြောသဖြင့် လှည်းဆရာလည်း လှည်းပေါ်သို့ ကြောက် ကြောက်လန့်လန့်နှင့်တက်ကာ. . .

"ဟဲ့. . နွား"

ဟု အော်လိုက်လေ၏။ သခင့်အမိန့်ကိုနာခံသော နွားတို့သည် စတင်၍ရုန်းလေတော့၏။ မမြနွယ်လည်း သေတ္တာအနီးသို့ကပ်၍. .

"ကဲ. . လူစွန့်စားကြီး ကိုကောင်းစံ။ ရှင်နဲ့ ကျွန်မ အကြွေး မရှိတော့ဘူး။ ကျေပြီ"

ဟု ပြောလိုက်လေ၏။ မောင်လူဝကမူ. .

"သွားပေဦးတော့ ဖူးစာရေးနတ်ကြီးရေ"

ဟု ဝမ်းနည်းသံကြီးဖြင့်နှုတ်ဆက်လိုက်လေတော့သတည်း။

*****



www.burmeseclassic.com

www.burmeseclassic.com



# မောင်ကောင်းတုံ ခဝါပေးပြီ

မောင်ကောင်းတုံသည် သေတ္တာကြီးကို လှည်းပေါ်တင်လျက် မြေနီလမ်းကလေးအတိုင်း လှည်းသမားကို မောင်းစေခဲ့လေ၏။ လမှာ ထိန်ထိန်သာလျက်ရှိ၏။ ထိုအခါ ကျွန်းသေတ္တာကြီးအတွင်း၌ ပိတ်လှောင်၍ လိုက်ပါလာရသော မောင်ကောင်းစံက. .

"ရက်စက်တော့မှာလား သူငယ်ချင်းမောင်ကောင်းတုံရယ်"

ဟု ပြောလိုက်လေ၏။

"မရက်စက်ပါဘူး မောင်ကောင်းစံရ။ မင်းကို ထောင်ထဲပို့မလို့ပါ"

ဟု မောင်ကောင်းတုံက ပြောလိုက်လေ၏။

"မင်းက ငါ့ကို ထောင်ထဲပို့တာတော့ ထားပါတော့။ မင်းကော သက်သာမတဲ့လား မောင်ကောင်းတုံရယ်။ မင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တွေတစ်ပုံ တစ်ခေါင်းကြီးဆိုတာကော မင်း မေ့နေပြီလား”

ဟု သေတ္တာအတွင်းမှ မောင်ကောင်းစံကပြောလိုက်လေ၏။

“ငါသိပါတယ် ကောင်းစံရာ။ အဲဒီတော့လည်း ငါပါ ထောင်ကျခံလိုက်ရုံပေါ့”

ဟု မောင်ကောင်းတုံက ပြောလိုက်လေ၏။

“စဉ်းစားပါဦး မောင်ကောင်းတုံရာ။ အချိန်ရှိပါသေးတယ်။ မစဉ်းစားဘဲ အရမ်းကာရောလုပ်တဲ့ အလုပ်တွေဟာ အမှားအယွင်းကို ဖြစ်စေတတ်တယ်လို့ ငါတို့ဆရာကြီး ဦးလောစံက မကြာခဏ ဆုံးမဖူးတယ်မဟုတ်လားကွ”

ဟု မောင်ကောင်းစံက ပြောလိုက်လေ၏။

“အေး. . ဟုတ်တယ်လေ။ ငါတို့ဆရာကြီးက အဲဒီစကားကို မကြာခဏ ပြောသားပဲ။ ဒါကြောင့်လည်း ငါဟာ အလေးအနက်စဉ်းစားခဲ့ပါတယ်။ ဆရာကြီးကို ထောင်ကျအောင်ထိ ဒုက္ခပေးခဲ့တဲ့မင်းကိုတော့ ထောင်ထဲပို့မှပဲ ဖြစ်လိမ့်မယ် ကောင်းစံရေ။ ငါ့အနေနဲ့ အရမ်းလုပ်တာ မဟုတ်ပါဘူးကွာ။ သေသေချာချာကြီးကို စဉ်းစားပြီးမှ လုပ်တာပါ။ မှားစရာမရှိပါဘူးကွာ”



www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်ကောင်းတုံက ပြောလိုက်လေ၏။

"ထားပါတော့ကွာ။ ငါကတော့ ဆရာကြီးကိုဒုက္ခပေးခဲ့မိလို့ ထောင်ကျသင့်ပါတယ်။ မင်းမှာက ဆရာကြီးကိုလည်း ဒုက္ခမပေးရဘဲနဲ့ ဘာဖြစ်လို့ထောင်ကျခံရမှာလဲ မောင်ကောင်းတုံရယ်။ လွတ်လပ်ခြင်းလောက် တန်ဖိုးရှိတာ ဒီလောကမှာ မရှိဘူးကွ။ ဘာဖြစ်လို့ လွတ်လပ်မှုမရှိတဲ့နေရာကို သွားချင်ရတာလဲ သူငယ်ချင်းရာ"

ဟု မောင်ကောင်းစံက ပြောလိုက်လေ၏။

"ဒီလိုကွ . . ငါက ဆရာကြီးကိုသာ ဒုက္ခမပေးခဲ့တာကိုး။ ငါ့မှာကလည်း အပြစ်တွေနဲ့ပဲ။ အင်္ဂလိပ်အစိုးရရဲ့ ငွေတိုက်ကို ဖောက်ခဲ့တယ်။ ပြီးတော့ ဓားပြမှုကို ကျူးလွန်ခဲ့တယ်။ ဒီအတွက်တော့ ငါလည်း ထောင်ကျသင့်ပါတယ် ကောင်းစံ"

ဟု မောင်ကောင်းတုံက ပြောလိုက်လေ၏။

"မင်းဟာ ပါးရည်နပ်ရည်ရှိမလိုလိုနဲ့ အတော့်ကိုနုံချာတဲ့သတ္တဝါပဲ။ အင်္ဂလိပ်အစိုးရက မင်းကိုမဖမ်းတာတောင် မင်းက သွားအဖမ်းခံမလို့လား။ ထောင်ဆိုတာ နတ်ပြည်မဟုတ်ဘူးကွ။ ငရဲပြည်ကွ . . ငရဲပြည်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကောင်းစံက ပြောလေ၏။

"အေးလေ။ ငါက ငရဲကျချင်တာပဲ။ ငရဲပြည်ရောက်တာ ငါ့အတွက် အလိုပြည့်ခြင်းတစ်မျိုးပေါ့ကွာ။ ငါ့အတွက်တော့ မင်းအနေနဲ့ စိတ်မကောင်းမဖြစ်ပါနဲ့"

ဟု မောင်ကောင်းတုံက ပြန်၍ပြောလိုက်လေ၏။

"ငရဲကျချင်တယ်. . ဟုတ်လား။ မင်းဟာက အဆန်းပဲ။ လူတိုင်း ငရဲကျမှာကို ကြောက်ကြတယ်၊ မင်းက ဘယ်လိုဖြစ်တာတုံး"

ဟု ကောင်းစံက မေးလိုက်လေ၏။

ထိုအခါ မောင်ကောင်းတုံသည် ပွတ်ချွန်းဆေးလိပ်တစ်လိပ်ကို ထုတ်၍ မီးညှိဖွာလိုက်ပြီးလျှင် အောက်ပါအတိုင်းပြောလိုက်လေ၏။

"မင်းအပါအဝင် လူတော်တော်များများဟာ ငရဲကျခံခြင်းရဲ့ လေးနက်တဲ့အဓိပ္ပာယ်ကို မသိကြဘူးကွ။ ငရဲကျတယ်ဆိုတာ ကျူးလွန်ထားတဲ့ အပြစ်တွေအတွက် လျော်ကြေးပေးရတာမျိုးပဲမဟုတ်လား။ များများငရဲကျလေ၊ များများလျော်ကြေးဆပ်ပြီး ဖြစ်လေပေါ့ကွာ။ နောက်ဆုံးမှာ ကျူးလွန်ထားတဲ့အပြစ်တွေအတွက် အကျေအလည် ပေးဆပ်ပြီးပြီဖြစ်တဲ့လူတစ်ယောက်ဟာ နောက်ထပ် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်စရာမလိုအောင်ကို အပြစ်တွေကင်းစင်သွားလိမ့်မယ်။ ငရဲကျတာပဲ ဖြစ်ဖြစ်၊ ထောင်ကျတာပဲဖြစ်ဖြစ် ထိုက်သင့်တဲ့လျော်ကြေးကို ပေးဆောင်ရတာမျိုးပဲ မဟုတ်လား။ အဲဒီကလွတ်လာတာနဲ့ အပြစ်ကင်းစင်တဲ့ လူသားဖြစ်သွားပြီ။ ဘယ်လောက်များ ကျေးဇူးတင်စရာကောင်းတဲ့ငရဲလဲ။ ဘယ်လောက်များ ကျေးဇူးတင်စရာကောင်းတဲ့ ထောင်လဲ။ လေးလေးနက်နက် စဉ်းစားကြည့်စမ်းပါကွာ။ အပြစ်ဒဏ်ကို ခံယူတယ်ဆိုတာ စွန်းထင်းနေတဲ့အဝတ်ကို ဖြူစင်အောင် ခဝါပေးလိုက်ခြင်းတစ်မျိုးပဲ မဟုတ်လား။ ဘာများ မကျေနပ်စရာရှိသလဲ”

သေတ္တာအတွင်းမှ ကောင်းစံသည် ကောင်းတုံပြောသော အထက်ပါစကားများကို နားထောင်၍. .

“မင်းကတော့ ဆရာကြီးဦးလောစံလို အူကြောင်ကြောင်နိုင်တဲ့အတွေးမျိုးတွေ တွေးခေါ်တတ်နေပြီပဲ။ ဒီတော့လည်း လောကငရဲကို အတူသွားကြတာပေါ့ကွာ။ မင်းကြိုက်သလိုလုပ်ပေတော့ မောင်ကောင်းတုံ”

ဟု မောင်ကောင်းစံက သေတ္တာအတွင်းမှနေ၍ ပြန်ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ၌ပင် ဂုဏ်တို့လှည်းကလေးသည် မော်ဘီဂါတ်ဝင်း အတွင်းသို့ တရွေ့ရွေ့ဝင်သွားလေတော့၏။

ထို့နောက် လှည်းကိုရပ်၍ မောင်ကောင်းတုံနှင့် လှည်းသမား တို့သည် လှည်းပေါ်မှ ကျွန်းသေတ္တာကြီးကို မနိုင့်တနိုင်နှင့်သယ်ယူ၍ ဂါတ်စာရေးစားပွဲရှေ့သို့ သွားရောက်ချထားလေ၏။

ထိုအခါ မော်ဘီဂါတ်မှ ရာဇဝတ်အုပ်က မောင်ကောင်းတုံ အား. .

"ဘာသေတ္တာကြီးတုံး။ အထဲမှာ ဘာတွေပါသလဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ မောင်ကောင်းတုံက. .

"ဒီသေတ္တာထဲမှာ ပုလိပ်ဘက်က ဝရမ်းထုတ်ထားတဲ့ ဝရမ်းပြေး ကောင်းစံဆိုတာ ပါတယ်"

ဟု ပြောလိုက်ရာ ရာဇဝတ်အုပ်လည်း မျက်လုံးပြူး၍သွား ပြီးလျှင်. .

"ဝရမ်းပြေးကောင်းစံဆိုတာ အင်မတန်ဆိုး၊ အင်မတန် သောင်းကျန်းပြီး နောက်လိုက်အင်အားလည်း ပြည့်စုံတဲ့ အဓိကရလူဆိုးကြီးပဲ။ ဒါကိုများ ခင်ဗျားက မျောက်ဖမ်း သလို ဖမ်းလာခဲ့တာကိုး။ အံ့ပါရဲ့ဗျာ"



www.burmeseclassic.com

BURMESE CLASSIC .com
www.burmeseclassic.com



ဟု ရာဇဝတ်အုပ်က ပြောလိုက်လေ၏။

မောင်ကောင်းတုံလည်း ကျွန်းသေတ္တာတွင် ခတ်ထားသော သော့ခလောက်ကြီးအား ခြေဖြင့် 'ဖြောင်း' ခနဲနင်း၍ ချိုးပြီးလျှင်သေတ္တာ အဖုံးကို ဖွင့်လိုက်လေ၏။ ထိုအခါ အတွင်းမှ ကောင်းစံသည် 'ဝုန်း'ခနဲ ခုန်ထွက်လာပြီးလျှင် ကောင်းတုံ၏မျက်နှာအား လက်ပြန်ရိုက်ချလိုက် လေ၏။ မောင်ကောင်းတုံလည်း ငုံ့၍ရှောင်လိုက်ပြီးလျှင် ကောင်းစံ၏ လက်အား လိမ်၍ဖမ်းကာ ဂါတ်စာရေးစားပွဲပေါ်မှ လက်ထိတ်ကိုယူ၍ ကျင်လည်စွာ 'ချောက်' ခနဲ လက်ထိတ်ခတ်လိုက်လေ၏။ ထို့နောက် ကောင်းစံ၏ဝမ်းဗိုက်ဆီသို့ လက်ဖြင့် 'ဖုန်း'ခနဲ တအားပိတ်ရိုက်လိုက် လေ၏။ ကောင်းစံလည်း ခွေ၍ကျသွားလေ၏။

မောင်ကောင်းတုံ၏ လျှင်မြန်ဖျတ်လတ်ပုံကို မြင်ရသော ရာဇဝတ်အုပ်က. .

"ဒီလိုလျှင်ပြီး လက်မြန်လို့လည်း ဖမ်းနိုင်ခဲ့တာကိုး"

ဟု ချီးကျူးလိုက်လေ၏။

ထို့နောက်တွင်ကား မောင်ကောင်းတုံသည် ရာဇဝတ်အုပ်အား ၎င်းကိုယ်တိုင်လည်း လူဆိုးတစ်ဦးဖြစ်ကြောင်းနှင့်တကွ ၎င်းအား ကျူး လွန်ခဲ့သောပြစ်မှုများကို ထုတ်ဖော်၍အဖမ်းခံလိုက်လေတော့၏။

မောင်ကောင်းတုံနှင့် မောင်ကောင်းစံတို့အား ဂါတ်နှစ်ဂါတ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ခွဲ၍ချုပ်နှောင်ကာ ငင်းတို့၏အမှုတွဲကို ရုံးတော်သို့တင်ပြ၍ တရားစွဲဆိုလိုက်လေတော့၏။

ငင်းတို့အမှုအား ရုံးတော်မှ သုံးလတိုင်တိုင်စစ်ဆေးလေ၏။

BURMESE CLASSIC .com

အမှုစစ်ဆေးသောနေ့တိုင်း၌ ငင်းတို့၏ဆရာကြီး ဦးလောစံသည် ရုံးတော်သို့လာရောက်၍ ငင်းတို့အား လက်ဖက်ရည်များ၊ ဆေးလိပ်များ၊ ဓားလွှီးမုန့်များ ပေးလေ၏။

ဦးလောစံသည် ငင်း၏တပည့် ကောင်းစံအား. .

"ဟေ့ကောင်. .။ ငါ ပန်းထိမ်သင်ပေးတုန်းက မင်းက ကဗျာလင်္ကာတွေစပ်တယ်။ အခုရော ကဗျာစပ်ချင်တဲ့စိတ် ရှိသေးရဲ့လားကွ"

ဟု မေးလေ၏။

"အခုလားဆရာကြီး. .။ အခုတော့ ကဗျာလည်း မစပ်ချင်ဘူး။ စာလည်း မစပ်ချင်ဘူး။ ဓားပြပဲတိုက်ချင်တယ်"

ဟု ကောင်းစံကပြောလိုက်ရာ ဦးလောစံက ရယ်မော၍. .

"ခွေးကောင်. .။ မင်းရဲ့စိတ်မှာ အနီရောင်နဲ့ ညိုမှိုင်းတဲ့ အပြာရောင်တွေ ပေါင်းစပ်ပြီး လွှမ်းမိုးနေပြီ။ ဘာပဲဖြစ်ဖြစ်လေ။ စိတ်ထဲမှာရှိတဲ့အတိုင်း ငါ့ကိုဖွင့်ပြောတာတော့ သဘောကျတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးလောစံက ပြောလိုက်လေ၏။

တရားရုံးမှ ၎င်းတို့၏အမှုအား ကြားနာစစ်ဆေးပြီးလျှင် ပြစ်မှုလွန်စွာများပြားသော ကောင်းစံကို အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၁၀)နှစ် အပြစ်ဒဏ်ချမှတ်၍ မောင်ကောင်းတုံကိုမူ ထောင်ဒဏ် (၅)နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်လေတော့၏။

အမိန့်ချသောနေ့တွင်လည်း ၎င်းတို့ဆရာကြီး ဦးလောစံသည် ရောက်ရှိလာပြီးလျှင် မောင်ကောင်းတုံအား. .

"ထောင်ကျတယ်ဆိုတာ အပြစ်တွေစွန်းထင်းနေတဲ့မင်းကို ပင်မင်းဆရာဆီ ပို့လိုက်တဲ့သဘောပေါ့ကွာ။ အဲဒီတော့ ပင်မင်းဆရာကတော့ ဖြူဖွေးသွားတဲ့အထိ လျှော်ဖွပ်လိမ့်မယ်ဟေ့။ အဖွပ်ခံလိုက်ပေဦးတော့ ငါ့တပည့်ကြီးရေ"

ဟု ဦးလောစံကပြော၍ အားရပါးရရယ်မောလိုက်လေတော့သတည်း။

**(ပထမပိုင်း ပြီး၏။)**

လာဘ်မိုးစွေစာပေ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com